

BURMESE CLASSIC .com

BURMESE CLASSIC .com

# မာတိကာ


| | |
|---|---|
| အမှာ | ၁ |
| ချည်ထွေး | ၇ |
| စည်းရိုး | ၂၃ |
| အရိုးနှင့် ကြိုးတော် | ၄၅ |
| နွေသီး | ၆၃ |
| ဂွဲသတ်ချိန် | ၈၅ |
| ဇော်နီကွမ်းသွေး | ၁၀၁ |
| ဘွားမေသို့မေတ္တာစာ | ၁၂၃ |
| ဥဒယ | ၁၃၉ |
| မောင်းမ | ၁၅၉ |
| တစ်ပင် တစ်ကုံး တစ်ခိုင်လုံးသို့ | ၁၇၉ |
| ပိုလိုကားချပ်များ | ၁၉၇ |
| အိုဇုန်း | ၂၁၉ |
| မွေးနေ့ကိတ် | ၂၃၇ |
| ခွေးတို့အမေ | ၂၅၇ |
| မြောက်ကျွန်းသူ | ၂၇၅ |

BURMESE CLASSIC .com

# အမှာစာ

ကျွန်မ ရေးခဲ့သည့် ဝတ္ထုတိုများကို သနပ်ခါးပွင့် ဝတ္ထုတိုများ၊ ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ၊ ဆံရစ်ဝိုင်းဝတ္ထုတိုများ၊ ပါးကွက်ကျား ဝတ္ထုတိုများ၊ ဈေးခြင်းတောင်း ဝတ္ထုတိုများ၊ လှည်းယဉ်ကြော့ဝတ္ထုတိုများ စသည်ဖြင့် မြန်မာဆန်ဆန် အမည်များ ပေးခဲ့ပါသည်။

သည်တစ်ကြိမ်တွင်လည်း ကျွန်မ၏ ဝတ္ထုတိုပေါင်းချုပ်ကို 'ရက်ကန်းလွန်းဝတ္ထုတိုများ' ဟု အမည်ပေးလိုက်ပါသည်။ ကျွန်မ မြတ်မြတ်နိုးနိုးရှိသော ကျွန်မနှင့် မဝေးလှသော အညာကျေးတောနိမိတ်ပုံများဖြစ်သည့် အခေါ်အဝေါ် အသုံးအဆောင်ကလေးတွေကို ခေါင်းစီးအမည်တပ်ကာ စာအုပ်အမည် ပေးရခြင်းအပေါ် ကျွန်မ ကြည်နူးရပါ၏။

ကျွန်မတို့ ကြီးပြင်းရာ ရွာမှာ အိမ်တိုင်းလိုလို လက်ရက်ကန်းစင်ကလေးတွေ ရှိတတ်ကြပါသည်။ ဘယ်ဆွေမျိုးအိမ် ဝင်သွားသွား ရက်ကန်းခတ်သံ တရှောင်းရှောင်းကို ကြားရလေ့ရှိသည်။ ရက်ကန်းစင်မှာထိုင်၊ ပုဆိုးတစ်ထည် ခါးမှာကွင်းသိုင်းပြီး လက်ခတ်တန်းကို တဂျုန်းဂျုန်းဆွဲကာ ရက်ကန်းခတ်နေကြသော ရွာသူတို့၏ ပုံရိပ်တွေကိုလည်း လွမ်းရပါသည်။ ထိုစဉ်ကတော့ ရက်ကန်းစင်ကလေးသည်ပင် အိမ့်ကျက်သရေ၊ အိမ့်အဆင်

တန်ဆာ ဖြစ်တော့သည်။ ရက်ကန်းစင်၊ အကွက်ဆန်းထွင်၊ ပျို့မောင်ကြီး ရွှေသျှောင်ပွနှင့် တော်ပါ့မလားရှင်...တဲ့။ ရှေးက ရက်ကန်းတေးများမှာပင် မေတ္တာဓာတ်တွေ ပါ,ပါ၏။

'စာမတတ်တော့ အကန်း၊ ရက်ကန်းမတတ်တော့ အကျိုး' ဆိုသော စကားက အတော်တာသွားခဲ့ပါသည်။ ဟိုတစ်ခေတ်က မိန်းမသားများခမျာ စာပေသင်ကြားဖို့ အခွင့်နည်းပါးခဲ့ကြသည်။ ရက်ကန်းကလေးတော့ ခတ်တတ်ပါမှ။ လက်ခတ်သံ ကျွန်းဖိုသား သောင်းတိုင်ကကြား။ သောင်းတိုင်က ကြား,မကြား မသေချာသော်လည်း တစ်ရွာလုံး ကြားရတာတော့ အမှန်ပင်။ မိန်းကလေးဘဝ အရွယ်ကလေးရကြပြီဆိုလျှင်ပင် ရက်ကန်းနှင့် နီးနွယ်သော အလုပ်တွေ စ,လုပ်ကြရပြီ။ ကျွန်မ ငယ်ငယ်က အရှေ့ကြည်းတောရွာတွေဘက်ကို လိုက်၍ ဝါလေကောက်ခဲ့ရတာကို အမှတ်ရမိ၏။ ဝါခင်းက ဝါတွေ ဆွတ်ပြီးကြလို့ အခင်းရှင်က လက်လွှတ်ပြီဆိုသည်နှင့် ဝါလေကောက် ထွက်ကြသူ မိန်းမတွေက ကျန်ကောင်းကျန်ရာ ဝါပွင့်ကလေးတွေကို တစ်ခင်းဝင် တစ်ခွင်းထွက် နေပူစပ်ခါးထဲမှာ ဝါပေါက်တွေ ရှာကောက်ကြရ၏။ ဝါလေ ကောက်ရတာကပင် အလုပ်တစ်ခု ဖြစ်ခဲ့ရသည်။

ရက်ကန်းစင်မှာ ချည်ခင်တန်း ဆင်နိုင်ဖို့ လုံးပမ်းရသည့် အဆင့်တွေကလည်း များပါဘိခြင်း။ ဝါပွင့်ကိုခူးဆွတ်၊ နေလှန်းပြီး ဝါဖန့်ရသည်။ ဝါကြိတ်ရသည်။ ဝါဖတ်ရသည်။ ဖတ်ပြီးသား ဝါဂွမ်းနများကို ဗိုင်းလိပ်ရသည်။ ချည်ခင်ရအောင် ဗိုင်းငင်ရသည်။ ချည်ခင်ကို ချားတစ်စင်းဖြင့် ရစ်ရသည်။ ချည်ခင်တွေကို ထမင်းပျော့ပျော့ဖြင့် ချည်စာနင်းရသည်။ ဝါးနှစ်လုံးအကူဖြင့် ချည်ခင်လှန်းပြီး ဆတ်သွားဖြင့်သတ်ကာ ချည်စာရှင်းရသည်။ တည်င်းလုံးတွင် ချည်ရစ်ရသည်။ ရက်ကန်းရှယ်ရသည်။ အတုံ့အပြန် သွယ်တန်းရသည်။

BURMESE CLASSIC .com



ရက်ကန်းစင်မှာ အထည်တစ်ပိုင် ရက်လုပ်နိုင်ဖို့အရေး ရက်ကန်းဆင်ရတာကလည်း မကျွမ်းကျင်လျှင် မလွယ်လှပေ။ ရောင်ကိုင်နဖူးစီးမှာ အတိုင်ချည်တန်းရှယ်၊ ရောင်ထုံးပြီး ထုပ်ကို တင်းတင်းပတ်၊ ရက်ကန်းခူအောက်မှာ လျှိုသွင်း၊ ယဉ်သွားကိုဖြတ်၊ လိပ်လုံးကိုပတ်။ တိုင်ချည်ဆင်ပြီးတော့ ဖောက်ချည်အတွက် ပြင်ရသည်။ တည်င်းလုံး (ယောက်လုံး)မှာ ချည်ခင်မှ ချည်မျှား ရစ်ပတ်ရသည်။ ရက်ဖောက် 'ယောက်' သည် ခေါ်ပါ၏။ ပြီးမှ လွန်းဆံကလေးထဲမှာ တပ်ကာ ဖောက်ချည်အဖြစ် အသုံးပြုရသည်။ သည် 'လွန်း' ကလေးဖြင့် တိုင်ချည်ထဲမှာ ငုတ်ချည်ပေါ်ချည် အကွက်ဖော်ရသည်။ ကြိုက်ရာအဆင်ကို ပုံဖော်ယူရသည်။ လွန်းဆံကလေးက တိုင်ချည် ဟိုဘက်ထိပ်၊ သည်ဘက်ထိပ် စုန်ချည်ဆန်ချည် ပြေးနေရသည်။ ကျူပြင်ကြို ကျူပြင်ကြား လောင်းကလေးနဲ့ သွားနေသလို။

ရက်ကန်းတစ်စင်လုံးမှာ အသေးငယ်ဆုံး ကိရိယာဖြစ်သော်လည်း လွန်းကလေးခမျာ အရွယ်နှင့်မလိုက်အောင် တာဝန်ကြီးကြီး ယူရရှာသည်။ လွန်းများစွာဖြင့် ချိတ်ကာ ချိတ်ကာ ရောင်စုံပိုးထည် အချိတ်ထဘီကလေးတွေ ရက်လုပ်ကြတာလည်း ရှိပါသည်။ လွန်းပေါင်းတစ်ရာခန့် အသုံးပြု၍ ရောင်စုံ ရက်လုပ်ထားသော လွန်းတစ်ရာ ပိုးချိတ်တွေကလည်း သည်ကနေ့အထိ ပွဲထိုင်ထည်အဖြစ် နေရာရနေဆဲ ဖြစ်ပါ၏။

မင်းတုန်းမင်း၏ မိဖုရား သီပေါမင်း၏ မယ်တော် လောင်းရှည်မိဖုရားကြီး ရေးခဲ့သည့် တေးထပ်တစ်ပုဒ်တွင် 'လွန်းတစ်ရာပိုးစပ်၊ ကြိုးဖြတ် ချက်ပလီ၊ မျိုးမြတ်တဲ့ ထဘီကို၊ ဖိုးဖြတ်မည်ကြဆဲ...' စသည်ဖြင့် ရေးစပ်ထားပါသည်။ 'ရွှေလွန်းပျံ ရပ်မနား၊ ဘယ်ညာခုန်လို့သွား...' ဟုလည်း တေးစပ်ခဲ့ကြသည်။ လွန်းကလေးကို ခေါင်းစဉ်တပ်ကာ အဆင်အမည်များ ပေးတတ်ကြသလို ရှေးစာဆိုတို့ ဖွဲ့နွဲ့ခဲ့ကြသည့် တေးကဗျာ

များလည်း ရှိခဲ့ကြပါ၏။ မောင်းထောင်ဆရာ ဦးကျော်လှ၏ 'ဝံသာနု အထည်' သံချို လေးချိုးတစ်ပုဒ်တွင်–

"ကမ္ဘာတွင် မြန်မာမျိုးတို့
ဓမ္မတာ အမျိုးအမည် ဖျင်ပင်နီနှင့်
ဆင်ထဘီ တဘက်ကြမ်းတို့ကို
ရက်ကန်းတွင် လွန်းပြန်ထိုးပါလို့
ပန်းဆိုးကာ ကိုယ်စီဝတ်ကြရ... မိုးစွတ်နှင့် နေပူခံ"
ဟု စပ်ဆိုထားပါသည်။

ကျွန်မ၏ ဝတ္ထုတိုများကို ရက်ကန်းလွန်းကလေးနှင့် တင်စားထားပါသည်။ အမြဲတမ်း ဘဝအမောများဖြင့် ပြေးလွှားရန်းကန်နေကြရသော အညာကျေးလက် လူနေမှုဘဝများနှင့် ပုံရိပ်များကို လွန်းဆံကလေးနှင့် နှိုင်းနှိုင်းချင်၍ ဖြစ်ပါသည်။ ပြေးရင်းလွှားရင်း အကွက်အသွေး အရောင်အဆင်ကျအောင် ပုံဖော်ရသည့် လွန်းကလေးများကို ကျွန်မ လေးစားအားကျမိရပါသည်။

'ရက်ကန်းလွန်း' ဝတ္ထုတိုများကို ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းအယ်ဒီတာများ၊ သရုပ်ဖော်ပန်းချီဆရာများနှင့် စာအုပ်လုပ်ငန်းမှ ပုဂ္ဂိုလ်များကိုလည်းကောင်း ကျွန်မ ကျေးဇူးတင်ပါကြောင်း ဖော်ပြလိုပါသည်။ ချစ်သော စာဖတ်ပရိသတ်များ၏ မေတ္တာကတော့ ကျွန်မအဖို့ ဆပ်၍မကုန်နိုင်သော ကျေးဇူးတရားများလို့သာ ဆိုပါရစေတော့။

ရက်ကန်းကိုယ်စီ တန်းကိုယ်စီ ရွှေချည်ငွေချည် တန်းနိုင်ကြပါစေ။

**ခင်ခင်ထူး**

**၁၀၊ နိုဝင်ဘာလ ၂၀၀၈ ခုနှစ်**

**မန္တလေးမြို့။**

BURMESE CLASSIC .com



# ချည်ထွေး

ကျွန်မတို့မိသားစု မြစ်ကမ်းနားက တိုက်ခန်းကိုရောင်းပြီး မြို့သစ်ရပ်ကွက်ထဲ ပြောင်းလာကတည်းက ရီထွေးတို့က သည်မှာ အခြေကျနေကြတာ နှစ်ကို မနည်းတော့ဘူး။ မြို့သစ်ရယ်လို့ တည်ပါပြီဆိုကတည်းက ရောက်လာကြတယ် ပြောဖူးလို့ တွက်ကြည့်ရင် ဆယ်နှစ်ကျော်လောက်ရှောပေါ့။ မြို့သစ်မှာ ရီထွေးတို့က ကျောင်းသားဟောင်း၊ ကျွန်မတို့က ကျောင်းသားသစ်ဆိုတော့ အစစအရာရာ အားကိုးရတယ်။ မြို့သစ်မှာ ဘာလေးလိုချင်လိုချင် ရီထွေးသမီးတွေကို လွှတ်ရတယ်။ ရီထွေးကို မေးရတယ်။ မြစ်ဆိပ်တိုက်ခန်းမှာ နေတုန်းကတော့ အခန်း (၄၀)၊ အိမ်ထောင်စု (၄၀) နေကြတဲ့ ဆယ်ခန်း လေးထပ်တိုက်ခန်းဆိုတော့ ခိုင်းရမယ့် ကလေးတွေ ပေါတယ်။ ပြေးပြေးလွှားလွှား လုပ်ပေးမယ့် မိန်းမတွေကလည်း များတယ်။ မြို့သစ်ကိုရောက်လာတော့ ခိုင်းစရာက ရီထွေးသမီးတွေပဲ ရှိတာ မဟုတ်လား။ လက်ခုပ်လက်ဝါး မကပ်ချင်လို့ မရတော့ဘူး။

ရီထွေးက ကလေးငါးယောက်မအေ ဆိုပေမယ့် ကြီးလှသေးတာတော့ မဟုတ်ဘူး။ သုံးဆယ်ကျော် သုံးဆယ့်ငါးတွင်းလောက် ရှိမှာပါ။ အသား

BURMESE CLASSIC .com



မရော်မရေ၊ နဖူးမောက်မောက်၊ မျက်နှာဖောင်းဖောင်းကြီးနဲ့ မသိရင် ပျားတုပ်ခံထားရတဲ့ပုံ။ ရေရယ် မိုးရယ်လို့ ချိုးခဲတဲ့အပြင် ကတ္တီပါပွင့်ကြီးတွေပါတဲ့ လေဘောထည် အနွေးအင်္ကျီကလည်း ဘယ်တော့မှ မချွတ်လေဘူး။ ထဘီကို ဗိုက်ပေါ်တင်ဝတ်သလို ဆံထုံးကိုလည်း ငယ်ထိပ်ပေါ်တက်ထုံးထားတတ်တာဆိုတော့ ရီထွေးကို ကြည့်လိုက်ရင် ရင်ကော့ကြီးနဲ့ ရွှေ့နေတဲ့ ခုံးရုပ်လိုပဲ။

"ညည်းအိမ်သားက ဘာလုပ်တာလဲ၊ မိုးချုပ်တယ်နော်"

"ကုန်ထမ်းတာ အစ်မရဲ့၊ မိုးလင်း ထမင်းကြမ်းစားပြီး ထ,သွားတာ၊ မိုးချုပ်မှ ပြန်လာရတာ၊ အလုပ်က မိုးမချုပ်ပါဘူး။ ဒင်းက အရက်ဝင်သောက်တာက အချိန်ကုန်တာပါ"

ရီထွေး ယောက်ျားက တကယ်လည်း မူးပြန်လာတာများတယ်။ ပြန်လာတိုင်းလည်း မယားကို ပြဿနာရှာတာချည်းပဲ။ တစ်ခါတလေ ရိုက်မောင်းပုတ်မောင်း လုပ်တတ်လို့ ကျွန်မတို့က ဟန့်ရတယ်။ နေ့တိုင်း မူးနေတာဆိုတော့ ကျွန်မတို့က နေ့တိုင်းဟန့်ဖို့ ခက်သားကလား။ သည်တော့ ရီထွေးက နည်းစနစ်နှစ်ခုနဲ့ ထိန်းတယ်။ တစ်ခုက လင်မူးပြန်လာရင် လင်ကို မဟုတ်တာရော ဟုတ်တာရော ဆီးပြီး မျက်ရည်ခံထိုးတဲ့နည်း။ နောက်တစ်နည်းက သမီးကလေးတွေကို ပြိုင်တူအော်ငိုခိုင်းတဲ့နည်း။ ဆီးပြီး မျက်ရည်ခံထိုးတဲ့နည်းက လင်ကို ရပ်ကွက်နဲ့ လှည့်တိုက်တာပါ။ ဘယ်သူက ကျုပ်တို့ကို ဘာပြောတယ်။ ဘယ်သူက နှိမ်တယ်၊ ဘယ်ဝါကတော့ ဘယ်လိုစောင်းတယ် ဆိုတာမျိုးနဲ့ တို့လိုက်ရင် မယားကို ရန်လုပ်မယ့် လင်က အရက်ရှိန်ကလေးနဲ့ဆိုတော့ လမ်းထဲကို စောင်တော့တာပဲ။

လမ်းထဲဆိုလို့ ကျွန်မတို့ လမ်းအကြောင်းလည်း ပြောပါဦးမှ။

လမ်းက လမ်းတိုကလေး။ ပေခြောက်ဆယ် လေးဆယ်ကွက် ခြောက်ကွက်တွဲစာလောက် ရှည်တာပါ။ အရှေ့ အနောက်ဘန်း၊ တောင်ဘက်မျက်နှာပြု ထားပေမယ့် အရှေ့အနောက်လမ်းက ထိုထိုမပေါက်ဘူး။ အရှေ့ဘက်ထိပ်မှာ နံပါတ်တပ် လမ်းမကြီး ရှိပေမယ့် စာသင်ကျောင်းဝင်းကြီး ခံနေသလို အနောက်ဘက်ကလည်း ကြားလမ်းနဲ့ ကန့်လန့်ခံ အိမ်ကွက်တွေရှိတယ်။ ကျွန်မတို့ လမ်းကလေးကို ဒူးကြားလမ်း၊ ကျောကပ်လမ်း၊ တစ်ကွက်ငုတ်လမ်း စသည်ဖြင့် ခေါ်ကြတာလည်းရှိတယ်။ လမ်းက လေးဘက်လေးတန် အိမ်တွေကြား ပျောက်နေသလိုတော့ ဖြစ်နေတာပေါ့လေ။

ကျွန်မတို့ လမ်းတိုထဲမှာ မြေကွက် ခြောက်ကွက်စာ ရှိပေမယ့် လူလာမနေသေးတဲ့ အကွက်တစ်ကွက်စ နှစ်ကွက်စကလည်း ရှိပါသေးတယ်။ ရီခထွေးတို့ အကွက်က မြို့သစ် စ,တည်ကတည်းက လူနေတယ်ပြောနေပေမယ့် ရေပေးရေးရေငုတ် မရှိဘူး။ ဒီတော့ ရေလိုချင်ပြီဆိုရင် ရေရှိတဲ့ အထွက်တွေဘက် သွားရတော့တာပါ။ မနက်မိုးလင်းပြီဆိုတာနဲ့ ရီထွေးက ပလတ်စတစ်ခွက် တစ်ခွက်နဲ့ တစ်ဝိုင်းကျော်က ရေငုတ်ကိုသွားပြီး မျက်နှာသစ်တယ်။ ရီထွေး မျက်နှာသစ် ပြန်လာတော့ သမီးတွေထဲက နိုးတဲ့သူက နိုးသလို တစ်ဝိုင်းကျော်မှာ မျက်နှာသွားသစ်ကြပြန်ရော။ သမီးတွေချည်း ခြောက်လုံးပတ်လို ကြီးဗဉ်ငယ်လိုက်ဆိုတော့ ရေမှ သွားချိုးကြပြီဆိုရင် ဒွေးမယ်နော် ညီအစ်မတစ်တွေ ရေကန် ရေဆင်းချိုးကြသလိုပဲ။

“ရီထွေးရယ်... ရေထည့်ဖို့ အိုးရယ် အင်ရယ်တော့ ရှိပါမှပေါ့၊ ရေဆိုတာ မရှိမဖြစ်ဟာအေ... ညည်းဘို့ ကလေးငါးယောက် ရတာတောင် ရေခဲ့အိုးတစ်လုံး မရှိတာတော့ မဟုတ်သေးပါဘူး...”

ကစ်ရက် ကျွန်မက ဆုံးမသလိုလိုနဲ့ပြောတော့ ရီထွေးက ဟိုလိုလို



သည်လိုလို အကြောင်းပြတယ်။ ကျွန်မက မနေတတ်တာနဲ့ ကျွန်မတို့အိမ် ဆေးသုတ်တုန်းက ပိုတဲ့ ငါးဂါလံဝင် ပလတ်စတစ်ဆေးပုံးကို သန့်အောင်ဆေးပြီး တစ်ပုံး ပေးလိုက်တယ်။ သည်ပုံးကိုတောင် ရီထွေးက ရေခပ်ဖြည့်တာမျိုး မရှိဘူး။ သမီးတွေကို ဒန်အိုးတစ်လုံးနဲ့ ရေသယ်ပြီး ဖြည့်ခိုင်းတာပါ။ ရီထွေးကတော့ အနွေးထည်ကြီးနဲ့ မီးယပ်ချမ်းထနေတာနဲ့ ပြီးလေရဲ့။ တစ်ခါတော့ ကျွန်မတို့အိမ်ဘက် ကူးလာပြီး ဆေးတောင်းတယ်။

“ဆရာမတို့ ဗမာဆေးလေး ဘာလေး မသုံးကြဘူးလား၊ မီးယပ်ချမ်းထ,လို့ ခိုက်ခိုက်ကို တုန်နေတာပဲ၊ အီးဟီးဟီး... တစ်ကိုယ်လုံး ကိုက်ခဲနေလို့ အကြီးမ နင်းခိုင်းရတယ်”

သည်ကတည်းက ကျွန်မတို့အိမ်ကို ဆေးဆိုင်မှတ်တော့တာပါ။ မိုးလင်းလို့ ခြံတံခါးဖွင့်ထားတာနဲ့ကြုံရင် တစ်ခုမဟုတ်တစ်ခု တောင်းတာမျိုး၊ ချေးတာမျိုး လုပ်တော့တာပါ။ တစ်ခါတလေ စောစောစီးစီး ငိုကြီးချက်မနဲ့ ဝင်လာပြီး အနွေးထည် လက်မောင်းနဲ့ မျက်ရည်သုတ်၊ မျက်လုံးကြီးတွေ မို့နေအောင် အားရပါးရ ငိုပြီးတော့မှ အကြောင်းရင်းကို ပြောတော့တာပါ။ စောစောစီးစီး အပူရေစာ လာတိုက်နေတာကို မကြိုက်ပေမယ့် နားထောင်ရတာပါပဲ။

“ဆရာမရယ်... ပါတိတ်ကောင်းလေး ပေါင်ထားတာကို နှစ်လနဲ့ အဆုံးဆိုတော့ မလွန်ဘူးလား၊ အတိုးလည်း ပေးနေတဲ့ကြားက မနက်က အစောကြီး သွားရွေးတော့ ဆုံးပြီတဲ့။ မတရားသက်သက်လုပ်တာ။ သွေးအန်မယ့်ဟာတွေ စားကြပါစေ အီးဟီးဟီး...”

တစ်ခါ တစ်ခါကျတော့ အင်္ဂလိပ်လို ရိုက်ထားတဲ့ စာချုပ်လို ဂရံလို စာရွက်တွေ တစ်ထပ်ကြီး ယူလာပြီး ကျွန်မအိမ်သားကို ဘာသာပြန်ခိုင်း

တတ်တယ်။ ကျွန်မ အိမ်သားက ထားခဲ့ ဖတ်ကြည့်ဦးမယ်ဆိုတာလည်း မရဘူး။ အရေးကြီးလို့ ချက်ချင်းပြောပြပါ လုပ်ကရော။ သည်ဘာသာပြန်ချက်မှ မကြားရရင် မဖြစ်တော့သလိုဆိုတော့ ကျွန်မ အိမ်သားက အကြမ်းလောက် ပြောပြရတယ်။ ပြောပြတော့လည်း ကောင်းကောင်းနားထောင်တာ မဟုတ်ပါဘူး။ သည်စာရွက်တွေ ကျွန်မတို့ကို ထိုးရောင်းချင်လို့ လာပြတဲ့သဘောပါ။

"ဒါ ကျွန်မတို့ဦးလေး တစ်ခေတ်ကောင်းစားတုန်းက နောင်ချိုဘက်မှာ မြေနှစ်ကွက်ပေးခဲ့တာလေ ဆရာမရဲ့။ တစ်ကွက်က ကျွန်မအဒေါ်စာရွက်၊ အခု အဒေါ်တို့က ရောင်းတော့မယ်ဆိုတော့ ကျွန်မတို့ကလည်း ရောင်းရတော့မှာ။ နှစ်ကွက်တွဲကြီး ဆရာမတို့ ယူလိုက်ပါလား။ အခုက နှစ်ကွက်ကို တစ်ရာနဲ့ ဆိုင်ထားတာ။ ဆရာမတို့ယူရင် ရှစ်ဆယ်နဲ့ယူ"

ရီထွေးစကားက ဟုတ်လေသလား၊ မဟုတ်လေသလားတော့ မသိဘူး။ ကျွန်မတို့က ကောင်းအောင်ကြည့်ပြောပြီး ပြန်ခိုင်းရတယ်။

တစ်ခါတော့ သရက်သီး ရင့်ချိန်ကြီး။ တစ်ကွက်ကျော် မြေကွက်မှာ ပေါက်နေတဲ့ သရက်ပင် နှစ်ပင်က သရက်သီးတွေ ညွတ်နေအောင် သီးနေတာကို ရီထွေးတို့ သားအမိ သားအဖတစ်တွေ တက်ခူးကြ၊ ဆွတ်ခြင်းနဲ့ ဆွဲချကြ လုပ်ကြတယ်။ သရက်သီးတွေက ဝမ်းပျဉ်းတွေဆိုတော့ မက်လောက်စရာပေါ့။ ခြင်းတောင်းကြီး လေး,ငါးတောင်းလောက်ရတော့ ရီထွေးက သူ့မအေကို ဈေးချိုလွှတ် ရောင်းခိုင်းတယ်။ ကျွန်မတို့လမ်းထဲက နှစ်အိမ် သုံးအိမ်ကိုလည်း ဆယ့်လေးငါးလုံးစီ ဝေပေးသေးတာပါ။

"ရီထွေးရဲ့ အဲဒီခြံက ပိုင်ရှင်ရှိတယ် မဟုတ်လား။ ခုဟာက ခများများ ခရီးသွားနေကြတာဆို၊ ပြန်လာလို့ သရက်သီးတွေ မတွေ့ရင်



ပြဿနာတက်လိမ့်မယ်… တို့လည်း မယူချင်ဘူး"

ရီထွေးက အရေးမကြီးတဲ့ မျက်နှာနဲ့ပါ။ မျက်နှာဖောင်းဖောင်းကြီးကို ပြုံးထားလိုက်တာ ပါးစပ်က နားရွက်ချိတ်လို့။ ကျွန်မတို့က သည်လမ်းထဲ နောက်မှရောက်ကြတာဆိုတော့ သရက်ပင်နဲ့ ပတ်သက်လို့ ဘာမှမသိပါဘူး။ ဒါပေမယ့် ရီထွေးတို့က ပိုင်စိုးပိုင်နင်း လုပ်နေလို့ မေးရတာပါ။

"ကျွန်မတို့ကို အပ်သွားတာပါ ဆရာမရဲ့၊ သူတို့က ကြာဦးမှာ၊ သရက်သီး မှည့်ချိန်မှ ပြန်မရောက်ရင် ခူးရောင်းကြလို့ မှာသွားတာလေ၊ ရဲရဲသာ စားပါ"

ကျွန်မတို့လည်း စားကြတာပဲပေါ့။ မကြာပါဘူး၊ မြေရှင်ရောက်လာတော့ ပြဿနာတက်ပါရော။ ရီထွေးကလည်း စူးစူးဝါးဝါး ရှင်းနေတာကြားပါရဲ့။ နောက်တော့ မြေရှင်က အသံမထွက်တော့ဘူး။ ပြဿနာပြီးသွားတယ်နဲ့ တူပါရဲ့ပေါ့။ တစ်ရက် နှစ်ရက်ကြာတော့ သတင်းကြားရတာပါပဲ။ သရက်သီးတွေက လေကြွေတာ တစ်ဝက်၊ ရှဉ့်ကိုက်တာ တစ်တောင်း၊ ပုပ်တာက တစ်စိတ်၊ ကျန်တာကိုခူးပြီး လမ်းထဲက အိမ်တွေ ဝေတာက ဘယ်လောက်ဆိုပြီး စာရင်းပြသတဲ့။ ပိုင်ရှင်ခများလည်း မကျန်တော့တဲ့ သရက်သီး အဘိဓမ္မာမများချင်တော့တာနဲ့ ငြိမ်နေရတော့သတဲ့။ ရီထွေးက အဲသလိုဟာမျိုးပါ။

ဒါကြောင့် လမ်းထဲကရော၊ ကျွန်မတို့ တစ်လမ်းကျော်ကရော၊ တောင်မြောက် ကန့်လန့်အကွက်တွေကရော ရီထွေးကို ချည်ထွေးလို့ ခေါ်ကြသတဲ့။ လမ်းထိပ်က မုန့်ပျားသလက်ရောင်းတဲ့ မသောင်းက ပြောဖူးတယ်။

"ဆရာမနယ်… ရီထွေးက ဇယားရှုပ်တယ်နော်၊ ကျွန်မတို့က

ရီထွေး မခေါ်ဘူး၊ ချည်ထွေး ခေါ်ကြတာ။ ရှင်းမရအောင် ရှုပ်လွန်းလို့လေ”

နောက်တော့လည်း ရီထွေးအကြောင်း အူမချေးခါး သိလာရတော့တာပါပဲ။

●

“အကြီးမရေ… ဟော့ အကြီးမ၊ ဘယ်သွားနေတာတုန်း၊ ကြောင်အိမ်ထဲက ဖအေ့ဖို့ ချန်ထားတဲ့ ဟင်းနှစ်တုံး မစားပါနဲ့ဆိုတဲ့ကြားက စားသွားသေးသနော်၊ အာပုပ်မ… ခါးပိုက်နှိုက်မ… လာခဲ့စမ်း”

မနက် မိုးမှမလင်းသေးဘူး။ ခုနစ်စဥ်တိုက် အော်သံကြီးကြောင့် ကျွန်မတို့ မိသားစုတွေ အိပ်ရာက ငေါက်ခနဲ ထ,ထိုင်လိုက်ရတော့တာပါ။ အရှေ့အိမ် အနောက်အိမ် ဝင်းထရံတစ်ချပ်ပဲ ခြားတာဆိုတော့ နား,နား ကပ်အော်လိုက်သလိုပါပဲ။ အကြီးမဆိုတာ ရီထွေးရဲ့ သမီးအကြီးဆုံး အပျိုပေါက်မကို ခေါ်တာပါ။ အမှုသွား အမှုလာကလည်း ထူးပြီးမေးစရာ မလိုတော့ပါဘူး။ အော်သံထဲမှာ ပါပြီးသားလေ။ အာပုပ်မဆိုတာက မိဘ မသိအောင် စားတာကို ဆိုလိုတာ။ ခါးပိုက်နှိုက်မက အလစ်ဝင်တွယ်သွားတယ်လို့ ပြောချင်တာမှန်း ကြားရသူတိုင်းက သဘောပေါက်ရတယ်။ ရီထွေးက သည်လိုပဲ အော်နေကျပါ။ အသံကလည်း အောင်သလားမပြောနဲ့။ အသံကွဲကြီးနဲ့ သာယာနာပျော်စရာ မကောင်းတာထား၊ ခြစ်အော်လိုက်သံက ဓားထက်ထက်နဲ့ ခွဲလိုက်တဲ့အတိုင်းပဲ။ ပြီးတော့ ကိုယ့်အိမ်ထဲကို ကိုယ်အော်နေရင်ထား။ အခုက တစ်ကွက်ကျော်မှာ မျက်နှာသွားသစ်နေတဲ့ အကြီးမကို အော်တာဆိုတော့ နဂိုသံထက် နှစ်ဆတင်အော်တာ ဆိုတော့ စဉ်းစားသာကြည့်တော့။

တစ်ခါတော့ အလတ်မကအိမ်မှာ နတ်ဆက်ထားတဲ့ လက်ဖက်နဲ့



မုန့်ဆီကြော် အနီ အဖြူတွေကို မန်ကျည်းပင်ရိပ် ထွက်စားလိုက်တာကုန်ရော။ ရီထွေး အိမ်လည်ရာက ပြန်တော့ နတ်စင်ကို မကြည့်မိသေးဘူး။ နေ့လယ်လောက်ကျတော့မှ သတိထားမိရာက နတ်လက်ဖက်၊ နတ်မုန့်ဆီကြော် ခိုးစားမှုကို စစ်တော့တာပါ။

“အမယ်လေး… အမယ်လေး… မကြဲကောင်းမစည်ရာတော်။ နတ်တင်ထားတဲ့မုန့်ကိုမှ ငတ်ရသလား၊ နတ်တောင် မနည်းကုတ်ကတ်တင်ထားရတာဟဲ့၊ ကိုင်း ပြောစမ်း ဘယ်သူစားတာတုန်း”

တဗုန်းဗုန်း တဗိုင်းဗိုင်း ထုနှက်ရိုက်စစ်နေလိုက်တာ ညနေစောင်းတဲ့အထိ မပေါ်ဘူး။ အားလုံးကို မဲရိုက်နေတာဆိုတော့ အပြစ်မရှိသူတွေပါ ခံနေရတော့တာပါ။ ခိုးစားတဲ့သူကလွဲလို့ ဘယ်သူမှလည်း မသိလိုက်တဲ့ ကိစ္စဆိုတော့ အမှုက တော်တော်နဲ့မပေါ်ဘူး။ နောက်တော့မှ တရားခံမိလို့ တစ်ယောက်တည်း ရွေးရိုက်တာ နန္ဒင်းတောင် သိပ်ယူရသတဲ့။ ကျွန်မက တရားခံ ဘယ်လိုပေါ်သလဲလို့မေးတော့ ရီထွေးက အမှုကြီး မိလိုက်တဲ့ ရဲအရာရှိလို မျက်နှာနဲ့ပါ။ သူ့ဟာနဲ့သူတော့ အဟုတ်သား။

“ပထမတော့ ကျွန်မက အားလုံးကို ကျုံးရိုက်တာ၊ ဖော်မှမဖော်ကြတာ။ နောက်တော့မှ သတိရပြီး ပါးစပ်တွေ လိုက်နမ်းကြည့်တော့ အလတ်မ ပါးစပ်က လက်ဖက်စော်နံတာ ထောင်းထ,လို့၊ ဒါနဲ့ ဆော်လိုက်တာ ဝါးခြမ်းနှစ်ခြမ်း ကုန်ရော။ နန္ဒင်းသိပ်ထားခဲ့တယ်”

“ညည်းတို့က ဘာနတ် ကိုးကွယ်တာတုန်း ရီထွေးရဲ့၊ လက်ဖက်နဲ့ မုန့်ဆီကြော်ဆိုလို့ မေးတာပါ”

“နတ်သောကောရောကောပါပဲ ဆရာမရယ်၊ တစ်နတ်မ,မ တစ်နတ်မ လုပ်ရတာလေ၊ လက်ဖက်နဲ့ မုန့်ဆီကြော်က နတ်တိုင်း ဆိုင်တာကိုး…”

ရီထွေးမှာ အဆိုးဆုံးအချက်က လမ်းတိုကလေးထဲ ရှိတဲ့လူ ဘယ်သူ

နဲ့မှ မတည့်ချင်တာပါ။ ပြဿနာ ဖာစ်မြစ်လိုက်,လိုက်ရင် ရီထွေးက လွန်တာချည်းပဲဆိုတာ အားလုံးကလည်း သိနေကြတာပါပဲ။ ရီထွေးက အလုပ်သာ လက်ကြောမတင်းတယ်၊ မီးဖိုချောင် အချေးအငှားတော့လည်း လက်ရဲဇက်ရဲနိုင်တယ်။

"မစန်းနွဲ့ရယ်… ကြက်သွန် တစ်တက်လောက် ပေးစမ်းပါ၊ ဈေးက မေ့လာလို့"

"မငယ်ရေ… ငန်းဆေး ဝယ်ထားတာ တွေ့လိုက်ပါတယ်၊ အငယ်မ ကိုယ်ပူချင်နေလို့ တစ်ခါတိုက်လောက် မျှပါဦး"

"ဒေါ်ကြီးသန်း ငံပြာရည်ဖျော်ပြီးမှ ရေတ်သီးမှုန့် ကုန်မှန်းသိတော့တယ်၊ တစ်မှုန် နှစ်မှုန်လောက် ပေးစမ်းပါ"

ဆိုတာမျိုးက နိစ္စဓူဝကိစ္စ။ ကြည်ကြည်သာသာ ချေးလို့ ငှားလို့ တောင်းလို့ ရမ်းလို့ ရ,ရင်ရ၊ မရလို့ကတော့ ရန်လုပ်ပါလေရော။ ရန်ဖြစ်တဲ့အိမ်ရှေ့ ထဘီမ,ပြီး ရန်စောင်နေတာ လေး,ငါးခေါက်။ ရှောင်နိုင်သူတွေက ရှောင်ကြပေမယ့် မရှောင်နိုင်သူကျတော့ ချိတ်ကရော။ အော်ကြ၊ ဆဲကြ၊ လုံးကြ၊ သတ်ကြ၊ ခဲကိုင် တုတ်ကိုင်တွေ ဖြစ်ကြရော။ လမ်းတိုကလေးထဲ ရှိသမျှ လေး,ငါး,ခြောက်အိမ်မှာတော့ ရီထွေးက ရမ်းချင်သလို ရမ်းရနေတာကိုး။ ညဘက် လင်မူးလာတော့ လင်က တစ်စခန်းထ,ရင် ရီထွေးက လူကောင်းလုပ်ပြီး လင်ကို ဖေးသေး မ,သေးတာပါ။

သည်လိုနဲ့ အရပ်မှာလည်း အချေးအငှား ရှိတော့လည်း ချေးကြ ငှားကြ၊ ရန်ဖြစ်တော့လည်း ဖြစ်လိုက်ကြ၊ မျက်နှာပြောင်ပြောင်နဲ့ ပြန်ဝင်တော့လည်း ခွင့်လွှတ်ကြနဲ့ နေကြရတယ်။ ရီထွေးက တစ်အိုးတစ်မကြီးနဲ့ပေမယ့် ပူတယ်ပန်တယ်ရယ်လို့တော့ မရှိဘူး။ ထမင်းချက်ချိန်ကျရင်



အလတ်မ မီးမွှေးစမ်း၊ နို့ညှာမ ရေခပ်စမ်း၊ အကြီးမ ဈေးပြေးပြီး ပုဏ္ဏားသိမ်းသိမ်းစမ်း၊ အငယ်မ မလုတို့အိမ် ဆီတစ်မှုတ်လောက် သွားချေးစမ်း၊ နို့ညှာအထက်မက မမြင့်ထွေးအိမ်ဆိုင် အာပြဲခြောက်တစ်ထုပ် အကြွေးယူချေစမ်း ဆိုတာမျိုးနဲ့ ထမင်းတစ်နပ် ဟင်းတစ်နပ် ပြီးသွားရတာချည်းပါပဲ။ သူကတော့ ဂုံနီဖျင်ကုလားထိုင်ပေါ်မှာ အချစ်ဝတ္ထုတစ်အုပ်နဲ့ပေါ့။ စာအုပ်ဆိုင်နဲ့ စကားများတာတွေလည်း ခဏ ခဏ။ တစ်ည တစ်ရာပေးရတဲ့ ပုဂ္ဂလိက လျှပ်စစ်မီးသမားနဲ့ ငြင်းကြခုံကြတာလည်း ခဏ ခဏ။ သူများ ခြံစည်းရိုးပင် သွားခုတ်ပြီး ထင်းဆိုက်လို့ ရုံးရောက်ရတာလည်း ခဏ ခဏ။ ကြားထဲက သူများပစ္စည်း ပေါင်ပေးရာက ကာယကံရှင်က ပြန်ရွေးမယ်ဆိုတော့ ရီထွေး ပိုယူထားတဲ့ငွေ ပြန်မထည့်နိုင်သေးလို့ ရွေးမရရာက စကားများကြတာလည်း ခဏခဏ။ အိမ်ငှားရှာပေးရာက ဖြစ်ရတဲ့ အရှုပ်အရှင်းကတော့ မရေနိုင်တော့ဘူး။

ကျွန်မကတော့ သည်လို လူ့စရိုက်တွေလည်း ရှိတတ်တာပါပဲလေလို့ သဘောထား ဆက်ဆံပေမယ့် ရီထွေးက ကျွန်မကိုတောင် ဂိုဏ်းမထားတာတွေ ရှိလာတယ်။ တစ်ခါက သူ့ကလေးတွေ အိမ်လာရင် ကြေးစော် ချွေးစော် နံလွန်းလို့ ကျွန်မက ရေချိုးချေကြ ခိုင်းလိုက်တယ်။ မိန်းကလေးဆိုတာ သန့်သန့်ရှင်းရှင်း နေရကြောင်း၊ ဝတ်ပြီးသား နံနံစော်စော်တွေ မဝတ်ရကြောင်း၊ ခေါင်းကို မှန်မှန်လျှော်၊ ဆီလိမ်းဖြီးသင်နေရကြောင်း၊ လက်သည်းခြေသည်း ညှပ်ရကြောင်းတွေ ပြောပြီးမှ ပြန်လွှတ်လိုက်တာပါ။ ကလေးတွေက ပြောင်းပြန်။ နွေမှာ ခေါင်းစွပ်ကြီးတွေ မချွတ်တမ်း ဝတ်ချင် ဝတ်ကြသလို ဆောင်းမှာ အင်္ကျီပါးကလေးတွေနဲ့ ဖြစ်ချင်ဖြစ်နေကြကာတွေလည်းရှိတယ်။ ဆောင်းတွင်း မနက်အစောကြီး ရေချိုးကြတာ

ရှိသလို နွေခေါင်ခေါင် ရေမချိုး မိုးမချိုး သုံးလေးရက် နေကြတာလည်း ရှိတယ်။ အင်္ကျီအဝတ်အစားလည်း တစ်ယောက်ချွတ် တစ်ယောက်က ကောက်ဝတ် ကြုံရာကျပန်း နေတတ်ကြရဲ့။

ကျွန်မက ပြန်လှတ်လိုက်တော့ ရီထွေးကို ကလေးတွေက ဘယ်လို ဘာသာပြန်ကြသလဲတော့ မပြောတတ်ပါဘူး။ ကျွန်မကို စောင်းမြောင်း အော်ပါလေရော။

"ရေချိုး ရေချိုးနဲ့ လွယ်မှတ်လို့၊ ရေတစ်ပေါက် သောက်ဖို့တောင် အနိုင်နိုင်ဟာကို၊ ညည်းတို့က မင်းကတော်မို့ ရေချိုးရမှာလားဟဲ့၊ နံရင် စော်ရင် ဘယ်မှမသွားကြနဲ့။ ခြံအပြင်ထွက်တဲ့လူ အရိုက်ပဲ"

ကျွန်မကို စောင်းနေမှန်း သိပေမယ့် ငြိမ်နေရတာပါပဲ။ တုံဖြစ်လို့လည်း မကောင်းဘူး မဟုတ်လား။ တကယ်လည်း ရီထွေးကလေးတွေ ကျွန်မတို့ အိမ်ဘက် သုံး,လေးရက် မကူးကြတော့ဘူး။ သည်ကလေးတွေကို ကျွန်မက လွယ်အိတ်၊ ပေတံ၊ ခဲတံ၊ ခဲဖျက်၊ ဘောလ်ပင်ကအစ ဝယ်ပေး နေကျပါ။ တောက်တိုမယ်ရ ခိုင်းတော့လည်း [illegible] ပေးနေကျ။ အိမ်မှာ ထမင်း[illegible] မုန့်[illegible] ကလေးတွေ များလှသကော ရယ်လို့ စည်းရိုးကျော်ပေးရတယ်။ ဒါကို ရီထွေးက မထင်ရင် မထင်သလို သူတို့ပိုလို့ မစားချင်လို့ တို့ကိုပေးတာလို့ ပြောတတ်ရဲ့။ ကျွန်မကလည်း ကလေးတွေကို ခေါ်မခိုင်း၊ အပေးအကမ်းလည်း ရပ်စဲထားပြီဆိုရင်တော့ ရီထွေးက သမီးအထွေးဆုံးကို စမ်းလွှတ်တယ်။ နောက်တော့ အကုန်လုံး ပြန်ဝင်ကြရာက ရီထွေးကပါ အဝင်အထွက် အချေးအငှား ပြန်လုပ်တာ လည်း များလှပါပြီ။

●



သမီး ငါးယောက်စလုံးက မအေ 'ဇ'ကလေးတွေ နည်းနည်းစီတော့ ပါကြတယ်။ သတင်းပေး သတင်းယူ၊ ပုံကြီးချဲ့၊ ရန်တိုက်၊ မဟုတ်က ဟုတ်ကပြော၊ မကြားတာ ကြားတာ လုပ်တာတွေများတော့ အထူးကျွမ်း ကျင်ကြတယ်။ ရသမျှသတင်း အကုန်အံကြတော့တာပါ။ ရီထွေးက သမီးတွေရလာတဲ့ သတင်းတွေအားလုံးကို ခွဲထုတ်စိစစ်တယ်။ ဒါက ကိုယ်နဲ့ဆိုင်တယ်၊ ဒါက ကိုယ်နဲ့မဆိုင်ဘူး။ ဒါက လက်ဦးရင် ရနိုင်တယ်၊ ဒီစကားကတော့ ရန်ဖြစ်ရမယ့်ကိစ္စ၊ သည်အတင်းကတော့ နပမ်းလုံးရမယ့် ကိစ္စ၊ သည်သတင်းကတော့ အမြတ်ထုတ်ရမယ့်ကိစ္စ စသည်ဖြင့် ခွဲထုတ် ပြီးမှ အချိန်အခါစောင့်ပြီး လုပ်စရာရှိတာ လုပ်တော့တာပါ။

"အမေ... မအုန်းတင်တို့ ထီပေါက်လို့တဲ့၊ နှစ်ရာဖိုးတဲ့"

"သေချာရဲ့လား"

"မငယ်တို့ ပြောနေတာ၊ သမီး ရောက်သွားတော့ မလှကတောင် မငယ်ကို လက်ကုတ်လိုက်သေး"

"ဟုတ်ပြီ... နောက်တစ်ယောက် ဘာကြားခဲ့တုန်း"

"သမီး ရောက်သွားတော့၊ ပါးစပ်ပိတ်သွားကြလို့ ဘာမှမကြားခဲ့ရဘူး"

"ညည်း ရောက်သွားမှ ပါးစပ်ပိတ်တယ်ဆိုတော့ ငါ့အတင်းနေမှာပဲ၊ ကောင်မတွေ နေနှင့်ဦး၊ ကဲ ပြောစမ်း အလတ်မ"

"မအေးက အဝတ်တွေ မလှကြီးကို ပေါင်ခိုင်းမလို့တဲ့၊ အမေ့ မယုံလို့ နေမှာပေါ့"

"ဘာအဝတ်တွေလဲ"

"မသိဘူး"

"ညည်းကို သိခဲ့တယ်မရှိဘူး သွားစမ်း"

သမီးတွေကလည်း ရပ်ကွက်ထဲက အမျိုးသမီးတွေကို အဒေါ်ရယ်၊ အစ်မရယ် ထည့်မခေါ်ကြပါဘူး။ မအေ ခေါ်သလိုပဲ မငယ်တဲ့၊ မအုန်းတင်တဲ့၊ သူတို့ကိုယ်တိုင်ကလည်း မအေ ခေါ်လို့ထူးရင် 'ဟင်'တို့၊ 'ဘာတုန်း'တို့ ထူးကြတာ မဟုတ်လား။

သည်လိုကလေးတွေ ပြောစကားပေါ်မှာ မူတည်ပြီး ပိုက်ဆံချေးရမယ့်သူကို ချေးတယ်၊ ရိုရမယ့်သူကို ရိုတယ်။ ရန်ဖြစ်ရမယ့်လူကို ဖြစ်တယ်။ နပမ်းလုံးသတ်ရမယ့်လူကို လုံးသတ်တယ်။ တစ်ခါကများ ရန်ဖြစ်ရင်း သူများအိမ် ခဲနဲ့ထုလို့ ရုံးရောက်ရပြီးပြီ။ သမီးတွေက အနားက ဘက ကျောင်းထားတာဆိုတော့ ရီထွေးက ဆရာမနဲ့ လိုက်ရန်ဖြစ်လို့ ဘုန်းကြီးကျောင်းထဲ မဝင်ရဆိုတာမျိုးနဲ့ ဘုန်းကြီးက အမိန့်ထုတ်ခံရတာလည်း ရှိထွေးပါပဲ။

"ညည်းအေ… ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘုန်းကြီးကျောင်းထဲ မဝင်ရဆိုတဲ့အဖြစ်က ကြောက်စရာကောင်းလိုက်တာ၊ ဘုန်းကြီးကို အပြစ်က ခွင့်လွှတ်ဖို့ သွားလျှောက်ချေ၊ ညည်း မလျှောက်ရဲရင် ငါ လိုက်လျှောက်ပေးပါ့မယ်"

ကျွန်မက စိတ်မချမ်းသာလွန်းလို့ ပြောမိတော့ ရီထွေးက ဘယ့်နှယ်မှတောင် ခံစားရပုံ မပေါ်ပါဘူး။ ဘုန်းကြီးကျောင်းထဲ မဝင်ရရင် ဘေးကပန်းသွားရုံပေါ့တဲ့။ ကမ်းကို ကုန်ပါရော။ ရီထွေးအကြောင်း ပြောရရင်တော့ မကုန်ပါဘူး။

လမ်းတိုကလေးထဲက အိမ်တွေကလည်း ရီထွေးကို တတ်နိုင်သမျှတော့ ရှောင်ကြပါတယ်။ အိမ်ရှေ့ကို အမှိုက်ပုံတာ၊ ထမင်းသိုး ဟင်းသိုးသွန်တာ၊ အိမ်သာနံ့ထောင်းထောင်းထ,နေတာ၊ အိမ်ရှေ့ထရံမှာ တွယ်နေတဲ့ ခြတောင်



ပို့ကို ရာဇမတ်ကာပြီး နေ့မီး ညမီး မပြတ်ထွန်း ပူဇော်နေလို့ မီးဘေးစိုးရိမ်ကြရတာမျိုးတွေကလည်း ရှိသေးတယ်။ ရီထွေးက ချေးဝယ်လွှတ်ရင် ရှောင်းရတဲ့ အိမ်ဆိုင်တွေက နောက်ဆက်တွဲ ပြဿနာတွေကို ကြောက်ကြတယ်။ ဖယောင်းတိုင် တစ်တိုင်၊ လက်ဖက်ခြောက်တစ်ထုပ်၊ အခေါက်ခေါက်အခါခါ လဲခိုင်းတာမျိုး၊ အအမ်းအတောမှားလို့ ပိုက်ဆံကစုတ်နေလို့၊ အကြွေးချန်လို့၊ ကလေးတွေက မုန့်ပါ ရောန့ိုက်သွားလို့ဆိုတာမျိုးတွေကလည်း ထပ်လို့။

လမ်းထဲမှာ ဘယ်လိုက ဘယ်လို ရောက်လာမှန်းမသိတဲ့ ခွေးတွေကလည်း ရီထွေးတို့အိမ်ထဲ တံခါးမရှိ ဓားမရှိ ဝင်ကြ ထွက်ကြ။ လမ်းတိုကလေးထဲမှာ ကား၊ ဆိုင်ကယ် အဝင်အထွက်မရှိ။ ကစားကွင်းကျယ်ပေမယ့် ရီထွေး ကလေးတွေနဲ့ မပတ်သက်ချင်တော့ တခြားလမ်းဘက်သွားကစားကြတဲ့အထိ ရီထွေး ရန်ကို ကြောက်ကြတယ်။ ကျွန်မလည်း တစ်ခါတလေ ဉာဏ်မီသလောက် စဉ်းစားကြည့်မိပါရဲ့။ ဘာကြောင့်များချည်ထွေးလိုရှုပ်တဲ့ ရီထွေးကို ကြောက်နေကြရတာပါလိမ့်ပေါ့။

●

အခုတော့ ကျွန်မတို့ လမ်းတိုကလေးထဲမှာ ရီထွေးတို့ မရှိကြတော့ပါဘူး။ ရီထွေးရဲ့ ဦးလေးပိုင်တဲ့ အိမ်ဆိုတော့ ဦးလေးတော် ဆုံးသွားလို့ ဝိုင်းရော အိမ်ရော ရောင်းလိုက်ကြတယ်။ သည်တော့ ရီးထွေးတို့လည်း တခြားပြောင်းကြရတော့တာပေါ့။ ဒါတောင် ချက်ချင်းမပြောင်းသေးဘဲ ဟိုအိမ်အဖီ ဆွယ်ပါရစေ။ ဟိုဝိုင်းထဲ တဲငုတ်တို ဆောက်ပါရစေ လုပ်နေလို့ ရပ်ကွက်က စိတ်ထင့်နေကြရသေးတာပါ။ ရီထွေးက ပြောင်းခါနီး

မျက်နှာအမ်းကြီးနဲ့ အိမ်ပေါက်စေ့ လိုက်ငိုတယ်။ သူတစ်ပါး ဒုက္ခရောက်တာ ဝမ်းမသာကြပေမယ့် ရီထွေးတို့ ပြောင်းသွားမှပဲ လူတွေမှာ ကိုယ့်အိမ်ရှေ့ကလေး ကိုယ် ရဲရဲထွက်ရှုဝံ့ကြတော့တာပါ။

"အခုမှ ချည်ထွေး ရှင်းတော့တယ် ဆရာမရေ၊ ဒါတောင် လေငွေ့သလို ငွေ့နေသေးတာ"

လမ်းတိုကလေးထဲမှာ ကလေးတွေ ထွက်ကစားနေကြပြီ။ ဟိုတုန်းက တစ်ယောက်နဲ့တစ်ယောက် စကားလက်ဆုံကျရင်တောင် ရီထွေးက သူ့အတင်း ပြောတယ်ဆိုပြီး ရန်လုပ်မှာစိုးကြတဲ့ အိမ်နီးချင်းတွေလည်း အခုမှ ပြုံးဝံ့ ရယ်ဝံ့ စကားလက်ဆုံကျဝံ့ကြတော့တယ် ဆိုပါတော့။

ရီထွေးတို့အိမ်ကို ပွဲစားတစ်ယောက်က ဝယ်လိုက်တာပါ။ ပွဲစားက အိမ်ရှေ့က ခြံတောင်ပိုကြီးကို အရင်ဖြိုချလိုက်တော့ ခြတွေဆိုတာ ရှုရှုတက်လို့။ တစ်ဝက်ဆောင်းနေတဲ့ အိမ်ကြီးကို ဖြိုတဲ့နေ့ကများဆို မြွေတွေရော၊ ကြွက်တွေရော၊ ကြမ်းပိုးတွေရော၊ ပိုးဟပ်တွေရော ထွက်လာလိုက်တာ မနည်းဘူး။ ခွေးတွေလည်း သခင်ပျောက်ပြီး ဘယ်ရောက်ကုန်တယ် မသိပါဘူး။ ရပ်ကွက်ကတော့ လ,ငှပုပ်ဖမ်းရာက လွတ်လာတဲ့ လမင်းလို ရှင်းရှင်းကြီး လင်းသွားတော့တာပါ။ လမ်းတိုကလေးထဲ သန့်ရှင်းရေးတွေ လုပ်ကြ၊ ကလေးတွေ ဆော့ကြ၊ ကစားကြတာတွေ့တော့ ကျွန်မတောင် ပြုံးမိပါရဲ့။

ရီထွေးတို့ ပြောင်းသွားလို့ ဘယ်လောက်မှတောင် မကြာလိုက်ပါဘူး။ မနေ့တစ်နေ့ကတော့ သတင်းတစ်ခု ရောက်လာတယ်၊ ရီထွေးတို့ ကျွန်မတို့ လမ်းတိုကလေးထဲ ပြန်ပြောင်းလာတော့မယ်ဆိုတဲ့ သတင်းပါ။ လမ်းထဲက လူမနေဘဲ ခြံခတ်ထားတဲ့ တရုတ်သူဌေးတစ်ယောက်ရဲ့ ဝိုင်းထဲကို




အသနားခံပြီး တဲတစ်လုံးထိုးနေကြမယ်လို့ဆိုရဲ့။ သတင်းက သေချာလေသလား၊ မသေချာလေသလားတော့ မပြောတတ်ဘူး။

ရပ်ကွက်ထဲက လူတွေကတော့ ရီထွေး ပြန်ရောက်လာမှာ စိတ်ညစ်ကြတယ်။ ရီထွေးတို့ ပြန်ရောက်လာရင် တစ်ဆက်တည်း ခွေးတွေရော၊ ခြံတောင်ပို့တွေရော၊ မြွေတွေ၊ ကြွက်တွေ၊ ကြမ်းပိုးတွေ၊ ပိုးဟပ်တွေရော ရပ်ကွက်ကလေးထဲ ပြန်ရောက်လာနိုင်တာကိုး။

ရီထွေးတို့ ပြန်ရောက်လာရင် ချည်ထွေးလို ရှုပ်ဦးမှာပဲ ထင်ပါရဲ့။

**Beauty မဂ္ဂဇင်း**
**(၂၀၀၈) ခုနှစ်၊ ဩဂုတ်လ**

● ● ●



# စည်းရိုး

## (၁)

ဥန္နဲကုန်းရွာက မကြီးလှဘူး။ ဒါပေမယ့် ဥန္နဲကုန်းထက်ငယ်တဲ့ ရွာတွေချည်း အနားဝန်းကျင်မှာ ဝိုင်းနေတော့ ဥန္နဲကုန်းက အုပ်စုရွာစာရင်း ပေါက်တယ်။ 'ဘကင်း' ကလည်း ဥန္နဲကုန်းမှာရော အနားက တောပု၊ ဆိတ်ကုန်း၊ ညောင်တို၊ ခေါင်းကွဲကြီး၊ ခေါင်းကွဲလေး၊ လင်းမြွေရိုး ရွာတွေမှာ စာရင်း ပေါက်ပါပဲ။ ဘကင်း စာရင်းပေါက်တာက ဆိုးတယ်ဆိုတဲ့ နာမည်နဲ့ စာရင်းပေါက်တာပါ။ ဘကင်း ဆိုတာနဲ့ သတ်ချင်ဖြတ်ချင် ရိုက်ချင်နှက်ချင်တဲ့လူ၊ ပြောမရ ဆိုမရထဲကလို့ အားလုံးက သတ်မှတ်ကြ တယ်။ ဘကင်းကလည်း ဘကင်းကိုး။ တစ်နေ့ တစ်ရက် ပြဿနာမရှိတဲ့ရက် မရှိဘူး။ လူ မလုပ်ရရင် ငှက်တွေ မသက်သာတော့ဘူး။ လေးခွတစ်လက် နဲ့ လောက်စာလုံးအိတ်လွယ်ပြီး ထွက်သာသွား၊ အပြန် ငှက်တစ်စလွယ် တော့ ပါခဲ့တာချည်း။ အဲသလိုသာပစ်တာ ငှက်သားကျတော့ မစားပြန် ဘူး။ မအေအိုကြီးက ဘကင်း ငှက်ပစ်တာ မကြိုက်ဘူး။ 'ငါ့သားရယ် ငှက်တွေ သူ့ဘာသာနေကြတာ မလုပ်ပါနဲ့' လို့ဆိုရင် 'ငှက်တွေအများကြီး ပါဗျာ၊ အမေက ကြားထဲက နှမြောမနေစမ်းပါနဲ့' လို့ ပြန်အော်သေးတာ။ လူဆိုတာ မပြောနဲ့။



လက်စလက်နကလည်း ရှိတယ်ဆိုတော့ ရန်ပွဲတစ်ပွဲထဲ ဘကင်းမို့ ဝင်လာရင် အကုန်လုံးက မီး ရေနဲ့သတ်သလို ငြိမ်ကျသွားတာပါ။ စကား ပြောတာ မကြိုက်လို့ ကျုပ်တော့ လူရိုက်ခဲ့တယ်ဆိုတာကတော့ အမှုတောင် မဟုတ်တော့ပါဘူး။ မထင်ရင် မထင်သလို ရိုက်ပိုင်ခွင့်ရှိတယ်လို့တောင် ထင်ပုံလည်းရပါရဲ့။ ဘယ်သူ့ ဘယ်သူမှလည်း တိုင်တောမနေတော့ပါဘူး။ ဘကင်းရဲ့ နောက်ဆက်တွဲကို ကြောက်ကြတော့ သည်လို သည်းခံလိုက် ကြရတာ များတယ်။

"ဘကင်းကို မပတ်သက်နဲ့ဟေ့၊ ဒီကောင်က လက်ဖျံရိုး တစ်ချောင်း တည်းပါတဲ့ကောင်၊ လူပုံပါးသလောက် လက်ယဉ်တဲ့ကောင်၊ ဝေးဝေးသာ ရှောင်ကြမောင်"

တစ်ရွာ တစ်ရွာ လူစုံရင် သည်စကားတော့ ပါမြဲပဲ။ ရှောင်လည်း ရှောင်ကြတာပါပဲ။ လူကောင်းသူကောင်း မပြောနဲ့၊ လူမိုက်အချင်းချင်း တောင် ဘကင်းက မပွေးရယ်... တို့ဝံ့ပေါင်ဗျာဆိုတဲ့ သူချည်းပဲ။ ဘကင်း ကလည်း ဘကင်းပဲလို့ ပြောရမယ် ထင်ပါရဲ့။ တုတ်လည်းမကြောက်၊ ဓားလည်းမကြောက်တာ ထားတော့။ ငရဲတောင် မကြောက်တဲ့လူ။ ကြောက်ရမယ့်လူလည်း မရှိပါဘူး။ မြင်ရတဲ့ လက်နက်မပြောနဲ့ မမြင်ရတဲ့ နတ်တို့ စုန်းတို့ ဆိုတာတောင် ဘကင်းက ထိပ်ပုတ်၊ ခေါင်းပုတ်လောက် သဘောထားတာ။ မအေအိုကတော့ ဒါတွေ ဘယ်ကြိုက်ပါ့မလဲ။ သူ့သား လူလွတ် လူရိုက်တယ်ဆိုတာ ကြားချင် မြင်ချင်တာ မဟုတ်လား။စ

"ဘကင်းနော်... နင် ကြပ်ကြပ်မိုက်၊ ဝဋ်လိုက်မှာ ငရဲ အိုးကြီးမှာ မကြောက်ဘူးလား၊ အပါယ်တံခါးတော့ နင် ဝင်လာဖို့ ဟောင်းလောင်းပွင့် နေလောက်သယ်"

မအေလုပ်သူက ဝင့်တွေ ငရဲတွေလောက်နဲ့ ခြောက်ရတာပေါ့။ လူ့, လူချင်းမှ မကြောက်တဲ့လူ ငရဲလောက်တော့ ကြောက်မယ်ထင်တာကိုး။ ဘကင်းက ပိုတောင် မကြောက်သေးတယ်။

"အမေရာ... ကိုယ်လည်း ငရဲရယ်လို့ တွေ့ဖူး ကြုံဖူးတာ မဟုတ်ဘဲနဲ့ ဘာကြောက်စရာ ရှိသတုန်း၊ ဒီဘဝက ဒီဘဝပဲ။ လူဖြစ်ရတုန်း မိုက်ရသာဗျ။ ကျုပ်တော့ ဒီဘဝကလွဲပြီး ဘယ်ဘဝမှ လှမ်းမမျှော်ပေါင်ဗျာ"

"ဟဲ့... လူဖြစ်လာမှတော့ မကောင်းမှုလုပ်တဲ့လူနဲ့ ကောင်းမှုလုပ်တဲ့လူ။ ဘယ်သင်းက ကုသိုလ်ရတယ် ဆိုသာလောက်တော့ နင် သိရမှာပေါ့ဟဲ့ နွားရဲ့၊ ကောင်းမှု မကောင်းမှု မခွဲနိုင်ရင် တိရစ္ဆာန်ပဲ"

"အမေတို့ အဲဒါ ခက်တာပဲ။ ကျုပ်က ဘယ်သူ့များ ဒုက္ခပေးနေလို့တုန်း အမေရာ၊ အလကားနေရင်း နာမည်ကြီးနေတာပါဗျာ၊ တစ်ခုတော့ရှိတယ်၊ ကျုပ်ကို ဒုက္ခပေးတဲ့လူတော့ မခံဘူး။ ဥန္နဲ့ကုန်းမှာ လူမိုက်မရှိဘူး အဖြစ်မခံနိုင်ဘူး။ တစ်ရွာ လူမိုက်တစ်ယောက်တော့ ရှိပါမှပေါ့။ မရှိရင် ရွာအနိုင်ကျင့် ခံရမှာပေါ့"

လူမှန်းသိကတည်းက ဆုံးမလို့ မရခဲ့တဲ့ သား ဘကင်းကို မအေကလည်း သည်အတိုင်း ကြည့်နေရတော့တာပဲ။ မွေးတုန်းက သားနှစ်ယောက် မွေးခဲ့တာပါ။ အကြီးက ဘမင်း၊ အငယ်က ဘကင်း။ ဘမင်းက ရိုးရိုးအေးအေး နေတတ်တဲ့အပြင် ရုပ်ရွာကလည်း ချစ်ကြတယ်။ သို့ပေမယ့် သီလမကောင်းရှာတော့ သက်ဆိုးမရှည်ခဲ့ဘူး။ ဘကင်းကတော့ ပြောင်းပြန်။ လူရယ်လို့ ဖြစ်ကတည်းက သားရေဘတ်ခွလောက် စိတ်ဝင်စားခဲ့တဲ့ကောင်။ ဆယ်နှစ်သားလောက်ကတည်းက ဓားမြှောင်တစ်လက်နဲ့ လောက်စာလုံးနဲ့ ဘတ်ခွကတော့ အမြဲရှိတယ်။ လက်ကလည်း တည့်တယ်၊ ဘတ်ခွ



ပြင်ပြီးပြီဆိုတာနဲ့ လောက်စာလုံး သုံးလုံး လက်ထဲထည့်ပြီး ခပ်ဝေးဝေးက ကွမ်းသီးပင် သုံးပင်ကို လှမ်းပစ်ပြီး လက်တည့်စမ်းတော့တာပဲ။ လောက်စာလုံး သုံးလုံး ကွမ်းသီးသုံးပင် မှန်တာချည်းပဲ။ ကျွဲချိုလေးခွကချည်း အိမ်မှာ အများကြီး။ လောက်စာလုံးက အစိတ်ဝင် စဥ့်အိုးနဲ့ တစ်လုံးအပြည့် အမြဲထားတဲ့ကောင်။

မကြည့်ချင် မြင်လျက်သား ဆိုတာလို အိမ်မှာလည်း ဘကင်းရဲ့ အကုသိုလ်ပစ္စည်းတွေနဲ့ ကင်းလွတ်တဲ့ နေရာရယ်လို့ မရှိသလောက်ပဲ။ အိမ်ရှေ့တလင်းမှာ လောက်စာလုံးတွေလုံးပြီး လှန်းထားတာ ပဲများ နှမ်းများဆိုရင် ဘယ်လောက် အဖိုးတန်လိုက်မလဲ။ သားအမိနှစ်ယောက် အခင်းကလေး နှစ်ကွက် သူများချထားတာလေးနဲ့ စားနေကြတာဆိုပေမယ့် ဘကင်းကလည်း ဘယ်ကရမှန်းမသိတဲ့ ပိုက်ဆံလေး ဘာလေး ရှိပါတယ်။ ဒါမျိုးဆိုရင် မအေက မျက်နှာမကောင်းဘူး။

"ပိုက်ဆံတွေ မင်း ဘယ်ကရလာတာတုန်း ငါ့သားရယ်၊ မဟုတ်တာတော့ မလုပ်လာပါနဲ့ကွယ်၊ သံတွေ သံခဲတော့ ပူပူလောင်လောင် မမျိုပါရစေနဲ့"

"အမေကလည်းဗျာ... အလကားရတဲ့ပိုက်ဆံ၊ ဂျီးများနေရသေးသယ်။ နွားခိုးလှမောင် ပေးသွားသာပါ"

"ဘယ်က နွားခိုးသာလဲ ဘကင်းရယ်၊ ကိုယ့်တော့သူတောင်သား အချင်းချင်း စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့"

"ကျုပ် မလုပ်ပါဘူး၊ ကျုပ် ရွာက နွားလည်း မပါ,ပါဘူး။ သူတို့ခိုးသာတော့ ကျုပ်က တားဖြစ်ပါ့မလားဗျ၊ ကျုပ်က နခိုးနဲ့ နရှင် ညှိပေးရတာလောက်ပါ"

နခိုး (နွားခိုး)နဲ့ နရှင် (နွားရှင်) ညှိပေးရတယ်ဆိုတာက ခိုးတာတော့ ခိုးပြီ၊ ဂါတ်မတိုင်နဲ့၊ နွားအရှင် ပြန်လိုချင်ရင် ဘယ်လောက်ပေး

ဆိုတာမျိုး ကြားလူထားပြီး ညှိရတာကို ပြောတာပါ။ ဘကင်းက သည်နယ်တစ်ကြောမှာ သည်လိုညှိပေးနေကျ။ သည်တော့ နှစ်ဖက်စလုံးက ပိုက်ဆံရတတ်တယ်။ ဂါတ်တွေဘာတွေ တိုင်လို့ကတော့ ချိုနဲ့ချွာ သွားကောက်ရုံပဲ။ လက်သည်လည်း မပေါ်ဘူး။ ဟိုတုန်း ဟိုခါက အဖြစ်တွေပေါ့လေ။

ဘကင်းက ထန်းရည်များတော့လည်း ကြိုက်ရဲ့။ ပိုက်ဆံ မရှိလည်း ထန်းတဲထဲ ဝင်သွားရင် တစ်ယောက်မတိုက် တစ်ယောက် တိုက်တာပဲ။ ညနေ ထန်းရည်ကလေး မူးလာပြီဆိုရင် သွေးဆိုးပြီ။ မျက်လုံးကြီး လည်နေရာက ရွာထဲရပ်ထဲ စီခနဲ အသံကြားရင် ဘာမှန်းမသိဘဲ တုတ်ဆွဲချင်၊ ဓားဆွဲချင်။ မအေအိုက ညနေရောက်မှာ ကြောက်နေရတာပါပဲ။ ဘယ်သူ့မှ ဂရုစိုက်ရာ မရှိရင် အိပ်နေတဲ့ ခွေး လေးခွနဲ့ပစ်ကရော။ အပျင်းကြီးလို့တဲ့။ ရမ်းပြီးလို့ မောပြီဆိုတော့လည်း ခေါက်ခနဲ အိပ်ပျော်သွားလိုက်တာ သေများ သေရောလား မှတ်ရတယ်။ အမှုကလေး ရင့်ချိန်နဲ့ တိုးလို့ကတော့ အကောင်းပြောလို့ အကောင်းမထင်ဘူး။ နားကလည်း ပါးလိုက်တာ ဆီစိမ်စက္ကူအတိုင်းပဲ။ တောင်ပိုင်းက မိန်းမချင်း ရန်ဖြစ်တဲ့အသံကို မြောက်ဖျားနေတဲ့ ဘကင်းက ဝေခနဲကြားချင် ကြားတာ။ ဘာမှန်းမသိဘဲ သည်ကနေ ထိုင်ဆဲနေတော့တာပါ။ ရွာဆူအောင် လုပ်လို့တဲ့လေ။

"ဘာတုန်းဟ… ရွာထဲ ကျားများဝင်တာလား၊ မိုင်းတာမတွေ ဘယ်သူတွေလဲကွ၊ ရွာထဲ ဆူဆူပူပူနဲ့ အမေ ပေးစမ်းဟျာ၊ ကျုပ် ဝါးရင်းတုတ်"

ဒါမျိုးဆိုရင် မအေက ပုဆိုးခါးစ ဆီးဆွဲရတော့တာပေါ့။ မူးမူးရူးရူးနဲ့ သွားရမ်းမှာ စိုးရတာကိုး။ သည်တော့ ပြေရာပြေကြောင်း ချော့ပြောရတယ်။



"တောင်ပိုင်းက မိတုတ်တို့ မိန်းမချင်း ရန်ဖြစ်နေတာ ထင်ပါရဲ့ကွယ်၊ နင်နဲ့ အနေသာကြီးပါ"

"ဘယ့်နှယ် အနေသာကြီးရမှာတုန်းဗျ၊ ဒီမိန်းမတွေ တစ်ချီတစ်မောင်း မှတ်လောက်အောင်တော့ လက်တစ်ညှိုးကွဲလောက်တော့ ရိုက်ပစ်မှအေးမှာ၊ ကိုယ့်ရွာသူချင်း ရန်ဖြစ်ရတယ်လို့၊ ဒီလောက် ရန်ဖြစ်ချင်တဲ့ဟာတွေ နပန်းလုံးခိုင်းလိုက်ဦးမယ်"

ဆိုတဲ့ပြီး ဘကင်းက ဝါးရင်းတုတ်ကိုင်ပြီး ထွက်သွားရင် မအေကြီးခမျာ ရင်တမမပေါ့။ ရွာလမ်းအတိုင်း တုတ်ဆွဲပြီးလာတဲ့ ဘကင်း မြင်တာနဲ့ မြင်သူက ရန်ပွဲဆီ ပြေးရပြီ။ အချိန်မီ ရန်ပွဲဘရိတ်အုပ်ရအောင်လို့ပါ။

"ဟော… မိတုတ်တို့ ဘကင်း လာနေပြီ၊ ညည်းတို့ တော်ကြတော့"

အဲသလို ဘကင်းကို မြင်တဲ့တစ်ယောက်ယောက်က အကြောင်းကြားလိုက်ရင် ရန်ဖြစ်လက်စ မိန်းမတွေ ရောက်ရာပေါက်ရာ စကားနာထိုးအော်ဟစ်နေတာတွေလည်း ရပ်ကရော။ လက်ခုပ်တဖျန်းဖျန်းရိုက် အော်ကြီးဟစ်ကျယ် ပြောဆိုနေကြတာတွေလည်း တိခနဲ ငြိမ်ကရော။ ကိုယ့်အိမ်ထဲကိုယ် စုတ်ခနဲ ဝင်ပြေးကြပြီး ထရံပေါက်က ချောင်းကြည့်ကြတယ်။ ရန်ပွဲကြည့်တဲ့လူတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကြရပြီ။ ဘကင်း ရောက်သွားတော့ ကျီးတစ်ကောင် ကြောင်တစ်မြီးမှ မရှိတော့ဘူး။ သူလာမှ ရန်ပွဲရပ်ရပ်ပါ့မလားဆိုပြီး နှစ်လော သုံးလော ရမ်းချင် ရမ်းသေးတာ။ ရိုက်စရာ လူမရှိတော့ အနားရှိတဲ့သစ်ပင် နှစ်ချက်သုံးချက် အခေါက်တွေ ပွာအောင် ရိုက်ပစ်ခဲ့တာ ရှိသေးတယ်။ ရှားရှားပါးပါး စိုက်ထားတဲ့ အဖိုးတန် သစ်ပင်ဖြစ်ဦးတော့ ဘကင်း ရိုက်နေလို့ ဝင်ပြောရဲတဲ့လူ မရှိဘူး။ ငြိမ်နေရတော့တာ။

●

(၂)

ဘကင်း အမေ ဒေါ်အေးမေခများ အသက်ကြီးရှာပါပြီ။ ရွာက ကြီးတော်အေးမေ ခေါ်ကြတယ်။ ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ်ကို လှမ်းချိတ်နေပါပြီ။ သားတစ်ယောက် ပျက်စီးရှာလို့ ကျန်တဲ့သားက အိမ်ထောင်ရက်သား ပြုမလား အောက်မေ့ပါတယ်။ ဘကင်းက မအေ့ရှေ့သီနားနီနေတာဆိုတော့ မြေး မချီရဘူး။ မြေး ရှင်မပြုရဘူး။ အသက်လေးဆယ်ကျော်သားကို ကလေးလုပ် ထိန်းနေရတာနဲ့ ဘဝကုန်ရတော့မယ့်အရွယ်ရောက်နေပြီ။

ဘကင်းက အသက်လေးဆယ် တော်တော်ကျော်ပါပြီ။ လူပျိုကြီးဘဝနဲ့ အရိုးထုတ်တော့မယ့်ပုံလည်း ပေါ်နေပါပြီ။ ရွာထဲရှိသမျှ ဓာတ်သိဘယ်မိန်းမကမှလည်း သူ့ကို မကြိုက်ဝံ့သလို ဘကင်းကလည်း ဒီကိစ္စတော့ အကုသိုလ်မှတ်တယ်ထင်ပါရဲ့။ သူ့ဝါသနာက သောက်မယ်။ စားမယ်၊ အကောင်ပလောင် ပစ်လားခတ်လားလုပ်မယ်။ ဟိုရွာ သည်ရွာက ကိစ္စတွေမှာ ဝင်ရှင်းပေးတယ်။ အရက်မချက်တတ်ရင် သင်ပေးတယ်။ ဖဲမရိုက်တတ်ရင် သင်ပေးတယ်။ ကြက်ကိုင်တတ်တယ်၊ နွားပျောက်ရင်နွားရှင်က ဘကင်း အရင်လာပြောတယ်။ ဒါပေမယ့် ဘကင်း ကိုယ်တိုင်က အရက်မသောက်ဘူး။ ထန်းရည်ပဲသောက်တယ်။ ဖဲများတော့ လမ်းတွေ့တဲ့ တစ်ချပ်တလေတောင် ခြေထောက်နဲ့ လှန်မကြည့်ဘူး။ လောင်းကစားတော့ဝေးရော။

လူမိုက်ဆိုပေမယ့် ဘကင်းက လူဖလံကလေးရယ်။ မြင်တဲ့လူက လူမိုက်ထင်ဖို့ဝေးလို့ လူက ပုစောက်စောက်ဆိုတော့ တစ်ချက်ကန်လောက်ရှိတဲ့ ကောင်ပါလို့ ထင်စရာပေါ့။ ဆံပင်ခပ်တိုတို ခြေသလုံးပေါ်ဝတ်ပြီး အင်္ကျီဆိုတာလည်း ဝတ်ရကောင်းစေ မရှိခဲ့ဘူး။ အလျှုအတန်းသွားတာ



တောင် ပခုံးပေါ် တင်သွားတာ။ မဝတ်ဘူး။ ပြီးတော့ ထူးခြားတဲ့ အချက်တစ်ချက်က ရယ်တဲ့အသံ။ အများတကာလို သဘောတွေ့စရာရှိလို့ ရယ်ကြသလို တဟားဟား တဟီးဟီး ရယ်တာမျိုး မဟုတ်ဘူး။ ဘယ်လောက် ရယ်စရာကောင်းကောင်း လည်ချောင်းထဲက ထွက်လာကတည်းက ကြက်မများ ကတော်သလို တခွပ်ခွပ်နဲ့ မြည်တက်လာတဲ့အသံ။ ကိုယ်လုံးကို တသိမ့်သိမ့်ခါယမ်းပြီး တခွပ်ခွပ်နဲ့ ရယ်သံကြီးက လူ့ကိုယ်လုံးနဲ့ မလိုက်ဘူး။ လူကောင်သေးသေးကလေးနဲ့ အသံကြီး ကျယ်တာကိုတော့ အားလုံးက သတိထားမိတယ်။

ဘကင်းမှာ ထူးခြားတဲ့ နောက်တစ်ချက်လည်း ရှိသေးတယ်။ ကြုံရင် ကြုံသလို အမဲပေါ် ဝက်ပေါ် ငှက်ပစ် ကြောင်ပစ် လုပ်နေပေမယ့် အသားများတော့ အနံ့တောင် မခံဘူး။ ရွာထဲရပ်ထဲ အမဲပေါ် ဝက်ပေါ်ချင်လို့ကတော့ ဘကင်း တစ်ယောက်တည်းနဲ့ ပြီးရယ်။ တခြားလူ မလိုဘူး။ နွားတစ်ကောင်၊ ဝက်တစ်ကောင်လောက်တော့ ထန်းရည်ကလေးတိုက်ပြီး ဘကင်းအိမ် အသားကောင်းကောင်းတစ်တွဲ ပို့လိုက်ရုံပဲ။ အဲဒါ အမဲပေါ်ခပဲ။ အခကြေးငွေရယ်လို့လည်း ယူတယ်မရှိဘူး။ ဒါပေမယ့် အဲဒီအသားဟင်း ဆီပြန်အောင်ချက်ထားဦးတော့ ဘကင်းက မတို့ဘူး။ ဘတ်ခွတစ်လက်နဲ့ တောထဲငှက်ပစ်ထွက်ရင် ပုဆိုးခါးပုံထဲ ငှက်သေတွေ အကောင်နှစ်ဆယ် အစိတ်လောက် ပါလာတတ်တယ်။ အဲဒီငှက်တွေကို ရေနွေးဖျော အမွေးနုတ်တာကအစ စိတ်ရှည်လက်ရှည် လုပ်တယ်။ ပြီးရင် ကြော်ချင်ကြော် ချက်ချင်ချက် ဘကင်းကိစ္စ မပါတော့ဘူး။ အနံ့တောင် မခံဘူး။ ရေထဲက ငါးတောင်မှ အကောင်နည်းနည်းကြီးရင် မစားဘူး။ ထမင်းရယ် ဟင်းရယ်လို့လည်း ဘာဖြင့်ဘာမှရယ်လို့ ဂျီကျောက်များနေတာ

မဟုတ်တော့ ဘကင်း အတွက်ရယ်လို့လည်း မအေအိုက အထူးတလည် လုပ်ပေးနေစရာ မလိုတာပါ။ ငါးပိတစ်ခွက်၊ ပဲတစ်ခွက်ပါရင်ပြီးရော။ ဝါသနာကို မစွန့်တာကလွဲလို့ မအေအိုကြီး အိုမကို စိတ်ဆင်းရဲအောင် ဘယ်သောအခါကမှ မလုပ်ခဲ့ဘူး။

မအေကြီးကတော့ သားသမီး မဟုတ်လား။ ဘကင်းအတွက် စိတ်တထင့်ထင့် မရှိတဲ့နေ့ မရှိဘူး။ ဘကင်းကို အိမ်ဝမမြင်ရမချင်း အိမ်ရှေ့ မြေပြောင်ပြောင် ဖျာခင်းပြီး ပြောင်းဖူးဖက်လိပ်ကြီး မေးငေါ့သောက်ရင်း သားလှမိုက်ကို မျှော်ရတာ မိုးချုပ်နေဝင်က စ,တာပဲ။ ဘကင်းက တစ်ခါတလေ မိုးသာလင်းတယ်၊ ပြန်မရောက်တာလည်းရှိတယ်။ အင်္ကျီမပါဘဲ ကျောပြောင်ကြီးနဲ့ ပုဆိုးတစ်ကွင်း စလွယ်သိုင်းပြီး ငှက်ပစ်ရယ်လို့ ထွက်သွားတာမျိုးပေမယ့် ဘယ်ရောက်လို့ရောက်မှန်း မသိ၊ နှစ်ရက် သုံးရက် ပျောက်ချင် ပျောက်နေတတ်တာလည်း ရှိတယ်။ မအေကတော့ သေသလားမသိ၊ ရှင်သလား မသိပေါ့လေ။ ဘုရားတိုင်တည်၊ နတ်တိုင်တည် လုပ်ရတာ အမော။ ပြန်ရောက်လာပြန်တော့လည်း ရွာအဝင်ကတည်းက ရယ်သံကြီး ခိုးခိုးခွပ်ခွပ်ကို အတိုင်းတိုင်း ကြားရပြီ။ အိမ်က ထွက်သွားတုန်းကအတိုင်းပါပဲ။ အင်္ကျီမပါ ပုဆိုး စလွယ်သိုင်းနဲ့ပဲ။

ဘကင်းက တောင်သူ့သားသမီးပေမယ့် တောင်သူအလုပ်တော့ နွားကျွေးဖို့ မြက်တစ်ထုံးတောင် မရိတ်ဖူးဘူးဆိုတဲ့ လူစားဆိုတော့ အိမ်မှာ သားယောက်ျား ဖားဖားကြီး ရှိတယ်ဆိုရုံကလွဲလို့ နှီးတစ်ချက် မတုပ်ဖူးဘူး။ မအေကတော့ ရှိတဲ့မြေကလေး တစ်လက်ဆွန်းလောက်ကို လူယုံချပေးပြီး ရတာလေးနဲ့ တင်းတိမ်ရရှာတာပါပဲ။ မြေးကလေးထွန်လို့ ပဲကြဲရတာကအစ ပေါင်းလိုက်၊ ပဲရိတ်၊ ပဲနယ်၊ ပဲရောင်း၊ နွားကျောင်း၊



မြက်ရိတ်၊ လှည်းမောင်း၊ ရေခပ်အဆုံး သည်သားကသာလုပ်ရင် ဗိုက်ရိုက်စားကြရုံပါ။ ဒါပေသိ ဘကင်းအတွက်ရတဲ့ သားထိုးခ၊ ငါးထိုးခ အသားတွဲ၊ ငါးတွဲကတော့ အိမ်ပြတ်ရတယ် မရှိဘူး။ စားရလွန်းလို့ လှန်းတာလှန်း၊ ညှင်းတန်တာ ညှင်းရသေးတာပါ။ ဘကင်းကလည်း မစားတော့ မအေအိုအူကလေးတော့ စိုပါရဲ့။ ဒါပေမယ့် ဘကင်းကို မဲတင်းရတာကလည်း စားရတာနဲ့ မကာမိဘူး။ မျှော်ရတာ ဘေးကြောတွေများတင်းလို့။ တစ်ခုကောင်းတာက ဘကင်းက သူ့ပြဿနာကို အိမ်သယ်လေ့တော့ မရှိဘူး။ သယ်မလာပေမယ့်လို့ ရောက်လာတဲ့ ပြဿနာတွေတော့လည်း မကင်းဘူးပေါ့။

ဘကင်းလို လူစားမျိုးကို ပေါင်းကြတယ်ဆိုတဲ့ အပေါင်းအသင်းဆိုတာကလည်း ဥပသကာတွေ ဘယ်ဟုတ်ပါ့မတုန်း။ ရွာထဲရပ်ထဲ လူကောင်း သူကောင်းများကတော့ အနားတောင် မသီဝံ့ကြဘူး။ ဘကင်းအပေါင်းအသင်းတွေကလည်း မကောင်းမှုမှာ ရွာကျော်၊ ရပ်ကျော်၊ နယ်ကျော်တွေချည်းပဲ။ ဘယ်ရွာမှာ လူဆိုးတဲ့ လူမိုက်တဲ့ဆိုရင် အဲဒါ ဘကင်းနဲ့ မကင်းတဲ့လူပဲ။ ဘကင်းနဲ့ တွဲသွားတွဲလာလုပ်နေရင် အဲဒါ လူကောင်း မဟုတ်တာ သေချာပြီ။ ရွာထဲ လူစိမ်းဝင်လာလို့ ဘကင်းကို မေးပြီဆိုရင် လမ်းတော့ ညွှန်လိုက်ပါရဲ့။ အဲသည့်လူစိမ်းကို ရွာက အကဲခတ်ကြရပြီ။ ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ဘကင်းကို ဘာကိစ္စ လာမေးတာလဲပေါ့လေ။ ရွာရပ်ထုံးစံက ညှော်လာရင် စိမ်းစိမ်းကျက်ကျက် သူ့ညှော်ကိုယ့်ညှော် ညှော်ဝတ်ကျေတတ်ကြပေမယ့် ဘကင်းဆီလာတဲ့လူ ဆိုလို့ကတော့ ယောင်လို့တောင် စာရင်းမသွင်းချင်ကြဘူး။ အဲသလောက်။

## (၃)

ဘကင်းတို့ လူစိမ်းတစ်သိုက်ကြီးနဲ့ ရွာထဲသလားနေရင် ခြေမကိုင်မိ လက်မကိုင်မိ အမြဲတမ်း ရင်မောနေရတဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။ ဒေါ်ကောင်းကြွယ်တဲ့။ ဒေါ်ကောင်းကြွယ်တို့က ရွာလယ်ပိုင်းမှာ အုတ်ခုံခံ၊ ပျဉ်ထောင်သွပ်မိုး နှစ်ထပ်အိမ်ကြီးနဲ့ နေကြသူတွေပါ။ မိရိုးဖလာတောင်သူတွေ ဆိုပေမယ့် အင်ဂျင်စက်နဲ့လည်တဲ့ ပဲခွဲစက်ကလေးတစ်လုံး ပိုင်တာရယ်၊ စုံစီနဖာ ကုန်စုံဆိုင်ကြီး ရှိတာရယ်၊ ရွှေတွဲလွဲ ငွေတွဲလွဲ ဝတ်နိုင်စားနိုင်တာရယ်၊ ငွေတိုးကြေးတိုး ပေးနိုင်တာရယ် ပေါင်းတွက်လိုက်ရင် ရွာမှာ တစ်ဦးတည်းသော လူချမ်းသာကိုး။ ဒီတော့ လူစိမ်းများမြင်ရင် မတော် ဓားပြတိုက်လေမလား တွေးနေရတာနဲ့ မောနေတာပါ။

ဒေါ်ကောင်းကြွယ်က မုဆိုးမ လူချမ်းသာဆိုတော့ သားတွေ၊ သမီးတွေ၊ မြေးတွေ တစ်လှေကြီးနဲ့ တရုန်းရုန်းနေကြတယ်။ ဒါပေမယ့် ညနေမိုးချုပ်ပြီဆိုတာနဲ့ သူ့မှာ နေစရာမရှိဘူး။ ခေတ်အခါအလျောက် ဓားပြကြောက်လို့။ ပြောရရင် ကိုယ့်ရပ်ရွာထဲက လူမိုက်စားရင်းဝင် ဘကင်းကိုတောင် မယုံဘူး။ တစ်ချိန် လည်ပင်းလာညှစ်မယ် တွက်ပြီးသား။ ဘကင်း ရယ်သံ ခိုးခိုးခွပ်ခွပ်ကြီးများ လှမ်းလှမ်းကကြားရရင် အော်ဂလီဆန်လောက်အောင်ကို မုန်းတာ။ ဘကင်းရယ်လို့ အသံလည်း မကြားချင်ဘူး။ မျက်ခွက်လည်း မကြည့်ချင်ဘူးဆိုတဲ့ အထဲကပါ။ ဘကင်းရှေ့ကျတော့ ဖားရတာ အမော။ ဘကင်းနဲ့ မလွှဲသာ မရှောင်သာ လမ်းမှာ မျက်နှာချင်းဆိုင်တွေ့ရင် မျက်နှာကြီး ယင်အုံလောက်အောင် ချိုရင်း ဦးအောင် နှုတ်ဆက်ရတယ်။

"ငါ့တူ မောင်ဘကင်း ဘယ်သွားမလို့တုန်းကွယ်၊ မင်းမအေကြီးကောနေကောင်းရဲ့လား၊ ကြီးတော်ဖြင့် မရောက်ရပေါင်ကွယ်"



"ကျုပ် ဓားပြသွားတိုက်တော့ကော ခင်ဗျားက လိုက်မှာမို့လား ကြီးတော်ရဲ့"

"ငါ့တူက သူတော်ကောင်းပါကွယ်၊ သိသာပေါ့၊ နေဦး... နေဦး မင်းမအေအတွက် ကန်တော့လိုက်ပါဦးမယ်"

ချွေးခံအကျႌအိတ်ထဲမှာ အထပ်လိုက်ရှိနေတဲ့ ပိုက်ဆံတွေထဲက ခပ်နွမ်းနွမ်း ရာတန်တစ်ချပ် ထုတ်ပေးတယ်။ ဘကင်းက ပေးတဲ့ပိုက်ဆံ အဖာတစ်ရာကို ငုံ့ကြည့်တယ်။ မသဒ္ဓါဘဲပေးတာ သိသားပဲ။ ဘကင်းပါ ဆိုမှ။

"ကြီးတော် ရာတန်လောက်များ ဘကင်းက နွားတစ်ကောင်ထိုးခတောင် မရှိဘူး၊ အမေက ပိုက်ဆံ မလိုပါဘူးဗျာ၊ ကျုပ်ဖို့ သဒ္ဓါလို့ ပုဆိုးတစ်ထည်ပေး ဝတ်ရသေး"

"သြော်... ငါ့တူနှယ် ပုဆိုးက ပုဆိုးပေါ့၊ ရော့ ယူစမ်းပါ၊ ကုသိုလ်လိုချင်လို့ပါဟဲ့"

ဘကင်း ကြောက်လို့သာ ပေးရတယ်။ ကြီးတော် ကောင်းကြွယ်ခမျာ နှမြောလွန်းလို့ လက်တွေများ ဆတ်ဆတ်တုန်လို့။ ဘကင်းကလည်း သည်အဘွားကြီး သူ့ကို ဖွဲ့ပေါင်းနေတာ သိသားပဲ။ စေတနာမပါဘဲ ပေးတာလည်း သိတာပဲ။ ကြီးတော်ကောင်းကြွယ်က ရပ်ပိုက်ဆံ ရွာပိုက်ဆံ လည်ချောင်းထဲက ကော်ထုတ်နေတာလည်း သိတာပဲ။ သိတော့ လန့်အောင် စ,တော့တာပါ။

"ငွေကလေး တစ်ရာတော့ဗျာ ဘကင်းက ဘာလုပ်ရမှာတုန်းဗျ၊ ယူမဲ့ယူ ရွှေအထုပ်လိုက် ရအောင်ယူတော့မပေါ့၊ မသကာ ခြောက်လုံးပြူး တစ်လက်ပေါ့"

အဲသလိုများ ဘကင်းက တခွပ်ခွပ်ရယ်ရင်း စ,လိုက်ရင် ဒေါ်ကောင်းကြွယ် နေစရာမရှိဘူး။ မျက်စိမျက်နှာတွေများ ပျက်လို့။ ဘကင်းကို စကားမပြောတော့ဘဲ ချက်ချင်းပြေးရော။ ဘကင်းကလည်း သူ့စကားသူ သဘောကျသလိုနဲ့ တခွပ်ခွပ် ရယ်ကျန်ရစ်ခဲ့တာပဲ။ ဘကင်းက ဘယ်တုန်းကမှ ငွေရယ်လို့ ပုဆိုးကြား လိပ်ထားတဲ့လူ မဟုတ်တော့ မက်လည်း မမက်တတ်ဘူး။ လူမိုက်ဆိုပေမယ့် သူတကာ့ဆီက ရကောင်းစေရယ်လို့ လက်ဖြန့်ခဲ့တောင်းဖို့ပျားတော့ ဝေးရော။ မအေအိုကို ပေးတာပဲရှိတယ်။ ယူတာ မရှိခဲ့ဖူးဘူး။ ဘယ်သူ့ဆီကမှလည်း တစ်ပြားမတောင်းခဲ့ဖူးဘူး။ သူ သောက်ချင်ရင် ဘယ်ထန်းရည်တဲ ဝင်သောက်သောက်၊ သူစားချင်ရင် ဘယ်အိမ်ဝင်စားစားကိုး။ ဘကင်းများ ကျွေးချင်လွန်းလို့၊ ပေးချင်လွန်းလို့မှ။

ကြီးတော်ကောင်းကြွယ်ကတော့ ဘကင်းနဲ့ လမ်းတွေ့လို့ အဲသလိုများ လှန့်လိုက်ရင် အဲသည်နေ့ ထမင်းစား မဝင်ချင်တော့ဘူး။ ညဘက်များဆိုရင် ကောင်းကောင်း မအိပ်ဝံ့တော့ဘဲ ဘကင်းရယ်သံ တခွပ်ခွပ်များ ကြားရလေမလား နားစွင့်နေလိုက်မိတာ တစ်ညလုံး ငုတ်တုတ်။ ဓားပြ တကယ်တိုက်ချင်လို့ စကားခေါ်တယ် ထင်တာကိုး။

"အမေရယ်... ကိုဘကင်းကြီးက အဲသလိုလူစားမျိုး မဟုတ်လောက်ဘူးတော်၊ ဓားပြတိုက်ချင်မှတော့ ကျုပ်တို့အိမ် ကုန်တာ ကြာလှပေါ့။ ပြီးတော့ ဓားပြလည်း မဟုတ်ပါဘူး"

သမီးတွေက ဘယ်လိုပဲ ကြေအေးအောင်ပြောပြော ကြီးတော်ကောင်းကြွယ်ခမျာ ခေါင်းကျအောင် မအိပ်နိုင်ရှာပါဘူး။ ဘယ်နေ့ ဘယ်ညများ ဘကင်း ဓားပြလာတိုက်မလဲရယ်လို့ ငုတ်တုတ်ထိုင်စောင့်တာနဲ့တောင် တူတော့တယ်။ ဘကင်းကလည်း သူ့ကို ဓားပြထင်နေမှန်း သိသားပဲ။



သိလို့လည်း ကြီးတော်ကောင်းကြွယ်ကို တွေ့တိုင်း စ,တတ်တယ်။ ဉစ္စာ ခြောက်နေမှန်းသိလို့ စ,တာပါ။ အဲဒါလည်း ဘကင်းအကျင့်။ ကြောက်မှန်း သိလို့ ခြောက်တာလည်း ပါ,ပါရဲ့။

"ကိုဘကင်းရယ်... အမေ့ကို မစ,စမ်းပါနဲ့တော်၊ တော်က စ,သွားရင် အဟုတ်ထင်ပြီး ကြောက်နေတော့သာ၊ ည,ညဆို အမေက ငုတ်တုတ်ထိုင်နေသာရယ်"

ကြီးတော်ကောင်းကြွယ်ရဲ့ သမီး မအုန်းစိန်က အဲသလိုပြောပြန်တော့ ဘကင်းက သူ စ,တာ လွန်သွားပြီလို့ ထင်ရာက စိတ်မကောင်းဖြစ်သွားပုံ ပေါ်ပါရဲ့။

"အုန်းစိန်ရာ၊ ငါ့နှမ စဉ်းစားကြည့်ပါဟာ၊ ငါလိုကောင်က ဓားပြတိုက်ချင်မှတော့ အိမ်ရှင် အကြောင်းကြားနေပါ့မလားဟ၊ ငါကိုယ်တိုင်ထ,တိုက်ဖို့တော့ ဝေးရော၊ ငါ့ရွာရိပ် ဘယ်ဓားပြမှ အနင်းမခံဘူး၊ ဘယ်တုန်းကများ တိုက်တယ်ကြားလို့တုန်း"

ဘကင်း ပြောတာလည်း အမှန်ပါ။ အုပ်စုရွာက လူမိုက်ရယ်လို့ ဘကင်းကို ကျအောင်ပေါင်းပြီး ဓားပြတချို့က ဥန္နကုန်းကို ဝင်တိုက်ဖို့ ကြိုးစားကြဖူးသားပဲ။ ဘကင်းက လက်မခံခဲ့ပါဘူး။ ဥန္နကုန်း တိုက်ချင်ရင် ငါ့ကို သတ်ပြီးမှ တိုက်ကြကွာလို့တောင် ပြောပါသတဲ့။ ဘကင်းဆီမှာ ဘယ်က ဘာတွေမှန်းမသိတဲ့ လူစိမ်းတွေ တချုန်းရုန်းနဲ့ ရှိနေတတ်ပေမယ့် ဘယ်ဟာ လူဆိုး၊ ဘယ်ဟာ ဓားပြ ခွဲခြားမရတာထား။ ရွာကိုတော့ ဒုက္ခမပေးခဲ့ဘူးတာ သေချာတယ်။ ဘကင်း ကြောက်လို့ ဒုက္ခမပေးဝံ့တာလည်း ပါမှာပေါ့။ ဘကင်းက ထစ်ခနဲဆို လက်ပါ ခြေပါပေမယ့် တစ်ရွာသားတော့ အစော်ကားမခံတဲ့လူစား။ ပွဲလမ်းသဘင်ရှိလို့ ပွဲခင်းထဲ ဘကင်းမို့ နှစ်

လား သုံးလားလောက် လားပြလိုက်ရင် ဥန္နကုန်းရွာသား လက်ဖျားနဲ့တို့ဖို့ မပြောနဲ့၊ လေသံတောင် ကျယ်ကျယ်မဟဝံ့ကြဘူး။

ဘကင်း အရှိန်က အဲသလောက်ကြီးတယ်။

●

## (၄)

လမိုက်ရက်...။

ဥန္နကုန်းညဆိုတာ စေးစေးပျစ်ပျစ်ကြီး မှောင်နေလေရဲ့။ ကိုယ့်လက်ဝါးကိုယ် ထောင်ကြည့်ရင်တောင် မမြင်ရတဲ့ ညမိုက်ဆိုတော့ ရွာကလေးလည်း စောစောကြီး ငြိမ်သွားခဲ့တယ်။ သက်ကြီးရွယ်အို တစ်ယောက်တလေရဲ့ ချောင်းဆိုးသံကလွဲရင် ကလေးငိုသံ အဲ့ခနဲတောင် မရှိဘူး။ အဲသလောက် ငြိမ်ဆိတ်နေတဲ့ ရွာကလေးရဲ့ သက်ကြီး ခေါင်းချချိန်လောက်မှာ ဒိုင်းခနဲ မြည်လိုက်တဲ့ သေနတ်သံကြီးတစ်ချက် ဟိန်းထွက်လာခဲ့တယ်။ တစ်ဆက်တည်းမှာပဲ ရွာလယ်ပိုင်းဆီက လူသံတွေ၊ ခွေးဟောင်သံတွေ အော်ဟစ်ဆူညံသံတွေ ကျယ်ကျယ်လောင်လောင်ကြီး ပွင့်ထွက်လာခဲ့တယ်။

"ကြီးတော်ကောင်းကြွယ်တို့အိမ် ဓားပြဝင်တာတဲ့၊ မထွက်နဲ့ မထွက်နဲ့"

တစ်အိမ့်တစ်အိမ် လေသံတိုးတိုးနဲ့ စည်းရိုးချင်းကျော် လက်ဆင့်ကမ်းသွားလိုက်တာ ရွာတစ်ပတ် ပတ်မိပြီ။ ဓားပြတွေက ဗြုန်းခနဲ ဝင်တာဆိုတော့ ရွာက လူစုချိန်မရလိုက်ဘူး။ ရွာမှာ ဒီလိုဓားပြဝင်လိမ့်မယ်လို့ ထင်မထားကြတာလည်း တစ်ကြောင်းဆိုတော့ အော်သံဟစ်သံတွေ ကြားနေရပေမယ့် ဘယ်သူမှ မလှုပ်ဝံ့ကြဘူး။ ဓားပြတွေလက်ထဲမှာ လုပ်သေနတ်ပါလို့သာ သေနတ်သံ ထွက်ခဲ့တာ မဟုတ်လား။ ဘယ်သူမှ ရင်



ကော့မထွက်ဝံ့ကြဘူး။ ဘကင်းက ရွာရိပ်အနင်းမခံဘူး ပြော,ပြောနေတော့ လူတွေက ဘကင်းကို တောင့်တကြတယ်။ ဘကင်း ဘယ်မှာလဲပေါ့။

ခါတိုင်း ရွာပွဲရပ်ပွဲမှာတောင် ကိုယ့်ရွာသားကို တစ်ရွာသား အစော်ကားမခံတဲ့ ဘကင်း။ ရွာကို ဓားပြဝင်တာ မသိလေရော့သလား။ ဓားပြတွေ ထွက်သွားတော့ ရွာကာလသားတွေစုပြီး ဘကင်းအိမ်ကို သွားကြတယ်။ ဘကင်း အမေက သူ သိတာ ပြောပြတယ်။

"ဘကင်းဖြင့် မနက်ကတည်းက ထွက်သွားတာ ပြန်မလာဘူး"

ဘကင်းက အိမ်မှာမရှိဘူးဆိုတော့ ရွာသားတွေလည်း ဘာဆက်လုပ်ရမှန်း မသိဘူး။ ဘကင်းကလည်း သည်လို သွားလာနေကျဆိုတော့ ဘကင်းများလားလို့ ပြောဖို့ကလည်း ခက်တယ်။ ဒါပေမယ့် ရွာကို ဓားပြဝင်တဲ့ညကျမှ တိုက်တိုက်ဆိုင်ဆိုင် ဘကင်း မရှိတာ စဉ်းတော့ စဉ်းစားစရာပေါ့။ ဘကင်း တမင်ရှောင်တာလား။ ဘကင်းပဲ ပါနေသလား။ ကိုယ်မသိတဲ့ အရပ်က ဓားပြဆိုရင်သာ ရှိရမယ်။ အနီးအပါးက ဓားပြကတော့ ဘကင်း မသိဘဲ မတိုက်ဝံ့ကြဘူး မဟုတ်လား။ အဲသည်ညက ရွာက မလှုပ်ဝံ့တာကို သိလို့လား မပြောတတ်ဘူး။ ဓားပြတွေလည်း ကြီးတော်ကောင်းကြွယ်တို့အိမ်ကို စိမ်တိုက်သွားကြတာ တော်တော်ပါသွားသတဲ့။ ကြီးတော်ကောင်းကြွယ်ကတော့ သူ့အိမ်ကိုလာတဲ့ ဓားပြတွေထဲမှာ ဘကင်း ပါကိုပါတယ်လို့ အတပ်စွဲတယ်။ ဘကင်းမှ ဘကင်း အစစ်တဲ့။

"ဓားပြဆိုတာ ရွာခံမပါဘဲ ဝင်ဝံ့တာ မဟုတ်ဘူး။ ဒါ သင်းလက်ချက်မှ အစစ်၊ သင်းကို နာမည်တပ်ပြီး တိုင်မယ်၊ ဆန်ကောလောက်မှ ဖောက်မနက်သဲ့ကောင်၊ သင်း ထောင်ကျမှ အေးမှာ"

"အို အမေကလည်း ကိုဘကင်းကြီး မဟုတ်လောက်ပါဘူး၊ ကြားသွားမှ အန္တရာယ်ဖြစ်နေဦးမယ်"

"ညည်းတို့ အဲသလို ပေါ့တီးပေါ့ဆတွေးလို့ ပါသွားသာပဲ၊ ဓားပြတွေက မျက်နှာဖုံး စွပ်ထားပေမယ့် ပုညက်ညက်အကောင်ဟာ ဘကင်းဆိုသာ ငါ သိသယ်"

"ကိုင်း... အမေ ဘယ်လိုလုပ် သိသာလဲ"

"ဟဲ့... အိမ်ဝစောင့်တဲ့ ဓားပြတစ်ယောက် ရယ်တာ မကြားလိုက်ဘူးလား၊ တခွပ်ခွပ်နဲ့ ဒါ ဘကင်း မဟုတ်လို့ ဘယ်သူ့ရယ်သံများ ဖြစ်ဦးမတုန်း"

ကြီးတော်ကောင်းကြွယ်က တကယ်လည်း မြို့ခံဂါတ်တဲကို တိုင်တော့ ဘကင်း ပါ,ပါတယ် လုပ်ပါလေရော။ ဂါတ်ကလည်း ဘကင်း သတင်းရော၊ ဓားပြသတင်းရော စုံစမ်းရပြီ။ တိုင်သူက တပ်အပ်တိုင်ပြီကိုး။ ရွာကလည်း ဘကင်း မဟုတ်လောက်ပါဘူး ထင်ကြသူတွေ ရှိသလို၊ ဖြစ်နိုင်တယ် ထင်ကြသူတွေလည်းရှိတယ်။ ဘကင်း အမေကတော့ သူ့သား ဓားပြစွပ်စွဲရပေါ့မလားဆိုပြီး အော်ကြီးဟစ်ကျယ် ငိုရှာတယ်။ ပြောသာ ပြောရတာပါ။ မအေကလည်း ကျိန်မပြောဝံ့ဘူး။ သားမို့သာ ညာတွေးရတာကိုး။

ဘကင်းကတော့ ရွာပြန်မလာတာ တစ်ပတ်တောင်ရှိပြီဆိုတော့ ဟုတ်များနေသလားလို့လည်း တွက်ရသေးတာပါ။ ရွာကလည်း ဘကင်း ပျောက်တာ ကြာလာတော့ ဘကင်းပဲ နေမှာလို့ ယုံချင်ကြပြီ။

●

## (၅)

နောက်ဆုံးတော့ ဥန္နကုန်း ဓားပြမှုက ပေါ်တော့တာပါပဲ။ ဓားပြအဖွဲ့ထဲပါတဲ့ တစ်ယောက်က ဝေစုခွဲတာ မကျေနပ်ရာက ဂါတ်ကို သူ



ကိုယ်တိုင် ဖြောင့်ချက်ပေးလာတယ်။ သည်ကစလို့ အကုန်ပေါ်တော့တာပါ။ ဓားပြတွေ ဖမ်းတော့ ဘကင်းအိမ် အဝင်အထွက် လုပ်နေကျလူတွေ ဖြစ်နေတယ်။ ဓားပြတွေ ဟိုရွာ ဒီရွာက တစ်တွဲကြီး ကြိုးတုပ်ဖမ်းလာတော့ ဘကင်း ပါမလာဘူး။ ဘကင်းပဲ ပြေးသလား၊ တကယ်ပဲ မပါသလား ဝေခွဲကြရပြန်ရော။ ဘကင်းကတော့ ပျောက်နေတုန်း။

"အဲသည်ညက ကျုပ်တို့အဖွဲ့နဲ့ ဥန္နကုန်းက ကိုဘကင်း ထန်းရည်အတူသောက်ကြပါသေးတယ်။ ဥန္နကုန်းကို ဓားပြတိုက်ဖို့ ကိုဘကင်းနဲ့ ညှိကြသယ်၊ ဓားပြတိုက်ရာမှာ မလိုက်ပါနဲ့၊ ခင်ဗျားကို တိုက်ရာပါ ဝေစု တစ်စုပေးမယ်၊ ရွာကို ဝင်တိုက်ရင်သာ ကိုဘကင်း ရွာက ခဏရှောင်ပေးဖို့ညှိတော့ ကိုဘကင်းက လက်မခံဘူး၊ သူ ရှိနေလျက်နဲ့ ရွာကို ဓားပြအဝင်မခံနိုင်ဘူး။ လူမိုက် သိက္ခာအကျမခံနိုင်ဘူး ငြင်းရာက မူးမူးနဲ့ စကားများကြတယ်။ ဒါနဲ့ ကျုပ်တို့အဖွဲ့လည်း ဘကင်းကို ဝိုင်းပြီး လက်စတုံး လုပ်ပစ်လိုက်ရသယ်"

ဖော်ကောင်က ဓားပြမှုတင် မကဘူး၊ ဘကင်း အပျောက်ရှင်းမှုပါ ဖော်တယ်။ ဂါတ်က ဘကင်း အလောင်းမြှုပ်ထားရာကို ဖော်ပြီး စစ်ဆေးတော့လည်း ဟုတ်နေတယ်။ နောက်တော့ ရွာသူရွာသားတွေက ရွာသချိုင်းမှာပဲ လူမိုက် သူတော်ကောင်းကြီး ဘကင်းကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ပေးကြတယ်။ ဘကင်းကို တောင်ယင်မြောက်ထင် ထင်နေကြသူတွေကလည်း ဒီတော့မှ ယူကျုံးမရ ဖြစ်ကြရတယ်။ ငိုသူတွေက ငိုကြတယ်။ ဘကင်းမှ ဘကင်းအစစ်လို့ စွပ်စွဲခဲ့တဲ့ ကြီးတော်ကောင်းကြွယ်ကလည်း ဘကင်းကို ရည်စူးပြီး ဆွမ်းသွပ်တရားနာတော့ ရင်ပတ်စည်တီး အော်ငိုရှာတယ်။

"ဘကင်းရေ... ငါ့ကို လာစ,လှည့်ပါဦးလားဟဲ့၊ စားပြတိုက်ချင်လှ ဆိုဟဲ့၊ ကြီးတော် အထင်လွဲမိတာ မှားပြီကွယ့်၊ ငါ့တူ သူတော်ကောင်းကြီး လူမိုက်ကြီး... တော် တစ်ချိန်လုံး ဘကင်း ကြောက်နေရတာ ကြီးတော်မှာ နေစရာမရှိခဲ့ဘူး။ ဘကင်း မရှိမှ အေးမယ်ထင်ခဲ့မိတာ၊ ခုတော့ မင်းမရှိမှ ကြီးတော် တကယ်ပူရတော့မှာပါလားကွယ်၊ တို့ရွာ ဘယ်သူ ကာကွယ်မှာတုန်းဟဲ့"

ကြားရတဲ့လူတိုင်းက မျက်ရည်မဆည်နိုင်ကြဘူး။ ကြီးတော်ကောင်းကြွယ်ပြောတာ ဟုတ်နေတာကိုး။ ကြီးတော်ကောင်းကြွယ်တို့အိမ် စားပြဝင်ပြီးကတည်းက ရွာသူကြီးက ရွာကို ဆူးစည်းရိုးခတ်ဖို့ စီစဉ်တယ်။ ရွာလုံခြုံမှုရှိအောင်လို့တဲ့။ ဒီတော့မှ ဥန္နဲကုန်းရွာလည်း လေးဘက်လေးတန်က ဆူးစည်းရိုးကြီးတွေ လက်ခုပ်တစ်ဖောင်လောက်နဲ့ ဖြစ်သွားခဲ့တယ်။ ရွာအရှေ့နဲ့ အနောက်မှာ ရွာတံခါးကြီးနှစ်ချပ်ကလည်း ညနေ နွားရိုင်းသွင်းချိန် ဆိုတာနဲ့ ပိတ်ပြီ။ ရွာကင်းလည်း ဖွဲ့ပြီးကြပြီ။ ဝါးချွန်တပ်လည်း ဖွဲ့လိုက်သေးတယ်။

ရွာထဲရှိသမျှ ဆူးပင်ဆိုတာ တစ်ခါမှ ကောင်းကောင်းမတက်ရဘူး။ တက်လာတာနဲ့ ခုတ်ချိုင်ပြီး ကာပြီးသားစည်းရိုး ထူအောင်ထပ်ကြတဲ့အထိပဲ။

●

(၆)

ဘကင်း အမေအိုခမျာ ဘကင်း သေပြီး ရွာထဲနေတယ် သိပ်မရှိပါဘူး။ ရွာဦးဆရာတော်ကျောင်းသွားပြီး တရားရိပ်ခိုနေရှာတယ်။ ဆရာတော်ကပဲ ဆွမ်းကျန်ကွမ်းကျန်ကလေးနဲ့ စားရေးသောက်တာ စောင့်ရှောက်ရှာ



တာပေါ့။ တစ်ရက်တော့ ကျောင်းက ဆူးပင်တွေ လာခုတ်ကြတာကို ကြည့်ရင်း ဆရာတော်ကို လျှောက်မိတယ်။

"အရှင်ဘုရား... ဘကင်း ရှိတုန်းက ရွာမှာ စည်းရိုး မလိုခဲ့ပါဘူး။ အပ်တိုတစ်ချောင်း မပျောက်ခဲ့ပါဘူး။ ရွာလုံလိုက်သာမှ ခွေးဟောင်လို့ ထ,မကြည့်ခဲ့ကြရဘူး။ ရွာဆူးစည်းရိုးက ဘကင်းလောက် လုံခြုံမယ် မထင်ပါဘုရား"

ဆရာတော်က ကွမ်းကလေးယာရင်း အမေအိုကို ကြည့်တယ်။ အမေအို ပြောနေတာ ဟုတ်သလိုလိုတော့ ရှိပါရဲ့။ သားနဲ့ပတ်သက်လို့ ဒီလိုခံယူနေတာကတော့ဖြင့် မှားနေပါပကောဆိုတဲ့ အပြုံးနဲ့ ကြည့်တော်မူတာပါ။ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ဆုံးမတော်မူတယ်။

"ဘကင်းရှိလို့ ရွာလုံတာ မဟုတ်ပါဘူး ဒကာမကြီးရဲ့၊ လူမိုက်ကြောင့်များ လုံခြုံတယ် ဘယ်ရှိပါ့မလဲ၊ ဘကင်းက ဖဲမရိုက်ဘူး၊ ဖဲရိုက်သင်ပေးတယ်၊ အရက် မသောက်ဘူး၊ အရက်ချက်နည်း သင်ပေးတယ်။ သူ မစားပေမယ့် ငှက်ကျေးသာရကာတွေကို ပစ်တယ် ခတ်တယ်၊ ရွာကို စားပြ မတိုက်ပေမယ့် စားပြတိုက်မယ့်လူတွေနဲ့ ပေါင်းတယ်။ ဒါတွေဟာ လူမိုက်တွေရဲ့ အလုပ်ပဲ။ ဥန္နဲကုန်းကနွား မခိုးရင်သာ ရှိရမယ်။ ဥန္နဲကုန်းကို စားပြမတိုက်ရင်သာ ရှိရမယ်။ ခိုးပြီးသား နွားကိုစွ သူမှ ရှင်းနိုင်တယ်၊ ကိုယ့်ရွာ စားပြမတိုက်ရအောင် ပြောတယ်ဆိုပေမယ့် သူများရွာ စားပြတိုက်ရင်တော့ သူ မတားဘူး မဟုတ်လား။ ဒုစရိုက်ဆယ်ပါးမှာ ကိုယ်မကျူးလွန်သော်လည်း ကျူးလွန်မယ်မှန်း သိလျက်နဲ့ မတားမြစ်ခြင်းဟာလည်း ဒုစရိုက်အဖြစ်ပြတယ်"

"ဒါဖြင့် ရွာကို ဘာက လုံခြုံစေပါသလဲ ဘုရား"

"ပြောရရင် ဆူးစည်းရိုးကလည်း မလုံခြုံလှပါဘူး၊ သူတော်ကောင်းတရားက လုံခြုံစေတာပါ။ မေတ္တာက လုံခြုံစေတာပါ၊ မေတ္တာဓာတ် သူတော်ကောင်းဓာတ် များများကိန်းအောင်းကြသရွေ့ လူတွေမှာ လုံခြုံနေမှာပဲ"


အမယ်အိုက ဆရာတော့်တရားကို တစ်နေကုန် နှလုံးသွင်းရင်း သားဘကင်းကို မေတ္တာပို့တယ်။ ညနေစောင်းလို့ ကျောင်းကပြန်တော့ ဆူးခက်ကလေးတစ်ခက်ကို သယ်သွားပြီး ရွာစည်းရိုးမှာ ကာလိုက်တယ်။ နှုတ်ကလည်း တိုးတိုးဖွဖွ ရွတ်ဆိုလိုက်လို့။

"လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ..."

**မဟောသီမဂ္ဂဇင်း**

**(၂၀၀၈) ခုနှစ်၊ ဩဂုတ်လ**

● ● ●



# အရိုး နှင့် ကြီးတော်

## (၁)

"လွန်ခဲ့သည့် သီတင်းကျွတ်လတွင် ဦးကျောက်လုံးသည် ခေါင်းခဲ၍ အကြောအခြင်တွေ ကိုက်နေလေ၏။ ဦးကျောက်လုံးက အနှိပ်သည် ဆေးဆရာခေါ်ဖို့ပြော၏။ အရိုးစိမ်းသည် အမိန့်ကို မနာခံဘဲ မိမိကိုယ်တိုင် နင်းနယ်ပေး၏။ ကွမ်းရွက်မျက်စဉ်း (ဝါ) ဆေးမြီးတို မျက်စဉ်းကို အတင်းခတ်သောကြောင့် ဦးကျောက်လုံးသည် ကုန်းအော်ရလေ၏။ ဆေးခါးကြီး တိုက်သဖြင့် ပျို့၍ ပျို့၍သာလာလေ၏။ အဖျားရောဂါလည်း အရိုးစိမ်းအား ကြောက်သောကြောင့် မြန်စွာထွက်ပြေးလေ၏။ ဦးကျောက်လုံးသည် ကွမ်းရွက်မျက်စဉ်းနှင့် ဆေးခါးကြီးကို ကြောက်သောကြောင့် 'နောင် တစ်သက်နှင့်တစ်ကိုယ် ဘယ်တော့မှ မဖျားပါစေနဲ့ဗျာ"ဟု ဆုတောင်းမိလေ၏။

သို့ဖြင့် ပစ္စည်းရှိသော မယားမှ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းများကို ရှာဖွေသော ဦးကျောက်လုံးသည် မိုးကုပ်စက်ဝိုင်းကို သွားသောသူကဲ့သို့ နီးမလိုလိုနှင့် ဝေးခဲ့ရလေသည်။

ကျွန်မ ကြည်ညိုလေးစားသော စာရေးဆရာ၊ ဆရာမများထဲမှာ ဆရာ သိန်းဖေမြင့်လည်း ပါ,ပါသည်။ ဆရာသိန်းဖေမြင့်၏ စာတွေကို



ဖတ်ရတိုင်း တိုတိုနှင့် ထိမိအောင် ရေးနိုင်စွမ်းသော ဆရာ့ပါရမီကိုလေးစားရမြဲဖြစ်သည်။ အထူးသဖြင့် ဆရာသိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်ကို ကျွန်မ မကြာခဏ ဖတ်ဖြစ်ပါသည်။

ဆရာသိန်းဖေမြင့်၏ 'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုကို ဖတ်မိသည့်အခါတိုင်း ရွာက ကျွန်မကြီးတော် ဒေါ်ကျေးကိုလည်း တစ်ဆက်တည်းလိုလို သတိရနေမိတတ်ပါသည်။ ဆရာ ရေးပြသော အရိုးစိမ်း ဇာတ်ကောင်စရိုက်ဖွဲ့ ပီပြင်ပြောင်မြောက်လွန်းသောကြောင့် ကျွန်မမှာ ကြီးတော်ကျေးနှင့် တူလိုက်လေခြင်းဟူ၍လည်း အမြဲအောက်မေ့နေမိပါ၏။

ဆရာ့ဇာတ်ကောင် အရိုးစိမ်းသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော လင်သေမုဆိုးမတစ်ဦးဖြစ်သည်။ လယ်တောယာတော ဧကတော်တော်များများကို ပိုင်ဆိုင်သူဖြစ်သည်။ တစ်ရွာတည်းနေ လူဆင်းရဲများကို သူ့ယာက ထွက်သည့် ပဲပေး၊ နှမ်းပေး အကြွေးပေးတတ်သည်။ ငွေလိုသူတို့အဖို့ ငွေတစ်ဆယ်လျှင် တစ်ကျပ်တိုးဖြင့် ချေးငှားသော မြီရှင်လည်းဖြစ်သည်။ ပေးစဉ်က အကြည်အသာ ပေးတတ်သော်လည်း အကြွေးတောင်းရာမှာတော့ လွန်စွာရက်စက်သူဖြစ်သည်။ ချေးထားသမျှ ငွေကြေး ပြန်မရဘူးဆိုလျှင်တော့ ကြွေးယူသူဆီက လှည်း၊ နွား၊ အိမ်တို့ကို သိမ်းလေ့ရှိသည်။ အရိုးစိမ်း၏ ခင်ပွန်း ဦးငှက်ကြီးနှင့် ပေါင်းသင်းခဲ့စဉ်က သားသမီး မရခဲ့။ ဦးငှက်ကြီး ဆုံးပါး၍ တစ်ဦးတည်းနေရသည့်ဘဝမှာ အားကိုးအားထားပြုချင်၍ တစ်ပင်လဲမှ တစ်ပင်ထူချင်လုသော်လည်း သူပိုင်ပစ္စည်းဥစ္စာတွေ ထိပါးလာမှာ စိုးသဖြင့် မထူဖြစ်ခဲ့။

ထိုတစ်ချိန်တည်းမှာ တစ်ရွာတည်းနေ မုဆိုးဖိုကြီး ဦးကျောက်လုံးသည်လည်း အသက်ငါးဆယ်အရွယ် ရှိသည့်တိုင် ဥပုသ်သီတင်းစောင့်

သွားရာတွင် ဗျတ်ရွက်မည့်သူ လိုသေး၏ဟု နှလုံးသွင်းထားသူ။ ထိုအခါ ပစ္စည်းဥစ္စာလည်းရှိ၊ အရွယ်လည်း တော်သေးသည့် အရိမ်းစိမ်းကို ရအောင်ပိုးယူပြီး အိုဇာတာကောင်းဖြင့် အသာစံဖို့ ကြံခဲ့သည်။ သို့သော် တကယ်တမ်း အိမ်ထောင်ပြုဖြစ်ကြတော့လည်း အရိုးစိမ်းက ထင်သလောက် ခရိုးရောက်သူ မဟုတ်။ ဦးကျောက်လုံးကို မသေရုံတမယ် ခိုင်းစေပြီး စေ့စေ့ကုတ်ကုတ် သုံးစေသည်။ အရိုးစိမ်း ကိုယ်တိုင်လည်း ထိုမှုအတိုင်း ကျင့်သုံးသည်။ အရိုးစိမ်း နှမြောလိုက်ပုံက ဦးကျောက်လုံး ဖျားရာမှာပင် ရွာဆေးဆရာ ခေါ်မကုဘဲ ကိုယ်တိုင် မာတ်ကြမ်းကိုင် ကုသခြင်းဖြင့် ဆေးဖိုးဝါးခ ချွေတာသူ ဖြစ်သည်။

တစ်ကြိမ်မှာတော့ ဦးကျောက်လုံး၏တူ ကံထိုက်က ဦးလေးနှင့် နွှယ်ပြီး အရိုးစိမ်းထံမှ ငွေတစ်ရာ ချေးသည်ကို အရိုးစိမ်းက ခါးခါးသီးသီး ပယ်ချလိုက်သည်။ ကံထိုက်ကလည်း လူဆင်းရဲဘဝကို စိတ်နာနေရသည့်ကြားထဲ အရိုးစိမ်း၏ နှမြောတွန့်တိုမှုကြောင့် အိုးရွဲ့ကို စလောင်းရွဲ့ဖြင့် ပိတ်အုံ့ဆိုသည့်သဘောဖြင့် ဓားပြတိုက်ဖို့ ကြံစည်လေသည်။

ဓားပြတိုက်သည့်ညက အဖော်နှစ်ယောက်နှင့်အတူ အရိုးစိမ်းအိမ်ကို ဝင်စီး၍ ဦးကျောက်လုံးကို ကြိုးနှင့်တုပ်ကာ အရိုးစိမ်းကို ဓားဖြင့်မိုးထားလေ၏။ အရိုးစိမ်းကို ဓားဖြင့်ရွယ်ပြီး ငွေငါးထောင် တောင်းရာ အရိုးစိမ်းက တစ်ပြားမှ မရှိပါဘူး။ မပေးနိုင်ပါဘူးဟူ၍ တွင်တွင်ကြီးငြင်းလေသည်။ ဓားပြကလည်း စုတ်ချွန်သောဓားဖြင့် တင်ပါးခွက်ကို စွက်ခနဲ ထိုးလေ၏။ အရိုးစိမ်းက မရှိဘူးလို့ချည်း ဘူးခံနေ၏။ ထိုအခါ ဓားပြက တခြား တင်ပါးခွက်ကို ထပ်တွက်ပြန်လေ၏။ အရိုးစိမ်းက ‘သေပါပြီတော်’ အော်ရုံကလွဲ၍ ခြူးတစ်ပြားမှ မထွက်။ ဓားပြက ဓားပြားဖြင့် ကျောကို တဖြန်းဖြန်းရိုက်၊ ဒူးနှင့် ကျောကိုတိုက်၊ ဓားရိုးဖြင့် နဖူးကို ခွပ်ခနဲဆောင့်စသည်ဖြင့် နည်းမျိုးစုံ နှိပ်စက်နေ၍ မေ့သွားမလောက် နာကျင်လှသော်လည်း အရိုးစိမ်းက တစ်ချက်ကလေးမှ ပေးရကားမဆို။

“ကဲ… ဒင်း ဒီလောက်ရှိလှတာ သေပေစေတော့၊ နှစ်ယောက်လုံး သတ်ပစ်မယ်၊ ကျောက်လုံးကို ဖမ်းခဲ့၊ ငွေငါးထောင်ပေးမှလွှတ်၊ မပေးရင် သတ်ပစ်၊ ဟဲ့ အကောင်ပုပ်မကြီး… နင့်လင် သတ်ပစ်တာ ခံမလား၊ ငွေပေးမလား”

အခြေအနေက တင်းမာလာခဲ့သည်၊ ငွေမထွက်လျှင် သတ်တော့မည်ဟု ဆိုနေပြီ။ သို့သော် အရိုးစိမ်းကလည်း သတ်သော်မှ သတ်စေတော့၊ ငွေတော့ အထိမခံ။

“ဦးကျောက်လုံးကို ဘာပဲလုပ်လုပ် ခံရုံပါပဲ၊ ငွေတော့ မရှိဘူး”

ဆိုကာ ငိုလေသည်။ အရိုးစိမ်းက ‘လင်နှင့်ငွေ ဘယ်ဟာ အဖိုးတန်သလဲ၊ လောကမှာ လင်ရှိလို့ ငွေရနိုင်တာ မဟုတ်ဘူး၊ ငွေရှိရင် လင်လိုချင်သလောက် ရနိုင်တာပဲ၊ ငါ့လင်နဲ့ ငါ့ငွေ၊ ငါ့ငွေက အဖိုးတန်တယ်၊ ကျောက်လုံးကို သတ်ရုံမက မီးဖုတ်ပြီးစားစား’ဟု တွေးလေသည်။

မယား၏ စိမ်းကားပုံကို ဦးကျောက်လုံးကိုယ်တိုင် ကြားသည့်အခါ နာကြည်းလှစွာဖြင့် အရိုးစိမ်းတွင် မြှုပ်ထားသောငွေတွေရှိကြောင်း ဖော်လေတော့သည်။ ဓားပြတွေက ဖမ်းသွားပြီး ငွေမြှုပ်ထားသည့်နေရာကို အပြခိုင်းရာ လိမ်ပြောသဖြင့် ဓားပြများက ဓားဖြင့်မွှန်းပြန်လေ၏။

“အကျွန့်… သတ်ချင်သတ်… မပြောဘူး”

အရိုးစိမ်းက တင်းမာစွာပြောပြီး ဓားပြများ အသတ်ကို ခံသွားခဲ့သည်။

ဆရာသိန်းဖေမြင့်၏ ဝတ္ထုတို အကျဉ်းဖော်ပြခြင်း ဖြစ်ပါ၏။ လောကမှာ ဒီလိုလူတွေလည်း ရှိပါလားလို့ ကျွန်မ တွေးနေမိပါသည်။

ထူးဆန်းလှသည်ဟု မပြောသာသော်လည်း လူ့အသက်နှင့် လဲယူခဲ့သော လောဘစိတ်၊ တွန့်တိုစိတ်ကတော့ အမှတ်ထင်ထင် ရှိရပါသည်။

●

## (၂)

ကြီးတော်ကျေးမှာ ကျွန်မအမေ၏ အစ်မဝမ်းကွဲဖြစ်သည်။ အရိုးစိမ်းကဲ့သို့ပင် ပစ္စည်းရှိ မုဆိုးမတစ်ယောက်ဖြစ်ပြီး အရိုးစိမ်းလိုပင် သားသမီးလည်း တစ်ကောင်ဘစ်မြီးမှ မရှိ။ ကြီးတော်ကျေးသည် ရွာလယ်မှ ခြံကြီးဝင်းကြီးနှင့် တစ်ဦးတည်း နေထိုင်ပါသည်။ ကျွန်မတို့ မြို့ရောက်ကြလို့ တစ်နှစ်တစ်ခါ ရွာပြန်တိုင်း တစ်ယောက်တည်း နေရှာသော ကြီးတော်ကျေးထံ မရောက်,ရောက်အောင် အလည်သွားရမြဲ။ ကြီးတော်အိမ်မှာ ထမင်းစားမြဲ။ အလွန်နှမြောတတ်ရှာသူ ဆိုသော်လည်း မြို့ကရောက်လာသည့် တူမမို့ တကန်တက စားရခြင်းဖြစ်၏။

ရေနံချေးတွေ မည်းနေသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ပိုင်သော်လည်း ကြီးတော်က ထိုအိမ်ကြီးပေါ် ဘယ်တုန်းကမှ တက်မနေ။ အိမ်ကြီးနှင့် မလှမ်းမကမ်း ခြံထောင့်မှာ ရက်ကန်းတဲကလေးထိုးကာ နေခဲ့သည်ပင် နှစ်တွေကြာလှပြီ။ ရက်ကန်းတဲကလေးက တစ်ဖက်ရပ်သာသာ မြေစိုက်တဲကလေးဆိုတော့ ကြီးတော်ကျေးခတ်သည့် ရက်ကန်းစင်ကလေး တစ်လုံးနှင့် ကွပ်ပျစ်ကလေးတစ်လုံးစာ ချသာရုံပဲရှိသည်။ ထမင်းဟင်းချက်တော့ တဲဘေးမှာ ခပ်တိမ်တိမ်တူးထားသော မြေကျင်းကလေးထဲ ဆင်းချက်လေ့ရှိသည်။ ထမင်းဟင်းကျက်တော့ တဲထဲက ကွပ်ပျစ်ဘေးခင်းထားသော သစ်သားကြမ်းစားပွဲခုံကလေးပေါ် တင်ထားသည်။ စားချင်တော့ ဇလုံးကလေးထဲ နှူးထည့်ကာ ပုံစားသည်။



ရွာကိုရောက်လို့ ကြီးတော်ကျေးအိမ် သွားတိုင်း ဒီပုံစံက ပြောင်းလဲသွားသည်မရှိ။ ရွာရပ်က ဆွေမျိုးတွေက ကျွန်မကို ရွာရောက်တိုင်း ကြီးတော်ကျေးဆီဝင်ဖို့ တိုက်တွန်းကြသည်။

"တို့တော့ မစားရပေါင်အေ၊ နှမြောလိုက်တာလွန်ရော၊ မိဘများ ထားခဲ့တဲ့ ရွှေတွေ ငွေတွေ နည်းရော့လား၊ ညည်း ချော့ချက်မေးကြည့်စမ်းပဲ့"

လို့ ပြောတတ်ကြသည်။ ကြီးတော်ကျေးကလည်း ဒါကို သိပုံရသည်။ ရကောင်းစေ စကားတစ်ခွန်းတစ်စမှ မထွက်။ 'ကြီးတော်ကျေးရေ…'လို့ ခြံဝက အသံပြုလိုက်လျှင် ရက်ကန်းတဲကလေးထဲက ပျာယီးပျာယာ ပြေးထွက်လာတတ်သည်။ ကျွန်မတို့လို တစ်မြို့တစ်ရွာရောက် တူသားနောင်မယ်တွေကိုတော့ မျှော်လည်းမျှော် ချစ်လည်း ချစ်ရှာပါသည်။ သို့သော် ဒို့ထက်တော့ တစ်လက်ဆွန်း တစ်လက်ဆုပ် လက်ရောက်ချင်သူ မဟုတ်။

"မထူး… ငါ့တူမ ဘယ်တုန်းကရောက်တုန်း၊ ညည်းအမေ မပါဘူးလား၊ ကြီးတော် တစ်လောက နေမကောင်းလိုက်သာအေ ပစ်ရပြီကို မှတ်သာ၊ သေလို့မဖြစ်သေးပါဘူးလေဆိုပြီး အသက်ပြန်လုထားရတာအေ့၊ သေမင်းနဲ့ လုရသာဆိုတော့ လက်ပန်းကို ကျကရော့"

ကြီးတော် စကားကြောင့် ကျွန်မ ရယ်ရပါ၏။ ဘာဆေးမှလည်း ဝယ်သောက်မည့်သူ မဟုတ်တာ ကျွန်မ သိသည်။ မဖျားမနာ ခံနိုင်ရိုးလား။ အင်္ကျီရယ်လို့လည်း ဘယ်တော့မှ ဝတ်မထား။ လက်ဖြစ် ဖျင်ကြမ်းထဘီ ရင်ရှားကြီးနှင့် ဆီမလူးသော ပြောင်းဖူးမွှေးဆံပင်ငုတ်စိကို ဆံထုံးသေးသေးကလေး မရ,ရအောင် ထုံးထားတတ်သည်။ အုန်းဆီ ဝယ်လူးဖို့ဆိုတာ ဝေးရော။ ကျွန်မတို့လို မြို့ရောက် ဆွေမျိုးညှော်တွေ ရောက်သွား

လျှင်တော့ ကြီးတော်ကျေးက သူပိုင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဘက် ဆွဲခေါ်သွားကာ ဧည့်ခံတတ်ရှာပါသည်။ အိမ်ကြီးက ကောင်းလှသော်လည်း မှုန်စုတ်နေလေ၏။

"ထိုင်တော်... ရှင်ထူးထူးတို့... ညည်း ကျောင်းဆရာမလခ ဘယ် လောက်ရတုန်း၊ ငါ့တူမ ကိုယ့်လခကိုယ်စားဟဲ့၊ လင်မယူနဲ့၊ ငါက ယူကြည့်ဖူးလို့ ပြောတာ"

ပုဆိုးပိုင်းကြီးတစ်ထည်ဖြင့် ဖုန်ထုတက်နေသော တန်းလျားတွေ စားပွဲတွေကို တဖြန်းဖြန်း ရိုက်ခါရင်းက ပြောနေခြင်းဖြစ်သည်။

"ကြီးတော်ကလည်း မဟုတ်သေးပါဘူး၊ ကြီးတော်ကတော့ ယူပြီး တော့"

"ဟဲ့... ငါက ယူပြီးလို့ပြောတာ၊ ဘယ့်နှယ်အေ ကိုယ့်လုပ်စာ လင်ဖဲ့ကျွေးရမယ်လို့ ညည်းနှယ်... အသားမပါလိုက်တာ"

ကျွန်မကတော့ ကြီးတော်ကို ပြုံးကြည့်နေလိုက်ပါသည်။ ဖုန်မစင် သေးသော တန်းလျားတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း မြို့လက်ဆောင်တွေကို ဖုန်ပေစားပွဲပေါ်မှာပဲ အသာချကာ ကန်တော့ရသည်။ ဆုတွေတော့ တစ်သီကြီး ပေးရှာပါ၏။

"ဆုတော့ များများပေးနိုင်တယ်၊ ပိုက်စပ် မကုန်ဘူးဟဲ့"

ကျွန်မမှာ ရယ်နေရတော့သည်။ အမေ့ကိုလည်း မေးရှာပါ၏။ ကျွန်မက အမေ ရွာမလိုက်နိုင်ကြောင်း ပြောပြရသည်။

"ဟုတ်ရှာမှာပဲ၊ ငါ့ညီမက ငါ့သိပ်ခင်သာ၊ ရွာမှာနေတုန်းက တို့က ပွဲကြည့်ဖက် ပဲနှတ်ဖက်တွေကိုး အေရဲ့၊ ညည်းအမေက မြို့သူဖြစ်သွား တော့ ဝေးသွားကြတာပေါ့၊ ဒါပေသိ..."



ပါးစပ်ကလည်း အော်ကြီးအော်လောင်ပြောရင်း ရက်ကန်းတဲကလေး နှင့် နှစ်ထပ်ပျဉ်ထောင်အိမ် ဧည့်စားပွဲရှိရာ ကူကယ်ခေါက်ကယ်ကူးရင်း ရှိတာနှင့် ဧည့်ခံသည်။ ရေနွေးလင်ပန်းကလေးချ။ ရေနွေးမြည်းစရာ မြေပဲ ထန်းလျက်ခဲကို တောသရေစာကလေးချနှင့် တောက်တက်တောက် တက် လုပ်နေသော ကြီးတော်ကျေးကို ကျွန်မ ချစ်သည်။ အသက်ခုနစ်ဆယ် ပျော့ပျော့, ရှိသည်အထိ သွက်လက်ချက်ချာသူဖြစ်သည်။ အသက်အရွယ် ရပြီ ဆိုသော်လည်း တောနေတောထိုင်ပီပီ ဖိုသီဖတ်သီ နိုင်လှပါ၏။ လူက ဖျောက်ဖျောက်ကလေးဆိုတော့ ချည်ကြိုးချည်ကြား ရက်ကန်းလွန်း ကလေး ပြေးနေသည့်နှယ်။ သွားခနဲ သွားခနဲ။ မောသည်လို့လည်း မရှိ။

"ကြီးတော်... အခု ရက်ကန်းရက်တုန်းပဲလား၊ နားပါဦးတော့"

"ရက်ရပါသကော ငါ့တူမရယ်၊ မရက်လို့ ညည်းက ကျွေးမှာလား၊ ကြီးတော် ရက်ကန်းမှ မရက်ရင် ဘယ်ကငွေနဲ့ သွားစားမတုန်း၊ တို့ တောသူ တောင်သားများ သေမှ အလုပ်ရပ်ရတာပါအေ၊ မလှုပ်မြုပ်ကရော"

ပြောင်းဖူးဖက်လိပ်ကြီး မေးငေါ့သောက်ရင်း ပြောနေသော ကြီးတော် ကျေးကို ကြည့်ရင်း ကျွန်မ သနားလည်း သနားသည်။ ကြီးတော်ကျေး ဒီလောက် လူအဆင်းရဲခံကာ အလုပ်လုပ်နေစရာ မလိုမှန်း ကျွန်မ သိပါ သည်။ ဒီနှစ်ထပ် ပျဉ်ထောင်အိမ်ကြီး၏ ခေတ်ကာလတန်ဖိုးကပင် ကြီးတော် ချမ်းသာကြောင်း နိမိတ်ပုံ မဟုတ်လား။ ရေနံရည်ဝ,နေသော ရှေးအိမ်ကြီးဖြစ်သည်။ နဖူးစည်းပန်းများပင် လှပဆဲ ရှိကြသေးသည်။ ကျွန်းတိုင်လုံးကြီးများကလည်း လူ့တစ်ဖက်စာလောက်ရှိ၏။ လေးပင် သုံးခန်းဆိုတော့ ကြီးလိုက်သမှ။ အပေါ်ထပ်တက်သည့် လှေကားကြီးကို ဖြုတ်ပြီး ခြံထောင့်က မန်ကျည်းပင်မှာ ထောင်ထားတာ တွေ့ရသည်။ ပျဉ်ထောင် ပျဉ်ခင်း၊ သွပ်မိုးအိမ်ကြီး အပေါ်ထပ်ကို ကြီးတော်ကိုယ်တိုင်

ရော၊ လူသူလေးပါးပါ မတက်ဖြစ်ကြတာ နှစ်တွေကြာရော့မည်။ အောက်ထပ်ကတော့ တောင်ဘက်နှင့် အနောက်ဘက်မှ ဝါးထရံများ ကာထားသော်လည်း ကျန်သည့်နှစ်ဖက်မှာတော့ ဟင်းလင်းဖွင့်ထားပါသည်။ အိမ်ရှေ့ ဖိနပ်ချွတ်နှင့်နီးသော မြေပြင်ပေါ်မှာ သည်အတိုင်း ပစ်ထားသော တန်းလျားနှစ်လုံးနှင့် စားပွဲတစ်လုံးသာ အိမ်ကြီး၏ အဆောင်အယောင်အဖြစ် ငုတ်တုတ်ကြီး ရှိနေကြပါသည်။ ကြီးတော်ကျေးက ရှေးဟောင်းနှောင်းဖြစ်တွေကို ငိုတစ်လှည့် ရယ်တစ်ခါ ပါးစပ်ဖြင့် ညည်းခဲ့ရှာ၏။ ကြီးတော်ကို ငေးကြည့်ရင်း အမေ မကြာမကြာ ပြောခဲ့ဖူးသောစကားကိုလည်း အမှတ်ရမိပါ၏။

"မမကျေးက ရက်ကန်းခတ်မှ စားရသဲ့ဘဝမျိုး မဟုတ်ပါဘူး သမီးရယ်၊ တို့ သိသလောက် သူ့မှာ ပစ္စည်းတွေ နည်းမှမနည်းတာ၊ ဒါတွေ ထုခွဲရောင်းချစားရင်တောင် တစ်သက် စားကုန်နိုင်စရာ မရှိပေါင်အေ၊ သူ့မေးတော့လည်း ဘာမှမရှိတော့ပါဘူးအေလို့ချည်း ပြောနေသာကြားရတာပဲ၊ ရွာကလည်း မယုံပါဘူး၊ အမေလည်း မယုံဘူး"

ကျွန်မကတော့ ကြီးတော်ကျေးအကြောင်းတွေကို စိတ်ရောက်နေမိလေသည်။

●

## (၃)

ကြီးတော်ကျေး ငယ်ဘဝကို ကျွန်မတို့နောက်ပေါက် တူ, တူမတွေ မမီလိုက်ကြသော်လည်း မီလိုက်သည့်သူတွေ ပြောပြသမျှကိုတော့ ကျွန်မတို့ မကြားချင်မှအဆုံး။ ကြီးတော်ကျေး၏ အမေ ဖွားလေးပုံနှင့် ကျွန်မအဘွား (အမေ့ အမေ)တို့က ညီအစ်မ အရင်းခေါက်ခေါက်ကြီးတွေ ဖြစ်



ကြပါ၏။ ဘွားလေးပုံတွင် သမီးသုံးယောက်ရှိရာ ကြီးတော်ကျေးက အကြီးဆုံးသမီး။ ကြီးတော်အေးနှင့် ကြီးတော်ချေးတို့က ညီမအငယ်တွေဆိုသော်လည်း ကြီးတော်ကျေးလောက် အသက်မရှည်ခဲ့ကြ။ ညီအစ်မသုံးယောက်ကို ဘွားလေးပုံက မျက်စိမမှိတ်ခင် ရှိသမျှပစ္စည်း အညီအမျှ ရာနှုန်းတိုက် ဝေပုံခွဲပေးခဲ့ပြီးသားဆိုတော့ ဒီအိမ်ကြီးနှင့် ဒီပစ္စည်းတွေက ကြီးတော်ကျေး ရလိုက်သည့် ခွဲတမ်းဖြစ်သည်။

"မမကျေး ငယ်ငယ်က သိပ်ချောသာ၊ ဥစ္စာပေါရုပ်ချော ဆိုပါတော့အေ၊ ဟိုရွာ ဒီရွာက ခေါင်ဆိုတဲ့လူတွေက လိုချင်လိုက်ကြတာမှ ဝိုင်းဝိုင်းလည်လို့၊ မမကျေးက လင်စိတ်သားစိတ် ရှိပုံမရဘူး။ အင်မတန်အနေအေးတယ်၊ သူ့ဟာသူများတော့ ရှိမှန်းမသိရဘူး။ ဘွားလေးပုံက ကိုဘအောင်နဲ့ ပေးစားတော့ အမေတို့အိမ် လာငိုရှာတယ်။ ဘဝအကျိုးပေး ထင်ပါရဲ့၊ စီးပွားကလည်း ဖြစ်လိုက်ကြသာမှ အိမ်သာကျင်းတူးရာက ငွေဒင်္ဂါးတွေ အိုးလိုက်တွေ့ကြသေးတာ၊ ကျိုကျိုတက်ပေါ့အေ၊ တို့အပျိုတုန်းက ပွဲလမ်းသဘင် သွားစရာရှိ မမကျေးဆီက ငှားရမ်းဝတ်ကြရတာ၊ အဝတ်အစားဆိုသာများ သံသေတ္တာပေါ် လူတက်ဖိမှ ပိတ်လို့ရသယ်"

အမေ ပြောပြသလောက် ကြီးတော်ကျေးမှာ ရွှေလက်ဝတ်လက်စားတွေကိုက ဒီဘက်ခေတ်.လက်တိုဂျင် နီ့မှုန်ဘူးနှင့် နှစ်ဘူးအပြည့်အသိပ်ဟု ဆိုပါသည်။ စတီလက်ကောက်၊ ကြံဆစ်လက်ကောက်၊ နဂါးလိမ်လက်ကောက်ကွင်းကြီးတွေ၊ ခေါင်းဘယက်ခွက်၊ အုန်းဆံကြိုး၊ သံကွင်းဆက်ကြိုးတွေ၊ မောင်နှံခုနစ်ဖော်၊ အုတ်ပုံလက်စွပ်ကွင်းကြီးတွေ၊ မြင်းစီးလုံထိုး၊ ကျော့ဘုရင်ခေါင်း၊ ဝေလာခေါင်း ငါးမူးသား၊ တစ်ကျပ်သားအပြားကြီးတွေ။ ရွှေနှင်းဆီကြယ်သီး၊ ကျောက်ကြယ်သီးတွေ စသည်ဖြင့် စုံနေအောင် ရှိသည်ဆို၏။

"အလှူမင်္ဂလာပွဲ ရှိလို့ကတော့ အပျိုတွေ ဆယ့်လေးငါးယောက်လောက် မမကျေးဆီက ငှားဝတ်ကြသာ ဝတ်သူက မဝတ်နိုင်ဘူး၊ သူကိုယ်တိုင်ကတော့လား နားကပ်တောင် ကြီးကြီးမပန်ဘူး၊ အဝတ်အစားလည်း ဒီလိုပဲ၊ ဘရိုကိတ်လုံချည်၊ ပိုးလုံချည်၊ ဘန်ကောက်လုံချည်တွေကချည်း ငါးသိသလောက် ချည်စုံချစုံ အရောင်စုံ အကွင်းနှစ်ဆယ် အစိတ်ရှိသာ၊ အလှူလိုက်တော့ သရက်ထည်လုံချည်ကလေးနဲ့ လိုက်ချင်လိုက်တာ၊ ဘယ့်နှယ် မိန်းမလဲ ပြောတတ်ပေါင်အေ"

ကြီးတော်ကျေး၏ ခင်ပွန်း ဘကြီးအောင်ကိုတော့ ကျွန်မ မီလိုက်ပါသေးသည်။ ကျွန်မတို့ ကလေးဘဝ ရွာမှာနေစဉ်က ဘကြီးဘအောင်က ထမင်းခေါ်ခေါ်ကျွေးတတ်သည်။ ကြီးတော်ကျေး အေးသလောက် ဘကြီးဘအောင်က ဟောင်ဖွာဖွာနေတတ်သည်။ သဘောမနောကောင်းသည်။ သူကိုယ်တိုင် သားရှာ ငါးရှာ၊ သူကိုယ်တိုင် ချက်ပြုတ်ကျွေးသူဖြစ်၏။ ထန်းရည်ကလေး သောက်ချင်တာ၊ ကြက်ကလေး လောင်းချင်တာလောက်ကလွဲလျှင် အလွန်ချစ်စရာကောင်းသည်။ သားသမီး မရှိရှာတော့ ဆွေကလေးမျိုးကလေးတွေကို အလွန်မက်စက်သည်။ သူ့ဝိုင်းထဲမှာပဲ အဆော့ခိုင်းပြီး သူ့ပါ ကလေးတွေ ကစားတဲ့အထဲ ဝင်ပါချင် ပါတတ်သည်။ ကြီးတော်ကျေးက ဘကြီးဘအောင်ကို အမြဲရှူရှူအောင့်အောင့် လုပ်တတ်တာလည်း ကျွန်မမှတ်မိသည်။ ဘာကြောင့်မှန်းတော့ မသိ။

"ကိုဘအောင် တော်က ထရေကလေး မူးလိုက် ကြက်ကလေးလောင်းလိုက်နဲ့၊ တော့်ကိုယ်တော် ပခန်းမင်းများ မှတ်နေသလား၊ ပခန်းမင်းက လူစွမ်းကောင်း၊ တော်က ယောင်ခြောက်ဆယ်၊ ကျုပ်ပစ္စည်းတွေတော့ စိတ်နဲ့တောင် ထိဖို့ မျက်စောင်းမခဲနဲ့၊ ဒီပစ္စည်းတွေက ကျုပ်မိဘပစ္စည်းတွေ၊ တော့်လက်ထက်ပွားဆိုလို့ အပ်တိုတစ်ချောင်း မရှိဘူး"



ဒီတုန်းကတည်းက ကြီးတော်ကျေးက ပစ္စည်းတွေကို သိုဝှက်ထားတော့တာလို့လည်း ပြောကြပါ၏။ ဘကြီးဘအောင် တစ်သက်လုံးလည်း ဘာမှဖြစ်လောက်အောင် သုံးစားသွားခဲ့တာ မမြင်ခဲ့ကြဘူး။ သူ့လိုကိုယ်လိုလောက်ပါပဲ။ ဘကြီးဘအောင် ဆုံးတော့ ကြီးတော်ကျေးက ယာအလုပ်၊ ကိုင်းအလုပ်တွေကို ဖြတ်ပစ်ကာ အိမ်ဝိုင်းထဲက ရက်ကန်းတဲကလေးထိုးပြီး ရက်ကန်းခတ်စားတော့သည်။ မနက်လင်းလို့ ဆွမ်းခံကိုရင်ကလေးကို ဆွမ်း၊ ဆွမ်းဟင်း နေ့စဉ်လောင်းတာကလွဲလို့ ဥပုသ်သီတင်းလည်းမရှိ၊ လက်တိုလက်တောင်းရယ်လို့လည်း မခေါ်။ အဖော်နေပေးပါရစေဆိုတာလည်း လက်မခံ။ တစ်ခါတော့ အမေက မေးသည်။

"မမကျေး ညည်း ပစ္စည်းတွေရော"

"ဘာပစ္စည်းမှ မကျန်ပေါင် ငါ့ညီမရယ်၊ ကိုဘအောင် ဖြုန်းသွားလို့ ဖြုံခါပြာခါ ကျပါပကော၊ ငါ့မှာ အိမ်ကြီးငုတ်တုတ်ကလွဲလို့ ဝတ်ထားတဲ့ ထဘီတောင် အထက်ဆင် မတပ်နိုင်ပေါင်အေ၊ မိုးကြိုးပစ်ရပါစေရဲ့"

ကြီးတော်ကျေးက အကျိန်တွေရော အတွယ်တွေရော စုံနေအောင် ဖြုဆူးခါတတ်သော်လည်း ယုံရဖို့တော့ ခက်သည်။ ဘာသဘော၊ ဘာရည်ရွယ်ချက်မှန်းလည်း မသိ။ ကြီးတော်ကျေးကတော့ အကြောင်းဆိုက်တိုင်း ရွာထဲရပ်ထဲ ဒီအသံကိုပဲ တွင်တွင်ကြီး လွှင့်နေတော့၏။ သူက လွှင့်လေ ရွာက မယုံလေ။

"မဟုတ်သာ ပြောသာပါဟာ၊ ဘယ့်နှယ် ဘအောင် ဖြုန်းသွားရမှာလဲ၊ ဘအောင်ဖြင့် ရွှေတစ်မူးသား ရောင်းသုံးသွားတာ မမြင်ဖူးဘူး၊ မီကျေးက မားပြတိုက်မှာစိုးလို့ အသံကောင်းလွှင့်သာ နေမှာပါ၊ မဟုတ်သာဟာ"

ရွာကတော့ ဘိုးတင်လို လူကြီးကအစ ဘယ်သူကမှ ကြီးတော်ကျေးစကားကို အသိအမှတ်မပြုကြ။ ကြီးတော်ကျေးကလည်း အပြောနှင့်အလုပ်

တစ်ထပ်တည်းကျအောင် လုပ်ကိုင်စားသောက် နေထိုင်ပြတော့လည်း ဘယ်သူကမှလည်း ကြက်တွန့် မတက်ဝံ့။ ကျွန်မတို့လို ဝမ်းကွဲတူမတွေ မပြောပါနှင့်၊ ညီမနှစ်ယောက်ကမွေးသော တူ၊ တူမ အရင်းခေါက်ခေါက် ကြီးတွေကိုပင် တစ်ပြားမကျဘဲ စုံလုံးပစ်ထားတတ်သူဆိုတော့ ဝေခွဲရခက်ကြသည်။

“ငါ့မှာသာ ရွှေတွေ အဲသလောက်ရှိရင် မြတင်တို့ မန်းလေး ပြောင်းနေမှာပေါ့ဟဲ့၊ နင်တို့ မယုံရင် ငါသတ်ပြီးတော့သာ အိမ်ပေါ်မွှေကြပေတော့”

တစ်ခါတော့ တူဖြစ်သူ ကိုလှဆောင်ကို ကြီးတော်ကျေးက ဒီလိုပြောတော့ ကိုလှဆောင်က ထန်းရည်မူးမူးနှင့် သူ့ကြီးတော်အိမ်ကြီးပေါ် တက်မွှေဖူးသည်။ တကယ့်ကို ဘာမှမတွေ့။ ရွှေထည် ငွေထည် မတွေ့တာထား၊ ဘရိုကိတ်လို ဘန်ကောက်လို ထဘီတွေကိုတောင် ရှာမတွေ့ခဲ့ဟု တစ်ဆင့်စကား ကြားခဲ့ရပါ၏။ အံ့တော့လည်း အံ့စရာ။ ဒီပစ္စည်းတွေ ကြီးတော်ကျေး ဘယ်မှာများ ဝှက်ထားလိုက်ပါလိမ့် ဆိုတာကလည်း နားမလည်နိုင်အောင် ဖြစ်ကြရသည်။ တချို့ကလည်း တစ်နေရာရာမှာ တူးမြုပ်ထားတာနေမှာဟု ထင်ကြေးနှင့် ပြောကြတာလည်းရှိသည်။ ရွှေထည်ငွေထည် တူးမြှုပ်တယ်ပဲထားပါဦး၊ ထဘီတွေက ဘာမြှုပ်စရာလိုလို့လဲ။ ဒါကလည်း တွေးစရာ။

အိမ်ပေါ်ကို ကိုလှဆောင် တက်မွှေပြီးကတည်းက ကြီးတော်ကျေးက ကျွန်းလှေကားကြီး ဖြုတ်ပစ်လိုက်ခြင်းဖြစ်၏။ ပြီးတော့ ခြံထောင့်မှာ တဲကလေးတစ်လုံးထိုးပြီး ရက်ကန်းစင်ကလေးဆင်ကာ တဲထဲမှာပဲ နေခဲ့ခြင်း ဖြစ်သည်။ သည်တဲကလေးထဲမှာ ကြီးတော်ကျေး ရက်ကန်းခတ်ရင်း နေလာခဲ့တာပဲ နှစ်ပေါင်းမနည်းတော့ပြီ။



ကြီးတော်ကျေး၏ ရက်ကန်းထည်တွေက နာမည်တော့ ရပါ၏။ မရောင်းရမရှိ။ အကြွေးပေးတော့လည်း ဆုံးသည်မရှိ။ ရက်ကန်းကြွေးတော့ ရအောင်တောင်းတတ်သည်။ တစ်ရက် နှစ်ရက် ဆိုင်းပါဆိုပြီး ယူသွားရာက အထည်ဖိုး လာမပေးလျှင် အလှူအိမ်အထိလိုက်ကာ ချွတ်နိုင်းတော့တာ မဟုတ်လား။

●

## (၄)

ရွာလူကြုံလာလို့ ကြီးတော်ကျေးတစ်ယောက် ရွာမှာ ဆုံးရှာပြီ အသံကြားတုန်းက ကျွန်မမှာ ဝမ်းနည်းလို့မဆုံး ဖြစ်ရပါ၏။ ကျွန်မ မြင်ရသလောက် ကြီးတော်ကျေးခမျာ တစ်ကိုယ်ရေ တစ်ကာယ ရက်ကန်းခတ်စားရသည့်ဘဝနှင့် အရိုးထုတ်သွားရရှာတာ မဟုတ်လား။ ကြီးတော်ကျေးမှာ ပစ္စည်းတွေရှိတယ် ဆိုတာကလည်း ကျွန်မတို့ မမီလိုက်လေတော့ အကြားနှင့် ယုံခဲ့ရတာမျိုးပင်။ ရွာပြန်တိုင်း ထဘီခါးချပ်ကြီးနှင့် ရက်ကန်းတချောက်ချောက် ရက်နေတတ်သော အသက်ခုနစ်ဆယ်ကျော် အဘွားအိုကြီးတစ်ယောက်၏ ပုံရိပ်ကို ကျွန်မ လွမ်းမိ သနားမိရပါသည်။ အမေကတော့ ရွာလူကြုံ အရိုးအေးမကို ကြီးတော်ကျေးအကြောင်း အဝေးက မေးရရှာသည်။ မျက်ရည်ကလေးကလည်း တစမ်းစမ်း။

“နေစမ်းပါဦး အေးမရယ်၊ မမကျေး ဆုံးတော့ သူ့ပစ္စည်းတွေ ရှာကြမွှေကြသေးလား”

“ရှာကြပါသတော်… လှဆောင်တို့ မီသေးတို့ ရက်ကန်းတဲကြီး ဖျက်ပြီး မြေကြီးတူးကြည့်ကြတာပေါ့၊ အတော်ကြီးနက်တဲ့အထိ တူးတာပဲ၊ လူ့တစ်ရပ်ကျော်ကျော်မလား၊ ဘာတစ်စီမှ မတွေ့ဘူး တော်ရေ”

ကြီးတော်ကျေး အိပ်ရာထဲ ဘုန်းဘုန်းကြီးလဲတော့ တူ၊ တူမရင်းတွေက ဒရောသောပါး လာပြုစုကြသည်။ ဆန်ပြုတ်ကလေး ဖွန်းခွံ့ရင်းသိုဝှက်ထားသည့် ပစ္စည်းတွေကို ချော့ချက်မေးကြသည်။ ကြီးတော်ကျေးကတော့ ဘူးခါမြဲ ခါသည်ဆို၏။ အရီးအေးမ ဆက်ပြောသော ကြီးတော်ကျေး အကြောင်းက စိတ်ဝင်စားစရာ။

"အရီးကျေး ဆုံးမယ့်နေ့က ရွာဦးဆရာတော်ကျောင်းက ဦးပဥ္ဇင်းကလေးတစ်ပါးကို အခေါ်လွှတ်သယ်၊ ရွာကတော့ လူတွေကို မပေးခဲ့ချင်လို့ ဆရာတော် လှူခဲ့လိမ့်မယ်လို့ တွက်ကြတာပေါ့၊ ဒါကလည်း ကောင်းတဲ့ ကိစ္စကိုး၊ အရီးကျေးက ဝေဒနာ ခံစားနေရပေမယ့် သတိတစ်ချက် အလစ်မခံဘူး။ ကျုပ်တို့ဖြင့် ည,ည လူမမာ သွားစောင့်အိပ်ကြရတာ ရက်တွေမနည်းဘူး။ ဦးပဥ္ဇင်းကလေး ကြွလာတော့ အရီးကျေးက ဘုတ်အုပ်နဲ့ ခဲတံ အယူခိုင်းတယ်၊ သူ နှုတ်က ရွတ်ပြသမျှ လိုက်မှတ်တော်မူပါဘုရားလို့ပြောတော့ ဦးဇင်းက လိုက်မှတ်တယ်၊ လေသံတောင် ယဲ့ယဲ့ကျန်ရဲ့"

ဦးပဥ္ဇင်းကလေးက ကြီးတော်ကျေး ဘဝကူးကောင်းစေရန် စိတ်မှ ချမ်းသာပါစေတော့ဆိုသည့် သဘောဖြင့် ကြီးတော်ကျေး အလိုကျ ဆောင်ရွက်ပေးတော်မူရှာပုံရပါသည်။ ကြီးတော်ကျေးက မျက်ဖြူကြီး လန်နေရင်းက မှာသည်ဆို၏။

"ဦးဇင်း ရေးပါဘုရား၊ တောင်ရပ်က မမှတ်ကြီး စောင်တစ်ထည်ဖိုး ငါးရာ၊ သင်တောရွာက မစံကျော် ပင်နီတစ်အုပ်က သုံးရာ၊ ညောင်တိုရွာက မကြည်ခင် ထဘီနှစ်ကွင်းက နှစ်ရာ၊ မြောက်ရွာက အေးပု တဘက်စောင်ဖိုး လေးရာ၊ သိမ်ရွာက..."

ကြီးတော်ကျေးက သူ့ရက်ကန်းထည်ဖိုးနှင့် ငွေတိုးချ ကြွေးရစရာရှိတာတွေ တန်းစီအရေးခိုင်းခဲ့သည်။ ထိုထိုသော ရရန်ရှိသမျှ ငွေအားလုံးကို



ဦးပဥ္ဇင်းကလေးက တာဝန်ခံ တောင်းယူပြီး ရွာကျောင်းဆရာတော်ကို လှူဒါန်းပေးပါရန် မှာသည်။ ဦးပဥ္ဇင်းက ရေစက်ခွက်ကလေး တည်ကာ ရေစက်ချ လှူဒါန်းစေပြီး တရားဟောတော့ ကြီးတော်ကျေးက ရေစက်ချ လိုက်သေးသည် ဆိုပါ၏။

"မနက်ပိုင်း ရက်ကန်းကြွေး ငွေတိုးကြွေးကလေးတွေ ရေစက်ချလှူပြီး ညနေ ဆုံးတာပဲ၊ ကြွေးတိုကြွေးစ အကုန် သူမို့ မှတ်မိသတော်၊ အံ့ချက်တော့... အိမ်ကြီးရော ဝိုင်းကြီးရော ရောင်းပြီး ရွာကျိုးရပ်ကျိုးမှာ သုံးဖို့လည်း မှာခဲ့သတဲ့။ အတွင်းပစ္စည်းဆိုတာများတော့ ဘုရားဖူး တစ်ချက် ဟ,မသွားပေါင်တော်"

အရီးအေးမ စကားတွေကို နားထောင်ရင်းက ကြီးတော်ကျေး၏ ပုံရိပ်တွေကို ကျွန်မ မျက်စိထဲ မြင်ယောင်လာမိပါ၏။ ကျွန်မကို အိမ်ထောင်မပြုလေနဲ့ မှာခဲ့သော ကြီးတော်ကျေးခမျာ ဘကြီးအောင် မစားပြီးရောတင် မဟုတ်၊ သူ့ဟာသူလည်း တိတိပပ စားမသွားခဲ့ရှာပါ။

●

(၅)

ဆရာသိန်းဖေမြင့်၏ 'ငါ့လင်နှင့် ငါ့ငွေ'ကို ဖတ်ပြီးတိုင်း အသက်နှင့်လဲ၍ ငွေကြေးဥစ္စာကို ကာကွယ်သွားခဲ့သော အရီးစိမ်းနှင့် ကြီးတော်ကျေးကို ကျွန်မ အမြဲနှိုင်းယှဉ်ကြည့်မိပါသည်။ တစ်မျိုးစီတော့ တစ်မျိုးစီ။

ကြီးတော်ကျေးကတော့ ငါ့လင်နှင့် ငါ့ငွေကို လဲခဲ့သူတော့ မဟုတ်ရှာပါ။ ကြီးတော်ကျေး ပိုင်ဆိုင်မှုသော ပစ္စည်းဥစ္စာတွေကို သူတစ်ပါး မပေးရက် မလှူရက်တာထား၊ သူ ဆုံးပါးပြီးနောက်မှာတောင် ဘယ်သူ့ကိုမှ အသုံးမခံခဲ့သော စိတ်ကိုသာ ကျွန်မ အံ့သြမိရပါသည်။ နှစ်တွေ


ကြာခဲ့ပြီဖြစ်သော်လည်း ကြီးတော်ကျေး၏ ရွှေငွေလက်ဝတ်လက်စား ဆိုတာတွေကို ကနေ့အချိန်အထိ ဘယ်သူမှ မတွေ့ကြရသေးတာကတော့ ထူးဆန်းလှပါ၏။

အရီးစိမ်းရော ကြီးတော်ကျေးပါ ဘဝ၏ နောက်ဆုံးအချိန်အထိ သူတို့ စိတ်ခံစားမှုအတိုင်း မြဲမြဲမြံမြံ ရပ်တည်သွားခဲ့ကြသော မိန်းမရှုတ်ကြီး တွေပါလားလို့လည်း ကျွန်မ တွေးမိရသည်။ တကယ်တော့ ဝတ္ထုထဲက ဇာတ်ကောင်တွေဆိုတာကလည်း ကျွန်မတို့နှင့် လက်တစ်ကမ်းမှာ တကယ် ရှိနေကြသော ပကတိဘဝများ၏ နိမိတ်ပုံတွေပဲ မဟုတ်လား။ လောကထဲ က ထွက်ခွာသွားရသည့်တိုင် သူတစ်ပါး ကောင်းရာကောင်းကျိုး မထား ရက်ခဲ့နိုင်သူတွေကလည်း ရှိနေကြတာပဲ မဟုတ်လား။

**ပိတောက်ပွင့်သစ် မဂ္ဂဇင်း**

**(၂၀၀၈) ခုနှစ်၊ နိုဝင်ဘာလ**

● ● ●



# နွေသီး

## (၁)

ကျွန်မ၏ ဇာတိမြို့ကလေးက ကျွန်မ ခွဲခွာလာခဲ့သည်ပင် နှစ်ပေါင်း သုံးဆယ် ရှိခဲ့ပြီ။ သို့သော် ကျွန်မ၏ အိပ်မက်တွေထဲမှာတော့ မြို့ကလေး က ကနေ့အထိ ရှိနေဆဲဖြစ်သည်။ အိပ်မက်ထဲက မြို့ကလေး၏ ပုံရိပ် တွေကို ကျွန်မ မှတ်မိနေတတ်တာကလည်း ထူးဆန်းလှပါ၏။ မြို့ ကလေး၏ လမ်းကွေ့လမ်းကောက် လမ်းချိုးလမ်းဝိုက်များ၊ အညာအိမ် မည်းမည်းကြီးများ၊ ထရံအိမ်များ၊ တိုက်တာများ၊ ပွဲရုံများ၊ ကျောင်းများ၊ ရုံးများ၊ ဆေးလိပ်ခုံများ... ပြီးတော့ ဘဝများ...

မြို့ကလေးမှာ ကျွန်မကို မွေးခဲ့သည်။ ကျွန်မမှ မဟုတ်ပါ။ ကျွန်မ တို့ မောင်နှမ ခြောက်ယောက်စလုံး သည်မြို့ကလေးက အိမ်မည်းမည်းကြီး တစ်လုံးထဲမှာ မွေးခဲ့ကြခြင်းဖြစ်၏။ ကျွန်မတို့အိမ်က ကြီးလှသည်တော့ မဟုတ်ပါ။ သို့သော် ခြံကြီးကတော့ ရှည်မျောမျော အလျားဖြင့် ကျယ် လွင့်လှပါသည်။ မြို့ကလေးလို့ ကျွန်မ သုံးရခြင်းမှာ မြို့ကြီးကို ပြောင်း ခဲ့ရခြင်းကြောင့် ဖြစ်၏။ ဆယ့်သုံးနှစ်လောက် နေခဲ့ရသော မြို့ကလေးသည် ကျွန်မတို့ နေခဲ့ရစဉ်က ကြီးလွန်းနေသည်ဟုပင် ထင်ခဲ့မိပါ၏။ ပြီးတော့ မြို့ကလေးက စိမ်းစိမ်းစိုစိုလည်း မဟုတ်။ အညာကုန်းခြောက်ခေါင်ခေါင်



မှာ တည်ရှိသော အလွန်ပူပြင်းသော မြို့ကလေးဖြစ်သည်။ မြင်နေကျ မြင်ကွင်း၊ မြင်နေကျ အရောင်တွေက နှစ်ပေါင်းများစွာ မပြောင်းမလဲ ငြိမ်သက်နေတတ်သည့် မြို့ကလေးဖြစ်သည်။ သူ့ရင်ဘတ်ပေါ်မှာ ဥဒဟို နင်းဖြတ်နေကြသော ဘဝများကို နားလည်သည်းခံတတ်သော မြို့ကလေး ဖြစ်သည်။ ထိုမြို့ကလေးသည် ကျွန်မ၏ ဇာတိ မြင်းခြံမြို့ကလေး ဖြစ်ပါ၏။

ကျွန်မ အာရုံထဲမှာ မြို့ကလေး၏ အနေအထားသည် ဘယ်တုန်းကမှ ပျက်ပြယ်သွားခဲ့သည်မရှိ။ ဇာတိမြို့ဆိုသည့် သံယောဇဉ်သည် ထူးဆန်းလှ ပါသည်။ သည်မြို့ကလေးကို အမြဲမဟုတ်သည့်တိုင် မကြာခဏ ဆိုသလို တော့ ကျွန်မ စိတ်ရောက်ရမြဲ ဖြစ်သည်။ ကျွန်မတို့ နေကြသည့်လမ်းက လမ်းတိုကလေးဖြစ်၍ သည်လမ်းတိုကလေးသည်ပင် ကျွန်မတို့ မောင်နှမများ ၏ မြင်းခြံဖြစ်ရသည်။ သူငယ်ချင်းရယ်လို့လည်း များများမရှိ။ မောင်နှမ တွေများသော ကျွန်မတို့အတွက် အဖော်ရယ်လို့လည်း သိပ်တော့မလိုခဲ့ပါ။ မောင်နှမတွေ ကျောင်းသွားတော့လည်း အတူတူ၊ ကျောင်းပြန်တော့လည်း အတူတူ၊ ပြန်လာတော့လည်း ခြံဝင်းကျယ်ကြီးထဲ အတူတူ ဆော့ကစား ခဲ့ကြသည်။

အမေက မြင်းခြံမြောက်ဈေးထဲမှာ အိုးဆိုင်ဖွင့်ကာ ဈေးရောင်းသည်။ အဖေကတော့ အိမ်မှာမရှိတာ များသည်။ ဧရာဝတီမြစ်ထဲက ရှေးလှေကြီး တစ်စင်းသည်ပင် အဖေ့အိမ်လို ဖြစ်နေခဲ့ရသည်။ မြင်းခြံဆိပ်ကမ်းကို အဖေ့လှေကြီး ဆိုက်ကပ်ချိန်မှာတော့ မိသားစုထံ အဖေ ရောက်လာတတ် ပါ၏။ အဖေလာလျှင် အိမ်အတွက် ဆန်အိတ်တွေ၊ ငါးခြောက်ငါးခြမ်း တွေ၊ စားကုန်သောက်ကုန်တွေ ပါလာတတ်သည်။ မြင်းခြံမြစ်ဆိပ်နှင့် မြို့က လှမ်းတော့ သည်ကုန်တွေ အိမ်ရောက်ဖို့ကပင် လှည်းတွေနှင့်

ကဲ့ရသည်။ လေ့သားတွေက တစ်ရှက်တစ်ပိုး ထမ်းကြရသည်။ ကျွန်မတို့၏ မသိစိတ်မှာ အားငယ်စိတ်တွေများ ရှိနေရော့သလား မသိ။ အဖေ ရောက်လာလျှင် ကျွန်မတို့အားလုံး ခွန်အားတွေ ပြည့်ဝသွားသလို ခံစားကြရသည်။

အဖေ ရောက်လာသည့်နေ့တွေမှာတော့ မြင်းခြံမြို့ကလေးသည်ပင် ကျွန်မတို့ မောင်နှမများအဖို့ စိမ်းလန်းနေသည် ထင်ရပါသည်။

●

(၂)

မြင်းခြံမြို့၏ တစ်ခုသောရပ်ကွက်ဖြစ်သည့် အမှတ် (၆) ကွေ့ကြီးရပ်ရှိ မြူနီစီပါယ် ရေစက်ဝင်း၏ မြောက်ဘက်အစွန်းက ရေန်ချေးဝနေသည့် အိမ်သည် ကျွန်မတို့အိမ်ဖြစ်သည်။ အိမ်ကြီးက ကုန်းထိပ်ပေါ်မှာ ရှိသော်လည်း ခြံကြီးက နောက်ကို ရှည်မျောမျော ငိုက်ဆင်းသွားသည့်အတွက် ကျွန်မတို့က အောက်ချိုင်းခေါ်ကြသည်။ လမ်းပေါ်က အိမ်ကို တိုက်ရိုက် ရောက်နိုင်သော်လည်း အိမ်နောက်ဖေးကို ဆင်းလျှင်တော့ အောက်ချိုင်းထဲကို ရောက်ရတော့သည်။ အောက်ချိုင်းထဲမှာလည်း လူနေရပ်ကွက်တွေ ရှိပါသည်။

ကျွန်မတို့သည် ခြံကြီးကို ဝယ်စဉ်ကတည်းက ပါလာသော သီးပင်တွေထဲမှာ မာလကာပင်တွေက အများဆုံးဖြစ်သည်။ အားလုံး လေးဆယ့်သုံးပင် ပါသဖြင့် မာလကာတောဟုပင် ခေါ်နိုင်ပါ၏။ ကျွန်မတို့ မောင်နှမတွေက မာလကာပင် တစ်ပင်ချင်းကို ဓားဦးချွန်ဖြင့် တစ်,နှစ်,သုံး,လေး ထွင်းထားသဖြင့် အပင်အရေအတွက်ကို သိရခြင်းဖြစ်သည်။ မာလကာပင်တွေ များသလောက် အပင်မျိုးကလည်း စုံလှပါသည်။ ဘူး



လည်သိမ့်လို မာလကာ၊ ဆုပ်ဆုပ်ပွပွ ထူထူအမ်းအမ် မာလကာ၊ အရေခွံပါးပါး ပြောင်တင်းတင်း မာလကာ၊ ဖင်ချွန်ခေါင်းပု မာလကာ၊ အူဖြူ အူနီ အူဝါ စသည်ဖြင့် အသီးမျိုးစုံ အသွေးမျိုးစုံ သီးလေ့ရှိကြပါသည်။

သည်မာလကာပင်တွေ ဘာစိတ်ကူးနဲ့များ စိုက်သွားကြတာပါလိမ့်။ ဘယ်သူတွေကများ ဒီလောက်အပင်တွေများများ စိုက်သွားကြတာပါလိမ့်။ နဂို ဒီအိမ်ရှင်က ဘယ်သူလဲ။ အဖေတို့ကို ဘာကြောင့် ရောင်းသွားကြတာလဲ။ ကျွန်မ မူလတန်းအရွယ်လောက်မှာတော့ မာလကာပင်တွေကို ကြည့်ရင်း လျှောက်တွေးနေတတ်ပါပြီ။ မာလကာပွင့်တွေ ဖွေးနေအောင် ပွင့်ကြပြီဆိုလျှင် ကျွန်မတို့ ပျော်ကြသည်။ သိပ်မကြာခင်မှာ သီးကင်းဖူးကလေးတွေ တည်ပြီး သီးဖူးကလေးတွေ မြဲပြီဆိုတော့ အပွင့်တွေ ကြွေကြပါသည်။ အသီးတင်ပြီဆိုလျှင်တော့ မာလကာ တစ်တောလုံး အသီးတွေ အသီးတွေ မရေတွက်နိုင်တော့ပြီ။ မာလကာ လေးဆယ့်သုံးပင်က အသီးတွေဆိုတာ ခဲခဲလှုပ်လို့။ တချို့အပင်တွေက မျိုးရိုးအလိုက် အသီးနောက်ကျတာ စောတာ ရှိတတ်သည့်အတွက် တစ်မိုးလုံး တစ်ဆောင်းလုံး အသီးပြတ်သည် မရှိ။ နွေရာသီ ကြိုင်ကြိုင်ကြီးဆူအောင် ပူပြီဆိုလျှင်တော့ မာလကာပင်တွေ အရွက်ခြွေကြပြီ။ မာလကာရွက်ဝါဝါတွေက တစ်ခြံလုံး ခြေချစရာပင် မရှိ။

နွေရာသီမှာတော့ မာလကာသီး အလွန်ရှားပါသည်။ သို့သော် နွေသီးကလေးတွေ၊ ရွက်ပုန်းသီးကလေးတွေကို မျက်စိရှင်ရှင်ဖြင့် ရှာနိုင်လျှင် ရတတ်သည်။ ကိုင်းဖျားကိုင်းမြင့်တွေမှာ ဆိုလျှင်တော့ တံချူကိုင်ကြရပြီ။ တံချူကူလို့ မရလျှင်လည်း ကိုင်းဖျား ကိုင်းနားရောက်အောင် တွယ်ကုပ်တက်ကြရသည်။ မိန်းကလေးဆိုသော်လည်း ကျွန်မလည်း မျောက်တစ်ကောင်လို သစ်ပင်ပေါ် ရောက်သွားတတ်သည်။ မိတော့လည်း

ခူး၊ မမီတော့လည်း လှုပ်ချ၊ ဝါးခြမ်းပြားနှင့် ရိုက်ချ။ ရှားပါးချိန်ဆိုတော့ နွေသီးကလေး၊ ပုန်းသီးကလေး တစ်လုံးတလေ ရလိုက်လျှင် အလွန်ဝမ်းသာရပါသည်။

"နင် ဘယ်အပင်က ရတာလဲ"

"အပင်နံ့ပါတ် နှစ်ဆယ့်ခြောက်က"

"အပင်နံ့ပါတ် နှစ်ဆယ့်ခြောက်က အထွတ်သီးကြီးတွေပါဟာ၊ နင် မညာနဲ့"

မောင်နှမချင်း ညာကြသော်လည်း ပေါ်တာများပါ၏။ မာလကာသီးတွေ ခူးမနိုင်၊ ဆွတ်မနိုင်၊ ကြွေမနိုင်၊ ကောက်မနိုင် ဖြစ်ရသည့် ရာသီကတော့ ဝါဆိုဝါခေါင် တော်သလင်းလများတွင်ဖြစ်သည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းအထိ အသီးတွေ ခူးရတုန်း။

အဖေ ပြန်မလာတာ ကြာလျှင်တော့ အမေ့အိုးဆိုင်က ဝင်ငွေကိုသာ ခြိုးခြိုးခြံခြံ သုံးကြရသည်ဖြစ်၍ အမေ့ဆီက မုန့်ဖိုးရဖို့ ခက်တော့သည်။ ထိုအခါ အမေ့ခများလည်း ကသီလင်တ ဖြစ်ရသလို ကျွန်မတို့ မောင်နှမတွေမှာလည်း အမေ့အရိပ်အကဲကို ကြည့်ကြရတော့သည်။ အမေ့ခမျာ မနက်မိုးလင်းသည်နှင့် ချက်ပြုတ်စီမံပြီး ကျွန်မတို့ မောင်နှမတွေအတွက် ကျောင်းမုန့်ဖိုး အကြွေစေ့ကလေးတွေ စီချထားခဲ့ကာ ဈေးထွက်ရသည်။ တစ်ခါတစ်ရံ အကြွေချထားခဲ့တာမျိုး မရှိလျှင် အိမ်အခြေအနေကို ကျွန်မတို့ အကဲဖမ်းနိုင်ကြပြီ။

"အမေက ပိုက်ဆံလည်း မထားခဲ့ဘူး၊ ငါတော့ ဈေးထဲလိုက်တောင်းမယ်"

တစ်ယောက်က သည်လိုဆိုတော့ ကျန်မောင်နှမတွေကလည်း ဈေးထဲလိုက်မည် ပြင်ကြတော့သည်။ ကျွန်မကတော့ မလိုက်ပါ။ အမေ့ကို သနား၍ဖြစ်သည်။



"မရှိလို့ မထားခဲ့တာနေမှာပေါ့ဟဲ့၊ ဈေးထဲလိုက်တောင်းရင် အမေ ဆူမှာပေါ့"

တစ်ခါတစ်ရံ အဖေ့လှေကြီး လနှင့်ချီကြာလျှင် အိမ်အခြေအနေက ပိုဆိုးလာသည်။ သားသမီး ခြောက်ယောက် စားအိုးကြီးကို အမေ မနိုင်မနင်း ဖြစ်ရရှာသည်။ မနက်ဈေးထွက်လျှင် နို့ညှာကို လက်ဆွဲ၊ နို့စို့ကို ခါးထစ်ခွင်ကာ အမေ ဖိုသီဖတ်သီ နိုင်ခဲ့တာကိုလည်း ကျွန်မ မမေ့နိုင်။ 'သူတကာတွေ မာလကာသီး သရေစာလုပ် ဝယ်စားရသေးတာပဲကွယ်၊ ကိုယ်က ခြံထွက်ပဲ၊ မုန့်ဖိုး မယူကြပါနဲ့လား'လို့ အမေပြောလျှင် ကျွန်မ ဝမ်းနည်းမိရပါသည်။ မာလကာသီး ပေါ်ချိန်များမှာ ခြံထဲက မာလကာသီးတွေခူးကာ ရပ်ရှင်ရုံဈေးသည်တွေဆီကို ဖောက်သည်သွင်းကာ အိမ်စားဝတ်နေရေးကို တစ်ဖက်က ထိန်းရသည်။

"မာလကာသီးတွေ အလုံးကြီးတာ အလုံးလှတာ ရွေးကြစမ်း၊ တောင်းတစ်လုံးစီနဲ့ ထည့်ကြ၊ ရပ်ရှင်ရုံဈေးသည်တွေဆီ အမေ လိုက်သွင်းမယ်"

မာလကာသီးတောင်းတွေကို အမေ တစ်တောင်း ကျွန်မ တစ်တောင်း ရွက်ပြီး ရုပ်ရှင်ရုံတွေရှိရာ မြို့လယ်ကို ထွက်ခဲ့ကြပါသည်။ ကျွန်မတို့ ငယ်ငယ်က မြင်းခြံမှာ ဂုဏ်ရုံ၊ လူငယ်ရုံနှင့် သီရိရုံဟူ၍ ရုပ်ရှင်ရုံ သုံးရုံ ရှိပါသည်။ ရုပ်ရှင်ရုံ တစ်ရုံချင်းကူးကာ မာလကာသီး ဖောက်သည်ရှာကြရတာကလည်း လွယ်တာတော့ မဟုတ်။ ဖောက်သည် မယူမချင်း မာလာသီးတောင်း ရွက်ရတာက မပင်ပန်းသော်လည်း သည်မာလကာသီးတွေ နေကုန်လို့မှ ရောင်းရပါ့မလားဆိုသည့် စိတ်ဖိစီးမှုက ပင်ပန်းလှပါသည်။

အမေက လမ်းသွားရင်း ဈေးရောင်းတာ သူတစ်ပါးပစ္စည်း ခိုးတာ၊ လိမ်တာ၊ မတော်မတရား ရယူတာမျိုး မဟုတ်ကြောင်း၊ ညည်းအမေကြီး မယ်သန့်က ခံတောင်းထဲ စုံစိနုဖာထည့်ကာ ရွာစဉ်လှည့်ဈေးရောင်းခဲ့သူ ဖြစ်ကြောင်း၊ အမေလည်း ဈေးထဲ အိုးရောင်းရတာဖြစ်ကြောင်း၊ တရားသော အသက်မွေးမှုကို မရှက်မကြောက်ရကြောင်း၊ မကောင်းမှုဒုစရိုက်သာ ရှက်ရကြောက်ရကြောင်း သွန်သင်ရှာပါ၏။ ဝန်ခံရပါလျှင် အစပိုင်း ရက်တွေတုန်းက ကျွန်မမှာ ရှက်ရွံ့အားငယ်စိတ်တွေ ရှိခဲ့သည်။ ကျောင်းက သူငယ်ချင်းတွေများ တွေ့သွားကြလေမလား၊ အထင်သေး အမြင်သေး ရှိကြလေမလား စသည်ဖြင့် ဟိုကြည့် သည်ကြည့် ထူပူနေတတ်ပါသည်။ အမေ့ကို သနားတာရော၊ မပယ်ရှားဝံ့တာရောကြောင့်သာ ကျွန်မ လိုက်နေခဲ့ရခြင်းဖြစ်သည်။

ရပ်ရှင်ရုံ တစ်ရုံဝင်တိုင်း ဈေးသည်တွေက ငြင်းလိုက်လျှင် ကျွန်မမှာ စိတ်မောလှမော ဖြစ်ရပါ၏။ မာလကာသီး ပေါချိန်ဆိုတော့ သူတို့မှာလည်း မာလကာသီးတွေက တင်းကျမ်း။ ဖောက်သည်က မယူမချင်း အမေနှင့် ကျွန်မ ရပ်ရှင်ရုံ တစ်ရုံက တစ်ရုံ ကူးကြရတာနှင့်ပင် ဆေးလိပ်လည်းတို နေလည်းညိုသွားတတ်ပါ၏။

“တစ်လုံး နှစ်လုံး ရွေးမနေပါနဲ့တော့ မလှရယ်၊ ကျုပ်လည်း ဈေးသည်ပါ၊ တွက်ကြည့်မှ တစ်လုံး ဆယ်ပြား မကျချင်ပါဘူး၊ တောင်းပြုတ်ယူလိုက်ပါ၊ ပြီးမှ လျှော့တာပေါ့”

“ကျုပ်မှာလည်း များလွန်းလို့ပါတော်၊ လူတွေက မာလကာသီးချည်း စားကြတာ မဟုတ်တော့ ကျုပ်တို့ကလည်း အောင်းရောင်းရတာပါ။ အလုံးအစိတ်လောက်တော့ ခေါင်းရွေးယူလိုက်ပါ့မယ်၊ ဖြစ်ရင်လည်း ထားခဲ့”



မျှမျှတတ စာစာနာနာ ဖောက်သည်ရှိသလို ဒုက္ခလာရှာလေခြင်းဆိုသည့် မျက်နှာဖြင့် ခပ်တင်းတင်း လှန်လှတ်ကြသူတွေလည်းရှိသည်။

“အဲသာတော့ နည်းလွန်းပါတယ် မတရုတ်မရယ်၊ ကျုပ်တို့သားအမိ တောင်းမှုက်ခ ရှိတာပါ၊ ရုပ်ရှင်ရုံ ကူးရတာ ခြေဆတ်ခေါက်လိုက်နေပါပြီ။ နည်းနည်းတော့ ပိုပက်ပေးဦးမှပေါ့”

“ပြန်သာယူသွားပါ၊ ကျုပ်တို့ အဲသလောက် စကားပြောဖို့ အချိန်မရဘူး”

နောက်ဆုံးတော့ မတန်တဆ ထိုးပေးခဲ့ရတာလည်း အခါခါပင်။ ကြာတော့ ကျွန်မပင် မခံချင်တော့ပါ။ မာလကာသီးက ခြံထွက်ဆိုသော်လည်း ပင်ပေါက်စေ့ ခူးကြရသည်။ ရေဆေးကြရသည်။ ရွေးကြ ဆယ်ကြရသည်။ တောင်းထဲ စီထည့်ကာ ရွက်လာခဲ့ကြရသေးသည်။ ဖောက်သည်ယူပါမည့်အကြောင်း တောင်းပန်ရသေးသည်။ တချို့ ဖောက်သည်က မတန်တဆ ဈေးနှိမ်ကြသည်။ မတော်မတရား ရှိကြတာမြင်ရတော့ ကျွန်မ အံ့သြမိရသည်။ ပြီးတော့ ပိုက်ဆံကို လက်ငင်းပေးလိုက်တာမဟုတ်။ အခေါက်ခေါက် သွားတောင်းရသည်။ ပေးပြန်တော့လည်း မကြည်သာချင်။

“အမေရယ်... မတန်တာ မရောင်းပါနဲ့၊ သမီး ထိုင်ရောင်းပါ့မယ်”

ကျွန်မ စကားကို အမေပင် အံ့သြသွားခဲ့တာ ကျွန်မ မှတ်မိနေပါသည်။ သမီးကလေးကို ရုပ်ရှင်ရုံရှေ့မှာ မာလကာသီး ထိုင်ရောင်းသည့် အဖြစ်မျိုး အမေ မထားရက်နိုင်သော်လည်း တစ်ဖက်တစ်လမ်းက ဝင်ငွေကလည်း လိုနေတာ အမှန်ပဲမဟုတ်လား။ ဤသို့ဖြင့် မြင်းခြံမြို့၏ ရုပ်ရှင်ရုံ သုံးရုံရှေ့တွင် ကျွန်မ အောက်က မောင်လေးနှင့်အတူ မာလကာသီး ထိုင်ရောင်းခဲ့သည်။ ကျောင်းက အပြန်မှာ အစ်ကိုတွေက မာလကာသီး

ဆွတ်ကာ ကျွန်မတို့ မောင်နှမကို ရုပ်ရှင်ရုံရှေ့ လိုက်ပို့သည်။ အိုးဆိုင်က အပြန် အမေကိုယ်တိုင် လိုက်လာကာ ရုပ်ရှင်ရုံရှေ့ မီးမှိန်မှိန်မှာ သားမိတစ်တွေ ငုတ်တုတ်ထိုင်ရင်း အားလပ်ချိန်ကို စောင့်ရတာလောက် အားငယ်စရာကောင်းတာ မရှိပါ။ ကျွန်မတို့ ငယ်ငယ်က ရုပ်ရှင်ပြလို့ သုံးချိုးနှစ်ချိုးလောက်ကျလျှင် အားလပ်ချိန် ပေးတတ်ပါသည်။ ရုံထဲက အသံတွေကို ကြားရဖန်များတော့ အားလပ်ချိန်ကိုပင် ကျွန်မတို့ ခန့်မှန်းတတ်ခဲ့ပြီ။ လူတွေ ဝေါခနဲ ထွက်လာတော့ ကိုယ့်မာလကာသီးတောင်းဘယ်သူ မျက်စိရောက်ကြလေမလဲ ကြည့်ရတာကလည်း အသနားခံသလိုများ ဖြစ်နေသလား။

"ညည်းအဖေကလည်း ဒီတစ်ခေါက် ကြာလိုက်တာအေ၊ ကိုသန်းတို့ပြောတာတော့ မလယ်ဘက် ရောက်နေသတဲ့"

အမေက ရုပ်ရှင်ရုံကအပြန် ကျွန်မကို အားပေးသလိုလိုနှင့် အဖေ့သတင်းကို ပေးတတ်သည်။ မာလကာသီးတွေက တောင်းပြတ်ကုန်ခဲ့တာမျိုး မရှိတော့ အပြန်လည်း အရွက်ပါရသည်သာ။ လမ်းမီးရောင် ကျိုးတိုးကျဲတဲအောက်မှာ ကျွန်မတို့တစ်တွေ စကားတပြောပြော ပြန်လာခဲ့ကြသည်။ အိမ်ရောက်တော့ အိပ်တဲ့ကလေးက အိပ်နေကြပါပြီ။ နို့စို့ မောင်ငယ်ကလေးခမျာ နို့ဆာရာလွန်းလို့ အမေ့ကို မြင်လိုက်ကတည်းက ထိုးဟပ်တော့၏။ ကျွန်မက ခြေဆေးလက်ဆေး ထမင်းစားပေမယ့် အမေက မစားနိုင်သေး။ မီးတိုင်ခွက် ဆားချကာ ငွေအကြွေတွေကို ရေတွက်နေရှာတုန်း။

"ဆယ့်နှစ်ကျပ်နဲ့ ပြားခြောက်ဆယ်ရတယ် သမီးရေ"

ဆန်တစ်ပြည်မှ တစ်ကျပ် ငါးမူးဆိုတော့ သည်ငွေသည်လည်း ကျွန်မတို့ မိသားစုအတွက် အားဖြစ်ရပါ၏။ ကျွန်မ အိပ်ရာထဲရောက်သော်လည်း အိပ်မပျော်နိုင်သေး။ ကျွန်မ မျက်စိထဲမှာ မာလကာပင်



လေးဆယ့်သုံးပင်ကို မြင်နေရသည်။ ရောင်းကြရော့ဟဲ့ဆိုသည့်ပမာ အသီးတွေက မြင်မကောင်းအောင် သီးပြနေကြသည်။ ကျွန်မမှာတော့ တောင်းထဲက လက်ကျန် မာလကာသီးတွေတောင် မကုန်သေးဘဲနှင့် နောက်ထပ်ခူးဖို့ပင် အားလျော့နေမိရပါ၏။ အိပ်မက်တွေထဲမှာ မာလကာသီးတွေအရာ... အထောင်... အသောင်း...။ တစ်ခါများတော့ မာလကာသီးတွေကားကြီးနှင့် တစ်စီးတိုက် ရောင်းရသည်ဟု ကျွန်မ အိပ်မက် မက်သည်။ ဈေးကောင်းလည်း ရသည်ဆိုတော့ ပိုက်ဆံတွေ ဖွေးနေအောင် ရလိုက်သည်။

"ငါ့သမီးကို ဆယ့်နှစ်မုခ်ဘုရားပွဲကျရင် ဂါဝန်ကလေး ပြန်ဝယ်ပေးမယ်နော်"

အိပ်မက်ထဲမှာပင် ဂါဝန်ကလေး ပြန်ဝယ်ပေးမည်ဆိုတာပါလို့ ဝမ်းသာလိုက်ရတာ။ မနက်မိုးလင်းတော့လည်း ဘာမှမဟုတ်။ အမေလည်း အိုးဆိုင်ကို ပြေးလေပြီ။ ကျွန်မတို့ မောင်နှမတွေအတွက် ကျောင်းမုန့်ဖိုး မတ်စေ့ကလေးတွေ အမေ စီချထားခဲ့ပါ၏။ တစ်ခါ တစ်ခါတော့ ကလေးအတွေးနှင့် တစ်သက်လုံးများ မာလကာသီး ရောင်းရတော့မှာလားလို့ တွေးခဲ့မိရသည်။

●

(၃)

အငယ်နှစ်ယောက်က ကျောင်းမနေသေးတော့ ကျွန်မောင်နှမလေးယောက်အတွက် တစ်ယောက် တစ်မတ်စီ ပေးဦးတော့ တစ်ကျပ်ထွက်ပြီ။ သည်တစ်ကျပ်က ဟင်းဖိုး ကျွေးဖိုးကလေးတော့ ရသေးသည်။ အမေ့အိုးဆိုင်ကလည်း ကြွေးဟောင်းဆပ် ကြွေးသစ်ယူဆိုတော့ အမြတ်ရယ်လို့ဆုပ်ဆုပ်ဖွဖွ ကျန်တာမျိုးမဟုတ်။ ပြီးတော့ အိုးသဘာဝ ကွဲတာကျေတာက

အရှုံး။ သည်တော့ ကျွန်မတို့ ကျောင်းမုန့်ဖိုးသည် မာလကာသီးနှင့် စလုပ်တိုက်ရလေပြီ။ ကိုယ်သယ်နိုင်သလောက် တက်ခူး၊ အလုံးလှလှရွေး၊ ရေဆေးကာ ကျောင်းလွယ်အိတ်ထဲ ထည့်သယ်ကြရသည်။ သူငယ်ချင်းတွေကို ရောင်းလိုက်တော့ ကျောင်းမုန့်ဖိုး ထွက်သည်။

သည်လိုဆိုတော့လည်း အဆင်ပြေသွားပဲ မထင်လိုက်ပါနှင့်။ ကျောင်းဈေးသည်တွေက မကြည်သာတာလည်းရှိသည်။ အချင်းချင်းထဲကလည်း ကုန်းပြေးချောတာ ရှိသည်။ ဆရာ၊ ဆရာမတွေနား ပေါက်သွားလျှင် အငေါက်အငမ်း ခံရသေး၏။ တစ်ခါတော့ ဆရာကြီး ရုံးခန်းကိုရောက်ရလို့ ကျွန်မ ဝမ်းနည်းရပါသည်။ မာလကာသီး ရောင်းမိတာ အပြစ်လား။ ကျွန်မ ဉာဏ်မမီပါ။ ဝမ်းနည်းလှသဖြင့် ကျွန်မ မျက်ရည်ကျမိတာကိုလည်း မှတ်မိနေပါသည်။

"ကျောင်းလာတက်တာ ဈေးမရောင်းရဘူး၊ ရောင်းချင်ရင် ကျောင်းချိန်ပြင်ပမှာ ရောင်းရမယ်၊ ကျောင်းထဲ နောက်မရောင်းရဘူး မှတ်မိတယ်နော်"

ဆရာကြီးက အဲသလောက်သာ ပြောသော်လည်း ကျွန်မမှာ ကြိမ်နှင့်ရိုက်လိုက်တာထက် နာကျင်သွားခဲ့သည်။ ကျွန်မတို့ မောင်နှမတွေအဖို့ ခိုးဝှက်ရောင်းချင်ရောင်း၊ မဟုတ်လျှင် ကိုယ့်မာလကာသီးကိုယ် ကျောင်းသရေစာ လုပ်စားကြရုံသာပင်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော မြင်းခြံရှင်ပင်ရေပေါ် ဘုရားပွဲရက်များသည် မာလကာသီး တွင်တွင်လှိုင်သော တော်သလင်းလတွင် ကျရောက်တတ်ပါသည်။ သုံးဆူဘုရားပွဲဟုလည်း ခေါ်ကြပါ၏။ ဘုရားသုံးဆူစံပယ်ကိန်းဝပ်ရာ ကျောင်းတော်ကြီးရှေ့မှာ ကျွန်မတို့ မောင်နှမ မာလကာသီး ရောင်းခဲ့ကြဖူးသည်။ ဘုရားပွဲ လှည့်ရက်ဆိုလျှင် တစ်မြို့လုံး အုံးအုံးကျွက်



ကျွက် စည်ကားလှပါ၏။ မြို့ကိုလှည့်ကာ ဒေသစာရိ ကြွချီအပူဇော်ခံပြီဆိုလျှင် မြို့တွင်း မြို့ပြင် ရပ်ကွက်များက ကျောင်းမဏ္ဍပ်များထိုးကာ ပူဇော်ကြသည်။ ယိမ်းအဖွဲ့များက အတီးအမှုတ် အကအခုန်များဖြင့် တစ်မဏ္ဍပ်မှ တစ်မဏ္ဍပ်ကူးကာ ဖြေဖျော်ကြသည့်အတွက် ကြည့်၍မဆုံးနိုင်အောင် ပျော်စရာကောင်းလှပါသည်။ ဗဟိုမဏ္ဍပ်ရှိရာ ကျောင်းတော်ကြီးရှေ့ တရားပွဲများကလည်း တစ်ပတ်၊ ဆယ်ရက် ကျင်းပတတ်သဖြင့် တရားနာပရိသတ်ကို မျှော်ကာ မာလကာသီး ရောင်းကြရပါသည်။ အမေက တောင်းထဲ မာလကာသီးတွေထည့်၊ အပေါ်က ကြွေရည်သုတ်လင်ပန်းတစ်ချပ်ခင်း၊ လင်ပန်းထဲ လိုသလောက်တင်ရောင်း။ ဒါက ဘယ်လောက်နဲ့ရောင်း၊ ဟောဒါက ဘယ်လောက်နဲ့ရောင်း။ တစ်ခါတည်း ဈေးပါသတ်မှတ်ပေးလိုက်သည်။ ညဘက်မှာ ကြာနီကန်ဆရာတော်တရား၊ ခမ္မကထိကဆရာကြီးဦးလှသိန်း တရားပွဲများကလည်း တရားနာယူသူများဖြင့် ကျိတ်ကျိတ်တိုး စည်ကားလှသည်။ ပွဲတော်လှည့်ရက်မှာတော့ ယိမ်းတွေ တိုးမပေါက်တော့။

"မမ... ယိမ်းတွေ နင် အရင်သွားကြည့်၊ ငါ ရောင်းထားမယ်၊ နင်ကြည့်လို့ဝရင် ပြန်လာခဲ့၊ ငါသွားမယ်၊ သိပ်မကြာနဲ့နော်"

ကျွန်မနှင့် မောင်လေးတို့ သဘောတူ ညှိနှိုင်းပြီး ယိမ်းပွဲတွေကို တစ်လှည့်စီ ကြည့်ကြသည်။ ဇာတ်ပွဲ၊ ယိမ်းပွဲတွေကို ဝါသနာကြီးလှသော ကျွန်မက မာလကာသီးဗန်းကို မောင်လေးနှင့် ထားခဲ့တာ များပါသည်။ မာလကာသီး တစ်တောင်း ကုန်တိုင်း အမေ့ကို မျက်နှာလုပ်ချင်လွန်း၍ အိမ်ကို အပြေးပြန်ကာ အမေ့ကို ပိုက်ဆံအပ်၏။ အမေက 'ရောင်းကောင်းသားဟဲ့'ဆိုကာ နောက်တစ်ဗန်း ထည့်ပေးလိုက်ပြန်ပါ၏။ အမေက

'ပါးစပ်ကလည်း အော်ရောင်းရတယ်ကွယ့်'လို့ သင်ပေးလိုက်တော့ ကျွန်မ အော်ခဲ့ရသည်။ ဟုတ်တော့လည်း ဟုတ်သား။ အော်ရောင်းတော့ ပိုပြီး အာရုံရှိကြလို့လားမသိ။ ပိုရောင်းရသည်။

"မာလကာသီးတွေနော်၊ ဆယ်ပြား တစ်မတ် ဆယ်ပြား တစ်မယ်"

ပွဲတော်သံတွေကြားမှာ စူးစူးပြာပြာ အော်ခဲ့ရတာကလည်း လည်ချောင်းများပင် နာလှပါသည်။

●

## (၄)

တကယ်တော့ သည်မာလကာပင် လေးဆယ့်သုံးပင်သည်လည်း ကျွန်မတို့ မောင်နှမများ၏ ငယ်ဖော်များ ဖြစ်ကြပါသည်။ ကျွန်မတို့တစ်တွေက အိမ်ပေါ်မှာ နေကြသည်မရှိဘဲ မာလကာတောထဲမှာ အနေများကြသည်။ အမေက ခိုင်းစရာရှိလို့ခေါ်လျှင် မာလကာတောထဲကို လှမ်းဟစ်ရမြဲ။ ကာတွန်းစာအုပ် တစ်အုပ်လောက်များ ရလိုက်ပြီဆိုလျှင် ချောင်ကျကျ မာလကာပင်ခွဆုံကို တက်ကာ ကျိတ်ဖတ်ရတာ ဇိမ်ကျလှပါ၏။ ကာတွန်းဖတ်ပြီးမှ အပင်ပေါ်က ဆင်းကြသည်။ မာလကာတောကြီးဆိုတော့ တော်ရုံတန်ရုံ သစ်ပင်ပေါ် တက်လိုက်သည်နှင့် ပျောက်သွားတတ်ပေရာ တူတူပုန်းတမ်း ကစားလျှင် မြေပေါ်မှာ ပုန်းကြတာမျိုးမရှိဘဲ သစ်ပင်ပေါ် တက်ပုန်းကြသည်။ ရှာသူက 'တူ' တစ်ခွန်းဟေ့ဟု တောင်းဆိုလိုက်လျှင် သစ်ပင်တွေပေါ်ကနေ 'တူ' သံတွေ ပေးလိုက်ကြသည်မှာ ချိုးငှက်တွေ ကူကြသည်နှင့်ပင် တူသည်။

စာကျက်ကြတော့လည်း မာလကာပင်ခွဆုံ ကောင်းကောင်းမှာထိုင်ကာ ကျက်ကြသည်။ ကိုယ်နှင့် အဆင်ပြေသည့် မာလကာပင်တစ်ပင်ကို



ရွေးထားတတ်ကြသည်။ သည်အပင်က စာကျက်ရလွယ်တယ်၊ လေဘ်ကီးကောင်းတယ် စသဖြင့် အစွဲအလမ်းထားကြတာမျိုးလည်း ရှိပါ၏။ တစ်ခါတစ်ရံ မာလကာပင်ခြေမှာပင် ဖျာကြမ်းကြီးခင်းကာ ဂဏန်းတွက်ကြသည်။ စာမေးပွဲ နီးလာသည့် ရက်တွေမှာတော့ မာလကာတစ်ပင်စီပေါ်ကနေ စာကျက်နေကြသော ကျွန်မတို့ မောင်နှမတွေ၏ စာအော်ကျက်သံက လက်ပံပင် ဆက်ရက်ကျသလို ပွက်ပွက်ညံနေတတ်ပါသည်။ ညို့သည်လာလို့ ကလေးတွေကော မေးလာလျှင် အမေက ညို့သည်ကို မာလကာတောထဲ ခေါ်လာပြီး ဆင်းခိုင်းရသည်။ သစ်ပင်တွေပေါ်မှာ မျောက်တွေလို တစ်ကိုင်းကနေ တစ်ကိုင်း လွှဲကာ လွှဲကာ ကူးနေကြသည့် ကျွန်မတို့ကိုကြည့်ရင်း အံ့သြသွားတတ်ကြပါ၏။

"ချော်ပြုတ်ကျပါဦးမယ် မမြတင်ရယ်၊ မကြားကောင်း ကြားကောင်း"

"ကျုပ်ကလည်း ဈေးတစ်ဖက်နဲ့ဆိုတော့ မကြည့်နိုင်ပါဘူးတော်၊ သူတို့ကိုယ်သူတို့ ထိန်းဖို့ပဲ ဆုံးမ,ရတာပဲ"

ညို့သည်က စိုးရိမ်သော်လည်း ကျွန်မတို့ မောင်နှမတွေအားလုံး သစ်ပင်ပေါ်က ကျခဲ့သူရယ်လို့ မရှိ။ အပင်ချင်းနီးလျှင် တင်ပင့်တစ်ပင် အပင်ပေါ်ကပင် ကူးလိုက်ကြသေး၏။

နွေဝင်ပြီဆိုလျှင် မာလကာပင်တွေ ရွက်ဝါထိုးကြပြီ။ နည်းနည်းရင့်တော့ သံချေးရောင်လိုက်ကြပြီ။ ပြီးလျှင်တော့ အရွက်တွေ ခြွေကြတော့သည်။ ထိုအခါ မာလကာပင်တွေအားလုံး ကမ္ဗဒ္ဒာန်းရုပ် ပေါက်လာလေ၏။ အရိုးပြိုင်းပြိုင်းနှင့် ရွက်ကြွေတောကပင် နွေသရုပ်ကို အပီအပြင် ဖော်ကျူးနေကြသယောင် ထင်မိပါသည်။ ဥသြသံလည်း ကြားရပြီ။ ရွက်ခြောက်တွေကို တကျွမ်းကျွမ်းနင်းကာ မာလကာပင်တွေကို မော့ကြည့်ရတာ အမော။ အကျည်းတန်လှသော မာလကာပင်တွေပေါ်မှာ နွေသီးကလေး

တွေ ရှားရှားပါးပါး တွေ့ရတတ်သည် မဟုတ်လား။ တချို့က နေလောင်သီးဖြစ်သည်။ နေရောင်တစ်ခြမ်း ထိုးထားသဖြင့် တစ်ဖက်က ဝါ၊ တစ်ဖက်က စိမ်း။ နွေသီးကတော့ နွေရာသီ ရေဆုတ်ချိန်မှာ ကျစ်တိုးပြီး ဖျစ်ညှစ်တင်ရသော အသီးဖြစ်၍ စားလျှင် အလွန်ချိုတတ်ပါသည်။ နွေရာသီမှာ နွေသီးရှာရတာလည်း အလုပ်တစ်လုပ်ပင်။ ဖြူရော်ရော် မာလကာပင်တွေခမျာ အပူဒဏ်ကြောင့် အရေပြားတွေ လန်သလို အဖတ်တွေ ကွာထွက်လာတော့သည်။

“နွေသီးက ချိုမှာပေါ့ သမီးရဲ့၊ အခါရာသီမဟုတ်တဲ့ကြားက ရုန်းကန်သီးရတာ မဟုတ်လား၊ နေပူ လေပူ မြေပူကြားက ရသမျှ ရေဓာတ်ကလေးနဲ့ အားယူပြီး အသက်ဆက်ကြရတာ၊ ခဲရာခဲဆစ် ရှားရှားပါးပါး ထသီးရတဲ့အသီး ချိုပြီပေါ့”

အမေ့ကို နွေသီးကလေးရလို့ ဦးဦးဖျားဖျားကျွေးလျှင် အမေက သည်စကား အမြဲပြောတတ်သည်။ အမေက နွေသီးကလေးကို ရေစင်စင်ဆေး၊ လေးစိတ်ခွဲကာ ပန်းကန်ပြားကလေးထဲထည့် ဘုရားကို သစ်သီးဆွမ်းကပ်သည်။

နွေသီး...။ ရုန်းရင်းကန်ရင်း ခဲရာခဲဆစ် ထသီးရတဲ့အသီးဆိုတော့ ချိုပြီပေါ့... တဲ့။

●

(၅)

ကျွန်မ ဆယ့်သုံးနှစ်သမီးမှာ မြင်းခြံမြို့ကနေ မန္တလေးမြို့ကို ပြောင်းဖို့ ဖြစ်လာခဲ့သည်။ နွေရာသီ၏ ရက်တစ်ရက် ဖြစ်ပါသည်။ မြင်းခြံကို ကျွန်မတို့ ခွဲရတော့မည်။ မာလကာတောကို ခွဲရတော့မည်။



မိုးသီး နွေသီးတွေကို ထားခဲ့ရတော့မည်။ ကျွန်မ၏ ဇာတိမြို့ကလေးကို နေခဲ့ရစဉ်က စွဲလန်းလှသည် မဟုတ်သော်လည်း ပြောင်းရမည်ဆိုတော့မှ ပိုပြီး ခံစားနေမိရပါ၏။ မြင်းခြံတွင် နေခဲ့ရသည့် နှစ်ကာလတွေမှာ ကျွန်မတို့ မိသားစု အဆင်ပြေလှသည် မဟုတ်ပါ။ ရုန်းရင်းကန်ရင်း ကျစ်ကာတိုးကာ သီးရသည့် နွေသီးတစ်လုံးလို နေခဲ့ရသည့် ရက်တွေသာ ဖြစ်ခဲ့သည်။ ပြောင်းရတော့မည်ဆိုတော့ အလွမ်းရဆုံးက မာလကာပင်တွေပဲ ဖြစ်ပါ၏။ မာလကာပင်တွေကို တစ်ပင်ချင်း လိုက်ကြည့်ကြသည်။ တစ်ပင်ချင်း နှုတ်ဆက်ကြသည်။ ဓားဦးချွန်ဖြင့် ထွင်းထားသော သစ်ပင်နံပါတ်တွေက ကျွန်မတို့ မောင်နှမတစ်တွေကို မျက်ရည်များဖြင့် ကြည့်နေသလို ခံစားကြရသည်။

ထိုနှစ်က ကျွန်မ သတ္တမတန်းစာမေးပွဲ ဖြေပြီးချိန်ဆိုတော့ တပေါင်းလ၊ အရွက်တွေ ခြွေချိန်၊ အရိုးစုတွေလို ပြိုင်းပြိုင်းထချိန်။ ရွက်ဝါတွေ အောက်ချိုင်းထဲမှာ ထူထူသိပ်သိပ် ကြဲပြန့်နေချိန်။ သည်ရက်ထဲမှာ အဖေလည်း ရောက်လာပြီဆိုတော့ အဖေက ချက်ပလက်ကားအိုကြီးတစ်စီး ငှားလာခဲ့သည်။ ရုတ်တရက် ကောက်ကာငင်ကာ ပြောင်းကြရတာကို ကျွန်မ နားမလည်တတ်ခဲ့ပါ။

“မန္တလေးမြစ်ဆိပ်မှာ အဖေ မြေဝယ်ထားတယ်။ မန္တလေးမှာ လှေအလုပ်တွေ ပေါတယ် သမီးရဲ့၊ အိမ်ကလည်း မြစ်ဆိပ်မှာဆိုတော့ လှေအလုပ်နဲ့ နီးတာပေါ့၊ သမီးတို့ကို မန္တလေးတက္ကသိုလ်ကျောင်းကြီး အဖေက ပို့ချင်သေးတာ၊ ဒါကြောင့် အဖေ ရုန်းကန်နေတာပေါ့ သမီးရဲ့”

“သမီး မြင်းခြံကို လွမ်းတယ်၊ မာလကာပင်တွေကိုလည်း လွမ်းတယ်၊ အမေ့အိုးဆိုင်ကိုလည်း လွမ်းတယ် အဖေ”

“မြင်းခြံကို သတိရတော့ လာတာပေါ့၊ မာလကာပင်တွေ မန္တလေးမှာလည်း စိုက်ပေါ့ သမီးရဲ့၊ လူဆိုတာ တော်ရာမှာ နေကြရတာကွယ့်”

ကျွန်မရင်ထဲ ခံစားရသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။ အဖေက အိမ်နီးချင်းတွေကို လိုက်နှုတ်ဆက်သည်။ အမေက အထုပ်အပိုးတွေ ပြင်ရပြီ။ အမေလည်း စိတ်ကောင်းပုံမရပါ။ သားသမီး ခြောက်ယောက်စလုံးကို မွေးဖွားခဲ့ရာ သည်အိမ်ကလေးကို ခွဲချင်ပုံမရ။

“ကျုပ် အလုပ်က ရေထဲဘဝလုပ်နေရတော့ ကလေးတွေ ပစ်ထားရတာ စိတ်မချမ်းသာလွန်းလို့ ပြောင်းရတာပါဗျာ၊ မအေကလည်း အိုးဆိုင်တစ်ဖက်နဲ့ဆိုတော့ ကလေးတွေခမျာ အနေဆင်းရဲ အစားဆင်းရဲ မန္တလေးတော့ သားသမီးတွေနဲ့ ကျုပ်အတူတူ နေရကောင်းပါရဲ့ အောက်မေ့သားပဲ၊ အဓိက,ကတော့ ကလေးတွေ နောင်ရေးပေါ့”

ကျွန်မတို့ မမွေးခင်က အဖေနှင့် အမေ ရွာမှာ အနေအစား ဆင်းရဲလှသဖြင့် မြင်းခြံကို ပြောင်းခဲ့ကြခြင်းဟု ဆိုပါသည်။ မြင်းခြံမှ မန္တလေးကို ပြောင်းရတော့လည်း အနေအစား ဆင်းရဲလို့ဟု ဆိုပြန်ပါသည်။ မန္တလေး ရောက်ရင်ကော…

ကျွန်မတို့ ပြောင်းကြမည့်မနက်က အဖြစ်ကလေးကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။ မာလကာသီးတောင်းရှက်ကာ မာလကာသီးတွေ ရောင်းခဲ့ရတာ သည်အပင်တွေကြောင့်ဆိုသည့် နာကြည်းစိတ်မျိုး ကျွန်မမှာ ဘယ်တုန်းကမှ မရှိ။ သည်အပင်တွေရှိလို့သာ ဝင်ငွေကလေး တစ်ဖက်တစ်လမ်းက ရနေတာ၊ တကယ်တော့ သူတို့လည်း ကျေးဇူးရှင်တွေရယ်လို့သာ ကျွန်မ သဘောထားနိုင်ခဲ့သည်။ အဖေတို့တစ်တွေ ကားပေါ် ပစ္စည်းတွေ တင်နေကြတုန်း ကျွန်မတစ်ယောက်တည်း အောက်ချိုင်းထဲက



မာလကာတောထဲ ဆင်းလာခဲ့သည်။ တစ်ပင်ချင်း လက်နှင့်လိုက်ထိခဲ့ပါသည်။ ကျွန်မမှာ မျက်ရည်တွေ သွန်ကျနေခဲ့တာလည်း မှတ်မိပါ၏။

“ခင်ထူးရေ… နွေသီးကလေးတော့ လက်ဆောင်ယူသွားပါဦးဟာ၊ နင်တို့က နွေရာသီးကြီးပြောင်းတော့ ငါကလည်း နွေသီးကလေးတစ်လုံးလောက်ပဲ ပေးနိုင်တယ်၊ တက်ခူးလိုက်စမ်းပါ နင် စားရတာပေါ့၊ နွေသီးက ချိုတယ်လေ”

မာလကာပင်တွေကို အပင်စေ့ ကျွန်မ လိုက်ကြည့်သည်။ နွေသီးကလေးတစ်လုံးကို ကျွန်မ ရိုးရိုးရိပ်ရိပ် တွေ့လိုက်ရ၏။ မာလကာပင်ကြီးပေါ် ကျွန်မ မရမက ကုတ်ကပ် တွယ်တက်လိုက်သည်။ အပင်နံ့ပါတ်နှစ်ဆယ့်ခုနစ်။ နွေသီးက ဝင်းမှည့်နေ၏။ ကိုင်းမာပေါ် ရပ်ရင်း လက်တစ်ဖက်က အပေါ်ကိုင်းကို ဆွဲထားရသည်။ ကိုယ်ကိုဖော့ကာ နွေသီးကို လက်လှမ်းကာ ခူးဖို့ပြင်လိုက်သည်။

“မထူးရေ… သမီး သွားကြစို့၊ ကားထွက်တော့မယ်၊ သည်ကလေးမ ဘယ်ရောက်သွားပါလိမ့် မထူးရေ”

အမေ့ခေါ်သံ။ ကျွန်မမှာ နွေသီးကလေး ဝိုင်းစက်စက် ဝါရွှေရွှေကို မမီနိုင်သေး။ မီလုမီခင်။ ရှေ့တိုး… နည်းနည်းတိုး… မီတော့မယ်။ ခူးလိုက်စမ်း။ မန္တလေးကို ပါအောင်ယူခဲ့ရမယ့် အသီးလေ။ ကျွန်မ ရှေ့ကို တအားကြီး ငိုက်လိုက်သည်။ မာလကာကိုင်းက ညွှတ်ကျသွားသော်လည်း မကျိုးနိုင်မှန်း အတွေ့အကြုံအရ ကျွန်မ သိနေပါ၏။ နွေသီးကလေးကို ကျွန်မ ဆွတ်လိုက်ချိန်မှာ သစ်ပင်အောက်ကို အမေ ရောက်နေပြီ။

“အမေ ထင်လို့ လိုက်လာတာ။ ဆင်းခဲ့တော့ သမီး၊ အလို… ကိုင်းများရောက်နေပါပကော၊ ဆင်းဆင်း အသာဆင်း၊ မိန်းကလေးနယ်တော်”

သစ်ပင်အောက်ရောက်တော့ နွေသီးကလေးကို အမေ့ ပေးလိုက်ပါသည်။ အမေက ကျွန်မခေါင်းကို ပွတ်သပ်နေရှာသည်။ နွေသီးကလေးကို ကျွန်မ လက်ထဲ ပြန်ထည့်ပေးလိုက်သည်။

"သမီးပဲ စားလိုက်ပါကွယ်၊ ငါ့သမီး မာလကာသီးရောင်းရတဲ့ဝင်ငွေက ကျွတ်ပါပြီ၊ လာ သမီး ကားထွက်တော့မယ်"

မာလကာပင် လေးဆယ့်သုံးပင်ကို ကျွန်မ တစ်ချက်ငေးကြည့်ခဲ့ကာ အောက်ချိုင်းထဲက [illegible]လာခဲ့သည်။ ကျွန်မတို့ ငှားထားသည့် ကားကြီး ထွက်လာတော့ မာလကာပင်တွေက အရိုးငေါငေါကြီးများကို အားပြုကာ ကျွန်မတို့ကို နှုတ်ဆက်နေကြပါ၏။

"နင်တို့ မာလကာသီး ရောင်းရတဲ့ဘဝက လွတ်သွားကြပြီပေါ့ဟာ၊ တစ်မျိုးတော့လည်း ကောင်းပါရဲ့၊ မန္တလေးမှာ ကျောင်းပိတ်ရင် မြင်းခြံကို လာပြီး နွေသီးကလေးတွေတော့ ရှာခူးလှည့်ကြပါဦး"

မာလကာပင်တွေက လှမ်းအော်နေကြသလို ကျွန်မ ခံစားရပါ၏။ ကျွန်မတို့ သည်ခြံကို ဝယ်စဉ်က မာလကာပင်တွေပါ ရလိုက်သလို ကျွန်မတို့ ထွက်သွားတော့လည်း မာလကာပင်တွေ ထားခဲ့ရပြန်ပြီ။ တဖြည်းဖြည်းနှင့် ကျွန်မတို့တစ်တွေ မြင်းခြံမြို့ရိပ်နှင့် ဝေးကွာလာခဲ့သည်။

ကျွန်မ လက်ထဲမှာတော့ 'နွေသီး'ကလေးတစ်လုံး...။

●

(၆)

မန္တလေးမြို့သစ်ရှိ ကျွန်မတို့အိမ် ခြံဝင်းထဲမှာ မာလကာပင် သုံးပင် စိုက်ထားပါသည်။ တစ်ပင်က ကီလိုမာလကာမျိုးဖြစ်၍ တစ်ပင်က ပင်လုံးကျွတ်သီးလေ့ရှိသည့် မာလကာရိုးရိုးဖြစ်သည်။ သည်အပင်နှစ်ပင်က



အစုဖြူ။ တစ်နှစ်သားသာသာရှိသေးသော မာလကာအနီမျိုးကတော့ အသီး မပြသေးပါ။ ကီလိုမာလကာက အလုံးကြီးသလောက် အသားပါလှသော မျိုးဖြစ်၍ တစ်လုံးပြီးတစ်လုံး ရက်ခြားဆွတ်စားခဲ့ကြသည်။ မာလကာ ရိုးရိုးကတော့ အပင်ထွားသလောက် အသီးကလည်း အလုံးနှစ်ရာကျော် လောက် သီးပါသည်။ မာလကာသီးတွေကို သီးလုံးပီလာသည်နှင့် ကျွတ်ကျွတ်အိတ် စွပ်ရသည်။ ကျွန်မတို့နေသော ရပ်ကွက်က သစ်ကြီးဝါးကြီး ပေါတော့ ရှဉ့်တွေလည်း ပေါသည်။ ကျွတ်ကျွတ်အိတ် စွပ်ထားသည့်ကြားက အိတ်ကိုပါ ဖောက်ကိုက်ထားတတ်ကြပါ၏။

မြေပေါ်မှာ ပြန့်ကြဲနေသည့် မာလကာသီးတွေ။ ရှဉ့်ကိုက်ရာတွေလည်း ပါသည်။ အညှာက ကိုက်ဖြတ်ထားတာတွေလည်း ပါသည်။ မှည့်မှည့်ပျော့ပျော့ ဝါဝါဝင်းဝင်းကြီးတွေလည်း ပါသည်။

"မေမေ... မာလကာသီးတွေ ကြွေကျနေတာ အများကြီးပဲ၊ သည်မှာလည်း တစ်လုံး..."

ကျွန်မ သမီးငယ်က ရှဉ့်ကိုက်ထားသမျှ မာလကာသီးတွေကို လိုက်ကောက်နေလေသည်။ ပြီးတော့ တစ်နေရာတည်းမှာ ပုံထားသည်။ တချို့အသီးတွေက ရှဉ့်ကိုက်ထားသော်လည်း ကွက်လိုးလိုက်လျှင် စားလို့ရသေးသည်။ ဟိုဘက်အိမ်က ဂုဂုးတို့ မောင်နှမကို ပေးရမည်။


ကျွန်မကတော့ မြင်းခြံက မာလကာတောကြီးဆီ စိတ်ရောက်နေမိသည်။ မြင်းခြံမြို့ အမှတ် (၆) ကွေ့ကြီးရပ်၊ မြူနီစီပါယ်ရေစက်ကြီး မြောက်ဘက်က လမ်းတိုကလေး၊ အောက်ချိုင်းထဲက မာလကာပင် လေးဆယ့်သုံးပင်။ ရပ်ရှင်ရုံများ၊ မာလကာသီး ဖောက်သည်များ၊ လွယ်အိတ်ထဲက ခိုးကြောင်ခိုးဝှက် မာလကာသီးများ။ ကျောင်းတော်ကြီးရှေ့က ကြွေရည်သုတ် လင်ပန်းကလေးနှင့် မာလကာသီး ထိုင်ရောင်းနေသော

မောင်နှမ နှစ်ယောက်။ ချက်ပလက် ကားအိုကြီးနှင့် နွေသီးကလေး တစ်လုံး . . .။

သည်နှစ်တော့ မြင်းခြံကို ကျွန်မ ရောက်အောင်သွားပါဦးမည်။ ကျွန်မ၏ ဇာတိမြို့ကလေးကို သမီးကလေး ရောက်ဖူးအောင် ပို့ရဦးမည်။ ကျွန်မ၏ ငယ်ဘဝတွေရှိရာ ခြံရာဟောင်းတွေကို သမီးကလေးမြင်အောင် ပြရဦးမည်။ နေပူ လေပူ မြေပူ ရဲရဲထဲက ကျစ်ကာတိုးကာ သီးရသည့် နွေသီးကလေးတွေအကြောင်း ပြောပြရပါဦးမည်။

**မြင်းခြံမြို့နယ်မဂ္ဂဇင်း၊**
**(၂၀၀၉) ခုနှစ်။**

● ● ●





# ဂွဲသတ်ချိန်

## (၁)

စိတ်ကလေး လက်ကလေးအားတုန်း မရှင်းရတာ ကြာပြီဖြစ်သော ဗီရိုကြီးကို ရှင်းဖို့စိတ်ကူးမိပါသည်။ ဗီရိုကြီးက ယွန်းပစ္စည်းများ၊ အမှတ်တရပစ္စည်းများထားသည့် ဗီရိုဖြစ်၍ အောက်ထပ်မှာ အင်္ဂလိပ်ဘာသာ စာအုပ်မျိုးစုံ ရှိနေပါသည်။ ကျွန်မတို့ ရတ်တရက် မဖွင့်ဖြစ်သော ဗီရိုဖြစ်၍ ပိုးမျှင်တွေ ဖုန်တွေ ထုတက်နေလေပြီ။ စာအုပ်တွေကို အကန့်လိုက်ထုတ်၊ ဖုန်ခါ၊ အလိုက်သင့် ပြန်စီရတာ လွယ်သော်လည်း အပေါ်နှစ်ကန့်က ပစ္စည်းတွေကတော့ အရှုယ်စုံ အမယ်စုံ ဆိုရလောက်အောင် ပြုတ်စဖျင်းတောင်းတွေဆိုတော့ တစ်ခုချင်း အပြင်ထုတ်ပြီး ရှင်းရပါသည်။ ဓာတ်ပုံအယ်လ်ဘမ်များ၊ ဂွမ်းအရုပ်များ၊ သမီး၏ ကစားစရာများ၊ မှန်အိမ်ဟောင်းများ၊ ဓားပြားဘူးများ စသည်ဖြင့် ထွက်လာသမျှ ပစ္စည်းတွေကို တစ်ခုချင်း ဖုန်သုတ်သန့်စင်ရသည်။

အကန့်တစ်ကန့်ကတော့ ကျွန်မ အဖေနှင့်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။ အဖေ မရှိတော့သည့်နောက်ပိုင်း အဖေ့ အလွမ်းပြေပစ္စည်းတချို့ကျွန်မ ယူထားခဲ့ပါသည်။ အဖေ လူပျိုဘဝက ဝတ်ခဲ့သည့် ဘန်ကောက်ပုဆိုး သုံးထည်ပင် ပါသေးသည်။ အဖေ ရေးခဲ့သည့် ဖောင်တိန်၊ အဖေ



ရဟန်းဝတ်စဉ်က ရဟန်းဝတ်နှင့် ရိုက်ကူးထားသည့် ဓာတ်ပုံ၊ အဖေကိုင်နေကျ ရေဒီယို စသည်ဖြင့် ပစ္စည်းများလည်း ရှိနေပါ၏။

ရေဒီယိုကလေးကို ဖုန်သုတ်သန့်စင်သည့်အခါမှာတော့ အဖေ ရှိစဉ်ကလို ရေဒီယိုကလေးက အသံတွေ မြည်လာသလိုလို ခံစားမိပါသည်။ အဖေက ဒီရေဒီယိုကို အင်မတန် ဖွဲလမ်းရှာပါသည်။ အဖေ နေထိုင်မကောင်းစဉ်တစ်လျှောက်လုံး ပို၍ပင် ဖွဲလမ်းရှာခဲ့ပါ၏။ ရေဒီယိုက လာသမျှအစီအစဉ်တိုင်းကို နားထောင်သည်။ ပြောချင်ရာပြောနေသော အဖော်တစ်ယောက် အနားမှာရှိနေသလို အဖျင်းပြေနေပုံလည်း ရပါ၏။ အမေကအိမ်မှုကိစ္စတွေနှင့် လုံးချာပတ်ချာ ရိုက်နေတတ်သလို ကျွန်မတို့ သားသမီးတွေကလည်း ကိုယ့်ကိစ္စနှင့်ကိုယ်ဆိုတော့ အဖေ့အနားကပ်ချိန် နည်းကြရတာ မဟုတ်လား။ ကျွန်မ ကျောင်းကပြန်လာလျှင်တော့ အဖေ ပျော်သွားတတ်ပါသည်။ ရေဒီယိုက ကြားထားသည့် ထူးထူးဆန်းဆန်းကိစ္စတွေ ပြန်ပြောတတ်သည်။

"အသံထက်မြန်တဲ့ လေယာဉ်ပျံတောင် ပေါ်နေပြီတဲ့ သမီးရဲ့၊ အသံထက် မြန်တယ်ဆိုတာ ဘာတဲ့တုန်း… လေယာဉ်ပျံရှေ့က အသံကနောက်ကျန်ရစ်ခဲ့တာကို ပြောတာလား၊ အဖေတို့တော့ နားမလည်နိုင်တော့ပါဘူး သမီးရယ်၊ တို့က လေသမားဆိုတော့ တစ်သက်လုံး ရေထဲတရွေ့ရွေ့ သွားနေရတာ မဟုတ်လားကွယ့်"

သမီး ကျောင်းဆရာမတော့ သည်ကိစ္စ ရှင်းနိုင်မည်အထင်ဖြင့် မေးခြင်းဖြစ်ပါ၏။ ကျွန်မကည်း ခပ်ထွေးထွေးကလေးလောက်သာ ဖြေနိုင်သည်။ နေ့စဉ် ရေဒီယိုထဲက ကြားသမျှ တစ်ခုမဟုတ် တစ်ခုကို မေးတတ်သော အဖေ့ကို ရေဒီယိုကလေးကြည့်ရင်း လွမ်းလွမ်းဆွတ်ဆွတ်သတိရနေမိခဲ့သည်။ အခုတော့ ရေဒီယိုကလေးကလည်း အသံမမြည်တော့

ပြီ။ အဖေလည်း မရှိတော့ပြီ။ အလွန်ထူးဆန်းသော ခေတ်ပေါ်ပစ္စည်းတွေ အကြောင်း ပြောပြချင်သော်မှ နားထောင်မည့်သူ မရှိတော့တာကို ဝမ်းနည်းနေမိခြင်း ဖြစ်ပါ၏။

ရေဒီယိုကလေးက နေရှင်နယ် အမျိုးအစားဖြစ်၍ အလျားတစ်ပေ၊ အနံ ဆယ်လက်မလောက်တော့ ကြီးပါသည်။ ခလုတ်ကလေး သုံးခုပါသော်လည်း အခုတော့ ခလုတ်တစ်ခု နှစ်ခု ပြုတ်ထွက်နေလေပြီ။ သံချေးကိုက်သည့်နေရာတွေမှာ ကိုက်နေပြီ။ လေတံလို့ ခေါ်ကြသည့် အသံတိုင်က ရေဒီယိုနှင့် တွဲထားသောကိုင်းဖြစ်၍ ရေဒီယိုကို ဆွဲယူသွားနိုင်သည့် လက်ကိုင်ကိုင်းလည်း ပါသေးသည်။ သည်ရေဒီယို အိမ်ကိုရောက်လာစက ကျွန်မတို့အိမ်မှာ ရေဒီယို မရှိတော့ တစ်အိမ်လုံး ဝမ်းသာကြသည်။

"ဝမ်းမသာကြနဲ့ဟော့၊ အဖေလည်း ယူသာယူရတာ စိတ်မကောင်းချက်ကတော့... ဖောင်သမား ဘိုးမှူ ထိုးပေးခဲ့တာလေ၊ အဖေ့ဆီက ချေးထားတဲ့ ပိုက်ဆံတွေ များလာတော့ ကျုပ်မှာ ပိုက်ဆံရယ်လို့ မဆပ်နိုင်တော့ဘူး ကိုညိုရာ ရေဒီယိုသာ ယူပါတော့၊ သူနာ ကိုယ်နာ မအောက်မေ့နဲ့တော့ဗျာလို့ ပြောရှာတယ်"

"အဖေက ဘာဖြစ်လို့ ယူလာရတာလဲ၊ ဘိုးမှူကြီး သနားပါတယ်၊ အဖေက အကြွေးနဲ့သိမ်းသလို ဖြစ်နေပြီ"

"အေးပါအေ... အဖေကလည်း အဲသလို စိတ်ထဲဖြစ်နေလို့ မယူပါဘူး၊ သူက ကျုပ်က ဖောင်သမားတဲ့၊ ရေထဲမိုးထဲ အန္တရာယ် အင်မတန်များတဲ့လူတဲ့၊ ကျုပ် ခင်ဗျားအကြွေးနဲ့ သံသရာ မပတ်ချင်ဘူးတဲ့ဗျာ၊ ယူသာ ယူပါဆိုတော့ အဖေလည်း မယူလို့ မရတော့ဘူး သမီးရဲ့"

ကျွန်မက ဘိုးမှူကြီး သနားပါတယ်လို့ ပြောတာကလည်း ဘိုးမှူ အကြောင်းသိ၍ ပြောခြင်းပါ။ ဘိုးမှူက ရေထဲက ကုန်းပေါ်တက်ရသည်



မရှိသော ဖောင်သမားကြီးဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်မတို့ မော်တော်ဆိုက်ကပ်ရာ မင်းကွန်း၊ စစ်ကိုင်းစသည့် သစ်ဆိပ်များကို ရောက်ရတိုင်း ဖောင်ပေါ်က တဲထဲမှာ (ဖောင်တဲ ခေါ်ကြပါသည်) ဘိုးမှူ အမြဲတမ်းရှိသည်။ ဘိုးမှူးက ဆယ့်လေးနှစ်သားလောက်ကတည်းက အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်အထိ ဖောင်နှင့် မခွာရသူဖြစ်သည်။ ပင်ပန်းလှသော ကြိုးတုပ် ကြိမ်တုပ် အလုပ်တွေ မလုပ်ရတော့သော်လည်း အသက်ငယ်သူတွေက ဖောင်စောင့်ထားခဲ့မြဲဖြစ်သည်။ လူငယ်တွေက 'ဘိုးမှူ ဖောင်စောင့် ကျွန်တော်တို့ ကုန်းပေါ်တက်လည်လိုက်ဦးမယ်'ဆိုလျှင် မပေါ်လာကြတော့၊ ဘိုးမှူ ဖောင်တဲထဲမှာ ရေဒီယိုတစ်လုံးနှင့် တဂျိဂျိ အသံဖမ်းရင်း စောင့်ရတော့သည်။

သည်ရေဒီယိုက အဖေ့ဆီကို ရောက်လာတာဆိုတော့ ဘိုးမှူ ဘယ်လိုများ နေရှာမှာပါလိမ့်လို့ တွေးမိရာက သနားစိတ် ဝင်မိခြင်းဖြစ်သည်။ အခုတော့ သည်ရေဒီယိုကလေး ကျွန်မတို့အိမ်က ဗီရိုထဲမှာ အဖော့ပစ္စည်းအဖြစ် ရောက်နေခဲ့ပြီ။ လှိုင်းသံ၊ ရေသံ၊ ဝဲသံ၊ ဂယက်သံ၊ မိုးကြိုးမုန်တိုင်းသံတွေထဲက မျှင်းမျှင်းကလေး ကြားနေရသော တယောသံကလေးတစ်သံလို လွမ်းစရာကောင်းလှသော အသံတစ်သံကို ကျွန်မ ကြားယောင်နေမိသလိုပင်။

●

(၂)

ဘိုးမှူ၏ အမည်ရင်းကို ကျွန်မတို့တစ်တွေ မသိကြပါ။ လူတကာက ဘိုးမှူဆိုလို့ ဘိုးမှူ ခေါ်ကြရခြင်းပင်။ ဘိုးမှူက ဖောင်သမား၊ အဖေက ဖောင်ဆွဲမော်တော်သမားဆိုတော့ အလုပ်ချင်းဆက်စပ်ရာက ဘိုးမှူနှင့်

ခင်မင်ကြရတာကလွဲလို့ ဘိုးမှုအကြောင်း ဘယ်သူမှ ဂဃနဏ မပြောနိုင်။ လူကတော့ ဖောင်သမားပီပီ ကျစ်ကျစ်လျစ်လျစ် ထုသားပေသား ကျနေပုံမျိုးဖြစ်သည်။ နေပူ ရေပူ လေပူထဲ သစ်ဖောင်မျောသလို မျောရသူဆိုတော့ အသားက သစ်စေးရောင် ညစ်နက်နက်ဖြစ်၏။ မွဲခြောက်ခြောက်မျက်လုံးတွေမှာ အမြဲတမ်း မျက်ဝတ်တွေ ထွက်နေတတ်သည်။ အင်္ကျီကျောပြောင်ကြီးနှင့် နေတတ်သူ ဆိုသော်လည်း စွပ်ကျယ်ဟောင်းတစ်ထည်တော့ ပခုံးပေါ် ပါလာတတ်၏။

"ကျုပ်က အင်္ကျီဝတ်ကြီးနဲ့ မနေတတ်ဘူးဗျ ကိုညို့ရ၊ ဝတ်ရင် ယားနေတော့သာ၊ ဖောင်စစ်စာရေးတွေ သစ်စစ်စာရေးတွေလာရင် အသင့်ဝတ်နိုင်အောင်လို့သာ ပခုံးပေါ် တင်ထားတာ၊ လူကြီးတွေလာရင် ရိုသေသမှု ဝတ်ရသာကိုး"

ဘိုးမှု၏ အင်္ကျီချွတ်ထားရခြင်း အကြောင်းပြချက် ဖြစ်ပါ၏။ ပုဆိုးကြမ်းထော်ထော်ကို တိုတိုပါအောင်ဝတ်၍ ခါးမှာ ပိုက်ဆံကို လိပ်ကျစ်ထားသည့် အဖုတစ်ဖု အမြဲပါသည်။ အင်္ကျီအိတ် မပါတော့ သူပိုင်ပိုက်ဆံကို ကိုယ်နှင့်မကွာ ထားသည့်သဘော ဖြစ်ပါလိမ့်မည်။ ကျွန်မတို့က သူ့ကို စ,ချင်လို့ ပုဆိုးခါးစည်းကဖုကို စမ်းလျှင် ရယ်နေတတ်သည်။

"ပိုက်ဆံ မရှိပါဘူး တူမကြီးရာ၊ ဘိုးမှုရတဲ့ ပိုက်ဆံ ကမ်းနားက မပွား ပေးရတာနဲ့ ကုန်တာပါအေ၊ အခု သည်ပိုက်ဆံလည်း မပွား ပေးရမှာပဲ"

မပွား ဆိုသူမှာ မြစ်ကမ်းနားက တစ်ခါပြင် ထမင်းသည်ဖြစ်သည်။ အရက်ကလေး ဘာလေးလည်း ရသည်။ သည်တော့ ဖောင်လိုက်ခ ရသမျှ စားတာသောက်တာနှင့် ကုန်ရတာပါပဲဆိုသည့်သဘော ပြောခြင်းဖြစ်ပါ၏။



ဘိုးမှု ခေါင်းက တစ်ဘက်ကတော့ ကျွန်မတို့အိမ်မှာ ပြောစရာဖြစ်ရသည်။ ဘယ်တုန်းကမှ ဖွတ်ခြင်း၊ လျှော်ခြင်းမရှိဘဲ ခေါင်းပေါင်းထားတတ်သော တဘက်ကြီးမှာ ချေးညှော်များ၊ ချွေးစေးများ၊ သဲမှုန့် ဖုန်မှုန့်များဖြင့် စေးကပ်ကာ ပျစ်တွဲကြီးရှိနေသည်။ ကျွန်မတို့ မောင်နှမတစ်တွေ ရေချိုးပြီးလို့ တဘက်ပျောက်နေလျှင် သို့မဟုတ် တဘက်နှင့် သုတ်နေတာ တွေ့လျှင် ဘိုးမှု တဘက်လားဟု စ,ကြမြဲဖြစ်၏။

"မမ နင့်တဘက် ဘိုးမှု ခေါင်းပေါင်းထားတာတွေ့တယ်၊ သွားယူပေးရမလား"

ကျွန်မ မောင်တွေက ကျွန်မ အကဲဆတ်မှန်း သိသဖြင့် စ,ကြခြင်းဖြစ်သည်။ ခေါင်းပေါင်းကြီးအောက်မှ ဘိုးမှု မျက်နှာမည်းညစ်ညစ်ကြီးကလည်း မျက်လုံးအရောင်ကိုပင် မမြင်ရ။ ဘိုးမှု ရယ်လိုက်လျှင် ပါးကြီးခွက်သွားတတ်တာကလွဲ၍ သွားရယ်လို့လည်း မတွေ့ရပါ။ ပါးရေနားရေတွေ တွန့်ချင်တိုင်းတွန့်၊ လိပ်ချင်တိုင်းလိပ်နေပြီ ဖြစ်သော်လည်း ဘိုးမှု၏ ခန္ဓာကိုယ် သန်စွမ်းမှုက အံ့ဩစရာပင် ကောင်းလှပါသည်။

တစ်ခါတစ်ရံ ကျွန်မတို့ ဖောင်ဆွဲမော်တော် ဆိုက်ကပ်ထားရာ မင်းကွန်းသစ်ဆိပ်၊ စစ်ကိုင်းသစ်ဆိပ်၊ ရွှေကြက်ယက်သစ်ဆိပ်များသို့ ကျွန်မတို့ လိုက်သွားတတ်ပါသည်။ ထိုအခါမျိုးတွင် ဘိုးမှုသည် ဖောင်ပေါ်က ဖောင်တဲကလေးထဲတွင် ချက်ပြုတ်နေတတ်တာ ရှိသလို ဖောင်ကြိုးများကို လိုက်တုပ်နေတာမျိုး၊ သစ်လုံးတွေတွဲတာ လိုက်ကြည့်နေတာမျိုးလည်း တွေ့ရတတ်ပါသည်။ ကျွန်မတို့က စားစရာတစ်ခုခု ဝယ်လာသဖြင့် ဘိုးမှု မုန့်သုံးဆောင်ပါဦးလို့ လှမ်းခေါ်လျှင် ဘိုးမှုက တွဲထားသည့် ဖောင်သစ်လုံးတွေကို တစ်လုံးပြီးတစ်လုံး ဖတ်ခနဲ ဖတ်ခနဲနင်းကာ ကျွန်မတို့ မော်တော်ပေါ် ကူးလာလေ့ရှိသည်။ ဖောင်ပေါ်လျှောက်လျှင်

သစ်လုံးပေါ်ကို ခပ်မြန်မြန်ကလေး နင်းရသည်။ မြေပေါ် လမ်းလျှောက်သလို တစ်လှမ်းချင်း အေးအေးဆေးဆေး နင်းနေလျှင် သစ်လုံးက ရေထဲနိမ့်ကျသွားတတ်လို့ဖြစ်သည်။

ပုဆိုးတိုတို၊ အင်္ကျီဗလာ၊ ခေါင်းပေါင်းတဘက် ညစ်ထပ်ထပ်နှင့် မော်တော်ခန်းထဲ ဝင်လာသည့် ဘိုးမူက အမြဲတမ်း ဖျတ်ဖျတ်လတ်လတ်ပင်။ ပြီးလျှင် ကျွန်မတို့ ဝယ်ခြမ်းလာသည့် စားစရာတွေ မြိန်ရေရှက်ရေ စားတော့သည်။ စားပြီးတိုင်း သူ့ခေါင်းပေါင်းကို လက်သုတ်သည်။ တစ်ခါနှိုက်စားလိုက် လက်သုတ်လိုက်။ အစား ကုန်အောင်စားပြီးလျှင်တော့ ဆေးလိပ်တစ်တို မီးညှိကာ အူနေအောင်ဖွာရင်း သူ့စိတ်ထဲ မရှင်းတာတွေ မေးတော့သည်။

"နေစမ်းပါဦး၊ ငါ့တူမက အတန်းတွေ ရလှပြီဆိုတော့ ဘကြီး မေးစမ်းပါဦးမယ်၊ ရေဒီယိုထဲက လာနေတဲ့ စစ်ပွဲ ငါ့တူမလည်း ကြားမှာပေါ့၊ ဖော့ကန်ကျွန်းဆိုတာ ဘယ်ဆီမှာတုန်းကွယ့်၊ ဘကြီးတို့နဲ့များ နီးသလား"

ဘိုးမူပြောသည့် ဖော့ကန်ကျွန်းဆိုတာကို ကျွန်မ ကိုယ်တိုင်က အတော်ကလေး စဉ်းစားယူရပါသည်။ အခု ရေဒီယိုထဲမှာ စစ်ဖြစ်နေတဲ့ ဖော့ကန်ကျွန်း။ နောက်မှ ထိုစဉ်ကာလတွေတုန်းက အင်္ဂလန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ ဖက်ပြိုင်အချင်းများနေကြသည့် ဖောက်ကလန်ကျွန်းကိုပြောမှန်း သဘောပေါက်ရပါတော့သည်။

"ဖောက်ကလန်ကျွန်းပါ ဘိုးမူရဲ့၊ ဟိုးအနောက်ဘက်ဆီမှာရှိတယ်၊ ကျွန်မတို့ နိုင်ငံနဲ့ တော်တော်ဝေးပါတယ် ဘိုးမူရယ်"

"သြော်... အေး... အေး... ဘကြီးက ရေဒီယိုထဲက ညတိုင်း ကြားနေရတော့ နီးများနီးသလားလို့၊ ဒုံးပျံတွေဘာတွေဆိုတာက လောက



ဓာတ်ပညာနဲ့ လုပ်ထားတာဆိုတော့ လွင့်စဉ်ပြီးများ ရောက်လာရင်ဒုက္ခ..."

ကျွန်မတို့ မောင်နှမတစ်တွေနှင့်ဆုံတိုင်း ဘိုးမူက သည်လိုအကြောင်းအရာတွေ အမြဲတမ်း မေးတတ်ပါသည်။ ကျွန်မ မောင်တွေကတော့ ဘိုးမူ ကြောက်အောင် ပြောပြတာလည်းရှိပါသည်။ 'ဘိုးမူ ဖောင်မျှောတုန်း ကောင်းကင်က လေယာဉ်ပျံသံကြားရင် ဖောင်တဲထဲ ဝင်နေ၊ သူများမပြောနဲ့'ဆိုလျှင် တကယ်ယုံရှာပါသည်။

"ကိုရင်ညို့နှယ်... ခင်ဗျားသား အလတ်ကောင် ပြောထားလို့ပေါ့ဗျာ၊ တစ်လောက ပခန်းဆိပ် ဖောင်ကပ်တုန်း လေယာဉ်ပျံဝဲလာလို့ ကျုပ် ဖောင်တဲထဲ ဝင်ပြေးရသေးသာ"

အဖေကတော့ ရယ်နေတတ်ပါသည်။ အဖေက ကွယ်ရာမှာတော့ ကျွန်မတို့ မောင်နှမတွေကို ဆူတတ်သည်။ ဘိုးမူကို မစ,ကြဖို့၊ ကြောက်အောင် မခြောက်ကြဖို့၊ လူကြီးသူမကို ရိုရိုသေသေ ပြောကြဖို့ ဆုံးမပါသည်။

●

## (၃)

"ဘိုးမူက သူ့လောက သူ့ပတ်ဝန်းကျင်မှာ အားကိုးရတဲ့ ဖောင်သမားကြီးကွယ့်၊ မိုးလေများ အကဲခတ်ရပြီဆိုရင် သူ့ကို ဘယ်သူမှ မမီဘူး။ နေသာ မိုးသာ တိမ်သာ လသာ မျှောနေရာက ဘယ်စခန်းရောက်ရင် ဖောင်ကပ်ကြတော့ဟော့ ထမင်းအိုးတစ်လုံးချက်အတွင်း လေကျနိုင်တယ်ဆိုရင် တကယ့်ကို လေကျတော့မှာ သေချာပြီ၊ ဖောင်သမားတွေက မဟုတ်တာ ဘိုးမူရာလို့ မပြောဝံ့ဘူး၊ ဟုတ်လည်း ဟုတ်တာကိုး"

ဖောင်တစ်ပျစ်ဆိုတာ သစ်လုံးပေါင်း ရာနှင့်ချီကာ ဆွဲထားသော အပြင်ပြန့်ကြီးဖြစ်သည်။ သည်ဖောင်တွဲကြီးကို ရုတ်တရက် ကမ်းကပ်ရဖို့ ဆိုတာ မလွယ်ပါ။ ကပ်ရမည့်ကမ်းက အဆင်ပြေပါမှ။ ပုံမှန်ဆိုလျှင်တော့ ကမ်းသာရာ ဖောင်ဆိပ်ကမ်းတွေကို သတ်သတ်မှတ်မှတ်ထားကာ ရောက် အောင် ဆွဲလေ့ရှိကြပါသည်။ ခရီးအကွာအဝေးကိုလိုက်၍ တစ်ကြိုးဆွဲ၊ နှစ်ကြိုးဆွဲ စသဖြင့် ခေါ်ဝေါ်တတ်ကြသည်။ ဖောင်တစ်သုတ်ဆိုလျှင် မော်တော်သုံး,လေးစင်းစာ ရှိတာဆိုတော့ ဖောင်သုံး,လေးပျစ် ဆိုက်ကပ် နိုင်ဖို့ ဆိပ်ကမ်းကိုလည်း ရွေးရသည်။ စည်းတိမ်သောင်တိမ်၊ ရေထုရေပါး ကအစ ကြည့်ရသည်။ ဖောင်ကို ဂွသတ်ရသည့်အလုပ်ကလည်း ခက်ခဲလှ ပါ၏။ ဖောင်တစ်ပျစ် ကမ်းကပ်ဖို့ရာက မော်တော်ကလည်း ထိန်းလှည့် ပေးရသည်။ ဖောင်သမားတွေကလည်း မျောတိုင်တွေ စိုက်ရ၊ ကြိုးချည်ရ နှင့် တော်တော်နှင့် ဂွသတ်လို့ မရနိုင်။ သည်အလုပ်ကို ပေါ့ပေါ့ဆဆ သဘောထား၍မဖြစ်။

သို့သော် ဘိုးမှုက ကမ်းကပ်တော့ဆိုလျှင် ဖောင်သတ်လို့ကောင်းရာ အနီးဆုံးကမ်းကို ရှာကြပေရော့။ မကြာမီ လေကြီးမိုးကြီး ရုတ်တရက် ကျလာကာ ဖောင်တွဲကြီးသည်ပင် ဖျိုးဖျိုးဖျစ်ဖျစ်မြည်သည်အထိ ရုန်းရင်း ဆန်ခတ် ဖြစ်ရတော့သည် ဆိုပါ၏။

“ဘိုးမှုကို မေးကြည့်တော့ ကျုပ်နှာခေါင်းထဲမှာ မိုးနံ့ လေနံ့ ရလာ တာပဲ ကိုရင်ညိုရ၊ ပုရွက်ဆိတ်များ ခပ်ဝေးဝေးက ထန်းလျက်လုံးနံ့ ရသလိုပဲ။ မိုးပေါ်က ကြည့်လိုက်ရင် တိမ်အရောင် မြင်တာနဲ့ ကျုပ်က သိနေတာလို့ အဖေ့ကို ပြောဖူးတယ်။ ဟုတ်မှာပဲ၊ ဘိုးမှု ဖောင်သက်က အနှစ် လေး,ငါးဆယ် ရှိနေမင့်ဟာ၊ ဖောင်သမားတွေက သူ့ကို ဖောင်ဘိုး တော် ခေါ်ကြတယ်”



ကျွန်မတို့ မိသားစု၏ စီးပွားရေးမှာ ဖောင်ဆွဲမော်တော်ဖြင့် သစ်ဖောင် များကို သတ်မှတ်ရာ သစ်ဆိပ်ကို အရောက်ပို့ရခြင်းဖြစ်သည်။ တစ်ခါတလေ အထက်အညာအရပ်က သစ်ဖောင်တွေကို မင်းကွန်း၊ စစ်ကိုင်း သစ်ဆိပ် များကို ပို့ရသလို တစ်ခါတစ်ရံမှာ မင်းကွန်း၊ စစ်ကိုင်း သစ်ဆိပ်မှ ဖောင်များကို ရန်ကုန် အလုံသစ်ဆိပ်သို့ ပို့ရတတ်ပါသည်။ သစ်ဖောင်ဆွဲခ တစ်ခေါက် မည်ရွေ့မည်မျှ သတ်မှတ်ပြီး မန္တလေးဖောင်ဖွဲ့ ရေးအဖွဲ့က ချမှတ်ပေးလိုက်သော ဖောင်တွေကို ဆွဲရခြင်းဖြစ်ပါ၏။ သည်တော့ အလှည့်ကျရာ ဖောင်နှင့် တွဲကြရသည်။ မော်တော်သမားက သစ်ဆိပ် ဖောင်အပ်ပြီးသည်နှင့် ပြန်လှည့်ခဲ့ရုံသာ။ ဖောင်သမားတွေကတော့ ဖောင် အပ်ပြီး အိပ်ရာကိုလိပ်ကာ ကြုံရာယာဉ်ဖြင့် ပြန်ကြရသည်။ မော်တော်နှင့် ဖောင်စာရင်း တွဲထွက်လာသော်လည်း ဖောင်မှူး၊ ဖောင်ခေါင်းများ၏ အမည်သာ ပါတတ်သဖြင့် ဖောင်သမား ဘယ်သူဘယ်ဝါ ပါမည်ဆိုတာ ကတော့ မသေချာ။ ဘိုးမှု လိုက်သည့် ဖောင် ဟုတ်ချင်မှလည်း ဟုတ် မည်။ ကျွန်မတို့ မော်တော်နှင့် ကျသည့်အခေါက်ဆိုလျှင် ဘိုးမှု ပျော်သွား တတ်ပါသည်။

“ကိုရင်ညိုရာ… ကျုပ်က ခင်ဗျား မော်တော်နဲ့ ကျပါစေ ဆုတောင်း သာဗျ၊ ခင်ဗျားနဲ့ဆိုတော့ ဖောင်သတ်ချိန် စကားစမြည် ပြောရတယ်၊ ဘုရားစကား တရားစကား ပြောရတယ်။ ကျုပ်က ရေထဲက သစ်လုံးတွေ ပေါ် ဘဝကုန်နေရတာဆိုတော့ ဥပုသ်ရက်ဝင်တောင် မသိတော့ပါဘူးဗျာ”

ကျွန်မတို့က ဘိုးမှု အိမ်အလည်တက်လာလို့ ရွာမပြန်ဘူးလားမေး လျှင် ‘ဖောင်တဲထဲ တစ်သက်လုံး နေလာတော့ ကုန်းပေါ်ကို မနေတတ် ပေါင်ဗျာ၊ ရွာလည်း မရောက်တာ ကြာပေါ့’ဟု ဖြေတတ်ပါသည်။ ဆေးလိပ်တွေကို ဆေးကြေးစော်နံ့အောင် သောက်သူဖြစ်သည်။ အရက်

လည်း သောက်သည်ဆို၏။ တစ်ခါမှတော့ မူးလို့ပြုလို့ ဆိုတာမျိုး မကြားရ။ ဖောင်မျိုးရိုးအဖြစ် သမက်နှင့် မြေးပါ ဖောင်ပေါ်ရောက်နေကြ ပြီဖြစ်သည်။ ဘိုးမှုတို့ရွာက မြင်းမူနယ် မြစ်နားရွာကဆိုတော့ တစ်ရွာလုံး ယောက်ျားမှန်လျှင် ဖောင်မလိုက်ဖူးသူရယ်လို့မရှိ။ တစ်သက်လုံး ဖောင် သမားအဖြစ် လုပ်စားခြင်း၊ မစားခြင်းသာရှိသည်။ အသက်ကြီးပြီကောရယ် လို့ ဘိုးမှုကို ဖောင်ပေါ်က ဆင်းတော့လို့ဆိုသူ မရှိပါ။ လူငယ်များလို ကျားစီးဖားစီး မရှိနိုင်တော့ပေမယ့် ဖောင်ဘိုးတော် ဆိုသည့်ဘွဲ့ဖြင့် ဆားကင်း ရန်ကင်း ဖောင်စောင့် တဲစောင့်အဖြစ် ဘိုးမှုကို ခေါ်ကြရသည်ပင်။

အသက်အရွယ်နှင့် ကျန်းမာရေးအရ အဖေ မော်တော် မလိုက်နိုင် သည့်နောက်တောင် ကျွန်မ အစ်ကိုတွေ မောင်တွေဆီကတစ်ဆင့် ဘိုးမှု သတင်းကို ကြားနေခဲ့ရသည်။ အထူးသဖြင့် ဘိုးမှု ရေဒီယိုကလေးအကြောင်း ကို ပြောကြခြင်းဖြစ်သည်။

●

(၄)

"မနက် ဘယ်နှစ်နာရီထ ဖောင်ဆွဲဆွဲ... ခုနစ်နာရီထိုးလို့ကတော့ ဘိုးမှု ဖောင်တဲထဲက ရေကောင်းသံကတော့ ကြားနေရတာပါပဲဗျာ၊ နေ့လယ် လည်း တကွိကွိနဲ့၊ ညလည်း တကွိကွိနဲ့၊ ဘယ်အချိန်ကျမှ အိပ်သလဲ မသိပါဘူး အဖေရာ"

အိမ်က သစ်ဆွဲမော်တော်ပေါ် လိုက်နေပြီဖြစ်သည့် ကျွန်မ အစ်ကိုက သည်လိုပြောလျှင် အဖေက ပြုံးနေတတ်ပါသည်။ မြစ်ထဲက သစ်လုံးတွေပေါ် လှိုင်းတအိအိ မြစ်လေတဖြူးဖြူးကြားမှာ ရေဒီယိုကလေးတစ်လုံးနှင့် နေရသော စည်းစိမ်မျိုးကို ဘိုးမှုမှလွဲ၍ ဘယ်သူကများ ရနိုင်လို့လဲ။ ပိုက်ဆံ



ချမ်းသာသော်မှ သည်စည်းစိမ်၊ သည်အရသာကို ရနိုင်ဖို့ မလွယ်ပါ။ ရေထဲ မိုးထဲမှာလည်း စုတ်စုတ်ခါးခါး နေနိုင်ရမည်။ သစ်ဖောင်လို့ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော နေရာမှာလည်း နေနိုင်ရမည်။ သည်လိုဘဝကို တွယ်တာ သူလည်း ဖြစ်ရမည်။ ရေဒီယိုကလေးတစ်လုံးကလည်း ရှိရမည် မဟုတ်လား။

အဖေ မော်တော်အလုပ်က နားလိုက်တော့ မန္တလေးဆိပ်ကမ်းရောက် တိုင်း ဘိုးမှုက သူ့ရောင်းရင်းကြီး အဖေ့ကို လာ,လာတွေ့ရသည်။ အဖေ့ခမျာ ပန်းနာရောဂါအခံဖြင့် အသက်နှင့်အမျှ လူပါအိုစာသွားခဲ့သော် လည်း ဖောင်သမားကြီး ဘိုးမှုကတော့ ကျွန်မတို့ တွေ့စကအတိုင်းပင် သန်ဆဲမြန်ဆဲဖြစ်သည်။ ပုဆိုးတိုတို၊ အင်္ကျီမဝတ်၊ ဖျင်တဘက်ခေါင်းပေါင်း နှင့် အသားညစ်မွဲမွဲ ဘိုးမှုကတော့ ဖောင်တွဲသစ်လုံးကြီးတစ်လုံးလို အကြောမာလှပါသည်။

မန္တလေးကို ဖောင်ကပ်စဉ်တစ်ခေါက်မှာတော့ အဖေ့ထံမှ ငွေသုံးရာ ချေးသည်။ သူ့မြေးငထွန်းကို လူ့ုရာမှာ ကသိုလ်ပါချင်သဖြင့် ချေးခြင်း ဖြစ်ပါသည်။ အဖေကလည်း အလှူကိစ္စဆိုတော့ ထုတ်ချေးခဲ့ပါ၏။ မြေး တွေ များလှသော ဘိုးမှုက မြေးတစ်သုတ် လှူတိုင်း တတ်အားသမျှ ငွေထည့်နေကျဆိုတော့ သည်တစ်ခါ မြေးအငယ်ဆုံးကောင် ငထွန်းအတွက် ဟု ဆိုပါသည်။ ငထွန်းက ဘိုးအေနှင့်အတူ ဖောင်တောင်လိုက်နေပြီဆို တော့ မလှူလို့ကလည်း မဖြစ်တော့။ သားကြီး ရှင်ဖြစ်လှူလိုက်ခြင်းသာ ဖြစ်၏။

သို့သော် အဖေ့ထံမှ ငွေချေးပြီးကတည်းက ဘိုးမှုတစ်ယောက် အဖေ့ ဆီကို ပေါ်မလာတော့ပါ။ ကျွန်မ အစ်ကိုများနှင့် တစ်ခါတစ်ရံ ဖောင်

ဆွဲရင်း ဆုံတတ်သော်လည်း အစ်ကိုတို့ကလည်း လူကြီးချင်း ဈေးဗားကြသည့်ကိစ္စဆိုတော့ သတိတရ မတောင်းသလို ဘိုးမူကလည်း ဈေးငွေကိစ္စကို စကားစပ်လို့ပင် မပြောခဲ့ဟု ဆိုပါသည်။ အဖေကလည်း ဆပ်ကောင်းသည် မအောက်မေ့ပါ။ အလှူအတွက် ဈေးရတာဆိုတော့ မဆပ်ဖြစ်သော်လည်း အလှူကူပြီးသား ဖြစ်ရသည်ဟု သဘောထားခဲ့ပါ၏။

တစ်ရက် ကျွန်မ ကျောင်းသွားနေခိုက် အဖေ့ကို ဘိုးမူ လာတွေ့သည်ဟု ဆိုပါသည်။ ကျွန်မနှင့်တော့ မဆုံဖြစ်လိုက်ပါ။ ညနေဘက် ကျွန်မ ကျောင်းကအပြန်မှာ အဖေက ဘိုးမူ ထားခဲ့သော ရေဒီယိုကလေး ကျွန်မကို ဆီးပြခြင်းဖြစ်သည်။

အဖေက ဘိုးမူ ဈေးသော ငွေသုံးရာကို ကျေကျေနပ်နပ် ချေလိုက်ပါကြောင်း၊ ရေဒီယိုကိုလည်း ဘိုးမူကိုပင် လက်ဆောင်ပြန်ပေးပါကြောင်း ပြောသော်လည်း လက်မခံဟု ဆိုပါသည်။ သူ့ဘဝနှင့်အမျှ မက်စက်ရသော သူ့ရေဒီယိုကလေးက အဖိုးစားနားအားဖြင့် မဆိုသာသော်လည်း သူ့အတွက်တော့ တန်ဖိုးကြီးရှာပေလိမ့်မည်။ ရေဒီယိုကလေး မရှိသည့်နောက် မြစ်ကြီးပေါ်က ဖောင်တဲကလေးထဲမှာ ဘိုးမူဘဝကို ဘယ်လိုဖြတ်သန်းသွားလေသလဲ။ ဒါကိုပဲ ကျွန်မ သိချင်နေခဲ့သည်။

"ဘိုးမူကြီး... ဖောင်မလိုက်တော့ဘူးလား မသိဘူး အဖေ၊ ကျွန်တော်တို့နဲ့ကို မဆုံတော့ဘူး၊ ဖောင်တွေကလည်း ကြဲတော့..."

ကျွန်မ အစ်ကိုတွေက ဒီလိုပြောတော့ ဘာမဆိုင် ညာမဆိုင် ကျွန်မမှာ ဘိုးမူကို လွမ်းနေခဲ့မိသည်။ အမြဲတမ်း ကျန်းမာဖျတ်လတ်နေတတ်သော ဘိုးမူသည် ဖောင်တွေကို စွန့်ခွာသွားမည့်သူ မဟုတ်တာတော့ ကျွန်မ ယုံကြည်သည်။

●



(၅)

အခုတော့လည်း သစ်ဖောင်ဆွဲ မော်တော်ပိုင်ရှင် ကျွန်မအဖေလည်း မရှိရှာတော့ပြီ။ မြေကြီးပေါ် မနေတတ်ပေါင်အေ... ဆိုသည့် ဖောင်သမားကြီး ဘိုးမူလည်း ကွယ်လွန်ရှာပြီ။

ဖောင်တဲထဲမှာပဲ တစ်သက်လုံးနေတော့မည်ဆိုသည့် ဘိုးမူတစ်ယောက်သူ မသေခင်ကလေးမှာ ရွာကို ပြန်နေခဲ့သေးသည်ဆို၏။ ဖောင်ပေါ်မှာ ပျော်သည့် ဖောင်သမားကြီးက ရွာကို ဘာကိစ္စ ပြန်သွားရတာပါလိမ့်။ သစ်လုံးတွေပေါ်မှာ ဇတ်ခနဲ ဇတ်ခနဲ လျှောက်နေတတ်သည့် ဘိုးမူ၊ မိုးလေဝသ ဇာဒင်ဟောနိုင်သူ ဘိုးမူ၊ ဖောင်ပေါ်မှာပဲ ဘဝကုန်တော့မည်ဆိုသည့် ဘိုးမူ၊ ရေဒီယိုကလေးတစ်လုံးနှင့် ဖောင်တဲထဲမှာပင် မွေ့ရှာသူ ဘိုးမူ...။ ဖောင်တစ်ပျစ် ကမ်းကပ်ဖို့ ဝွဲသတ်ရသလို သူ့ဖောင်သမားကြီးဘဝကိုလည်း ဘိုးမူက ဝွဲသတ်သွားခဲ့သည်။

ပြောသာ ပြောရတာပါ။ ကျွန်မတို့လည်း ဖောင်ဆွဲမော်တော်ကို ရောင်းပစ်လိုက်ရတာပဲ မဟုတ်လား။ အခုတော့လည်း ကျွန်မတို့တစ်တွေပါ သစ်ဖောင်တွေနှင့် ဝေးခဲ့ကြရပြီ။ 'ဖောင်အလုပ်တွေကလည်း မကောင်းတော့ပါဘူးအေ'လို့ အမေကပင် ပြောခဲ့သေးသည်။

ရေဒီယိုကလေးကို သန့်ရှင်းရင်းက ရေသံ၊ လှိုင်းသံ၊ ဝဲသံ၊ ဂယက်သံတွေထဲက တယောသံမျှင်းမျှင်းကလေးလို အသံတစ်သံ ကျွန်မ ကြားနေရသည် ထင်မိပါ၏။

**သစ်ထုတ်လုပ်ရေးမဂ္ဂဇင်း၊**
**(၂၀၀၉) ခုနှစ်**

● ● ●



# ဇော်နီကွမ်းသွေး

## (၁)

သည်ရက်ထဲ မိုးတွေ တစ်မပြီးတစ်မ ရွာလွန်းလို့ထင်ပါရဲ့။ ရွာအနောက်၊ ရွာမြောက် စပါးခင်းတွေမှာ ရေတွေဖွေးလို့။ ပျိုးခင်းတွေမှာတော့ ကောက်ပင်စိမ်းကလေးတွေ တစ်မိုက်သာသာ တစ်တောင်လျော့လျော့ နုရေဖတ်ရေ စိမ်းလန်းလိုက်ပုံက တစ်ပြင်တစ်ခွင်ကြီး။ တချို့စိုက်ကွက် လယ်ကွက်တွေမှာတော့ ပျိုးစည်းတွေ ချထားကြပြီ။ တချို့လယ်တွေမှာတော့ ပျိုးစည်းတွေ မရောက်သေးဘူး။ 'သာကွန်း'က ကွမ်းရည်တွေ ဖွမ်းခနဲ ထွေးလိုက်ပြီး ခါးဆန့်တယ်။ တစ်မနက်လုံးလိုလို နုတ်လိုက်ရတဲ့ပျိုး၊ ပါးစပ်ထဲက လက်ကျန်ကွမ်းဖတ်ကို ကြိတ်ဝါးရင်း ခါးကလေးဆန့်မိတုန်း ဘေးဘီကို လှမ်းကြည့်လိုက်တယ်။ လယ်ပြင်ကြီးထဲမှာ ယောက်ျားမိန်းမ မနည်းပေါင်။ လူတွေကို ပျိုးကြဲသလို ကြဲထားပုံမျိုး။ ဒီလူတွေထဲမှာ 'ခင်ရိပ်' ပါမှန်းသိတော့ သာကွန်း မမောနိုင်ဘူး။

"ဟောဒီရွာ တစ်ရွာလုံး ဒီသူငယ်မ အလှဆုံးဖြစ်ပေမယ်... လှပါတယ်ဆိုနေမှ ရက်ပြုံးလေးနဲ့ ကြည့်လို့နေပြန်တယ်... ယုံပါကွယ်... မြောက်ကာပင့်ကာ မပြောတတ်တယ်... လျှိုမြောင်စိမ့်စမ်းနဲ့ အေးချမ်းတဲ့ ဟောဒီရွာမှာကွယ်... ယဉ်နေလိုက်တာလှပုံများ... ရေမြေလိုက်ကာ ချောနေတာလားကွယ်..."



သာကွန်းက ရေဒီယို သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ် ဟစ်တယ်။ တော်ရုံတန်ရုံ အော်ဆိုရုံနဲ့ ကြားနိုင်မှန်း သိသားပဲ။ ပိုသေချာအောင် ဟစ်ဆိုလိုက်တာပါ။ ခင်ရိပ် ကြားဖို့လိုတာလေ။ ခင်ရိပ်ကလည်း သာကွန်းသီချင်းက သူ့ကို စောင်းမှန်း သိတယ်။ သိလို့လည်း မကြည့်မိအောင်နေတဲ့ကြားက မြရီက ခါးလှမ်းတို့တယ်။ မြရီ မျက်နှာက ချဉ်ဖြုံးဖြုံးနဲ့။ လူမှ မောရတဲ့ကြားထဲတော်... ဆိုတဲ့ မျက်နှာနဲ့ မြရီကို မျက်စောင်းထိုးလိုက်တယ်။

"ဘာတုန်း... ဘာတုန်း... ညည်း မျှော့များတွယ်ရော့လား"

အမှန်တော့ ခင်ရိပ်တို့ ရွာလယ်တွေမှာ မျှော့မပေါပါဘူး။ ကျွဲမျှော့ဆိုတာကြီးတွေတော့ ရှိတယ်။ ဟိုးအောက်လယ်တွေဘက်မှာတော့ မျှော့ပေါတယ် ကြားဖူးပါရဲ့။ မြရီ မျက်နှာ မချိုမချဉ်ကို မကြိုက်လို့ အငေါ်တူးလိုက်တာပါ၊ မြရီက သာကွန်းဘက် လှမ်းကြည့်ပြီးမှ ပြန်ပြောတယ်။

"မျှော့ထက် ဆိုးတာပေါ့အေ... သာကွန်းက တွယ်မိရင် ဆေးရွက်ကြီး ရေဖျော်တို့လို့တောင် ကွာကျမယ့်ဟာ မဟုတ်ဘူး၊ တစ်မနက်လုံး ပျိုးနုတ် ပျိုးစည်း ပျိုးတွေ ထမ်းပိုးလျှိုထမ်းရတာ မမောသဲ့အတိုင်းပဲ၊ သီချင်းတောင် ဟစ်လိုက်သေး"

"သာကွန်းကို ညည်း သနားနေရင်လည်း ယူလိုက်ပါလားဟဲ့၊ ဘာလို့ ငါ့လာပြောနေတာတုန်း"

"ငါ မကြိုက်လို့ပေါ့အေ... နို့မို့လား သာကွန်း ရင်အုပ်ကြီးတောင် ထုလိုက်ချင်သေး"

"သွားထုချေပါလား၊ ဟိုမယ် တို့ဘက်ကို ကြည့်နေတာ သာကွန်းများတော့ မျက်နှာပိုး မသေသာကို မကြိုက်သာတော်၊ ဘယ်လိုရေစက်မှန်းမသိဘူး"

မြရိုကတော့ မချိုမချဉ်ပါပဲ။ ခင်ရိပ်က ပါးစပ်က တတွတ်တွတ် ပြောဆိုနေတုန်း။ အသံတိတ်သွားလို့ မသိမသာ လှမ်းကြည့်တော့ ပျိုးစည်းကြီး တမ်းပိုးလျှိုထမ်းသွားလို့ လယ်နှစ်ကွက်ကျော်ကျော်တောင် ရောက်နေပါပြီ။ သာကွန်းက ခင်ရိပ်ကို သရိုးသရီ လုပ်တယ်ဆိုတာကလည်း အဲသလောက်ပါ။ တစ်ရွာတည်းသူ တစ်ရွာတည်းသားချင်း သည်ထက်လည်း ပိုမကွန့်ဝံ့ဘူး။

သာကွန်းနဲ့ ခင်ရိပ်က ကုန်းရိုးမွေး၊ ကုန်းရိုးကြီးတွေ။ အသက်ချင်းကလည်း မတိမ်းမယိမ်းရယ်။ ရွာကျောင်းမှာတုန်းက ကျောင်းတက်ဖက်တွေ။ ကုန်းရို့ရွာမှာ ရွာဘေးက ကပ်စီးနေတဲ့ ဆည်တော်ချောင်းကြီးရှိတယ်။ သည်ချောင်းမကြီးနဲ့ ကုန်းရိုးရွာကြားမှာ ရေကန်ကြီးတစ်ကန်လည်းရှိတယ်။ လူသုံးတဲ့ ရေကန်တော့ မဟုတ်ပါဘူး။ ချောင်းရေလျှံတဲ့အခါမှာ ကုန်းကျင်းကုန်းချိုင့်ထဲ ရေဝင်ရာက ကန်ဖြစ်နေတာပါ။ နွားရေသောက်ကန်၊ ကျွဲရေစိမ်ကန်ပါ။ ကြာတွေကတော့ အပြည့်ရှိတယ်။ သာကွန်းက ကျောင်းကတည်းက ကြာပန်းတွေ ဆင်းဆင်းခူးပြီး ခင်ရိပ်ကို ပေးနေကျ။ ကလေးတွေဆိုတော့ ခူးလာတဲ့ ကြာပန်း ကြုံရာမိန်းကလေး ပေးကြတာ သဘာဝပေမယ့် သာကွန်းက တခြားလူ မပေးဘူး။ ခင်ရိပ်ကိုပဲပေးတယ်။ ခင်ရိပ်ကလည်း ကြာပန်းများတော့ ကြိုက်သကိုး။ ကန်ထဲ ကိုယ်တိုင်ဆင်းခူးဝံ့တာ မဟုတ်တော့ သာကွန်း ပေးတာ ဝမ်းသာအားရ ယူတာပါပဲ။

"သာကွန်း... ကန်ကြီးထဲမှာ ကြာတွေမွှင့်နေပြီဟ... နင် မခူးဘူးလား"

"ငါ့ဟာငါတော့ ဘာခူးစရာ ရှိတုန်း၊ နင် လိုချင်ရင် ခူးဖို့ရှိသာပဲ"

"လိုချင်တယ်"



တစ်ခါတော့ သာကွန်း ကြာကန်ထဲမှာ ကြာခူးရင်း ရေနစ်ဖူးတယ်။ ကံသီလို့ မသေခဲ့တာပါ။ နွားထွန်ပြန်လာတဲ့ ရွာသားတစ်ယောက်က ကယ်လိုက်လို့သာပေါ့။ ဒါပေမယ့် သာကွန်း မမှတ်ဘူး။ ခူးတာပါပဲ။

သည်လိုကြီးပြင်းလာကြတဲ့ ငယ်သူငယ်ချင်းတွေပေမယ့် လေးတန်းနှစ်ရောက်တော့ ခင်ရိပ် မိဘတွေက ကျောင်းနုတ်လိုက်ကြတယ်။ ဒါကလည်း ရွာထုံးစံလိုဖြစ်နေတာ မဟုတ်လား။ သမီး မိန်းကလေး သေစာရှင်စာ တတ ပြီဆိုတာနဲ့ ကျောင်းကနုတ်ကြတာများတယ်။ လေးတန်းအောင်လို့ ကျောင်းဆက်တက်ရအောင်ကလည်း ဆည်တော်ချောင်း တာရိုးပေါင်ကြီး အတိုင်း အလယ်တန်းကျောင်းရှိတဲ့ ရွာကိုရောက်အောင် တော်တော်သွားရတာဆိုတော့ တော်ရုံမိန်းကလေးက လေးတန်းမှာ အနားလုံးကြတာပဲ။ လေးတန်းကထွက်၊ မအေ့မီးဖိုချောင်ဝင်၊ လယ်ထဲ ထမင်းပို့ပေါ့။ ကောက်စိုက်လိုက်နိုင်တဲ့ အရွယ်ရောက်တော့ ကောက်စိုက်။ လယ်သမား သားသမီးဆိုတော့ ရေခပ်မောင်းထောင်း၊ စပါးရိတ် နှမ်းရိတ်ကလည်း မလွတ်ဘူး။ သည်လိုနဲ့ လုပ်ရင်းကိုင်ရင်း သွားရင်းလာရင်း ထန်းပင်များလို ကျေးမြီးလက်မျှော် ဆင်ခြေပေါ်အရွယ်က ရည်ရပင်ထွက် ဖြစ်လာရတာပါပဲ။ ရွာမိန်းကလေးတစ်ယောက် ရွာထဲ ရပ်ထဲ သည်လိုပဲ လူမသိ သူမသိ ကြီးပြင်းကြရတာ သူသူကိုယ်ကိုယ် ဘာမှဆန်းလှတာ မဟုတ်ပါဘူး။ ဒါပေမယ့် သာကွန်းအဖို့ရာတော့ ဆန်းတယ်။ သာကွန်းမှာ ခင်ရိပ်ကို မမြင်ရတဲ့နေ့ မရှိဘူးလို့တောင် ပြောမယ်ဆိုရင် ပြောနိုင်ပါရဲ့။

ပြောရရင် ခင်ရိပ် မိဘများက သာကွန်း မိဘများထက် သောင်သာကြတယ်။ ခင်ရိပ် မိဘများ အလုပ်မနိုင်ရင် သာကွန်းကို အလုပ်ကူခေါ်ကြတာလည်းရှိတယ်။ သူရင်းငှားရယ်လို့တော့ မဟုတ်ပါဘူး။ အလုပ်ကူဆိုတာက နိုင်သလောက် ဝင်ရန်းပေးတာလောက်ပါ။ ကောက်ရိုးစဉ်း

ရင်း၊ မြက်စဉ်းရင်း လာခဲ့ပါဦးဆိုရင် ထ,သွားလိုက်တာပါပဲ။ တစ်ခါ တစ်ခါ ခင်ရိပ်က လာခေါ်တာဆိုတော့ သာကွန်းက သွားဖြီးကြီးနဲ့ 'အေး... အေး လာခဲ့မယ် ခင်ရိပ်ရေ'လို့ အာမဘန္ဓေ ခံလိုက်တာချည်းပဲ။ ရောက်လည်းရောက်တယ်။ လုပ်လည်းပေးတယ်။ တစ်ခါတလေ ခင်ရိပ်တို့အိမ်မှာ ထမင်းစားတာတောင် ရှိသေးတော့ ခင်ရိပ်ကပဲ ခူးခပ်ကျွေးရတာ များတယ်။ သာကွန်းက လူရိပ်ကလေး မမြင်ရင် စကားထည့်တော့တာပါ။

"သည်ဟင်းချက်မျိုး တစ်သက်လုံး စားရလို့ကတော့ အသက်ကလေး ရယ် ရှည်စေလို မန်းတောင်ရိပ်ခိုစရာတောင် လိုအံ့ထင်ပေါင်ဗျာ၊ ရှည်လိုက်မဲ့အသက်၊ ခံတွင်းများ မတင်းတိမ်နိုင်ဘူး"

"အဲဒါဆို ဒွေးလေးစိန်တို့အိမ်သာ လိုက်နေတော့၊ ဟင်းတွေက ဒွေးလေးစိန် လာချက်ပေးသွားသာ"

"နင် ချက်တာ မဟုတ်ဘူးပေါ့"

"ဟုတ်ပေါင်"

"ငါ ထင်တော့ထင်သား၊ ဟင်းတွေက မနူးမနပ်နဲ့ တစ်ပွက်ဆူထင်ပါရဲ့လို့"

သည်လိုဆိုတော့လည်း ခင်ရိပ်က ရယ်နေတတ်သည်။ ဒွေးလေးစိန် ဆိုတာက ခင်ရိပ်တို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းဘူး။ ခင်ရိပ်တို့အိမ်မှာပဲ လုပ်လုပ်စားစား လုပ်ကိုင်ပေးတတ်တယ်။ တစ်ခါတလေ သာကွန်းကို လာခေါ်ရင် သာကွန်းက ခင်ရိပ်ရေ... ကန်ထဲမှာ ကြာတွေပွင့်နေလိုက်တာ မြင်မကောင်းဘူးလို့ စကားခေါ်တတ်တယ်။ နင် လိုချင်သလားပေါ့။

"လိုချင်ပေါင် ငါ ကလေး မဟုတ်တော့ဘူး"

"ကလေး မဟုတ်တော့လို့ ခူးပေးချင်တာပေါ့ဟ၊ ခက်ပါ့ဟာ"



သာကွန်းကတော့ သည့်ထက်လည်း မပိုဝံ့ပါဘူး။ တောသူတောင်သားဆိုတော့ တစ်ဖက်မိန်းကလေး ထိခိုက်မယ့်စကား ရှောင်တာလည်းပါသလို ခင်ရိပ်ကို လန့်တာလည်းပါတယ်။ ကျောင်းတုန်းကတော့ ထိပ်ပုတ် ခေါင်းပုတ်၊ ဖန်ခုန်၊ တွတ်ထိုး၊ ရုပ်ထိုး၊ ဖယ်ခုပ် ကလေးသဘာဝ ကစားခဲ့ကြတာပါ။ ခင်ရိပ်က သီးသီး စားချင်လှဆို သီးသီး၊ ခင်ရိပ်က ရီးလှဲ့တို့စည်းရိုးက ခတ္တာပန်း လိုချင်တယ်ဆို ခတ္တာပန်းကိုး။ သာကွန်းက ခင်ရိပ်အပေါ်မှာ ငယ်ငယ်ကတည်းက ကောင်းရှာတာလည်း မှန်ပါရဲ့။ အန္တတာခံ အစီးပိုးခံခဲ့တာလည်း မှန်ပါရဲ့။ ဒါပေမယ့် ခင်ရိပ်က သည်ညောင်ကိုင်းချိုးလို့ ရွှေအိုးရမယ်ဆိုဦးတော့ သာကွန်းကို မျက်နှာသာ မပေးခဲ့ဖူးဘူး။ ချည်လို့လည်း မမြဲ။ ဆွဲလို့လည်း မပါ စဉ်းစားလို့ကို မရခဲ့တာ မဟုတ်လား။

●

(၂)

"မိုးဖြောက်ဖြောက်ကယ်နှင့်လေ၊ ရွာမြောက်က လယ်မှာ၊ ထမင်းရယ်ဆာ၊ ပေါ်လာပါပဲ၊ လာပါပဲ။ လာပြန်သောခါ ဟင်းဗလာ၊ ကျီးအာရွက်ပြုတ်၊ ငါးပိမီးမှာဖုတ်၊ ငရုတ်မပါ၊ မစပ်တာ၊ အာမှ မသိသလေ၊ လယ်သူကြီးမောင်တို့ရေ..."

ကန်သင်းဘေး ထမင်းစားရတဲ့ အရသာက အိမ်မှာစားရတာနှင့် မတူ။ မောကလည်းမော ဆာကလည်းဆာဆိုတော့ အင်မတန် ခံတွင်းမြိန်ရတာမျိုးပါ။ မိုးကလေးဖြောက်ဖြောက်မှာ ထမင်းတောင်း ဟင်းတောင်းထဲက နူးစထမင်းက အငွေ့တွေ ထောင်းထောင်းဆိုတော့ ဝမ်းကိုလှိုက်ပြီးဟာလာအောင် ဆာလာတတ်တယ်။ လယ်ရှင်က တည်ဟင်းတစ်ခွက်

အိုးကြီးနဲ့ ရွက်လာပို့ထားတာတော့ ရှိပါရဲ့။ အငန်ဖက် အစပ်ဖက်ကလေးတော့ အိမ်က ထုပ်ခဲ့ကြတာများတယ်။ သံကြွေရည်သုတ်ပန်းကန်ပါပေမယ့် သည်ပန်းကန်နဲ့ စားကြတာ မဟုတ်ဘူး။ အဲဒါက ခပ်ပန်းကန်ပါ။ ထမင်းတောင်းထဲကို သံကြွေရည်သုတ်ပန်းကန်နဲ့ စောင်းထိုးနှစ်လိုက်ပြီး ပါလာသမျှ ထမင်းလက်ထိုးခံကြတဲ့ ဖောက်ဇလုံကြီးတွေ ထည့်ပေးလိုက်တာပဲ။ တော်ရုံမြို့သား ဘယ်ကုန်မှာတုန်း။ တောသူတောင်သားများတော့ ထမင်းစား မကောင်းဘူးဆိုတာတောင် တစ်စလယ်ချက်တော့ နံမကပ်ဘူး။

"ခင်ရိပ်... ညည်းတို့အိမ်က ငါးဇင်ရိုင်းချက်ကလေး ကောင်းလိုက်တာအေ၊ မွှေးချက်တော့၊ ငါတို့ဟင်းလည်း စားပါအေ၊ ရော့ ပဲငါးပိချက်"

ကန်သင်းဘောင်းမှာ ထမင်းစားနေကြတဲ့ ကောက်စိုက်သမတွေကချည်းနှစ်ဆယ်အစိတ်လောက် ရှိမယ်။ လေး,ငါးယောက်တစ်အုပ် ခေါင်းမဖော်တမ်း စားနေကြတာများ ငှက် ထမင်းလုံးကောက်စရာ မကျန်ဘူး။ ဟင်းတွေကတော့စုံပါ့။ တောထမင်း တောဟင်းမှ တောသူတောင်သားတွေ တင်းတိမ်ကြတာ မဟုတ်လား။

"သုတ်သုတ်စားကြဟဲ့၊ ငါဖြင့် ဟောဒီတိမ်ခဲကြီး ရွာလိမ့်မယ်ထင်တာပဲ၊ သည်နှစ် မိုးကောင်းချက်အေ၊ ငါ့တစ်သက် ကြုံဖူးဘူး"

မသေးသွယ်က ကောင်းကင်ကို မော့ကြည့်ရင်း လောဆော်လိုက်တော့ အားလုံးက လိုက်ကြည့်ကြတယ်။ ဟုတ်ပါရဲ့။ တိမ်ပုပ်တွေမည်းလို့။ သည်နှစ် မိုးကောင်းတော့ ရွာက ဝမ်းသာကြတယ်။ အညာရွာ ဆည်တော်ချောင်း ရေသောက်လယ် ဆိုပေသိ မိုးတော့ မျှော်ကြရတာပဲ။ လယ်ရေရော မိုးရေရော ရလိုက်တော့ သကာပေါ် သကြားဖြူပေါ့လေ။

"ညည်းတို့ အပျိုတွေ သည်နှစ် လယ်ရေကောင်းရင် လင်ယူကြ၊ တစ်နှစ်ဆို တစ်နှစ်အေ့၊ နောက်မကျစေကြနဲ့" ကလေးမအေ မအေးလှက



အပျိုတွေ ထမင်းစားတဲ့ဘက် လှည့်အော်တော့ အပျိုတွေ ပွဲကျသွားကြတယ်။ မြရီက ပြုံးတယ်။ ခင်ရိပ်က ထမင်းစားရင်းတန်းလန်းဆိုတော့ စကားထဲ စိတ်မရောက်နိုင်သေးဘူး။

"မအေးလှရယ်... လင်ယူ လင်ယူနဲ့ လွယ်မှတ်လို့... နော့အေ ခင်ရိပ်"

"ငါ ဘယ်သိပါ့မလဲ၊ ငါမှ လင်မရဖူးသာ"

"သဘောပြောသာပါအေ၊ ညည်းနှယ် လင်ယူသယ်ဆိုတာ သမုန်းဥကြွေးဥများလို တူးလို့ရသာမှ မဟုတ်သာ၊ ကိုယ့်ကြိုက်သူ ရှိလို့ကတော့ အကြောင်းလား"

မြရီက သာကွန်းနဲ့ စချင်လို့ စကားဖန်နေတာပါ။ ဒါကို တခြားလယ်သူမတွေကလည်း သိကြတယ်။ သာကွန်းနဲ့စရင် ခင်ရိပ် မကြိုက်မှန်းသိကြတော့ စကားအဝင်စောင့်နေကြတာ။ တစ်ကွင်းလုံး ထမင်းစားနေကြပေမယ့် သာကွန်းက မစားနိုင်သေးဘူး။ ပျိုးစည်းတွေနဲ့ အလုပ်ရှုပ်နေတုန်း။ တစ်ခါတစ်ခါ ဆိုလိုက်တဲ့ သီချင်းသံတောင် ထမင်းဝိုင်းဆီ ရောက်လာတတ်သေးကိုး။

"သာကွန်း ရတဲ့မိန်းမတော့ စိတ်ချမ်းသာမှာပဲ၊ ကြည့်ပါလား၊ ခုထိ မနားသေးဘူး၊ အလုပ်များတော့ လက်ကြောတင်းပါ့တော်၊ ခက်သာက မိန်းမတွေက သာကွန်းလိုလူတော့ မကြိုက်ကြဘူးအေရဲ့၊ တစ်မြို့သားမှ အဟုတ်ထင်ကြသာ"

သည်စကားက ခင်ရိပ်နား ရောက်သွားတယ်။ တစ်မြို့သားဆိုတာ ရွာကြီးမှာနေတဲ့ ကျန်းမာရေးမှူး ဆရာလေးကို ပြောတာမဟုတ်လား။ ခင်ရိပ်တို့ ရွာတွေမှာတော့ ကျန်းမာရေးမှူးလည်း ဆရာဝန်ဆိုတော့ ရွာမိန်းကလေးတွေက အထင်ကြီးတယ်။ ဆရာလေးနဲ့ ခင်ရတာ၊ အရေးတယူ

ရှိရတာကလည်း တစ်ဂိုက်ကိုး။ ခင်ရိပ်တို့အိမ်ကိုလည်း ရောက်လာတတ်သားပဲ။ ကျန်းမာရေးမှူးကလေး ကိုမြဖေတဲ့။ ရွာကတော့ ဆရာလေးခေါ်ကြတာပါပဲ။ လူက ရိုးကျကျ နေတတ်တာရော၊ စကားအပြောအဆိုညင်သာတာရော၊ ဘယ်သူ့အိမ်မှာပဲဖြစ်ဖြစ် ဝင်ဟယ်ထွက်ဟယ် စားဟယ်သောက်ဟယ် ရှိတာရောဆိုတော့ ရွာက ခင်ကြတယ်။ တခြားရွာ အပျိုတွေလိုပါပဲ ခင်ရိပ်လည်း ဆရာလေးကို ခင်ချင်မင်ချင် အရောဝင်ချင်တာပေါ့။ မနေ့ကတောင် မြို့ကပြန်လာလို့တဲ့ ကော်နှင်းဆီ ရင်ထိုးကလေးတွေရွာထဲ ဝေသေးတာမဟုတ်လား။ ခင်ရိပ်တောင် တစ်ခု ရလိုက်သေးတယ်။

"အဖိုးတော့ မတန်ပါဘူး မခင်ရိပ်ရယ်၊ မြို့ရောက်တုန်း ရွာကနှမများအတွက် ဝယ်လာတာ၊ ဟိုဘက်ရွာတွေလည်း ပေးခဲ့သေးတယ်။ ဆရာမ မသီတာကိုလည်း ပေးရဦးမယ်"

မသီတာ ဆိုတာ ခင်ရိပ်တို့ရွာကျောင်းက ကျောင်းဆရာမလေးပါ။ ဆရာလေးက ဆရာမ မသီတာဆီကိုလည်း မကြာခဏ ဝင်လည်တတ်တာ ခင်ရိပ် သိတယ်။ ဆရာမ မသီတာကိုလည်း ခင်ရိပ်တို့ တစ်ရွာလုံးက ချစ်ကြခင်ကြတာပါပဲ။ ဆရာလေးက ဒီနားက ရွာတွေအကုန် ဆေးလည်ကုတာဆိုတော့ ခင်ရိပ်ထက်ချောတဲ့ မိန်းကလေးတွေ ဝိုင်းနေမှာပါလို့လည်း တွေးမိတယ်။

"ခင်ရိပ် ဘာချက်သတုန်းဟ၊ ငါ့ဖို့များ ချန်ပါဦး"

ထိုင်နေတဲ့ မိန်းမတွေပေါ် မိုးကြည့်နေတဲ့ သာကွန်းက ခင်ရိပ်ကို မေးလိုက်တာပါ။ ခင်ရိပ်တောင် အတွေးဝင်နေရာက သာကွန်း အသံကြီးကြောင့် လန့်သွားမိသေးတော့။ ခင်ရိပ်တို့အားလုံး ထမင်းစားပြီးကြပါပြီ။ မြေစိုစို ဖွက်စိုစိုမှာ ထိုင်ကြရင်း တစ်ယောက်ခေါင်း တစ်ယောက် သန်းရှာ



သူက ရှာကြလို့။ ရေနွေးကြမ်း ပူပူလောင်လောင်ကို ရေဆာပြေအောင် တဖူးဖူး မှုတ်သောက်သူက သောက်ကြလို့။

"ခင်ရိပ် ရော်ဗျာ... ခေါ်နေတာကို"

"ဘာတုန်း... ဘာတုန်း... ပြောစရာရှိတာ ပြောလေ၊ ဘယ့်နှယ် ကြောင့်များ တွန်းခေါ်နေတာပါလိမ့်၊ ကိုင်းပြော ဘာတုန်း"

"ဘာချက်တုန်း မေးတာပါဟ၊ ငါဖြင့် ထမင်းမစားရသေးပေါင်ဟာ"

"လယ်ရှင် မျက်နှာလုပ်နေတာကိုး၊ ဘယ်စားရပါ့မလဲ၊ လယ်ရှင့်သမီး ခင်တုတ် မျက်နှာနဲ့ ပိုးကြေးပန်းကြေး လုပ်နေတာ မစားရ ငတ်ပေါ့"

"ဟာ... ခင်ရိပ်၊ မကြားသာ ကြားသာဟာ ပေါက်ကရ"

ခင်ရိပ်နဲ့ သာကွန်းက အဲသလို တွေ့တိုင်း တကျက်ကျက် အော်နေကျ။ သာကွန်းကလည်း မထိတထိ စ,တယ်။ ခင်ရိပ်ကလည်း မခံဘူး။ ရွာကတော့ ခင်ရိပ်ကို သာကွန်း ကြိုက်နေမှန်း သိကြပါတယ်။ သဘောလည်း တူကြတယ်။ ကိုယ့်တောသူတောင်သားချင်းဆိုတော့ သာတယ်နာတယ် စီးတယ် ပိုးတယ် မရှိကြပါဘူး။ မိဘချင်း သဘောတူလို့၊ လူငယ်ချင်း မေတ္တာရှိကြလို့ကတော့ ပေးစားကြတာများတယ်။ ယူကြတာများတယ်။ အခုက ခင်ရိပ်ကိုယ်က သာကွန်းကို မေတ္တာမရှိတာဆိုတော့ မလျော်ဝံ့ကြဘူး။

သာကွန်းက မိန်းမအုပ်သားမှာ ငုတ်တုတ်ဝင်ထိုင်တယ်။ လက်ဖက်ရည်အကြမ်း တစ်ခွက်ကို ယူသောက်တယ်။ လက်မှာက ရွှံ့တွေနဲ့။ မအေးလှက ထမင်းတောင်းထဲက ထမင်းခူးပြီး သာကွန်းကို ပေးတယ်။ ဟင်းတွေကတော့ ပုံထည့်ပေးလိုက်တာပါ။ တကယ်က သာကွန်းအတွက် လယ်ရှင်က ထမင်းပို့ပါတယ်။ သာကွန်းက မစားသေးဘဲ ခင်ရိပ်ကို လာစ,ရင်း ကြုံရာဝင်စားလိုက်တဲ့ သဘောပါ။ မအေးလှက မေးတယ်။

"လယ်ရှင်က ဘာချက်သတဲ့တုန်း"

"က,ကတစ် ငါးပိကောင် ထင်ပါရဲ့၊ ကန်သင်းဘေးမှာ သည်အတိုင်းပဲ၊ တစ်ယောက်တည်းစာရတာ ထမင်းမမြိန်ပေါင်ဗျာ"

"မမြိန်ရင် တို့နဲ့လာစားပေါ့ဟဲ့၊ ခင်ရိပ်လည်း ရှိသားပဲ"

ခင်ရိပ်က သည်စကားကြားတော့ ဇတ်ဇတ်ပါအောင် ဝင်ငေါက်တယ်။

"အမယ်လေးလေး... ခင်ရိပ်နဲ့ မဆိုင်လိုက်တာမှ မဆီလေးရယ်တဲ့မှ အိုမဆိုင်... ခွေခေါင်ခေါင်ကြီး ဘူးပင်မှာ ခရမ်းဝင်လို့သီး"

"ခင်ရိပ်ရယ်၊ ထူပါရဲ့ ထီးတော်ဖျား နံ့ပြည်စုတ်ဝင်လို့နား ဆိုသာလို ငါ့နမများနဲ့ စားရတော့ ထမင်းပိုဝင်တယ် ပြောတာပါဟား၊ ဒါထက် ခင်ရိပ် နင်တို့အိမ်က ဇော်နီကွမ်းသွေးကြီး နေကောင်းသွားပလား"

ဇော်နီကွမ်းသွေးဆိုတာ ခင်ရိပ်တို့အိမ်က နွားကြီးကိုပြောတာပါ။ အရောင်နဲ့ ပြောလိုက်ရင် သိကြတာကိုး။ ခင်ရိပ်က မဖြေဘူး။ သာကွန်းက အမြဲတမ်း ပါလေရာဆိုတာ သူ အသိ။ ငယ်ငယ်က လူကောင်ကြီး ထွားလွန်းလို့ ကျောင်းမှာ ဆရာက အတန်းအပ်ရင် အင်မတန် ပါဝါပြတာ ခင်ရိပ် မှတ်မိတယ်။ ဆရာက မြို့သွားစရာရှိရင် သာကွန်း အတန်းထိန်းထားစမ်း အပ်ထားခဲ့ရင် သာကွန်းက ချက်ချင်း ကျောင်းဆရာဂိုက်ဖမ်းတော့တာ မဟုတ်လား။ ပေတံတစ်ချောင်းကိုင်ပြီး တစ်တန်းလုံး လိုက်ကြည့်တော့တာပဲ။ စကားပြော ပြောလို့၊ ကစားတော့ ကစားလို့။ အခုလည်း ဒါမျိုးပဲ။ နွား နေကောင်းသလားမေးတာ အကောင်းမဟုတ်ဘူး။ မကောင်းဘူးပြောရင် သူ အိမ်ရောက်လာမယ်။ အဖေ့ကိုပြောပြီး သူ ကုပေးမယ်ဆိုမယ်။ နေ့တိုင်း နွားဆေးတွေနဲ့ ရောက်လာမယ်။ ဒါမျိုးတွေ ရိုးနေပေါ့။



"ဆရာလေး သွားပင့်ထားတယ်၊ ဆရာလေးလောက် ဘယ်သူက စွမ်းမှာတဲ့တုန်း"

သာကွန်းက ထမင်းလုပ်ကြီး ပါးစပ်ထဲသွင်းခါနီး ခင်ရိပ်ကို ကြည့်တယ်။

"ဆရာလေးက လူကုသာပါဟာ၊ နွားအကြောင်းတော့ မသိလောက်ပါဘူး၊ ဆရာလေး ကိုယ်တိုင်ကလည်း ပြောဖူးသားဟာကို၊ နင်တို့တွေ အဲဒါခက်သာ၊ ကိုယ့်ရိုးရာဆေးကျတော့ အထင်သေးသလိုလို၊ ဆေးပဲ မစွမ်းသလိုလို..."

"အို... ဆရာလေးက လူတောင် ကုနိုင်သေးတာ၊ နွားလောက်တော့ စပျော့ပေါ့"

"အေး... တော်ကြာ စပျော့က စမျော့ ဖြစ်မှာစိုးတာဗျာ၊ ကျွဲနဲ့ နွားနဲ့ လုပ်ကိုင်စားနေကြမှတော့ ကျွဲအကြောင်း နွားအကြောင်း အကဲခတ်တတ်ရမှာပေါ့၊ တို့ရွာကလူတွေ အသိ အရင်လိုသာများ"

လယ်သူမတွေကတော့ သာကွန်းနဲ့ ခင်ရိပ် တစ်ယောက်တစ်ခွန်းစကားများနေကြတာကိုပဲ သဘောကျနေကြတာပါ။ မိုးတွေ ညို့လာပြန်ပြီ။ လယ်ဆင်းချိန်ရောက်ပြန်တော့ သုတ်ခနဲ ထ,ရပ်ကြရပြန်တယ်။ ခင်ရိပ်တို့တွေ ထသွားပေမယ့် သာကွန်း မထသေးဘူး။ ခင်ရိပ် နောက်ကျောကို ကြည့်ရင်း ပြုံးကျန်ရစ်တယ်။ မအေးလုက သူတို့နှစ်ယောက်ကို သီချင်းစောင်းဆိုလိုက်တယ်။ ကွင်းလုံးကြား ဆိုလိုက်တာပါ။

"အမေရယ်... ဟိုလူကြီးက နမ်းတယ် နမ်းတယ်
နမ်းတာများ နာလို့လာဟယ် ဗိုင်းတာမရယ်
နမ်းတာတော့ မနာဘူးပေါ့... နှုတ်ခမ်းမွေးက စူးသတော်၊ မုတ်ဆိတ်မွေးက ယားသတော်... အာလာလာ... အို အမေ့ ပလို့ဂျိ"

ခင်ရိပ်က သူ့စောင်းဆိုမှန်းသိတော့ မအေးလှ ကျောကို အုန်းခနဲ ထုတယ်။ လယ်သူမတွေ ရယ်သံကြောင့် ရွာတော့မယ့်မိုးတောင် တန့်သွားလေရဲ့။

●

(၃)

ခင်ရိပ် ထင်ကဲ့အတိုင်းပဲ။ ညနေဘက် လယ်ပြန်ချိန်လောက် သာကွန်း ရောက်လာပါကောလား။ ခင်ရိပ် အဖေကတော့ သာကွန်း ရောက်လာတာကို ဘုရင်ခံ ရောက်လာတဲ့အတိုင်းပဲ။ သာကွန်းက အသုံးတည့်တယ်လို့လည်း ပြောနေကျကိုး။ သာကွန်းက ဖင်ပေါ့တော့ နှီးကလေး တုပ်ခဲ့ပါဦး။ နွားချေးကလေး သိမ်းခဲ့ပါဦး။ နွားစာကလေး ကျွေးခဲ့ပါဦး၊ သည်နွားကပစ္စည်း ဟိုနွားရွှေ့ခဲ့ပါဦးကအစ အားကိုးရတာကိုး။ သွက်လိုက်တာလည်း မပြောနဲ့ ဖျိုးဖျိုးဖျတ်ဖျတ် သိပ်ရှိတာ။ မောင်ရို့လေး ဆိုတာနဲ့ 'ဝိတ်' ဆိုတဲ့လူမျိုး။

"ဘကြီးတင့် နွား ဘာဖြစ်သာတုန်း၊ ခင်ရိပ် မေးတော့လည်း စကားကောင်းမပြောဘူး၊ ဆရာလေးနဲ့ ကုမလိုလို ပြောနေလို့ ကျုပ်တို့ရိုးရာ နွားဆေးတွေ ဏောင်းချက်ဗျာ"

"ခင်ရိပ်ကို ဗွေမယူပါနဲ့ သာကွန်းရာ၊ မင်းနှမက ကလေးစိတ် မကုန်သေးဘူးရယ်၊ ဆရာလေး ပြမယ်ရယ် ဘာရယ် ဟုတ်ပေါင်ကွာ၊ မင်း ကြည့်စမ်း ဘာဖြစ်သတုန်းလို့"

သာကွန်းက ဇော်နီကွမ်းသွေးကြီး ချည်ထားတဲ့ နွားချည်တိုင်ဆီသွားပြီး ငုတ်တုတ်ထိုင်ကြည့်တယ်။ တောသူတောင်သားများထုံးစံ နွားတစ်ကောင်ကို ရေဆုံး ရေဖျား ကြည့်တော့တာပါ။ အမွေးအရောင်ကြည့်တယ်။



ဗွေအင်္ဂါကိုကြည့်တယ်။ ချိုလက္ခဏာကိုကြည့်တယ်။ မျက်စိ၊ အသားအရေ၊ အမြီး၊ ခွာ၊ သွားကအစ အကျင့်လက္ခဏာတွေ ကုန်အောင်ကြည့်ကြတာ သဘာဝပါ။ နွားကြီးက နွားမျိုးကောင်း။ လည်မှာ ဗွေထိုးနေတဲ့နွား မကောင်းရှိပါ့မလား။ ကြာလည်းရှေ့ရောက်တယ်။ ကျောဗွေနကလည်း ကောင်းလှသလို နားရွက်တို ခွာရှည်ထဲက နွားမျိုး။ လည်ပင်းကလေး ရှည်ချင်တာတော့ သာကွန်း မကြိုက်ဘူး။ မွေးကြမ်းမြီးရှည်၊ ခေါင်းတိုနဲ့ ကျပ်၊ မျက်ကွင်းလည်ကြား၊ သွားကြားရေယိုဆိုတဲ့ ကြန်အင်ဆိုးတွေကင်းတာတော့ ရိုးရိုးရိပ်ရိပ်တောင် မပါဘူး။

"ဘကြီးတင်နွားက ချိုနှစ်ဖက်ကြားက ထိပ်ကွင်းကြီး ကျယ်လိုက်တာ၊ ခြစ်ခုံလည်း ကျယ်သားပဲ၊ ရင်ဆုံကလေး ယောင်ယောင်ကျဉ်းလို့သာ၊ နို့မို့ လက်ခမောင်းသာခတ်တော့"

ခြစ်ခုံကျယ်တယ်ဆိုတာ တင်ပါးဆုံ ကျယ်တာကို ပြောတာပါ။ သာကွန်းက နွားဆိုလို့ကတော့ ဝါသနာပါပြီးသား။ နွားကလေး မွေးပါပြီ 'ဖွားကျ' ဘဝကတည်းက လိုက်ကြည့်တတ်တယ်။ ဖွားကျအရွယ်ကမှ အင်ပဲ့၊ နွားဖျန်း၊ နွားပေါက်၊ နွားမတန်း၊ နဖားထိုး၊ သင်းခြင်း၊ နွားသိုး၊ နွားပိုက်အထိ သာကွန်း မှန်းရင် လွဲခဲ့တယ်။

"သင်းပြီးသား နွား အခါလည်ပြည့်ရင် ညှပ်ခေါ်ကြတာ၊ တချို့က နွားနို့ခွဲခါစ နွားပေါက်ကို နှစ်နှစ်မပြည့်ခင် ပိုက်ကျတော့ လှီတာပေါ့။ သည့်ထက်လွန်မှ ပိုက်ပြန်တော့ 'ရှူး'သွားတတ်တယ်။ ဖင်ရှူး ခေါင်းရှူး ဗိုက်အိုးကြီးကားကရော။ ဘကြီးတင် ဇော်နီကွမ်းသွေးလိုကောင်များ လှည်းတပ်လိုက်ရလို့ကတော့ သေအောင်ပြေးပေါ့ဗျာ"

ဒါမျိုးများဆို ခင်ရိပ် အဖေက သဘောကျလို့ မဆုံးတော့ဘူး။

"သာကွန်း ကြည့်စမ်းပါဦးကွ၊ ဝယ်တာ မကြာသေးပေါင်ကွာ၊ မတ္တရာဘက်က ငဆောင် နွားလာပြလို့ ယူထားလိုက်တာ"

"နွားလာပြတိုင်း မယူနဲ့ ဘကြီးတင်ရ၊ နွားပွဲစားများ နွားဆိုးနွားကောင်း လုပ်ပြောကြတာ၊ နွားကောင်းများဟာ ခေါင်းမော့ လည်မော့ရှိရတယ်။ လဘို့မြောက်ရသယ်၊ မြီးရင်း မောက်ရသယ်၊ လှည်းတင်မယ့်နွားများ သွားရင်းနဲ့ ထိုင်ချသာတောင် ရှိသေးတာ၊ နွားဘီလူးခေါ်တယ်၊ ဟောသည်မယ်ကြည့်"

သာကွန်းက နွားမြီးကို သွားမ,တယ်။ အမြီးကို ထုံးပြတယ်။

"အမြီးမှာ မြီးသွယ်တဲ့… သံကွင်းစွပ်တဲ့… ကြက်ဆူးတဲ့… သိုမြီးထိုးတဲ့… တံမြက်လှည်းတဲ့… သရက်ကင်းတဲ့… ဟောသလို မြီးလုံးသေးသေးသွယ်သွယ် ဆင်းသွားရင် ကောင်းပြီမှတ်တော့။ သည်ကောင် တစ်ချက်ညံ့တာက နွားမြီးကို ပေါင်နှစ်လုံးကြား တစ်ခါ တစ်ခါ ထိုးချင်သယ်၊ သိုမြီးထိုးသယ် ခေါ်သာပေါ့။ သည်တစ်ချက် မကြိုက်တာ"

ခင်ရိပ်ကတော့ သူ့အဖေနဲ့ သာကွန်း ဒီလိုများ နွားစကားပြောနေရင် နေကုန်တတ်မှန်းလည်း သိပါရဲ့။ သာကွန်းက နွားအကြောင်းနားလည်သူဆိုတော့ သာကွန်းရှိရင် နွားအဝယ် မမှားနိုင်ဘူးလို့လည်းတွက်နေပုံရတယ်။ နွားဆိုတာက အဝယ်မှားရင် နွားတစ်သက် အိမ်မှာအဖတ်တင်နေတတ်တာ မဟုတ်လား။

"အခု ဘကြီးတင့်နွားက မှင်နေသာပါ၊ အခိုးငုပ်နေသာ ထင်ပါရဲ့၊ နေပူထဲ အခိုင်းနာမိသွားတော့လားဗျာ၊ လွယ်ပါ့၊ ဒါမျိုးတော့ ကျုပ်တို့ ရိုးရာဆေး ကောင်းလွန်းလို့မှ လူတွေ ရိုးရာဆေး အထင်သေးတတ်လွန်းလို့"



သည်စကားက ခင်ရိပ်ကို စောင်းပြောနေတာ ခင်ရိပ် သိသားပဲ။ သာကွန်းကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်တယ်။ ဒါမျိုးကို မကြိုက်တာ။ သာကွန်းက ခင်ရိပ်ကို လှမ်းခေါ်လိုက်တယ်။ ငရုတ်ကောင်းတစ်ဆုပ်၊ ချင်းတစ်တက်၊ ဆားတစ်ဆုပ်နဲ့ ကျွန်းသားမီးသွေး ရောအထောင်းခိုင်းတယ်။ သာကွန်း မျက်နှာက တကယ့် ဆေးဆရာကြီးပုံ။ မျက်နှာကြီးချိုလိုက်လို့။ အမြင်ကတတ်လိုက်ပုံများတော့။ ခင်ရိပ် ထောင်းပြီးသား သတ္တုရည်ကို ပုဆိုးစုတ်နဲ့ အရည်စစ်ပြီး ခွက်နဲ့ခံတယ်။ လက်ခလယ်နဲ့တို့တို့ပြီး နွားကို မျက်စဉ်းခတ်တော့တာပဲ။ နွားက စပ်လွန်းလို့ 'ဘူး'ခနဲအော်လိုက်တော့ ခင်ရိပ် အဖေက နွားကျောကို သပ်ပေးတယ်။

"ခင်ရိပ် သည်နားတော့ ရှိမယ်မထင်ဘူး၊ လယ်စပ်မှာပေါက်တဲ့ကျွဲနပေါင်းရွက်နဲ့ နမြေရင်း (နွားမြေရင်း)ရွက် ရသလောက် နူးချေစမ်း၊ ညက်အောင်ထောင်းတိုက်လိုက်ရင် ငါ့ကောင် ရန်တောင် ထ,တွေ့လိမ့်ဦးမယ်"

ခင်ရိပ်က အောင့်သက်သက်ဖြစ်သွားတယ်။ ရန်ထ,တွေ့နိုင်တယ်ဆိုတာ သူ့ကို စောင်းပြောတာ မဟုတ်လား။ မိုးကလေးချုပ်စဆိုတော့ အိမ်က မောင်အလတ်ကောင်ကို ပြေးခူးခိုင်းရတယ်။ ဆေးရွက် ရလာတော့ ခင်ရိပ်ကပဲ ထောင်းရတာပါ။ သာကွန်းက နွားပါးစပ်ထဲ ဆေးဝင်အောင် တိုက်ပြီး ခဏစောင့်ကြည့်တယ်။ နွားက ဆေးနဲ့တွေ့သွားလို့ ထင်ပါရဲ့ မျက်စိအောက်တင် လန်းလာတယ်။

ဘကြီးတင်က မုန့်လက်ကောက်တွေ ချနိုင်းပြီး ရေနွေးကြမ်းနဲ့ ဧည့်ခံတယ်။ လက်တွေဆေးတော့ ခင်ရိပ်ကပဲ ရေလောင်းပေးရတာဆိုတော့ သာကွန်းက လက်နမ်းကြည့်လိုက်၊ ရေလောင်းနိုင်းလိုက် လုပ်နေတာ

အကြာကြီး။ ကြာတော့ ခင်ရိပ်က အမြင်ကတ်လာတာနဲ့ ရေတစ်ဖလား ခပ်ပြီး သာကွန်းကို ခေါင်းကနေ လောင်းချလိုက်ကရော။

"ခင်ရိပ်ရယ်... ငါ ဆရာဟ၊ မရှိမသေနဲ့ဟာ"

"ဘာဆရာလဲ၊ မသိရင်ခက်မယ် ဟွန်း"

ဘကြီးတင်က သမီးအကြောင်းသိတော့ ရယ်နေတာပါပဲ။ တစ်ရွာတည်းသားတွေလည်းဖြစ်ပြန်၊ သာကွန်းကိုလည်း ချစ်ခင်ကြလေတော့ ဘယ့်နှယ်မှလည်း မထင်ပါဘူး။ မောင်လိုနှမလို ဒီလို စ,နေကြတာ မဟုတ်လား။ သာကွန်းက မုန့်လက်ဟောက်ကြော်တွေ ပလုပ်ပလောင်း စားနေတော့ ခင်ရိပ်က "ဘယ်အချိန်ကများ သရေကြီး ခိုင်းနေသယ် မသိဘူး"လို့ လှမ်းဆိုလိုက်သေးတာ။ သာကွန်းကတော့ တဟားဟား ရယ်ရင်းက တစ်ခုပြီးတစ်ခု စားနေတော့တာပါ။

အဲဒီညက သာကွန်းနဲ့ ဘကြီးတင် နွားအကြောင်းတွေ ပြောလိုက်ကြတာ ညကြီးကို ရင့်ကရောပဲ။

●

(၄)

"ကျန်းမာရေးမှူး ဆရာလေး ကိုမြဖေနဲ့ ဆရာမ မသီတာတို့ ယူကြတော့မတဲ့တော်"

ဆောင်းပေါက်ပြီ။ လယ်စပါးတွေလည်း မှည့်ကြပြီ။ တစ်ရွာလုံး လယ်တွေရိတ်ကြဖို့ ပြင်ကြရပြီ။ သူ့လယ် ကိုယ့်လယ် မောင်းမညီခင် ရိတ်ကြရမှာဆိုတော့ ရင့်နှင့်တဲ့လယ် လယ်စားလိုက်ကြရတယ်။ သည်ကနေ့ ဖွားဖေ းသိတို့လယ်တွေ ရိတ်ကြရမှာလေ။



"ဆရာမ မသီတာနဲ့ ယူမှာပေါ့အေ့၊ သူတို့ချင်း ဖြစ်နေသာပဲ ကြာလှပေါ့၊ ကောင်းပါသယ်အေ၊ စာတတ် စာတတ်ချင်း ယူကြတော့ မပေါ့"

ခင်ရိပ် ဝမ်းနည်းသလိုလိုတော့ ဖြစ်မိသား။ ဒါပေမယ့် သည်လိုဖြစ်ရမှာ ပေါ့လေ။ ရွာအပျိုတွေကလည်း ဆရာလေးကို ချစ်လှချည့် ကြိုက်လှချည့် ရယ် မဟုတ်ကြပါဘူး။ မြို့သား ပညာတတ် ကျန်းမာရေးမှူးဆိုတော့ အထင်ကြီးကြတာတော့ ရှိတာပေါ့။ မိန်းကလေးသဘာဝ စိတ်ကူးကလေး ယဉ်ကြတာတော့ ရှိကြမပေါ့။

"ခင်ရိပ်ရေ... အေ ခင်ရိပ်"

လယ်စည်းခေါင်း မကြီးတင်ရဲ့အသံ။ အော်လိုက်တဲ့ အသံနှယ်တော်။

"လာပြီ... တော်ရေ လာပြီ... လာပြီ"

ရွာလမ်းပေါ်မှာ ကောက်ရိတ်မယ့် ယောကျ်ား မိန်းမ ပလုံထိုးကြလို့။ တံစဉ်ရိုးရှည်၊ ရိုးတိုတွေ ကိုင်ကြလို့။ ခေါင်းပေါင်းကြီးတွေ ခမောက်ကြီးတွေနဲ့။ သနပ်ခါးတွေက ပိန်း[illegible]မ်း။ ဖျင်လက်ရှည် ထူထူကြီးတွေ ဝတ်ထားကြတော့ အိုင့်တိုင့်တိုင့် းတွေ။

"ရော်... ခင်ရိပ် နင်ပါ ပါသကိုး၊ ဝမ်းသာသဟာ"

သာကွန်းက ဝေလီဝေလင်း အလင်းရောင်ထဲ မြင်လိုက်တဲ့ ခင်ရိပ်ကို နှုတ်ဆက်တယ်။ ခင်ရိပ်က မဖြေဘဲ တစ်ဖက်ကို လှည့်နေလေရဲ့။ သာကွန်းက သူ့ထုံးစံ အပြုံးမပျက်ဘူး။ ခင်ရိပ် အကြောင်းသိနေတာ မဟုတ်လား။ ပုဆိုးပိုတစ်ထည်ကို ခေါင်းခြုံပြီး လက်တွေပါ ပုဆိုးထဲ ထည့်ထားတယ်။ အေးလိုက်တာ စက်လို့ကိုး။

"ငါက နင့်ကို ဒွေးဖော့တို့လယ်ဘက် လိုက်သွားသယ်မှတ်တာ"

"ဒါ့ဟာငါ ဘယ်ကွင်းလိုက်လိုက် နင့်အပူလား"

"ငါ့အပူပေါ့ဟ၊ ငါဖြင့် အိပ်ဘောင်မပျော်ဘူး၊ ချွေးဖောက်တို့လယ်ဘက် ပါသွားမှာစိုးလို့"

"သေလိုက်ပါလား"

"မသေနိုင်သေးပေါင်ဗျာ၊ မိန်းမတောင် ရသေးသာ မဟုတ်ဘူး"

"နင့် ဘယ်သူက ကြိုက်မှာတုန်း"

"နင် ရှိသားပဲဟာ၊ ဘယ်သူ ရှိရဦးမှာတုန်း"

ခင်ရိပ်က တံစဉ်နဲ့လိုက်တော့ သာကွန်း ပြေးတယ်။ ကောက်ရိတ်ထွက်မယ့် ရွာသားတွေက တဟေးဟေး။ စည်းခေါင်း မကြီးတင်အသံက အကျယ်ဆုံး။ ရွာလမ်းပင် တုန်သွားတော့တယ်။

"ခင်ရိပ်ရေ မိတာနဲ့ တံစဉ်နဲ့ တီခနဲ ဖြတ်လိုက်ယော့"

"ဝါး… ဟား… ဟား"

တာပေါင်ပေါ်မှာ လူတွေ အုံးအုံးထလို့။ ခင်ရိပ်မှာတော့ ဆောင်းတွင်း ချမ်းချမ်းစီးစီးကြီးထဲ ချွေးများတောင် ပြန်လို့လေ။ မျက်နှာကတော့ ပြုံးလို့ပါလား။

"ကျောကုန်းကြီး ဝအောင် ထုခဲ့တာလေ"

မြရီက သီချင်းတစ်ပုဒ် ကောက်ဆိုလိုက်ကရော။

"ပျိုစိုက်တဲ့ လယ်ထိပ်က

လည်ညိတ်ကာကူ ချိုးဖြူ ချိုးဖြူ

အသံတူတူ ကူရရိုးလား

သည်းအူကျချိုး

ချိုးလုပ်ဟဲ့…"

ကောက်စိုက်သမတွေ 'ဝါး'ခနဲ ရယ်ကြတော့လည်း ခင်ရိပ် အရှက်သား။



ရွာအနောက်က လယ်တွေက တစ်မျှော်တခေါ်ကြီး။ စပါးရိတ်ကြမယ့် လူတွေဆိုတာ ရှုစိထိုးလို့။ တံစဉ်ရှိုးရှည်၊ တံစဉ်ရှိုးတို၊ ကျွဲချိုတံစဉ်ကြီးတွေ ကိုင်ကြရင်း လယ်တွေဘက် သွားကြပြီ။ ခင်ရိပ်တို့ အပျိုတွေကလည်း သနပ်ခါး ပိန်းကြမ်းကြီးတွေနဲ့၊ ရွာသူတွေဆိုတော့ နဖူးစာက တစ်ခြားရွာ သွားလည်စရာတောင် မလိုတော့ဘူး။ ကိုယ့်ရွာ ကိုယ့်အပျို ကိုယ့်လူပျို လယ်ခင်း စပါးခင်းထဲ လည်ကြပါလေ့။ သာကွန်းက ကျွဲချိုတံစဉ်ကြီးနဲ့ ရှေ့က ဒီးလွှားဒီးလွှား သွားနေတော့ ခင်ရိပ်တို့မှာ နောက်က မီအောင် လိုက်ကြရတယ်။ သာကွန်းက စပါးရိတ်တော့အဖြစ်။ လူ့မနောကောင်းဆိုတော့ လူတိုင်းကလည်း ချစ်ကြပါရဲ့။ ခင်ရိပ်က အဖေပြောတဲ့စကား နားထဲ ကြားမိတယ်။

"သာကွန်းက လယ်ကိစ္စ နွားကိစ္စများတော့ ပုံတောင် တောင်ခေါက်နိုင်သေးဗျာ၊ တို့အိမ်က ဇော်နီကွမ်းသွေးကြီးနဲ့များ ဖက်လိုက်ရင် တစ်ရှူး ဖြစ်မယ့်ကောင်"

ခင်ရိပ်က သာကွန်းကို စ,ချင်လို့ နောက်က ပြေးလိုက်တယ်။ သာကွန်း ဝတ်ထားတဲ့ နေပူခံ ကျောစုတ်အင်္ကျီကို နောက်ကနေ ဖြဲချလိုက်တော့ ကျောလုံး လန်သွားလိုက်တာ ဖတ်လတ်ကြီး။ လယ်ကွင်းထဲက ရယ်သံတွေကြောင့် လက်ပံပင်ပေါ်က ဆက်ရက်တွေတောင် ဆော့ခနဲ ထ,ပျံကြပါရောလား။

**ကလျာမဂ္ဂဇင်း၊**

**(၂၀၀၉) ခုနှစ်၊ ဇန်နဝါရီလ**

• • •



# ဘွားမေသို့ မေတ္တာစာ

## (၁)

ကျွန်မ၏ စာပေအလုပ်တွေထဲမှာ နေ့စဉ်နှင့်အမျှ ဆိုသလို ရောက်လာတတ်သော စာပေပွဲဖိတ်စာများ၊ လှူမှုရေးဖိတ်စာများ၊ ပန်းချီပြပွဲများက ပေးပို့ဖိတ်ကြားကြသော ပန်းချီကက်တလောက် ဖိတ်စာများနှင့် ပေးစာများကို ဖိုင်တွဲရခြင်း၊ ဆိုင်ရာ စက္ကူအိတ်ကြီးများတွင် ထည့်ရခြင်းစသော အလုပ်များလည်း ပါဝင်ပါသည်။ ချက်ရပြုတ်ရ၊ ကလေးကျောင်းကိစ္စ၊ လူမှုရေးအဝဝ၊ အိမ်ဗာဟီရတွေကြား မသိမ်းမိ ဖိုင်မတွဲမိဘဲ အထပ်လိုက်ပုံနေတာတွေလည်း ရှိပါ၏။ များလာတော့လည်း အားသည့်တစ်ချိန်ချိန်ကိုရွေးကာ ဆိုင်ရာ ဆိုင်ရာ ရွေးရ နုတ်ရ သိရ တွဲရပြန်ပါသည်။ ဂျာနယ်တွေ ဖိုင်တွဲရတာကလည်း မနိုင်, နိုင်အောင်ပင်။ တချို့ဆောင်းပါးတွေဆိုလျှင် အူက ပြုတ်ရ၊ ဖြတ်ရ ညှပ်ရတာများလည်း ရှိပါသည်။ မိတ်ဆွေများနှင့် အခမ်းအနား အထိမ်းအမှတ်များဆီက ရတတ်သော အမှတ်တရလွယ်အိတ်များဆိုလျှင် အလုံးသုံးဆယ်လောက်ရှိပါပြီ။ တစ်ချိန်ချိန်မှာ လွယ်အိတ်ပြပွဲကလေး လုပ်ချင်၍ ကျွန်မတို့ ဇနီးမောင်နှံ ရသမျှ သိမ်းထားဖြစ်ကြပါသည်။

ပေးစာတွေကိုတော့ ကျွန်မတို့ အထူးသတိထားပြီး ဖိုင်တွဲထားကြပါသည်။ ကျွန်မတို့ ချစ်ခင်လေးစားရသော အစ်ကို ရှေ့နေကြီး ဦးထွန်း



အောင်ကျော်နှင့် မမနွယ်တို့ ဇနီးမောင်နှံက ကျွန်မတို့ မိသားစုနှင့်ဆိုင်သော ရက်များကိုပင် မှတ်မှတ်ရရ စာရေး၍ နှုတ်ဆက်လေ့ရှိကြပါသည်။ ကျွန်မတို့ လက်ထပ်သည့်နေ့၊ သမီးကလေး မွေးနေ့ စသည်ဖြင့်။ စာဖတ်ပရိသတ်များထံမှ လာတတ်သော ပေးစာများကလည်း တစ်ဖိုင်စာရနေပြီ။

တစ်ရက်မှာတော့ ကျွန်မ စာတွေ ဖိုင်တွဲရင်း ဝိုင်းစက်သော လက်ရေးကလေးနှင့် ရေးထားသော စာတစ်စောင်ကို မျက်စိရောက်သွားမိပါသည်။ အဘွား... အဘွားဆီကစာ။ ပင်ကိုအားဖြင့် ကျွန်မတို့ နှုတ်ကျိုးနေသည့် ရွာအခေါ် 'အမေကြီး'ဆိုသည့် အသုံးအနှုန်း မဟုတ်သော 'အဘွား' 'ဘွားဘွား'ဆိုသော အသုံးအနှုန်းကို ကျွန်မအဖို့ အသားမကျလှသေးသော်လည်း အဘွားဆိုသည်နှင့် အဘွားဒေါ်အေးမေမှန်း ကျွန်မချက်ချင်း သိလိုက်ပါ၏။ ကျွန်မလည်း တွဲလက်စ စာတွေကို ခဏရပ်ထားပြီး ဖိုင်ထဲက အဘွား၏ စာတွေကို အရင်ရှာဖတ်နေလိုက်မိပြန်ပါသည်။ ရေးက ပညာတတ်များ၏ လက်ရေးလက်သားမျိုးဖြင့် ပေးပို့သော အဘွား၏ ပေးစာများပင် မနည်းတော့ပြီ။ ပြီးတော့ ဝေးဝေးကလည်း မဟုတ်။ စစ်ကိုင်းမြို့က ရောက်လာသည့် စာများ။ စာအိတ်ထိပ်တွင် အဘွား လက်ရေးဖြင့် Registered Letter လို့ ရေးထားတတ်ပြီး စာအိတ်၏ လက်ဝဲဘက်ထောင့်မှာတော့ အဘွား၏ လိပ်စာကို အပြည့်အစုံ ရေးထားတတ်ပါသည်။

မှ/ဒေါ်အေးမေ

အငြိမ်းစားရုံးအုပ် (ရန်ကုန်တရားရုံးချုပ်)

ဓေယျာလမ်း၊ ပိုးတန်းရပ်

စစ်ကိုင်းမြို့။

SAGAING

ရောက်လာသမျှ အဘွား၏ စာတွေက လေယာဉ်စာအိတ်ရှည်၊ ပတ္တလားပုံပါ ငါးကျပ်တန် တံဆိပ်ခေါင်းနှစ်လုံး၊ Registered letter လို့ ရေးထားသည့် လက်ရေး၊ စာတိုင်းမှာ အတူတူပင်ဖြစ်၏။ ဘွားဘွား၊ ဘွားဘွား ဒေါ်အေးမေ၊ ဘွားမေ (ဇေယျာ) စသည်ဖြင့် လက်မှတ်ထိုးလေ့ရှိသည်။ ကျွန်မကိုတော့ မြေးမလေး ဒေါ်ခင်ခင်ထူးတဲ့။ တချို့စာတွေမှာတော့ မြေးကလေး ခင်ခင်ထူးရေတဲ့။

အဘွား၏ စာတွေကလည်း ကျွန်မကို အားဖြစ်စေပါ၏။ ကျွန်မ၏ ဝတ္ထုတိုများ၊ လုံးချင်းဝတ္ထုများကိုဖတ်ပြီး ချီးမွမ်းစကား ဆိုတတ်သဖြင့် ကျွန်မမှာ ဝမ်းသာပီတိ ဖြစ်ရပါသည်။ သို့သော်လည်း သည်စာတွေအကြောင်း ရေးရာတွင် ကျွန်မကိုယ်ကျွန်မ ကိုယ်ရည်သွေးသည် ထင်မှာကိုလည်း စိုးရိမ်မိပါ၏။ သည့်အတွက်တော့ ကျွန်မကို နားလည်ပေးကြစေချင်ပါသည်။ ကျွန်မ ပြောပြချင်တာက အသက်ရှစ်ဆယ်ကျော် အဘွားတစ်ဦး၏ စာပေချစ်စိတ်ကို ဖြစ်ပါ၏။

ကျွန်မထံကို ရောက်လာသော အဘွား၏ ပထမဆုံးစာက (၅)ရက် စက်တင်ဘာ (၂၀၀၄) ရက်စွဲနှင့် ဖြစ်သည်။ သည်တုန်းက ကျွန်မတို့ မန္တလေး ကန်တော်ကြီး တိုက်တန်းမှာ နေကြစဉ်က ဖြစ်ပါသည်။

●

(၂)

**'မြေးမလေး ဒေါ်ခင်ခင်ထူး**

*ယခု စာရေးသူသည် အသက် (၈၁) နှစ် ရှိပြီဖြစ်၍ ခင်ခင်ထူးကို မြေးမလေးဟု ခေါ်လိုက်ရပါသည်။*



*အဘွားက စာဖတ်ဝါသနာအိုးဖြစ်လို့ ယခုအထိ ဘာသာတရား စာပေမှစ၍ မဂ္ဂဇင်းပေါင်းစုံ၊ စာအုပ်ပေါင်းစုံဖတ်သူ ဖြစ်ပါတယ်။*

*မဂ္ဂဇင်းများမှာ ခင်ခင်ထူး ရေးသားတဲ့ ဆောင်းပါး၊ ဝတ္ထုတွေကို ဖတ်ရတာ အဘွားအတွက် အလွန်တရာမှ အားရဝမ်းသာဖြစ်ရပါတယ်။ အဘွားက ဒီလို ရိုးသားဖြူစင်တဲ့ ကျေးရွာသူ ကျေးရွာသားများရဲ့ ပွင့်လင်းစွာ ပြောကြားပြုမူကြတဲ့ စရိုက်ဓလေ့ ထုံးစံတွေကို အလွန်ပင် နှစ်သက်လှပါတယ်။ ဖတ်ရင်း ဖတ်ရင်းဖြင့် ကျေးရွာကလေးတစ်ရွာ၏ ပန်းချီကားတစ်ချပ် ကြည့်လိုက်ရသလို ရုပ်ရှင်ကားလေး ကြည့်လိုက်ရသလို ကွက်ကွက်ကွင်းကွင်း မြင်ယောင်နေပါတယ်။*

*အဘွားလည်း၊ စာရေးချင်တဲ့စိတ်တွေ ခဏခဏ ပေါ်တတ်ပါတယ်။ ဒါပေမယ့် မရေးဖြစ်တော့ပါ။ ငယ်ငယ်က ဖေဖေက မုံရွာ အမျိုးသားကျောင်းအုပ်ဆရာကြီးဆိုတော့ ကျောင်းမှာ နှစ်စဉ် အမျိုးသားအောင်ပွဲနေ့ ကျင်းပလေ့ရှိပါတယ်။ အဲဒီအကြောင်းတွေကို ရေးချင်ခဲ့ပါတယ်။ ပြီးတော့ နှစ်စဉ် ကျောင်းလာစစ်တဲ့ အမျိုးသားပညာဝန် ဦးဖိုးကျားကလည်း အိမ်မှာလာ၍ တည်းခိုပြီး ကျောင်းစစ်နေကျဆိုတော့ သူ့အကြောင်းတွေ အသေးစိတ်သိရလို့ ရေးချင်တဲ့စိတ်လည်း ရှိခဲ့ပါတယ်။*

*အခုတော့ အသက်ကကြီးပြီ။ စိတ်သွားတိုင်း ကိုယ်မပါ ၊ ကျန်းမာရေးလည်း ချို့ယွင်းစပြုနေပြီဖြစ်လို့ မရေးနိုင်တော့ပါ'*

ကျွန်မ၏ ဓာတ်ပုံကို မဂ္ဂဇင်းများတွင် တွေ့ရသဖြင့် ကျွန်မကို အသက် (၃၀) ကျော် (၄၀) တွင်း အရွယ်ဟု ခန့်မှန်းကာ မြေးမလေးလို့ ခေါ်ရခြင်းဖြစ်ကြောင်း၊ အဘွား၏ မြေးအကြီးဆုံးနှင့် ရွယ်တူလောက်ရှိ

မည်မှန်း၍ ခေါ်ရခြင်းဖြစ်ကြောင်းလည်း ပါ,ပါ၏။ အသက် (၈၀)ကျော် အရွယ် ဘွားအေကြီးတစ်ယောက်က မြေးတစ်ယောက်အပေါ် မေတ္တာစာတ်ဖြင့် ရေးလိုက်သည့် စာတစ်စောင်လို ကျွန်မ ခံစားရပါသည်။ အဘွား စာအရ နံနက်တိုင်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေကြောင်း၊ ညနေပိုင်းမှာ ပဋ္ဌာန်း (၂၄) ပစ္စည်း ရွတ်ဖတ်ကြောင်း၊ မေတ္တာပို့ အမျှဝေရာတွင် ကျွန်မ တို့မိသားစုကိုပါ မေတ္တာပို့ကြောင်းတွေ ပါသဖြင့်လည်း အဘွား၏ မေတ္တာကို ခံယူရပါသည်။

စာတစ်စောင်မှာတော့ ကျွန်မရေးသည့် အညာသူ အညာသား ကျွန်မ ဆွေမျိုးများစာအုပ်၊ ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြိုမယ် စာအုပ်များအပေါ် အဘွား၏ အမြင်များကို ဖတ်ရပါသည်။

*"စိတ်ထားဖြူစင်သန့်ရှင်း ရိုးစင်းလှသော အညာသူ အညာသားဆွေမျိုးများ၏ စရိုက်ပွင့်လင်းပုံများ၊ ပကာသနမပါသော ပကတိရိုးသားသော စကားအသုံးအနှုန်းများ၊ နေထိုင်ပုံ ကျင့်ကြံပုံများကို ဖတ်ရတာ သိပ်ပြီး အရသာတွေ့လှပါသည်။ အခြားသော မြို့ကြီးသူ မြို့ကြီးသားတွေကို ဓာတ်အိမ်ဖွဲ့ထားသော ဝတ္ထုရှည်များ၊ လုံးချင်းဝတ္ထုများနှင့် ယှဉ်၍မရအောင်ပင် တန်ဖိုးရှိလှပါသည်။ ကျက်သရေရှိလှပါသည်။"*

ဝတ်လဲတော် ရွှေပုဆိုး တန်းထိုးလို့ကြိုမယ် ဝတ္ထုထဲက ဓာတ်ကောင်ကိုကျီးညို သေဆုံးသွားသဖြင့် အဘွား သနားလှကြောင်း၊ သို့သော် ကျွန်ရစ်ရှာသူ ခင်နှောင်းကလေးကို ပိုပြီး သနားမိရကြောင်း ရေးထားသည့် စာတစ်စောင်မှာတော့ "ဝတ်လဲတော်ရွှေပုဆိုး ဝတ္ထုရှည်ကလေး ပြီးဆုံးသွားလို့ နမြောလည်း နမြော၊ ဝမ်းနည်းစရာလည်း ကောင်းလှပါတယ်။



ခင်နှောင်းကလေးကိုလည်း အလွန်သနားမိပါတယ်။ လောကထဲမှာ ချစ်ခင်သူတွေနဲ့ သေကွဲကွဲပြီး အလွမ်းတွေနဲ့ ကျန်ရစ်ခဲ့ရရှာသူတို့ရဲ့ ဝေဒနာကို အဘွား ကိုယ်ချင်းစာပါတယ်" လို့ ရေးသားထားပါ၏။ အဘွားကိုယ်တိုင်သည်ပင် အလွမ်းဝေဒနာတွေ ခံစားခဲ့ရဖူးလေသလား မသိ။

အဘွားထံမှ စာသုံး,လေးစောင်လောက် ကျွန်မ လက်ခံရရှိထားပြီးဖြစ်သော်လည်း အဘွားဆီကို ကျွန်မ စာမပြန်ဖြစ်ခဲ့ပါ။ (၂၀၀၄–၂၀၀၅) ခုနှစ်များသည် ကျွန်မအတွက် အလွန်အလုပ်များခဲ့သော နှစ်တွေလည်းဖြစ်ပါ၏။ လသားအရွယ် သမီးကလေးငယ်ငယ်က တစ်ဖက်၊ ကျွန်မတို့မိသားစု ကန်တော်ကြီး တိုက်တန်းမှ မြို့သစ်သို့ ပြောင်းရွှေ့ဖို့ကိစ္စများက တစ်ဖက်နှင့် ဝတ္ထုတိုကလေးများပင် မရေးနိုင်ခဲ့ပါ။ မြို့သစ်ကို ကျွန်မတို့မိသားစု ပြောင်းရွှေ့ခဲ့ကြတော့လည်း အဘွား၏ ပေးစာကလေးတွေက မြို့သစ်လိပ်စာဖြင့် တဖွဲဖွဲ ရောက်လာခဲ့ပြန်ပါ၏။

*'မြေးမလေး ဒေါ်ခင်ခင်ထူး*

*မင်းတို့မိသားစု မြို့သစ်ကို ပြောင်းရွှေ့သွားကြောင်း၊ မဂ္ဂဇင်းတွေထဲမှာ ဖတ်ရလို့ လိပ်စာကူးထားလိုက်တယ်။ ကန်တော်ကြီးတိုက်တန်းဘက် လိပ်စာနဲ့ စာတွေရေးပို့တာကော ရရဲ့လားမသိပါဘူး။ အဘွားကတော့ မင်း စာတွေဖတ်ပြီး မင်းဆီကို စာတွေရေးချင်နေမိတာနဲ့ ရေးရတာပါပဲကွယ်။*

*အဘွားက စာဖတ် သိပ်ဝါသနာပါ,ပါသည်။ အင်္ဂလိပ်၊ မြန်မာ၊ ဝတ္ထု မဂ္ဂဇင်း အကုန်ဖတ်ပါသည်။ ဒေါ်ခင်မျိုးချစ် ရေးခဲ့တဲ့ 'King Among Men' ဆိုတဲ့ လူထုထဲက ဘုရင်မင်းမြတ်များဖြစ်တဲ့ အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့အကြောင်း အသေးစိတ်ဖတ်ရ*

*တာ အလွန်ကောင်းပါတယ်။ စာအုပ်ကို အပိုင်ဝယ်ထားရပါသည်။ ထပ်ခါတလဲလဲ ဖတ်ရှုနေရပြီး ဒေါ်ခင်မျိုးချစ်၏ English ကိုလည်း ကျက်မှတ်လေ့လာရပါသည်'*

အင်္ဂလိပ်စာအုပ်တွေဖတ်သော၊ ပန္နာန်း (၂၄) ပစ္စည်းရွတ်သော အဘွားကို ကျွန်မ အငေးကပင် ကြည်ညိုလေးစားနေရပါ၏။ သည်တစ်ခါတော့ မအားတာ အားတာတွေ အသာထားလို့ အဘွားထံကို ကျွန်မ စာပြန်လိုက်ပါသည်။ လူချင်း မတွေ့ဖူးသေးသော အဘွားထံသို့လည်း ကျွန်မတို့မိသားစု တစ်ခေါက်တော့ အရောက်သွားကြမည် စိတ်ကူးထားကြပါ၏။

●

## (၃)

အဘွားထံမှ နောက်ထပ်ရောက်လာသည့် စာတစ်စောင်မှာတော့ အဘွား၏ ကျန်းမာရေးအကြောင်းတွေ ဖတ်ရပါသည်။ အသက်ရှစ်ဆယ်ကျော်ဆိုတော့လည်း ဇရာဒုက္ခတွေ ရှိရှာပါရောမည်။ 'စာရေး စာဖတ်ရာမှာ မျက်မှန်မတပ်ရပါ။ ဒါပေမယ့် စာတစ်မျက်နှာလောက် ရေးပြီးရင် ခေါင်းတွေနောက်ပြီး ဇက်ကြောတက်လာတော့တာပါပဲ'လို့ ဖတ်ရသည်။

*'ဘွားဘွားလည်း အစားကလေး မှားလိုက်ရင် ဝမ်းဒုက္ခပေးတတ်ပါတယ်။ အနေအထိုင် မဆင်ခြင်လိုက်မိရင် ဖျားချင်သလိုလို၊ ဖျားလည်း တစ်ခါဖျားသွားပါတယ်။ ဆရာဝန်ပင့်ပြီး ဆေးထိုးရပါတယ်။ ကောင်းတစ်လှည့် မကောင်းတစ်လှည့်ပါပဲ။ age က စကားပြောလာပြီလေ။ ခင်ခင်ထူးတို့ ဇနီးမောင်နှံ စာတွေရေးနိုင်ကြတုန်း များများ ရေးကြပါ။ ဘွားဘွား ဆုတောင်းလျက်ပါ'*



တစ်ခါတော့ အဘွားဆီက တယ်လီဖုန်း လာပါသည်၊ ကျွန်မ စာပြန်စဉ်က ဖုန်းနံပါတ် ထည့်ပေးလိုက်၍ ဆက်လိုက်ဟန်တူပါသည်။ ကျွန်မ ဖုန်းထူးသည့်အခါ 'ခင်ခင်ထူးရေ... အဘွားပါ၊ ဒေါ်အေးမေပါ' တဲ့။ အသံက အေးမြလှပါသည်။ နူးလည်း နူးညံ့သည်။ ကျွန်မနှင့် စကားတွေ အတော်ကြာကြာ ပြောရပါသည်။ အဘွားက ကျွန်မ ပြန်စာထဲမှာပါသည့်အတိုင်း သူ ရေးလိုသည့် အကြောင်းအရာများကို ဆောင်းပါးကလေးတွေ ရေးထားကြောင်း ပြောပါသည်။ အဘွား ကိုယ်တိုင်ရေးတာဆိုလို့ အံ့လည်း အံ့ဩ၊ သနားလည်း သနားမိရပါ၏။ ကျွန်မက အဘွား ရေးလိုသည့် အကြောင်းအရာများကို ကက်ဆက်ထဲ အသံသွင်းထားဖို့ ဒါမှမဟုတ် မြေးတစ်ယောက်ယောက်ကို အဘွား ပါးစပ်ကခေါ်ပေးပြီး ရေးခိုင်းဖို့ အကြံပေးလိုက်တာ မဟုတ်လား။ အခုတော့ အသက်ရှစ်ဆယ်ကျော် အဘွားအိုက စာရေးစားပွဲမှာထိုင်ပြီး စာရေးတာကို ကျွန်မ လေးစား ချီးကျူးမိရသလို ကရုဏာလည်း ဖြစ်ရပါသည်။ စာပေကို အတော် ဝါသနာကြီးတဲ့ အဘွားပါပေ။

အဘွားက ခေတ်ဟောင်းရုပ်ရှင်ကားတွေအကြောင်း ရေးထားကြောင်း၊ Draft ရေးထားတာကို ချောရဦးမှာဖြစ်ကြောင်း၊ အမျိုးသားပညာဝန် ဦးဖိုးကျား မုံရွာ အမျိုးသားကျောင်းကို စစ်ဆေးရေးကြွရောက်ပုံ၊ အမျိုးသားနေ့ အခမ်းအနားများ မုံရွာမြို့တွင် ကျင်းပပုံတွေကို ရေးထားကြောင်းတွေ ပြောပြနေသည်။

တစ်လမှာတော့ ကျွန်မ ခင်ပွန်းက Beauty မဂ္ဂဇင်းက အလောင်းမင်းတရား၏ လက်ရုံးမင်းကြီး ဗိုလ်တွန်အကြောင်း ရေးခဲ့သည်။ မုဆိုးဖို ရွာကို ကားဖြင့်ဖြတ်စဉ် ခံစားမှုကို ရေးခြင်းဖြစ်ပါ၏။ ထိုမဂ္ဂဇင်းမှာပင်

ကျွန်မ၏ ဝတ္ထု 'ချည်ထွေး'လည်း ပါလာခဲ့ရာ အဘွားက မဂ္ဂဇင်းကို ဖတ်ပြီး စာရေးလာပြန်ပါသည်။ အဘွားစာထဲမှာ—

'မှဆိုးခြုံဆိုတာ ဘွားဘွားရဲ့ မိခင်၏ ဖခင်ကြီး ဇာတိဆိုတာ သိထားခဲ့ရတော့ ဖတ်ချင်ဇောနဲ့ ဖတ်လိုက်ပါတယ်။ အလောင်းဘုရားရဲ့ တိုက်ဖော်တိုက်ဖက် တစ်ဦးဖြစ်တဲ့ ဗိုလ်ငတွန်ခေါ် မင်းခေါင်နော်ရထာ ဆိုသူအကြောင်း ရေးတာက သိပ်ပြီးကောင်းပါတယ်။ အဲဒါကို ရုပ်ရှင်ရိုက်ဖို့ ဒါရိုက်တာမီးပွားကို ကမ်းလှမ်းစေချင်တယ်။ ဘွားဘွားက မြန်မာဘုရင်တွေ အင်္ဂလိပ်ဘုရင်တွေအကြောင်းဆိုရင် သိပ်ကို စိတ်ဝင်စားပါတယ်။ အဲဒီကား (မှဆိုးခြုံ)မှာ အဓိကသရုပ်ဆောင်နေရာမှာ ကျော်ရဲအောင်ကိုထားရင် သိပ်ဝမ်းသာရမှာပဲ။ ဘွားဘွားက ယနေ့ ရုပ်ရှင်လောကမှာဆိုရင် အမျိုးသားသရုပ်ဆောင်ဆိုရင် ကျော်ရဲအောင်၊ အမျိုးသမီး သရုပ်ဆောင်ဆိုရင် စိုးမြတ်သူဇာ၊ မျိုးသန္တာထွန်းတို့ကို သဘောကျပြီး မေတ္တာလည်းထားမိပါတယ်။ သူတို့က ဟန်မများဘူး၊ သဘာဝကျကျလည်း သရုပ်ဆောင်ကြလို့ပါ။ အကြွားအဝါလည်း မရှိကြဘူးလေ"

အဘွား မှတ်ချက်ကိုဖတ်ပြီး ကျွန်မ ပြုံးမိရပါ၏။ အဘွား၏ စာမျိုးစုံ ဖတ်ရှုနေခြင်း၊ ခေတ်နှင့် အဟပ်မကွာဘဲ ခေတ်မီလှခြင်းတို့ကို သဘောလည်းကျ၊ လေးစားမှုလည်း ဖြစ်ရပါ၏။ အဘွားက ထိုစာနှင့်အတူ 'အမျိုးသားနေ့ မမေ့ပါနိုင်'ဆိုသည့် ဆောင်းပါးတိုကလေး ထည့်ပေးလိုက်ပါ၏။ အဘွား၏ ဆောင်းပါးကို အဘွားရေးသည့်မူရင်းအတိုင်း ဖော်ပြချင်ပါသည်။ လူအိုသော်လည်း စိတ်မအိုသေးသော အဘွား၏ စာပေလက်ရာကို ခံစား နားလည်ပေးစေလိုပါ၏။

●



## (၄)

## "အမျိုးသားနေ့ မမေ့ပါနိုင်"

အမျိုးသားနေ့နှင့် ပတ်သက်သော ဤစာကို ရေးချိန်၌ (၁၉၂၂) ခုနှစ်ခန့်ကစ၍ (၁၉၄၁–၄၂) ခုနှစ်လောက်တိုင်အောင် မုံရွာမြို့ရှိ အမျိုးသားကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သော ကျွန်မ၏ ဖေဖေအကြောင်း အနည်းငယ် တင်ပြလိုပါသည်။

ဖေဖေသည် ရန်ကုန်ကောလိပ်ကျောင်းတွင် စီနီယာအိုင်အေခေါ် ဥပစာ အထက်တန်း၌ ပညာသင်ကြားနေခိုက် ကောလိပ်ကျောင်းမှာ သပိတ်ကြီးနှင့် ရင်ဆိုင်ခဲ့ရပါသည်၊ ဖေဖေသည် သပိတ်မှောက်ကျောင်းသားအဖြစ်မှ မိမိဇာတိ စစ်ကိုင်းမြို့သို့ ပြန်ခဲ့ပါသည်။ ထို့နောက် သပိတ်ကိစ္စ ပြီးဆုံးသွားရာ ကောလိပ်ကျောင်းသားအချို့ ကောလိပ်ကျောင်းသို့ ပြန်လည်သွားကြပြီး ပညာဆက်လက် သင်ကြားကြသော်လည်း ဖေဖေသည် ကျောင်းသို့ မသွားတော့ပါ။ ဖေဖေ၏ ဖခင်ကြီးသည် နယ်ပိုင်ဝန်ထောက် (E.A.C) တစ်ဦးဖြစ်ရာ သား (၄) ယောက်တွင် အငယ်ဆုံးဖြစ်သည့် ဖေဖေ့ကို သူကဲ့သို့ မြို့အုပ်၊ ဝန်ထောက် ဖြစ်စေချင်သဖြင့် ဖေဖေ့အား ကောလိပ်သို့ ပြန်လည်သွားရန် တိုက်တွန်းခဲ့ပါသည်။ ဖေဖေ့ဖခင်ကြီး၏ ဆန္ဒကို ဆန့်ကျင်၍ စစ်ကိုင်းမြို့တွင် စတင်ဖွင့်လှစ်သော အမျိုးသားကျောင်းတွင် ကျောင်းဆရာကလေးအဖြစ် လုပ်ကိုင်နေခဲ့ပါသည်။

ထို့နောက် မိမိ မြတ်နိုးသော ကျွန်မ၏ မေမေနှင့် အိမ်ထောင်ပြုလိုက်ပါသည်။ မေမေ့တွင် သားဦးဖြစ်သူကို ကိုယ်ဝန်အရင့်အမာရှိနိုက် မုံရွာမြို့သို့ သွားရောက်၍ အမျိုးသားကျောင်းတွင် ကျောင်းဆရာကလေးအဖြစ် ဘဝခရီးလမ်းကြောင်းသို့ လျှောက်လှမ်းလိုက်ကြပါသည်။ သုံး,

လေးနှစ်ခန့်ကြာသော် ကျောင်းအုပ်ဆရာကြီးအဖြစ်သို့ တိုးမြှင့်ခန့်ထားခံရပါသည်။

ကျွန်မ မှတ်မိသမျှ တင်ပြရမည်ဆိုပါလျှင် အမျိုးသားကျောင်းအုပ်ဆရာကြီးဖြစ်သော ဖေဖေနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်အသီးသီးမှ အသင်းအဖွဲ့များ၊ မျိုးချစ်စိတ် ရင့်သန်ကြသော ပုဂ္ဂိုလ်များ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့တွင် အမျိုးသားအောင်ပွဲနေ့ခေါ် အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ မုံရွာမြို့၌ ကျင်းပခဲ့ကြပါသည်။

ချိန်းဆိုထားသော ထိုနေ့ နံနက် (၈) နာရီခန့်တွင် ရပ်ကွက်အသီးသီးရှိ အသင်းအဖွဲ့များ၊ စာသင်ကျောင်းများမှ လူငယ်လူရွယ်များလည်း စုရပ်ဖြစ်သော အမျိုးသားကျောင်းဝင်းအတွင်းသို့ တဖွဲဖွဲ လာရောက်ကြပါသည်။ တချို့မှာ တူညီဝတ်စုံများ ဝတ်စားဆင်ယင်လာကြပါသည်။ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ စိတ်အားထက်သန်စွာ စုဝေးလာရောက်ကြရပါသည်။

အမျိုးသားကျောင်းမှ လှပချောမွေ့သော ကျောင်းသူမလေးတစ်ဦးကို ‘အမိမြန်မာပြည်’၏ပုံ ဝတ်စားဆင်ယင် ထုံးဖွဲ့စေ၍ အမိမြန်မာပြည်အဖြစ် သရုပ်ဆောင်စေခဲ့ပါသည်။ ၎င်းပြင် စစ်သူကြီး မဟာဗန္ဓုလ၏ပုံ ဝတ်စားဆင်ယင်ကာ အမျိုးသားလူငယ်တစ်ဦးအား သရုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့ကို အမိုးဖွင့်မော်တော်ကား (သို့မဟုတ်) လှည်းပေါ်တွင် ခုံမြင့်မြင့်ကြီးတစ်ခုတင်လျက် ကော်ဇောများခင်းကာ ထိုင်စေခဲ့ပါသည်။

စာသင်ကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများလည်း တူညီဝတ်စုံများ ဝတ်စားဆင်ယင်ကာ စီတန်းလှည့်လည်ရာတွင် ပါဝင်ဆင်နွှဲ



ကြပါသည်။ အမျိုးသားကျောင်းဝင်းမှ အသင်းအဖွဲ့များ စုံညီစွာ ထွက်ခွာလာကြရာတွင် အရှေ့မှ မြို့၏အနောက်ဘက်ခြမ်းသို့ လက်ယာရစ် ထွက်ခွာခဲ့ကြရာ သဒ္ဒါတရား ထက်သန်သော ရပ်ကွက်သူ ရပ်ကွက်သားများက သကြားလုံး၊ ချိုချဉ်၊ လိမ္မော်သီး စသည်တို့ ကမ်းလှမ်းကြပါသည်။ လူစုလူဝေးကြီးသည် မြို့၏ အနောက်တောင်ဘက်ခြမ်းရှိ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဝင်းသို့အရောက် နေရာများယူကြ၍ ရပ်နားကြပါသည်။

ထို့နောက် အမျိုးသားကျောင်းဆရာကြီးက အမျိုးသားနေ့နှင့် စပ်လျဉ်းသော အချက်အလက်များ ပါဝင်သည့် မိန့်ခွန်းစကားကို အချိန်မိနစ် (၄၀) ကြာမျှ ပြောကြားပါသည်။ ဤသို့ မိန့်ခွန်းစကား ပြောကြားပြီးသည်နှင့် တစ်ပြိုင်နက် အမျိုးသားနေ့ ကျင်းပပွဲကြီးကို အောင်မြင်စွာ ပြီးဆုံးရပ်နားလိုက်ကြပါသည်။

ထိုနေ့ညတွင် အမျိုးသားကျောင်း အဆောက်အအုံကြီး၏ မျက်နှာစာတွင် ဖယောင်းတိုင်မီးများ လှပစွာဖြင့် ထွန်းညှိထားသည်ကို တွေ့မြင်ရပါသည်။ အချို့နှစ်များတွင်မူ ကျောင်းဝင်းအတွင်း အငြိမ့်ပွဲများပင်ထည့်၍ အောင်ပွဲအဖြစ် ပြုလုပ်ကြပါသည်။ ကျွန်မ မှတ်မိနေသော အငြိမ့်အဖွဲ့မှာ ဒဂုံခင်လှကြည် ခေါင်းဆောင်သော အငြိမ့်ဖြစ်ပါသည်။

အမျိုးသားနေ့ မမေ့နိုင်ပါတကား။

(ဤဆောင်းပါးဖြင့် ဘဝတစ်ပါးမှ ကျွန်မ၏ဖခင်ကြီးအား ရည်မှန်း၍ ဦးချကန်တော့လိုက်ပါ၏။)

**ဖွားမေ (စေယျာ)**

●

(၅)

အဘွားဆီက စာတွေ မလာတာ သုံးလလောက် ရှိရော့မည်။ အဘွား နေလို့မှ ကောင်းပါလေစ။ စာတွေမှ ဖတ်နိုင်ပါလေစ။ သည်ည အဘွားဆီကို ကျွန်မ စာရေးမေးရဦးမည်။ ကျွန်မတို့မိသားစု အဘွားရှိရာ စစ်ကိုင်းမြို့နေအိမ်သို့သွားရန် အခါခါ စိတ်ရောက်ရသော်လည်း ဖောင်စကားနှင့် ပြောရလျှင် အလုပ်တွေ ပွဲမသတ်နိုင်ဘဲ ရှိနေရသည်။ သမီး ကျောင်းကတစ်ဖက်၊ စာရေးသောက်ရေး၊ စာရေးပေရေး၊ လူမှုရေးတွေကြောင့် စိတ်ရောက်သော်လည်း လူမရောက်နိုင်ခဲ့။ လူမရောက်သော်လည်း အဘွား ကျန်းမာပါစေကြောင်းတော့ ကျွန်မ ဆုတောင်းလျက်ပင်။

*'ခင်ခင်ထူး၊ ခင်ပွန်း ဦးနေဝင်းမြင့်၊ သမီးလေး ဖွေးဖွေးတို့ ကျန်းမာပကတိ ချမ်းသာစွာရှိလျက် လိုရာဆန္ဒ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သလျက်...'*

ဆိုသည့် မေတ္တာဆုတောင်းကတော့ စာတိုင်းမှာ ပါ,ပါ၍ ကျွန်မတို့မှာလည်း ဝမ်းမြောက်ဝမ်းသာ ခံယူလျက် ရှိပါသည်။ စာအားဖြင့် သုံး,လေးနှစ် အဆက်သွယ် ရှိခဲ့ကြသော်လည်း သည်ကနေ့အထိ မတွေ့ဆုံဖူးသေးသော အဘွားကို တွေ့ချင် မြင်ချင်လှပါ၏။ အေးမြနူးညံ့သော ပကတိစကားသံကို ကြားချင်လှပါ၏။

အနိုင်ထက်ပြုခြင်း၊ ရက်စက်ခြင်း၊ ညာတာထောက်ထားမှုကင်းခြင်း၊ တစ်ကိုယ်ကောင်းစိတ် အကုသိုလ်စိတ်များကို ရှေ့တန်းတင်လာကြခြင်းစသော မကောင်းမှုများဖြင့် မနက်မျက်နှာသစ်နေကြရသော ပူလောင်မှုတွေကြား အေးမြနူးညံ့သော အဘွား၏ မေတ္တာစာကလေးတွေက သီတာရေစင်ပဲ ဖြစ်သည်။



ကျွန်မတို့ ငယ်ငယ်ကတည်းက အဖေက မေတ္တာ၏အကျိုးကိုဖွဲ့ဆိုသော လင်္ကာတစ်ပိုဒ် အာဂုံဆောင် ကျက်နိုင်းထားသဖြင့် ကျွန်မတို့ ကျက်မှတ်ခဲ့ရပါသည်။

"အိပ်ရချမ်းသာ၊ ချမ်းသာစွာနိုး၊ အိပ်မက်ဆိုးပျောက်၊ စောင့်ရှောက်နတ်များ၊ ရင်ဝယ်သားသို့၊ လူများလည်းခင် နတ်လည်းခင်၏။ မီးလျှင်မပူ၊ အဆိပ်ဟူလည်း၊ ထို့တူပြေပျောက်၊ လက်နက်ရောက်လည်း၊ မပေါက်မဝင်၊ ပြီးသလျှင်တည့်၊ အစဉ်စိတ်တည်၊ မျက်နှာကြည်၍..."

မေတ္တာကြောင့် ဘေးရန်ကင်းရသည်။ ကြောင့်ကြကင်းရသည်။ ဆင်းရဲကင်းရသည်။ ချမ်းသာစွာ ကိုယ်ကိုဆောင်နိုင်သည်။ အဘွားကို မမြင်ဖူးသေးသော်လည်း အဘွား၏ မေတ္တာစာလွှာတွေအကြောင်း မေတ္တာစိတ်ဖြင့် ကျွန်မ ရေးလိုက်ပါပြီ။

စာတွေ ရေးပါဦး၊ မေတ္တာတွေ ဝေမျှပါဦး၊ အသက်ရှည်ရှည်ဖြင့် နောင်နှစ်အခါခါ တန်ဆောင်မုန်းပွဲ ကြည့်ပါဦး အဘွားရယ်...။

**Mandalay Icon မဂ္ဂဇင်း**
**(၂၀၀၈) ခုနှစ်၊ နိုဝင်ဘာလ**

● ● ●



BURMESE
CLASSIC
.com

# ဥဒယ

## (၁)

သမီး လေးနှစ်ပြည့်ပြီ၊ လေးနှစ်ဆိုသော အချိန်ကာလသည် လျှပ်ပြက်လိုက်သလိုပင်။ မြန်လိုက်တာ။ အရွယ်နှင့် မလိုက်အောင် ထွားသော သမီးကိုကြည့်ရင်း ကျွန်မမှာ ပီတိဖြစ်ရပါသည်။ သမီးက ချက်ချက်ချာချာ ရှိသည်။ ဉာဏ်သွေးဉာဏ်ရည်ကောင်းသည်။ ဘွားအေများဘက် သွားတုန်းက စကားကြီး စကားကျယ်တွေသုံးတတ်သဖြင့် ကျွန်မတို့မှာ အံ့သြရတာလည်း အခါခါပင်။ ကျွန်မတို့ သုံးသလို 'ညည်း'တို့ 'ကျုပ်'တို့ သုံးတာများလည်း ရှိတတ်ပါသည်။ တစ်ခါက ကျွန်မ ပန်းပင်စိုက်နေသည့်အနား လာရှုပ်နေသဖြင့် ကျွန်မက ခပ်ပေးပေးဖယ်နေရန် အော်လိုက်သည်။

"မဖွေးဖွေး... ပေလေးဆယ် ခြောက်ဆယ် အကျယ်ကြီး၊ ဘယ့်နှယ် ကျုပ်ဆား လာကပ်နေရတာတုန်း"

"ညည်းလည်း ပေလေးဆယ် ခြောက်ဆယ် အကျယ်ကြီးပဲ၊ ဘာကိစ္စ ကျုပ်နား ရောက်နေတာလဲ"

ကျွန်မ အံ့သြသွားရသည်။ ညည်းတို့ ကျုပ်တို့ဆိုသည့် အသုံးကို ကျွန်မတို့ သုံးတာ နားယောင်သည် ထားပါဦး။ ချက်ချင်းတုန့်ပြန်တာကို ကျွန်မ အံ့သြရခြင်းဖြစ်ပါသည်။ ကျွန်မတို့ ဘွားအေကြီး၊ ကြီးတော်

BURMESE CLASSIC .com



ကြီးတွေများ ဝင်စားလေသလား တွေးမိသည်။ သီချင်းတွေလည်းရသည်။ ကဗျာတွေလည်း ရသည်။ ဒါက အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ ဆိုတာကတော့ ဖအေကို နားပူနားဆာ မေးတတ်သည့် မေးခွန်းတွေဖြစ်သည်။ လေးနှစ်ပြည့်လို့ ခရစ်ယာန်သီလရှင်များ သင်ကြားရာ မူကြိုကျောင်းမှာ ထားတော့ အင်္ဂလိပ်ကဗျာတွေ ပါလာခဲ့သည်။ ကျောင်းမှာ နေ့လယ် ဆယ့်တစ်နာရီ ထမင်းစားချိန်အမီ ထမင်းချိုင့် အရောက်ပို့ရသည်။ စားပွဲမှာ ပဝါခင်း၊ ထမင်းချိုင့်ကိုဖွင့်၊ ဇွန်းကိုချထား၊ ရေဘူးကို အသင့်ထား။ ပြီးလျှင် သီလရှင်တစ်ပါးပါးက ဆုတောင်းပေးသည်။ ဆုတောင်းပြီးလျှင် 'အာမင်'လို့ ဆိုကြရသည်။ တစ်ခါတော့ အိပ်ရာထဲမှာ ကျွန်မကို စိတ်လိုလက်ရ မေးပါသည်။

"မေမေ သမီးတို့ အာမင်လို့ ဆိုရတယ်ဗျ"

ကျွန်မက အကြောင်းသိထားတော့ ရှင်းပြရပါသည်။

"သီလရှင် စစ္စတာတွေက သမီးတို့ ထမင်းစားခါနီး ကျန်းမာအောင်၊ ဉာဏ်ပညာကြီးအောင်၊ ရုပ်ချောအောင် ဘုရားမှာ ဆုတောင်းပေးတာပေါ့။ အာမင်ဆိုတာ သာဓုပါလို့ ပြောတာနေမှာပေါ့ သမီးရဲ့"

တစ်ခါတော့ ညဘက် ဘုရားရှိခိုးချိန်မှာ သမီးရွတ်လိုက်သံကြောင့် ကျွန်မတို့မှာ အူတက်မတတ် ရယ်ကြရသည်။ သမီးကို ငယ်သေးသဖြင့် သရဏဂုံသုံးပါးကိုသာ သင်ပေးထားရာ ညစဉ် အိပ်ရာဝင် ဘုရားရှိခိုးလျှင် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဟု ရွတ်ပြီး ဦးသုံးကြိမ်ချစေပါသည်။ ထိုညက ရှိခိုးပုံကတော့ ထူးဆန်းသည်။

"ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ... အာမင်..."

တချို့ စာမရေးရသည့် ညတွေမှာတော့ ဖအေရော ကျွန်မပါ ပုံပြောပြရသည်။ သမီး ကြိုက်လောက်ရာပုံတွေ တီထွင်ကာ ပြောရသည်၊ လူဆိုးပါတာ မကြိုက်၊ ရဲတွေပါတာ မကြိုက်၊ ရက်စက်တာ ရိုက်တာ နှက်တာတွေ မကြိုက်။ အကောင်းဆုံးက သူမွေးစဉ်က အကြောင်းများကို ပြန်ပြောတာပဲ ဖြစ်ပါ၏။

"မွေးမွေးကလေး မွေးခါနီးတော့..."

"ဒက်ဒီကြီး ဦးသန်းဝင်းက မေမေ့ဗိုက်ကို ခွဲလိုက်တာဆို၊ သမီး ထွက်လာတာဆို၊ မာမီဂျူးက အနှီးကလေးနဲ့ ထုပ်ထားတာဆို..."

ကျွန်မမှ စကားမစရသေး သမီးက ကျွန်မပြောမည့် စကားတွေ ကြိုပြောနှင့်ပြီ။ သမီးက ထူးတော့ ထူးဆန်းသည်။ မိတ်ဆွေများရော ကျွန်မတို့ကပါ အရုပ်တွေ ဝယ်ပေးကြသော်လည်း စိတ်ဝင်စားမှု နည်းပါသည်။ ရတုန်းခဏ စိတ်ဝင်စား၍ သိမ်းထားလိုက်ရတာ များပါသည်။ အဝတ်အစားများမှာလည်း ကျွန်မတို့က ဝယ်ဆင်ရသည် မရှိသလောက်ပင်။ သစ်လွင်တုန်းခဏပဲ စိတ်ဝင်စားသည်။ ရေနှင့် မြေကြီး ရောနယ်ကာ ရွှံ့တဗွက်ဗွက် ကစားတော့ကျတော့ ခုံမင်ပြန်ပါ၏။ စာအုပ်တွေ ဂျာနယ်တွေကိုလည်း စိတ်ဝင်စားသည်။ သီချင်းဂီတကိုလည်း ဝါသနာပါသည်။ အိမ်နီးနားချင်းကလေးတွေက အရူးမကြီးမစာဥတို့၊ အင်္ဂလိပ်ကြက်ဖဘိုကြက်ဖတို့လို ကစားနည်းတွေ ကစားလျှင်တော့ ဝင်ပါတတ်ပြန်သည်။

ပြီးခဲ့သည့် လေး,ငါးလက ကလေးများသော အိမ်နီးချင်းတွေ ပြောင်းသွားကြတော့ သမီး အဖော်မဲ့ရပါပြီ။ ခပ်ဝေးဝေးက သမီးကို လာကစားပေးကြသူတွေကလည်း ခြောက်တန်း၊ ခုနစ်တန်းအရွယ်တွေဆိုတော့ သမီးကလည်း သူတို့ကို စိတ်မဝင်စား၊ သူတို့ကလည်း သမီးနှင့် ကစားဖို့ ခက်နေကြတာမျိုး ဖြစ်နေကြပါသည်။ များသောအားဖြင့်

BURMESE CLASSIC .com



စာရေးရင်း အသက်မွေးကြရသော မိဘများကိုသာ ကပ်တော့သည်။ ဖအေ စာရေးသည့် စားပွဲကို သွားကြည့်သည်။ ကျွန်မ စာရေးစားပွဲကိုလည်း ယောင်ပေပေ ရောက်လာတတ်သည်။ ကျွန်မတို့ ရေးလက်စ စာမျက်နှာကို လာအကဲခတ်ခြင်းဖြစ်သည်။ စာရေးကြတာ ဘယ်နေရာ ရောက်နေပြီလဲ လာကြည့်ခြင်းဖြစ်၏။

"အောက်ဆုံးနားရောက်ရင် တော်ကြတော့ သမီး ပျင်းလို့..."

ထိုအခါ ကလောင်ကိုချ၍ သမီးနှင့် ကစားကြရသည်။ ဖအေ အားတော့ ဖအေ။ ကျွန်မ အားတော့ ကျွန်မ။ များသောအားဖြင့်ကတော့ DVD Player နှင့် ပစ်ထားရသည်။ စင်ဒရဲလား၊ စနိုးဝှိုက်၊ ဘာဘီစသည့် ဇာတ်ကောင်တွေကို ကြိုက်သည်။ ပြူးပြူးပြဲပြဲ လုပ်ပြတတ်သော ဂျက်ကီချန်းကို ကြိုက်သည်။ မစ္စတာဘီးန်ကို ကြိုက်သည်။ သူ့ သဘောပေါက်သလောက် အားရပါးရ ရယ်တာလည်း ရှိသည်။ Player ကို ရီမုတ်ဖြင့် ကျော်တတ် ရစ်တတ်သဖြင့် မော်ဆရာတို့ စုန်းတို့လို ဇာတ်ကောင်တွေပါလျှင် ကျော်ပစ်တတ်သည်။ ကုလားမတွေ အရောင်စုံ ဝတ်စားကာ က,ကြသော ဇီးမျုးဇစ်လို ဇီးစမိုင်းလ်လို ချယ်နယ်တွေကိုလည်း ကြိုက်ပါ၏။ ကျွန်မတို့မှာ သမီးကို ကြည့်နိုင်သလောက်သာ ကြည့်နိုင်ကြသည် ဖြစ်၍ များသောအားဖြင့် သမီးတစ်ယောက်တည်း နေရတာ များပါသည်။ ထိုအခါ စိတ်မကောင်းဖြစ်ရပါ၏။

ကျွန်မတို့ ငယ်ဘဝတွေတုန်းက ဘယ်လိုများ ကျော်ဖြတ်ခဲ့ကြတာပါလိမ့်လို့လည်း မကြာခဏ စိတ်ရောက်မိရသည်။ ကျွန်မတို့မှာ မောင်နှမ ခြောက်ယောက်ရှိရာတွင် မိန်းကလေးက ကျွန်မ တစ်ဦးတည်းသာပါသည်။ ယောကျ်ားကလေးရယ် မိန်းကလေးရယ် မဟုတ်တော့တဲ့ အများကစားနည်းတွေထဲမှာ ပါခဲ့ရတာကိုလည်း မှတ်မိပါ၏။ ငယ်စဉ်ဘဝတစ်လျှောက်လုံး

ကျောင်းပိတ်ရက်တိုင်း ရွာပြန်ကြရသည်။ ဆွေမျိုးများ၏ အရိပ်အာဝါသမှာ ကြီးခဲ့ရသည်။ 'ဥဒယ'ရွာသည်ပင် ကျွန်မတို့၏ ကလေးကစားရာ ကစားကွင်းကြီး ဖြစ်ခဲ့ရသည်။ ကျွန်မတို့၏ ဘဝနေနည်း သင်ကြားရာ ကျောင်းကြီး ဖြစ်ခဲ့သည်။ လှေစီးရင်း၊ လှည်းစီးရင်း၊ ပဲနယ်ရင်း၊ ပဲဆွရင်း ကြီးခဲ့ကြရသည်။

ယလေးဆယ် ခြောက်ဆယ် မြေကွက်၏ တစ်ဝက်စာထဲမှာ ကြီးပြင်းရသော သမီးကိုကြည့်ရင်း ရွာကြီးတစ်ရွာလုံးကို ကစားကွင်းလုပ်ခဲ့ရသော ကျွန်မအဖို့ သမီးကို အသနားပိုရုံကလွဲ၍လည်း မတတ်နိုင်ခဲ့။ မြို့မုန့်များ၊ စီဒီခေတ်ပြားများ၊ ခေတ်ပေါ်အသုံးအဆောင်များ၊ ခေတ်ပေါ်အဝတ်အစားများ၊ ကိုကာကိုလာရည်နှင့် ကွတ်ကီးကို သရေစာလုပ်ပြီး ကြီးရရှာတာပါလားလို့လည်း တွေးမိပါ၏။

"ပါပါရော မေမေရော စာရေးတာ တော်ကြပါတော့၊ သမီး ပျင်းလို့ပါ"

သည်လို အော်သံကြားလိုက်လျှင် ကျွန်မရင်တွေ နာရလွန်းပါ၏။ သမီးကိုမွေ့ကာ ခုတင်ပေါ် တွဲတင်ပြီး ကျေနပ်လောက်သည့် စကားတွေ ပြောတာလောက်နှင့် ချွေးသိပ်ရတာကိုလည်း ကျွန်မ စိတ်မချမ်းသာပါ။ ထိုအခါမျိုးတွင် ကျွန်မရွာ ဥဒယကို ကျွန်မ အိမ်နှား ရွှေ့ထားချင်လှသည်။ ဆွေရိပ်မျိုးရိပ်သည် ထီးရိပ်နန်းရိပ်လို ခမ်းနားလွန်းလှပါ၏။ ဆွေရိပ်မျိုးရိပ်သည် စိမ့်ကြီးမြိုင်ကြီးလို အေးမြလှပါ၏။ ဆွေရိပ်မျိုးရိပ်သည် တံတိုင်းရိပ် မြို့ရိုးရိပ်လို လုံခြုံလှပါ၏။

ကစားလို့ မောကြပြီဆိုလျှင် လှေပေါ်အိပ်၊ လှည်းပေါ်အိပ်၊ ပဲမှော်တိုက်ပေါ်အိပ်၊ ကွပ်ပျစ်ပေါ်အိပ်။ ကြုံရာဆွေမျိုးတစ်ယောက်ယောက်က လာမွေ့မှ ကိုယ့်အိမ်ကိုယ့်အိပ်ရာပေါ် ရောက်ရသည့်အဖြစ်။ တောသီး

BURMESE CLASSIC .com



တောစာနှင့် ကြီးရသည့်အဖြစ်။ တောဝတ်တောစားနှင့် ကြီးရသည့်အဖြစ်။ တောနေတောထိုင်နှင့် ကြီးရသည့်အဖြစ်။ သမီးနှင့် ကျွန်မ ဘဝအခြေအနေချင်း မတူညီတာကို နှိုတ်ညိုတာမျိုး မဟုတ်သော်လည်း ပွင့်လင်းလွတ်လပ်စွာ ကြီးပြင်းခွင့်ရစေချင်တာကိုတော့ ကျွန်မ တောင့်တမိရိုးအမှန်ပင်။

သမီးကလေး အိပ်ပျော်နေသည့်အခါ ကျွန်မစိတ်တွေ ရွာရောက်နေမိတတ်သည်။

●

(၂)

"ဘုတ်ကော ဆီဆမ်း... ဘုတ်ကော ဆီဆမ်း"

ကလေးတွေက ဝိုင်းအော်ကြပြီးလျှင် မြေကြီးထဲ မြှုပ်ထားသော ငှက်ပျောဖက်ထုပ်ကို ပြန်ဖော်ကြသည်။ ငှက်ပျောဖက်ထဲမှာ မန်ကျည်းရွက်နုကလေးတွေခူးကာ ထည့်ထားခြင်းဖြစ်၏။ မြေကြီးထဲကို အထုပ်လိုက်မြှုပ်ပြီး ဖနှောင့်နှင့် ဝိုင်းပေါက်ကြရတာကလည်း ကျွန်မတို့ ကလေးများပင်။ ဘုတ်ကောဆီဆမ်းဆိုသည့်အတိုင်း မန်ကျည်းရွက်ထုပ်ကို ဖြေကြည့်လိုက်တော့ တစ်စုံတစ်ယောက်က ဆီဆမ်းထားသလို ဝေ့ဝေ့ကလေး ရွှဲနေတတ်ပါသည်။ ထူးဆန်းသောအတွေ့ကြောင့် ကျွန်မတို့ ပျော်ရသည်။ ဖုန်တွင်းအောင်းနေတတ်သော ဘုတ်ကောင်ကလေးကို ရအောင်ရှာ၍ မန်ကျည်းရွက်ထုပ်နှင့်အတူ ရောမြှုပ်ကာ နင်းကြခြင်းဖြစ်သည်။ ဘုတ်ကောင်က တကယ်ဆီဆမ်း မဆမ်း မသိရသော်လည်း မန်ကျည်းရွက်နုကလေးတွေ စိုဝင်းနေတာကို ကျွန်မတို့ သဘောကျကြသည်။ ရွာမှာဆိုတော့ ငှက်ပျောဖက်ကလည်း လွယ်သည်။ မန်ကျည်းရွက်နုကလည်း လွယ်သည်။ ဖုန်တွေ ဖုံးနေတတ်သော ဘုတ်တွင်းကလည်း ကျီအောက်

ပုတ်အောက်ကို ဖြုရှာလို့ရသည်။ ဘာပိုက်ဆံမှ ကုန်စရာမရှိ။ ဆီဆမ်းထားသလို ရွှဲအိအိ မန်ကျည်းရွက်ကို လုယက်စားကြရတာကပင် ပျော်စရာကောင်းလှပါ၏။

ကျွန်မတို့ ဥဒယရွာက ရွာလယ်ညောင်ပင်ကြီးမှာ အထင်ကရဖြစ်သည်။ ဘယ်ရွာက လှမ်းကြည့်ကြည့် မြင်ရပါသည်။ ညောင်ချဥ်ပင်ကြီးဖြစ်၍ ညောင်ရွက်ဖူးချိန်ဆိုလျှင်တော့ တစ်ယောက် တစ်ဆိတ်နှင့် ညောင်ပင်လည်း ထွန့်ကွန့်လူးရတော့သည်။ တစ်နှစ်များ ညောင်ချဥ်ပင်ကြီး နာဖျားပဲ့ရလောက်အောင် အခူးခံခဲ့ရရှာသည်ဆိုပါ၏။ ကျွန်မတို့ကလေးများ၏ အုံ့ဆိုင်းဖြေရိပ်သာ ညောင်ပင်ကြီးအောက်ကို မရောက်ဖူးကြသူ မရှိ။ မကစားဖူးကြသူလည်းမရှိ။ တစ်ရွာလုံးက ကလေးတွေက မနက်ခင်းစာ ထမင်းတောင့်အောင် စားပြီးကြသည်နှင့် ညောင်ပင်အောက်ရောက်လေ့ရှိကြပါသည်။ သည်ညောင်ပင်ကြီးအောက်မှာပဲ စိမ်ပြေးတမ်း၊ ဖန်ခုန်တမ်း၊ ထမင်းချက်တမ်း၊ ဒီထိုးတမ်း၊ တွေပစ်တမ်း၊ ကြက်ဖခွပ်တမ်း၊ တူပုန်းတမ်း၊ ဧည့်သည်လာတိုင်ပုတ်တမ်း... ကစားနည်းတွေ စုံလှပါသည်။

"ဆီမီးခွက် ပြောင်းပြန်... ဆလံထိုး မိုးပျံ..."

"ငါ့အိမ်ပေါ် ဘယ်သူတက်... ကြောင်တက်... ကြောက်မတက်နဲ့ ငါတက်မယ်"

"ဗျောင်နောင်နောင် ဘဇေပေ့ဂျိ... ငါးပိကျည်တောက်... ဆားကျည်တောက်"

ကစားနည်းပေါ် မူတည်ပြီး လက်ာတွေ တစ်ယောက်တစ်ပေါက် ရွတ်ဆိုကြသည်။ ကလေးတွေအားလုံး အသံချင်း ကျော်နိုင်ရန် အသံကုန်



ဟစ်ကြရာက အသံထုကြီးကြီးလာပြီး အော်မကြား ခေါ်မကြား၊ ထူးမကြား ပူးမကြား ဖြစ်ရပါတော့သည်။ ငြင်းကြ ခုံကြ၊ သတ်ကြ၊ ပုတ်ကြ၊ လှောင်ကြ၊ ပြောင်ကြ၊ ရယ်ကြ မောကြ။ အခြားဘာမှ မရှိပါ။ အမုန်းလည်းမရှိ။ အငြိုးလည်းမရှိ။ ရန်ဖြစ်တုန်းခဏ။ ပြီးတော့လည်း ပြီးကြသည်ပင်။

မန်ကျည်းပင်တွေ ပေါသည့်ရွာဆိုတော့ မန်ကျည်းသီးတွေက ဘယ်အပင်မော့ကြည့်ကြည့် ပဒေသာပင် သီးထားသလို တွဲလွဲ။ မန်ကျည်းသီးမှည့်တွေ ရိုက်ချ။ အနှစ်တွေဖယ်၊ အစေ့တွေထုတ်။ ထဘီခါးပိုက်တစ်ပိုက်စာရလျှင် ရွယ်တူချင်း စိန်ခေါ်နိုင်ပါပြီ။ မန်ကျည်းစေ့တောက် ကျွမ်းကျင်သူတွေနဲ့တော့ မကစားချင်။ ကျွန်မနှင့် ရွယ်တူတန်းတူ မယ်နှင်းဆိုလျှင် မန်ကျည်းစေ့တောက် ဖြစ်လှ၏။ ဘယ်သူနှင့် တောက်တောက် မယ်နှင်း ရှုံးသည်မရှိ။ ထူးဆန်းသည်မှာ အရှုံးအနိုင်က ကျလာသော မန်ကျည်းစေ့က တန်ဖိုးရှိခြင်းပင်။

"ဖြစ်ရလေ ငါ့တူမရယ်၊ မန်ကျည်းစေ့ ရှုံးလို့များ ငိုရတယ်လို့အေ၊ ခူးစမ်းပါလေ့ မန်ကျည်းပင်ချည်း လေးပင်တော်၊ ခူးစမ်းဟဲ့"

ကျွန်မကြီးတော်များ၊ ဒွေးလေးများက မန်ကျည်းစေ့ရှုံးလို့ ငိုပြန်လာသော ကျွန်မကို ဝိုင်းချော့ကြခြင်းဖြစ်သည်။ ကျွန်မ မျက်စိထဲမှာတော့ နိုင်သည့် မန်ကျည်းစေ့တွေကို ထဘီချွတ်ပြီး စုထုပ်သွားသော မယ်နှင်းကိုသာ မြင်ယောင်သည်။ ကျွန်မ်ကိုယ် ကျွန်မလည်း ငါ ညံ့လေခြင်းလို့ ယူကြုံးမရ ဖြစ်ရပါ၏။ မန်ကျည်းစေ့ မတောက်ချင်တော့ ဇယ်ခုယ် ဇယ်ခတ်ကြပြန်သည်။ မယ်နှင်းက တောက်တာတော့ ဇော်ချင်တော်မှာပေါ့။ ဇယ်ခုတ် ဇယ်ခတ်ရာမှာတော့ မတော်လောက် မထင်ပါနှင့်။ သည်ကစားနည်းမှာလည်း မယ်နှင်းပဲ ဝိုင်းကျွတ်သိမ်းလေ့ရှိပါသည်။ မယ်နှင်းက သူ

ရထားသမျှ မန်ကျည်းစေ့တွေကို ကျွန်မတို့ရှေ့မှာ ရေတွက်တာကို မခံချင်။ သို့သော် ကလေးတိုင်းက မယ်နှင်း၏ မန်ကျည်းစေ့ အရေအတွက်ကို သိချင်ကြသည်ချည်းပင်။

"တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုး..."

တစ်ပြူးက နှစ်စေ့၊ တစ်လံက လေးစေ့၊ ညောင်ကန်က ခြောက်စေ့၊ ထမ်းပိုးက ရှစ်စေ့၊ အကျိုးက ဆယ်စေ့။ မယ်နှင်း ထဘီထဲမှာ အကျိုး ပေါင်း မနည်းပြီ။ တစ်ခါတစ်ခါ မယ်နှင်းက နိုင်မန်ကျည်းစေ့တွေကို ကြွေမည်ဆိုသဖြင့် လုဖို့ပြင်ကြရသည်။ တစ်ဆုပ်ပြီးတစ်ဆုပ် ကြွတာကို ဝိုင်းလုကြရင်း တိုးမိတိုက်မိရာက သတ်ကြပုတ်ကြ ဖြစ်ရတော့သည်။

ထုပ်ဆီးတိုးကြတော့လည်း သည်ညောင်ပင်အောက်မှာပင်။ မြစ်ဆိပ်က သဲသွားကျုံးကြကာ သဲစည်းချတာလည်း ရှိ၏။ ရေဖြင့်လောင်း၍ စည်းချတာလည်းရှိ၏။ တုတ်နှင့်ခြစ်ကာ တုတ်စည်းချတာလည်းရှိ၏။ ထမင်းရေပူစည်း၊ ခေါင်စည်း၊ ကုပ်စည်း၊ ကုပ်နောက်စည်း၊ ဘိတ်ရှေ့စည်း၊ ဘိတ်စည်း...။ လူနှင့် စည်းမျှကာ စည်းချကြရ၏။ အရွယ်ချင်း မျှကြရသည်။ အရပ်ချင်း မျှကြရသည်။ ကိုယ့်ဘက်ပါစေချင်သူနှင့် ညှိထားပြီး နာမည်ဝှက်ရတာကလည်း သိသိကြီးနှင့် ခွင့်လွှတ်ရသည်။

"ဇလပ်ပန်းနဲ့ ဇီဇဝါ"

ဇလပ်ပန်းသမားက သူ ဇလပ်ပန်း ယူထားကြောင်း ပြောပြီးသား ဆိုတော့ ကိုယ့်ဘက် ပါလာတော့သည်။ ဇီဇဝါနှင့် ဇလပ်ပန်း ဆိုတာ ကလည်း ရွာမှာ အစိုက်များသော၊ အပွင့်ယဉ်သော ပန်းတွေသာ ခေါင်း ထဲမှာ ရှိကြ၍ ဖြစ်ပါသည်။ ဒေလီယာနဲ့ သစ္စာပန်းလို့ ဘယ်သူမှ မဝှက်။ ထုပ်ဆီးတိုးကြတော့လည်း ရန်ပွဲနှင့်ပဲ ဆုံးကြပါ၏။ ဒီမှာတော့ သူ့ဘက် ကိုယ့်ဘက် အုပ်စုချင်း ဖြစ်ရသည့်အတွက် အုပ်စုလိုက် တစ်ရက်၊



နှစ်ရက် မခေါ်ကြ။ သည်ကြားထဲက ဘယ်သူနှင့် ဘယ်သူတော့ ဘယ်နား မှာ ခေါ်တာတွေ့တယ်ဆိုရာက အားလုံးပြန်တည့်ကြတာ များပါသည်။

နေ့လယ် ထမင်းစားချိန်မှာတော့ မိဘဘိုးဘွားတို့က ထမင်းစား လာခေါ်ကြပြီ။

"မထူးရေ..."

"ပေါ်အိရေ..."

"မြပုရေ..."

"သာဒွန်း ရှိသလားဟေ့..."

အရှုံးပွဲဆက်နေလျှင်တော့ အရှုံးချေချင်ကြသည့်အတွက် ထမင်းမစား ဟင်းမစား ကစားဝိုင်းမှာ ပေကပ်နေကြရာက ရိုက်နှက်ခေါ်သွားကြတာ ကလည်း နေ့စဉ်နှင့်အမျှပင်။ ကစားဝိုင်းကြီး ကြီးလို့ အကြိတ်အနယ်ဆို လျှင် လာခေါ်ကြသူ လူကြီးတွေကလည်း တိုးကြပါတော့လား၊ ဆီးကြပါ တော့လားနှင့် ပျော်စရာကောင်းလှပါသည်။ လူကြီးတွေက အားပေးလျှင် တော့ ကျွန်မတို့မှာ သွေးတမြောက်မြောက်။ ကစားပြီးလို့ တော်ကြတော့ ဆိုလျှင် မြစ်ဆိပ်ကို ပြေးကြရတော့သည်။ ကျွန်မတို့အဖို့ မြစ်သည် ကြောက်စရာမဟုတ်။ ရေချိုးကန်ကြီးနှင့်ပင် တူသည်။ မြစ်နားကမ်းနား ကြီးကြရတာဆိုတော့ မြစ်ကြီးနှင့်လည်း ယဉ်ပါးနေပါပြီ။ ဆပ်ပြာလည်း မပါ၊ ခေါင်းလျှော်စရာလည်းမပါ။ ချေးညှော်တွေကို ပွတ်သပ်ရင်း ရေထဲ မှာပင် ကျွမ်းပစ်ကစားလိုက်ကြသေးသည်။ မြစ်ရေထဲက မတက်ကြပြန် တော့ လူကြီးသူမတွေက မြစ်ကမ်းပါးထိပ်က အော်ခေါ်ကြပြန်လေသည်။

ကျွန်မတို့ရွာတွေမှာ ဂုံညင်းဆံ ဂုံညင်းဒိုး ရှားပါသည်။ ဂုံညင်းထိုး တမ်းဆိုပေမယ့် အိုးခြမ်းကွဲကို ဝိုင်းနေအောင်သွေးကာ ဂုံညင်းလုပ်ရသည်။ ရှုပ်၊ ထွေ၊ ဒိုး စသည်ဖြင့် ခေါ်ကြတာလည်း ရှိသည်။ မြစ်ဆိပ်က ရေအိုး

ရွက် တက်ရသည့် ရွာဆိုတော့ အိုးကွဲတွေ မရှားပါ။ ဘယ်နေရာကြည့်ကြည့် အိုးကွဲတစ်ကွဲတော့ ရှိတတ်ပါသည်။ နဘက်အိုးကွဲ၊ ကတောအိုးကွဲ၊ ရန္တပိုအိုးကွဲ။ အိုးရွာနှင့် အိုးကွဲပင် စိတ်ကြိုက်ရွေးနိုင်ကြပါ၏။ သဲအိုးထူထူ၊ ကျောက်အိုးထူထူကြီးတွေဆိုလျှင် အကောင်းဆုံး 'ထွေ' များ ရတတ်ပါသည်။

ကစားပွဲ မစမီ ဖွေလူဦးကြရတာကလည်း နည်းအမျိုးမျိုးရှိသည်။ အစိုလား၊ အခြောက်လား၊ ထွေမြှောက်ခြင်း၊ တုတ်ကျိုးတုတ်ကောင်း၊ လက်ဆစ်တစ်ဆစ်ချိုးပြီး လက်ကျိုးလက်ကောင်းရွေးခြင်း၊ စည်းတစ်စည်းဆွဲကာ စည်းနီးခြင်း စသဖြင့် ကိုယ်ကြိုက်ရာနည်းဖြင့် ဖွေလူဦးကြသည်။ အိုခြမ်းကွဲတွေကို ခြေမျက်စိ၊ ဒူးခါင်း၊ ပေါင်၊ ပခုံးပေါ်ညှပ်ကာ လိမ်ကာတင်ကာ ကစားရသည့် ကစားနည်းဖြစ်သည်။ ပခုံတင်၊ နဖူးတင်၊ နှာခေါင်းတင်၊ တိမ်တစ်လုံး၊ ပါးပေါ်တင်၊ နားသယ်ပေါ်တင်၊ နားရွက်အုပ်။ လက်ညှိုးနှင့် လက်ခလယ်ကြား ထွေညှပ်ပြီး ဆေးလိပ်သောက်ပုံလုပ်တော့ ဆေးလိပ်တော်၊ သွားကိုက်၊ ဣန္ဒြေထိုး၊ ခွေးချေးပုံ စသည်ဖြင့် ငြင်းကြခုံကြ။

"ဝေး... ဝေး... ဝေး... ရယ်ကော့မယ်ဟေ့ ရယ်တော့မယ်၊ ပါးစပ်ကြီးကို ပြင်ပေါ့ကွယ်၊ ခွေးချေးစုပ်တော့ နံလှတယ်"

ပါးစပ်ထဲရှိတာ အော်ရင်း မရယ်,ရယ်အောင် စ,ကြတာကလည်း ပျော်စရာကောင်းလှပါသည်။ ပါးစပ်ထဲ ကိုက်ထားသည့်ထွေက ရယ်လျှင် ပြုတ်ကျမှာဆိုတော့ မရယ်, ရယ်အောင် စ,ကြတာဖြစ်သည်။ ထွေကျော်တော့ မိုးကျူးသတဲ့။ ကိုယ့်ဘက်ကလူသေတော့ နိုင်သူက 'ကလူ'ရသည်။ ကလူတယ်ဆိုတာ ကူတာထင်ပါရဲ့။

"ဒူးခေါင်း ဒူးခေါင်း မောင်းထောင်းစပါး ဆန်ရေကောင်း"



"ပလိန်ချိန်ခွင် ကြိုးနဲ့ချိန် ရွှေချိန်တစ်မတ်သား"

"ခြေခုံပလယ်တက်တက်ရိုး ဘူးစေ့ပေါက်နဲ့တိုး"

ဟုတ်တာ မဟုတ်တာ ထားပါတော့။ အဓိပ္ပာယ်ရှိတာ မရှိတာ ထားပါတော့။ ဆိုရတာကပင် ချစ်စရာကောင်းလှပါ၏။ ကျွန်မတို့ ကစားခဲ့ကြသော ကျေးလက်ကစားနည်းတွေ မနည်းလှပါ။ ခုတော့လည်း မေ့တာမေ့၊ လျော့တာလျော့။ မမေ့မလျော့တာကတော့ ကျွန်မတို့ ကလေးဘဝက လွတ်လပ်ပျော်ရွှင်ခဲ့ကြခြင်းပင်။

●

(၃)

ပဲဆွတ်ချိန်မှာတော့ ကျွန်မတို့ကလေးများ၏ ကစားကွင်းက သစ်ခင်းတွေဘက် ဘယ်သူ့အမိန့်မှ မပါဘဲ ပြောင်းကြခြင်းဖြစ်ပါသည်။ ရွာရှိလူကုန် တောထဲ အခင်းထဲ ရောက်ကြချိန်ဆိုတော့ ကျွန်မတို့ ကလေးတွေလည်း ရောက်ကြရတော့သည်။ လူကြီးတွေ ပဲသိမ်းပြီးလို့ အခင်းလွတ်ပြီဆိုလျှင် ကျွန်မတို့ကလေးတွေက ပဲသင်းကောက်ကြရပါပြီ။ တစ်စေ့ချင်း တစ်တောင့်ချင်းကလည်း ကြာတော့ တင်းပြည့်တောင်းပြည့်။ ပဲလည်း ကောက်၊ ကစားလည်း ကစား။ မြေစိုင်ခဲချင်း ပစ်ကြကြေး။ တကယ်ထိပြန်တော့ နာလိုက်သည့်ဖြစ်ချင်း။ စိတ်ဆိုးလို့လည်း မဖြစ်ပါ။ ကိုယ်ပစ်လိုက်သည့်ခဲ သူ့ကို မှန်ရင်တော့ သည်းသာခံဖို့ပြင်။

"မျက်လုံးမျက်ဆံများ မှန်ရင်ကွယ်... ကမြင်းလိုက်ကြတာ၊ ဘယ်သူ့ကလေးတွေပါလိမ့်"

"မကြီးတင်သားတော်၊ ဟိုကောင်က မစိန်ရင်သားတော်၊ ဟိုဟာက မမြတင် သမီးတော်"

အမြင်မတော်သူက ဝေါက်လို့ ငြိမ်နေရတော့လည်း ခဏသာ။ ကုလားပဲ ရိတ်ချိန်ဆိုလျှင်တော့ သစ်ခက်ချိုး၊ သစ်ကိုင်းချိုး၊ မြက်ခြောက်တစ်ပွေ့စာဖြင့် ကုလားပဲပင် အုံလိုက်နှုတ်ပြီး မီးမြှိုက်။ ဖျစ်ဖျစ်ဖျောက်ဖျောက်မြည်လို့ ကျွမ်းလျှင်နပ်ပြီ။ တူးတာကတူး၊ မနပ်တာက မနပ်။ စားလို့ကောင်းလှပါ၏။ ပူပူလောလော၊ စိမ်းရွှေရွှေ၊ ချွဲတဲတဲ အရသာကိုပင် အကောင်းလုပ်ကြရပါသည်။

သရက်ကင်းထိုးချိန် ဆိုတော့လည်း ဆားနှင့် ငရုတ်သီးမှုန့်ကို စက္ကူဖြင့်ထုပ်သွားရုံသာ။ သရက်ပင်ပေါ်က တွဲလောင်းကျနေသော သရက်ကင်းကလေးတွေကို ခဲနှင့် ပစ်ထုကာ ဆား၊ ငရုတ်သီးမှုန့်နှင့် တို့စားကြရတာက ဖန်ဖန် ငန်ငန်စပ်စပ်။ ဒါကိုပင် အရသာခံကြရပါ၏။ တစ်လုံးက နှစ်လုံးဆိုလျှင်တော့ သွားတွေကြိမ်းပြီ။ သီးစေးလောင်ကြပြီ။ ပါးစပ်တစ်ဝိုက်သရက်ပူနာကြီးတွေ ဖိန်းဖိန်းထ,လို့။ မစားကြတော့ဘူးရယ်လို့မရှိ။ ကြာတော့ သရက်စေးပင် မလောင်ဝံ့တော့။

"မြက်စိုစို ကုန်းဘက် နွားသွားကျောင်းချေကြ"

နွားကျောင်းရတော့မည်ဆိုလျှင် ကျွန်မတို့ကလည်း ပျော်သည်။ နွားတွေကလည်း ပျော်သည်။ နွားတွေကလည်း ကဆုန်ပေါက်။ ကျွန်မတို့ကလည်း ကဆုန်ပေါက်။ အစီးခံသည့် နွားပေါ် လုတက်ကြလို့ပြုတ်ကျ ရတာကလည်း ခဏခဏပင်။ ပဲသင်းကောက်ရင်း အနီးရွာတွေရောက်ကြရသလို နွားကျောင်းရင်း ရောက်ကြရတာလည်းရှိပါ၏။ စားကြူး၊ ကြည်ရွာ၊ ကန်တော်၊ ဂင့်ဂဲ၊ သိမ်တိုင်၊ ရွာသစ်၊ ခံတော၊ ဇလပ်ကုန်း။ ရွာတွေရောက်လို့ လူကြုံပါးတာကို သယ်လာခဲ့ကြရသေးသည်။ သယ်ခကထန်းလျက် နှစ်ခဲ သုံးခဲ၊ ပေါက်ပေါက်ဆုပ် နှစ်လုံး သုံးလုံး။ တစ်လမ်းလုံးစားပြီး ရွာအဝင် ရေအိုးစင်မှာ ပါးစောင်က ရေတွေစီးကျအောင်



တစ်ဝကြီး သောက်ကြသည်။ အုန်းမှုတ်ခွက်နှင့် တစ်မှုတ်လည်း မဝ၊ နှစ်မှုတ်လည်း မတင်းတိမ်။ ညနေဘက် နွားရေတိုက်ဖို့ မြစ်ဆိပ်ဆင်းတာကိုလည်း အလုပ်လို့ မမြင်ကြပါ။ ကစားနည်းတစ်မျိုးလို့ ခံယူကြပါ၏။ နွားရေတိုက်ရင်း ရေကူးကြ၊ ရွှံ့ဖတ်နှင့် ပစ်ကြ။ အသားတွေ နှုတ်ခမ်းတွေ ပြာတောက်လာမှ တက်ကြတော့သည်။

မြစ်ရေတွေကြီးလို့ ရွာထဲရေဝင်တော့ ရေပြင်ကစားကွင်းကြီး ရပြီ။ နွားစာကျင်းကို လှေလုပ်ပြီး ထင်းမျောဆယ်ကြ၊ လှေလှော်ပြိုင်ကြ။ တစ်အိမ့်တစ်အိမ် ဟင်းခွက် ကမ်းနိုင်းလျှင် ဇလုံကို ရေမျှောရင်း ကိုယ်ကိုဖော့ကူးရင်း သယ်သွားရုံ။ မြစ်ရေကျတော့ ဗွက်တွေ ကျန်ခဲ့သည်။ ဗွက်တွေကလည်း ကစားကွင်းပင်။ ဗွက်ညှီနံ့တွေများ နံလို့။

အိမ်မှာ ဗွက်နှင့် ဆော့ရတာကို သဘောကျသော သမီးကလေးခမျာ ကျွန်မဆီက ကူးစက်တာများလား။ ရွာမြစ်ဆိပ်က ရွှံ့ကိုရှုံးပြီး နွားရုပ်ကလေး လုပ်ပေးချင်မိပါ၏။

●

(၄)

တောရွာညတွေကတော့ လ,မသာလျှင် ဘာမှမမြင်ရပါ။ သည့်ထက်မှောင်သည့် အမှောင်မျိုး ဘယ်မှာမှ မရှိနိုင်။ ဒါပေသိ ကျွန်မတို့ မကြောက်ကြ။ မြေပါးကင်းပါးကလွဲလျှင် မှောင်ကြီးထဲ ကူးကြတာများပင် ရှိပါ၏။ လ,သာလျှင်တော့ ပြောစရာ မရှိပါပြီ။ လသာသာ၊ တလင်းဖွေးဖွေးမှာ က,တမ်းခုန်တမ်း ကစားမလား၊ ထုပ်ဆီးတိုးကြမလား။ နတ်ဖွက်မှာစိုး၍ တူတူပုန်းတမ်းတော့ မကစားရပါ။ က,တမ်းခုန်တမ်းဆိုလျှင်တော့ ကျွန်မကမင်းသမီး။

“ဆောင်းလရာသီ မောင်တစ်ပါးဆီ ပျို့လေးမှန်းမျှော်သည်… ချမ်းလို့ပင် ခိုက်ခိုက်တုန်… စောင်ခြုံလို့ မနွေးပြီ…”

ကျွန်မတို့အိမ်ရှေ့ တလင်းမှာ ခင်းထားသော ကွပ်ပျစ်ကြီးမှာ ဇာတ်ခုံဖြစ်ရပြီ။ အဘပုဆိုးက ပြန့်ထဘီ၊ အမေကြီး ဥပုသ်တဘက်က မင်းသမီး ပဝါ။ အကပြီးကြတော့ စကားထာ ဝှက်ကြပြန်၏။

“နတ်သမီး သောက်ရေကန် တံတိုင်း သုံးထပ်ရံ”

“အုန်းသီး”

“ငါးယောက်ကသယ် သုံးဆယ်ကထောင်း ဖျာကြီးနဲ့လိပ် ဂူကြီးထဲသွင်း”

“ထမင်းစားတာ”

“ကျွဲချိုပေါ် ငှက်ခါးဥ”

“ကိုရင်နှစ်ပါး ရည်းစားလု”

“နမှုတစ နှပေ အယုစိတ်”

“နမ (နွားမ) တစ်စု နေပူ အရိပ်စု…”

တစ်ခါတစ်ရံ ကိုယ့်ဘာသာဝှက်သော စကားလိမ် စကားထာများကို ကိုယ့်ဟာကိုယ် ပြန်ရယ်ကြရသေးသည်။ တစ်ခါတစ်ရံ ခဲရာခဲဆစ်တွေ ရှာကြံဝှက်ကြတာလည်း ရှိသည်။

“ကမ္ဘာစည်ကြီး တီးလိမ့်မည်၊ မျက်နှာမည်းကြီး ငိုလိမ့်မည်၊ သေသူများလည်း ရှင်လိမ့်မည်၊ ပုန်းသူများလည်း ပေါ်လိမ့်မည်”

မိုးဦးကျ စကားထာကလေး ဖြစ်ပါ၏။ ပန်းပေးပြီဆိုလျှင်တော့ ဝှက်သူက ခြေခြေမြစ်မြစ် ရှင်းပြတတ်ရသည်။

“ကမ္ဘာစည်ကြီး တီးလိမ့်မည်ဆိုတာ မိုးခြိမ်းတာကို ပြောတာဟဲ့၊ မျက်နှာမည်းကြီး ငိုလိမ့်မည် ဆိုတာက မိုးတွေရွာတာ၊ သေသူများလည်း



ရှင်လိမ့်မည်က မိုးရွာလို့ မြက်ပင်ကလေးတွေ ပေါက်လာတာ၊ ပုန်းသူများလည်း ပေါ်လိမ့်မည်ဆိုတာကျ မိုးရွာလို့ ဖားတွေ ဟိုကသည်က ထွက်လာတာကို ပြောတာလေ၊ ကိုင်း”

စကားထာဝှက်တမ်း ကစားဝိုင်းမှတစ်ဆင့် ကျွန်မတို့အဖို့ စဉ်းစားတတ် တွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ရင်းနှီးစေသည်။ ပုံပြောတမ်း ကစားခြင်းအားဖြင့်လည်း ကျွန်မတို့ကို အပြောအဆို ကြွယ်ဝစေသည်။ ငယ်ငယ်တုန်းက တစ်လှည့်စီ ပြောခဲ့ကြသော ပုံပြင်ကလေးများထဲမှာ ကောင်းသူနှင့် မကောင်းသူ၊ ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားနားလည်စေခဲ့သည်။ သည်ဘက်ခေတ်ကလေးတွေ စကားထာဝှက်တမ်း၊ ပုံပြောတမ်းတွေ ကစားဖြစ်ကြသေးရဲ့လား။ ကျွန်မတို့ ပတ်ဝန်းကျင်မှာတော့ မကြားရတော့။ နှမြောစရာ ကောင်းလှပါ၏။

လ,မိုက်သည့် ညတွေမှာတော့ တစ်ရွာလုံး ပိန်းပိန်းကြီး မှောင်နေတော့သည်။ ကိုယ့်လက်ဝါးကိုယ် ထောင်ကြည့်သော်မှ မမြင်ရ။ လရောင်ကို အလင်းရောင် လုပ်နေကြရသူတွေအဖို့ လမိုက်ရက်တွေမှာတော့ ကျွန်မတို့ ဆော့နေကျ တလင်းသည်လည်း အမှောင်နှင့် ငုတ်တုတ်။ သည်တော့ လူကြီးတွေ စကားဝိုင်းဘေးမှာ ငုတ်တုတ်မည်းတည်းထိုင်ရင်း သက်ကြီးစကား ကြားနာခဲ့ရပါ၏။ စားကြူးရွာ ဗုံးကျတာ အိမ်လုံးကျွတ် ပါသွားခဲ့ကြရပုံ၊ တော်လှန်ရေးကာလ ရွာမှာ ပြောက်ကျားတပ်တွေ ဖွဲ့ခဲ့ကြပုံ၊ ဆရာတော့်ကျောင်းမှာ ခိုလှုံရင်း လောကဓာတ်စာ သင်ကြားပေးခဲ့သော ဆရာလေး ကိုရာကျော်အကြောင်း၊ ဘိုးကြီး ဘွားကြီး ဒွေးကြီး ဒွေးလေး တို့အကြောင်းတွေကို ကြားကြရသည်။ မျက်တောင်ပင် မခတ်မိ။

လူကြီး စကားဝိုင်းမှာ ဆွေစာရင်း မျိုးစာရင်းချကာ ဆွေမျိုးသစ်ပင်၊ မိသားစုသစ်ပင်တွေ ပုံဖော်ကြတာကလည်း စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ဘယ်သူတွေက ဘယ်အမ,က ပေါက်သည်။ ဘယ်သူက အဖေမျိုး၊ ဘယ်သူက အမေမျိုး၊ ဘယ်သူက နှစ်ဖက်တော် စသည်ဖြင့် ပြောကြတော့ ဆွေမှန်းမျိုးမှန်း အသိစိတ်၊ ခင်မင်စိတ်ကလေးတွေ တိုးခဲ့ရပါ၏။ အရှာရှာက ဆွေမျိုးတွေ မနည်းလှတာ ကြားတော့လည်း ဂုဏ်ယူချင်သလိုလို။

"တို့အမျိုး အာဂမှတ်လို့အေ… ဘယ်သူ့ ဝင်တိုးမိ တိုးမိ အမျိုးမလွတ်ဘူး၊ သဟာတွေကြောင့် လူချင်းယှဉ်ရင် တို့က အသာစီးရတာ၊ ဆွေနည်းမျိုးနည်းများ အလိုလို မျက်နှာငယ်ရသာတော်"

ကျေးလက်တောရွာမှာ နေထိုင်ကြီးပြင်းခဲ့ရသော ကျွန်မတို့ ငယ်ဘဝတွေက ကျဉ်းလွန်းလှသော်လည်း လွတ်လပ်မှုကတော့ ကျယ်ပြောလွန်းလှပါသည်။

●

## (၅)

သမီးကလေးကိုကြည့်ရင်း ကျွန်မတို့ကလေးဘဝ ကစားခုန်စားပျော်ပါးခဲ့ရတာတွေကို သတိရနေမိခြင်း ဖြစ်ပါ၏။ ကျွန်မတို့ ဓနီးမောင်နှံနှစ်ယောက်စလုံး အချိန်ရယ် အခါရယ် မရှိ စာရေးကြရသည်။ စာရေးခြင်းအပြင် လူမှုရေးတွေ ရှိသေးသည်။ ကျန်းမာရေးကိစ္စ ရှိသေးသည်။ စာပွဲပေပွဲများကိုလည်း မရောက်မဖြစ် ပွဲမျိုးတွေ ရောက်အောင်သွားကြရသည်။ နယ်စာပေဟောပြောပွဲတွေ ရှိတော့လည်း မြို့ထိုထို၊ အရပ်ထိုထို ရောက်ကြ သွားကြရသည်။ အသွားဆင်းရဲ အနေဆင်းရဲရှိလို့ ကျွန်မတို့က



ခံနိုင်ကြသော်လည်း သမီးကလေးကို ငဲ့ကြရပါသည်။ သူ့ခမျာ ပလူမွေး ပလူတောင်ကလေးနှင့် လိုက်ရသည့် ပွဲပေါင်း များလှပြီ။

ကျွန်မတို့ သွားသလို သွားရ၊ ကျွန်မတို့ စားသလို စားရ၊ ကျွန်မတို့ နေသလို နေရ။ ကျွန်မတို့က တောင်ပေါ်ဆိုတော့ သမီးကလည်း တောင်ပေါ်လိုက်ရပါ၏။ ကျွန်မတို့က မြေပြန့်ဆိုတော့လည်း သမီးကလေးက မြေပြန့်။ တစ်နှစ်က ဟုမ္မလင်းဘက်၊ ရွှေတောဘက် ညကြီးသန်းခေါင် တစ်မြို့က တစ်မြို့ ကူးတော့လည်း ပါရသည်။ မြစ်ကျယ်ကျယ် လှေကလေးနှင့် ကူးတော့လည်း ပါရပါ၏။ လှေ၊ မော်တော်၊ မီးရထား၊ ကား၊ လေယာဉ် သမီးကလေး စီးဖူးပြီ။ သမီးကလေး လှည်းမစီးရသေးပါလား။

"ဒီနှစ်တော့ ရွာပြန်ကြဦးစို့တော်၊ ရွာပြန်မရောက်ရတာ သမီးတစ်သက်ရှိပြီ"

ကျွန်မကပြောတော့ ခင်ပွန်းသည်က သွားတာပေါ့လို့ ဖြေသည်။ သမီးကလေးခမျာ ကလေးနှင့်မဆိုင်သော ခရီးတွေလိုက်ရ၊ အိမ်မှာလည်း တစ်ယောက်တည်း ကစားရနှင့် သနားလှပါ၏။ ဒီတစ်ခါတော့ ကျွန်မတို့ရွာ 'ဥဒယ' ဆီ သမီးကလေးကို ခေါ်သွားရမည်။

ဥဒယရွာကို သမီးအား ပြချင်သည်။ ကျွန်မတို့ ကစားခဲ့ကြသည့် ညောင်ပင်အို၊ မြစ်ဆိပ်၊ စိုက်ခင်းမြေကျယ်… အားလုံးကို လိုက်ပြမည်။ ဆွေတွေမျိုးတွေဆီ လှည်းနှင့် သွားကြမည်။ သမီးကဏာ ပျော်ပါ့မလား။

အခုနေအခါ ကျွန်မ အတောင့်တဆုံးကတော့ ဥဒယရွာကျယ်၊ ကွင်းကျယ်၊ ရွာရိပ်၊ ကွင်းရိပ်၊ တောရိပ်တောင်ရိပ်၊ ဆွေရိပ်မျိုးရိပ်တွေထဲမှာ သမီးကလေးကို ထားချင်တာပဲဖြစ်သည်။ ကွင်းကျယ်ကျယ်မှာ ခုန်ပေါက်ပြေးလွှား ဆော့ကစားရတာကို သမီးကလေး ပျော်မှာသေချာပါ

သည်။ ရွာမှာတော့ သည်မှာလို အိမ်တံခါးပိတ်ပြီး တစ်ယောက်တည်း ဆော့ကစားရတာမျိုး မဟုတ်တော့။ တစ်ရွာလုံး ဘယ်နေရာ ဘယ်အရိပ် သွားဆော့ဆော့ ဆွေထဲမျိုးထဲဆိုတော့ ကျွန်မ စိတ်မချစရာမရှိ။

သူ ကြည့်ချင်သည့် စီဒီဓာတ်ပြားတွေကို ရွေးနေသော သမီးကလေးကို ကျွန်မ မေးကြည့်သည်။


"သမီး… မေမေတို့ရွာကို လိုက်မယ်မဟုတ်လား၊ လှည်းစီးမယ်၊ ကစားကြမယ်၊ ရွာမုန့်တွေ စားကြမယ်"

"လိုက်မယ် မေမေ…"

သမီးကလေးကို ကျွန်မ ဝမ်းသာအားရ ဖက်ထားလိုက်သည်။ ဥဒယရွာကို အခုပဲ ကျွန်မ ပြေးလိုက်ချင်ပြီ။

**ဆီမီးခုံမြို့နယ်မဂ္ဂဇင်း**
**(၂၀၀၈) ခုနှစ်**

● ● ●



## မောင်းမ

### (၁)

မင်းကွန်း။

ရန်ကုန်မှ မန္တလေးသို့ ခေတ္တရောက်လာကြသော ကျွန်မတို့မိတ်ဆွေမိသားစုက စစ်ကိုင်း ကောင်းမှုတော်ဘုရားကြီးနှင့် မင်းကွန်းဘက် လိုက်ပို့ပါရန် ပြောလာသောအခါ ကျွန်မ လိုလိုလားလား လက်ခံလိုက်ပါသည်။ စိတ်ကလေးမှ အပန်းပြေစေတော့ သဘောဖြင့် လိုက်ချင်တာ မှန်သော်လည်း ကောင်းမှုတော် သနပ်ခါး ဝယ်ချင်တာကလည်း တစ်ကြောင်း ပါ,ပါသည်။ ကျွန်မတို့ မန္တလေးနှင့် မဝေးလှသော သနပ်ခါးထွက်ရာ အရပ်များဖြစ်သည့် ရွှေဘို၊ အရာတော်၊ မုံရွာ၊ ရေစကြိုနယ်ထွက် သနပ်ခါးများလည်း ကောင်းပါ၏။ ကောင်းမှုတော် သနပ်ခါးကိုလည်း ကျွန်မကြိုက်သည်။ ကောင်းမှုတော်မှာ ကျွန်မ သိသလောက် သနပ်ခါးထွက်ခြင်း မရှိပါ။ သနပ်ခါးထွက်သော ထိုအရပ်တွေကပဲ ရောက်လာကြသော သနပ်ခါးများပင် ဖြစ်ပါလိမ့်မည်။ ဘယ်အရပ် ဘယ်သနပ်ခါး မပြောနိုင်



သော်လည်း ကောင်းမှုတော်ဘုရားကြီးမှာရောင်းသည့် သနပ်ခါးများကတော့ သနပ်ခါးစစ်လှပါ၏။ အနှစ်ဝါဝါ၊ အမွှေးရင့်ရင့်၊ ရနံ့မွှေးမွှေး သနပ်ခါးများ ဖြစ်သည်။ ရန်ကုန်သူတွေကိုပါ အကြံပေးရပါသည်။

"ကောင်းမှုတော် သနပ်ခါး ဝယ်ကြရအောင်၊ သနပ်ခါးတော့ စစ်တယ်၊ ဘုရားရင်ပြင်ပေါ်မှာ သနပ်ခါးကို လိမ်မရောင်းရဘူးလို့ ဆိုတာပဲ"

"ဟာ... သနပ်ခါးတော့ ဝယ်မယ်ဟေ့"

မင်းကွန်းကိုလည်း ကျွန်မ ရောက်ချင်တာ ကြာပါပြီ။ မန္တလေးနှင့် မင်းကွန်း မဝေးလှသော်လည်း တကန်တကနိုင်လှသည့်အတွက် စိတ်ရောက်သော်မှ ကိုယ်မရောက်နိုင်ခဲ့ပါ။ ရေလမ်းကသွားလျှင် မရမ်းခြံ ထင်းဝင်းဆိပ်ကမ်းတွေဘက် သွားရမည်။ ထိုမှ ဘုတ်ချပ်စီးရမည်။ ကားလမ်းကသွားချင်ရင်တော့ စစ်ကိုင်းကိုဖြတ်၊ မင်းကွန်းအထိ ကားလမ်းထိုထိုပေါက်ရောက်ပါ၏။ ခရီးက မထောင်းတာလှသော်လည်း သမီးကလေးတစ်ဖက်နှင့်ဆိုတော့ ကျွန်မမှာ တော်ရုံခရီး စဉ်းစားရပါသည်။ အခုတော့ ကောင်းမှုတော်ဘုရားကြီးရော မင်းကွန်းကိုပါ တစ်ကြောတည်း သွားနိုင်မှာဆိုတော့ အဆင်ပြေလှသည်။ ဘုရားလည်းဖူးရင်း သနပ်ခါးလည်း ဝယ်ရင်း ထွက်ခဲ့ရသည့် ခရီးပင်။

ကျွန်မတို့အဖွဲ့ ကောင်းမှုတော်ကို အရင်သွားကြကာ ဘုရားဖူးကြသည်။ သနပ်ခါး ဝယ်ကြသည်။ ရန်ကုန်သူတွေ သနပ်ခါးမြင်တော့ ဝယ်လိုက်ကြစမ်းဆိုတာများ။ ချက်ချင်းပင် သနပ်ခါးကား ဖြစ်သွားတော့သည်။ ကောင်းမှုတော်မှ စစ်ကိုင်းဘက် ပြန်လာကာ စစ်ကိုင်းတောင်တက်လမ်းအတိုင်း မင်းကွန်းဘက်ဆီကို မောင်းခဲ့ကြသည်။

●

## (၂)

စစ်ကိုင်းကထွက်၍ မြစ်လမ်းအတိုင်း မောင်းလာသည်နှင့် ဧရာဝတီကို လက်ဖြင့်ပုတ်လို့ပင် ရပြီ။ မြစ်ရေပြင်က စိမ်းဖန့်နေသလို လေကလည်း အေးမြလှသလို စေတီနှင့် တန်ဆောင်း၊ ချောင်နှင့် ကျောင်းတို့ ပေါများလှသော အရပ်ဒေသမို့ တရားရိပ်ဖြင့် ငြိမ်းချမ်းသည်လည်း အမှန်ပင်။ ရှေးကတော့ သည်လို လမ်းခရီးမတွင်တော့ ရေလမ်းကိုသာ အားထားရသည်။ အခုတော့ စစ်ကိုင်းနှင့် မင်းကွန်း နတ်လမ်းပေါက်သည်ဟုပင် တင်စားချင်ပါ၏။ လမ်းမှာ ဝါးချက်ရွာ၊ အာလောင်ရွာတွေကို ဖြတ်ရသည်။ ခိုတောင်ရွာရိပ် ဝင်လာတော့ မုန့်တီဆိုင်ကလေးတွေ တွေ့ရပြီ။

"နေ့လယ်စာကို စစ်ကိုင်း ပြန်စားမှာဆိုတော့ မနက်ခင်းစာ ခိုတောင်မုန့်တီ စားကြရအောင်"

မုန့်တီဆိုင်ကလေးတစ်ဆိုင်မှာ ကားထိုးရပ်ရင်း ခိုတောင်မုန့်တီ စားကြသည်။ အသားငါး မပါဘဲ ပဲမှုန့်ထွေးထွေး ဆီဝါ ဆီနီတို့နှင့် သုပ်ထားသော ခိုတောင်မုန့်တီကလည်း မန္တလေး မုန့်တီကိုပင် ပခုံးတိုနိုင်သည်။ ခိုတောင်မုန့်တီသည်များက မနက်ဘက် မန္တလေးဘက်ကမ်းကူးကာ မန္တလေးမြို့ပေါ် လေးပြင်လေးရပ်မှာ ရောင်းချပြီး ညနေ ကူးတို့လှေဖြင့် ပြန်ကြရသည်။ ညနေတိုင်လျှင် ဂေါဝိန်မြစ်ရှုခင်းထဲက ငှက်သမွာန်တွေပေါ်မှာ ခိုတောင်မုန့်တီခံတောင်း ပက်လက်ကလေးတွေကိုလည်း မြင်နိုင်ပါ၏။

"သည်ဘက်ရွာတွေက သစ်သီးသစ်နှံ စိုက်ပျိုးကြတာ များတယ်၊ မွေးမြူရေးလည်း လုပ်ကြတယ်၊ လက်မှုပညာလည်း တတ်ကျွမ်းကြတယ်"

ကျွန်မက မိတ်ဆွေမိသားစုကို ပြောပြတော့ အညာရွာကလေးတွေကို သူတို့လည်း စိတ်ဝင်စားကြပုံရသည်။ ကားလမ်းတစ်လျှောက် အိမ်တွေမှာ



ခြံတွေမှာ စိုက်ပျိုးထားကြသော ဇွန်ရုံကြီးတွေကို မြင်ကြရပြီ။ ရွာများနှင့် အဆက်ပြတ်သော နေရာတွေမှာတော့ စိမ်းစိမ်းစိုစို သစ်ရိပ်ဝါးရိပ်များ အစဉ်မပြတ်လှပါ။ စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုးကြားရှိ လွင်ပြင်ကြီးမှာ ကျယ်ပြောလှသည်။ တစ်ခါတစ်ရံ မြင်ရတတ်သော နွားလှည်းတွေက လှည်းလမ်းအတိုင်း လိုက်သွားကြရာက အချိုးအကွေ့မှာ ဖြတ်ခနဲ ပျောက်သွားတတ်ကြသည်။ တစ်နေရာရောက်တော့ ဘွားခနဲ ပေါ်လာတတ်ပြန်၏။ သူတို့ရွာတွေနှင့် သူတို့လမ်း သူတို့မှပဲ သိကြတာမဟုတ်လား။ လမ်းဘေးသစ်ရိပ်မှာ သောက်ရေအိုးစင်ကလေးတွေရှိသည်။ ကြီးမားလှသော မန်ကျည်းပင်ကြီးတွေရှိသည်။ တောရကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ချောင်များဆီ လမ်းညွှန်ရာ ဆိုင်းဘုတ်တွေရှိသည်။ ကြက်ထောင့်ရွာထိပ် မန်ကျည်းရိပ်မှာတော့ ဘိုးတော်ဘုရားကောင်းမှုတော် ရေကန်ကြီးကို တွေ့ရပါ၏။

မိုးမိတ်ကုန်းမြေရိပ်ကို ကျော်ခဲ့ပြီ။ မင်းကွန်းရိပ်ကို ဝင်ပြီ။ လမ်းခရီးမှာ ပျောက်နေခဲ့သည့် ဧရာဝတီသည်လည်း မင်းကွန်းရိပ်ကိုရောက်တော့ ပြန်ပေါ်လာခဲ့ပါ၏။ ဧရာဝတီမြစ်နှင့် တစ်ဖက်ကမ်း မန္တလေးတောင်သည် တိမ်တောင်တိမ်လိပ် တိမ်ရိပ်များဖြင့် လှပနေသည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးရှိရာ ခေါင်းလောင်းရုံရှေ့မှာ ကားရပ်လိုက်ကြကာ ကျွန်မတို့ ဆင်းလိုက်ကြသည်။ ကျွန်မ အိမ်သားက ဧည့်သည်မိသားစုကို ရှင်းပြသည်။

"မင်းကွန်းကြီးလေးကြီးလို့ပြောရင် ဘုရားကြီး၊ ခြင်္သေ့ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ကန်တော်ကြီးလို့ ပြောကြတယ်။ ကန်တော်ကြီးကတော့ ကျွန်တော်တို့ လမ်းမှာတွေ့ခဲ့ကြတဲ့ ကြက်ထောင့်ကန်လို့ တချို့က ယူဆကြတယ်။ ရှေးက တစ်ဖက်ဆည်ကန်ကြီးလည်း ရှိခဲ့ဖူးတယ်လို့ ပြောကြ

တယ်။ ဘိုးတော်ဘုရားက ဧရာဝတီမြစ်ဆိပ်ကနေ အနောက်မင်းဝံတောင်ရိုးကိုဖောက်ပြီး လှည်းနွားသွားနိုင်တဲ့လမ်း ဖောက်ပေးခဲ့တယ်လို့လည်း ဆိုတယ်”

ကျွန်မတို့ ခေါင်းလောင်းကြီးကို လှည့်ပတ်ကြည့်ကြပါသည်။ ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ခေါင်းလောင်းကြီးကို သံယက်မကြီး လျှိုထမ်းထားသည်။ ခေါင်းလောင်းပေါ်က မင်းဖြူမှန်မှန်ပြောဆိုသည့် စာတမ်းကို နောက်ခံထားကာ ဓာတ်ပုံရိုက်ကြသည်။

“သည်ခေါင်းလောင်းကြီးက တန်ကိုးဆယ်လောက် လေးတယ်လို့ ဖတ်ဖူးတယ်။ ခေါင်းလောင်းတွေရဲ့ သဘာဝမှာ ပုစွန်ထုပ်၊ ဆုံ၊ ကြာအုံ၊ ဖောင်း၊ ဇက်၊ နားပန်ရယ်လို့ ပါကြပေမယ့် ဒီလောက်ကြီးတဲ့ ခေါင်းလောင်းကြီးကို အချိုးကျအောင် သွန်းနိုင်တာကို အံ့သြကြတယ်”

သမီးကတော့ ခေါင်းလောင်းကြီးကို မော့ကြည့်သည်။ မေမေ ဘာကြီးလဲလို့ မေးသည်။ ကျွန်မက ခေါင်းလောင်းထိုးနေသည့် ကိုရင်တစ်ပါးဆီက ထိုးတံကိုယူပြီး ထိုးပြလိုက်သည်။ ခေါင်းလောင်းကြီးအောက်က ဖြတ်၍ တစ်ဖက်ကို ကူးခဲ့ကြသည်။

“ကျွန်မကတော့ အဲသလို ခေါင်းလောင်းကြီးအောက် မဝင်ရဲဘူး။ မတော်ပြုတ်ကျချိန်နဲ့ တိုက်ဆိုင်နေမှဖြင့် မ,မရ ပြုမရနဲ့”

မိတ်ဆွေအမျိုးသမီး စိုးရိမ်နေပုံကိုကြည့်ပြီး ကျွန်မတို့မှာ ရယ်ကြရသေးသည်။ ကျွန်မတောင် သူပြောမှ ကြောက်သွားမိသလိုလို၊ ဟုတ်ပါရဲ့။ ကိုယ် အောက်ကဖြတ်တုန်း ခေါင်းလောင်းကြီး ကျလာလျှင် ဘယ်လိုလုပ်မလဲ။

ခေါင်းလောင်းရုံဘေးက ဆိုင်ခန်းတွေကို ကျွန်မတို့ ဝင်ကြည့်ကြသည်။ သမီးအတွက် ‘မင်းဖြူမှန်မှန်ပြော’ ကမ္ပည်းထိုးထားသည့် ခေါင်းလောင်းပုံပါ တီရှပ်တစ်ထည် ဝယ်ဝတ်ပေးလိုက်သည်။ မိတ်ဆွေ၏ သားကလေးက ‘မင်းဖြူ မှန်မှန်ပြောဆိုတာ ဘာလဲ’ မေးနေလို့ ခေါင်းလောင်းကြီး၏ ပိဿာချိန်ကို မြန်မာအက္ခရာဖြင့် အမှတ်အသားပြုထားခြင်းဖြစ်ကြောင်း ပြောပြရသည်။ ပိဿာချိန် ၅၅၅၅၅။



ကျွန်မတို့တစ်တွေ မြသိန်းတန်စေတီဘက် လှည့်ခဲ့ကြသည်။

●

## (၃)

လမ်းနှင့်စာလျှင် ဘုရားပရဝဏ်က မြင့်လှပါ၏။ လှေကားထစ်များကို အရင်တက်ရမည်။ မတက်ခင် တောသရေစာမုန့်ကလေးတွေ ရောင်းနေတာတွေ့လို့ မုန့်ဆီကြော်ပူပူကို ဝယ်စားကြသည်။ အရသာကောင်းလှသဖြင့် စားလို့ပင် မဝခဲ့။ အရှေ့ဘက်နီးနီးမှာ မြစ်ကို မြင်နေရသည်။ မြစ်ဘေးမှာ ခြံုတွေတက်နေသော ခြင်္သေ့ဖြူကြီးတစ်စီး မြင်နေရသည်။ ကျွန်မအိမ်သားက မြစ်နှင့် ခြင်္သေ့ကို ဓာတ်ပုံရိုက်ဖို့ ထွက်သွားသဖြင့် ကျွန်မတို့ချည်း ဘုရားပေါ် တက်ခဲ့ကြသည်။

ဘုရားစေတီဘက်ကို မသွားကြသေးဘဲ အုတ်လှေကားထိပ်ဆီက ဧရာဝတီမြစ်နှင့် အဝေးရှုမျှော်ခင်းတွေကို ကျွန်မတို့ ကြည့်ကြသည်။ မြစ်ဆိပ်မှာ လှေတွေဆိုက်ထားသည်။ မော်တော်တစ်စင်း နှစ်စင်းလည်း ရှိသည်။ အဖေ့ကို သတိရလိုက်မိပါ၏။ ရှေးလှေကြီးတွေ ခေတ်ကုန်သွားတော့ အဖေက ဖောင်ဆွဲမော်တော်တစ်စင်း ဝယ်လိုက်ပြီး အစိုးရသစ်ဖောင်ဖွဲ့ရေးကို ဝင်ကာ သစ်များဆွဲခဲ့သည်။ တစ်ခါတစ်ရံ တာဝန်ကျရာ မင်းကွန်းဖောင်ဖွဲ့ရေးရုံးဆိပ်မှာ မော်တော်သွားကပ်ထားရသည့်အခါများလည်း ရှိပါသည်။ အဖေ ရှိနေသည့် မင်းကွန်းကို ကျွန်မတို့မောင်နှမတွေ စိတ်

ကူးရတိုင်း လိုက်သွားလေ့ရှိကြပါသည်။ သစ်လုံးကြီးတွေပေါ် ဇတ်ခနဲ ဇတ်ခနဲ ကူးရတာကိုပင် ကစားကွင်းလို သဘောထားကြရတာကိုလည်း မှတ်မိသည်။ ရေပေါ်သစ်လုံးကြီးတွေက ဖောင်တွဲ တွဲထားသော်လည်း ကြာကြာရပ်လျှင် မြုပ်သွားတတ်သည်။ ဒီတော့ သစ်လုံးတွေပေါ်ကို ဇတ်ခနဲ ဇတ်ခနဲ ဖြတ်ရသည်။ အဖေကတော့ သားသမီးတွေကို လက်ဆွဲကာ မြသိန်းတန်စေတီဘက် ထွက်လာတတ်ပါသည်။ မြသိန်းတန်စေတီ ရင်ပြင်က ကျယ်ဝန်းသည်ကတစ်ကြောင်း မြသိန်းတန်စေတီ တည်ထားကိုးကွယ်ထားပုံကို အဖေ သဘောကျသည်ကတစ်ကြောင်းကြောင့် ဖြစ်ပါ၏။

"မင်းကွန်းတိပိဋက ဆရာတော်ကြီးက ပုထိုးတော်ကြီးကို ဖည့်ခေါ် ဘုရား... မြသိန်းတန်စေတီကို ဖည့်ခဲ့ဘုရားလို့ အမိန့်ရှိခဲ့ဖူးတယ်တဲ့"

အဖေ ပြောခဲ့ဖူးသော စကားကိုလည်း အမှတ်ရမိပါသည်။ မိတ်ဆွေမိသားစုက ဘုရားပေါ်တက်ဖို့ ခေါ်သော်လည်း ခင်ပွန်းသည်ကို စောင့်လိုက်ချင်သေးသဖြင့် သွားနှင့်ရန်ပြောပြီး စောင်းတန်းခြေမှ စောင့်နေခဲ့ပါသည်။ မလာနိုင်သဖြင့် ကျွန်မတို့ သားအမိ ဘုရားစေငါ်ဘက် လိုက်ခဲ့ကြသည်။ ကျွန်မ ဖတ်ဖူးသလောက် မြသိန်းတန်စေတီ ဖိနပ်တော်အောက်ခြေ ဝိုင်းဝိုင်းစက်စက်က စကြဝဠာကို ရည်ရွယ်ကြောင်း၊ စေတီအောက်ခြေ အဝိုင်းလိုက်ကြီးပေါ်မှ ပစ္စယာ (၇) ဆင့် တဖြည်းဖြည်း မြင့်တက်သွားတာက သီတာခုနစ်တန်၊ တောင်ရံခုနစ်လုံးကို ရည်ရွယ်ကြောင်း။ သတ္တမပစ္စယာက ယုဂန္ဓိုရ်တောင်ထိပ် အလယ်ဗဟိုမှ မြင်းမိုရ်တောင်ပုံ။ အာလိန်ငါးဆင့်တွင် ထွင်းထုထားသော အရုပ်တွေကလည်း မှာန်ပါလှပါ၏။ ပထမ အာလိန်က နဂါးများ၊ ဒုတိယအာလိန်က ဂဠုန်များ၊ တတိယအာလိန်က ဂုမ္ဘာန်များ၊ စတုတ္ထအာလိန်က ယက္ခများ၊ ပဉ္စမအာလိန်က



ဂန္ဓဗ္ဗများ။ ထိုအာလိန်ငါးဆင့်အထက်က သိကြားမင်းစံရာ တာဝတိံသာနတ်ပြည် မြင်းမိုရ်တောင်ထိပ်မှာ စူဠာမဏိစေတီတော်။

"ဆရာမ... ဆရာမ ဒေါ်ထူးထူး ဟုတ်ပါတယ်နော်"

တစ်ခုသော စောင်းတန်းရိပ်အရောက်မှာ ကျွန်မတို့သားအမိ ထိုင်နားနေကြစဉ် မိန်းကလေးတစ်ယောက် ရောက်လာခဲ့သည်။ အသက်က နှစ်ဆယ် အစိတ်ဝန်းကျင်လောက် ရှိဦးမည်။ မျက်နှာကလေးက နေလောင်ထားသော်လည်း လှပချောမောခြင်း အရိပ်လက္ခဏာတွေတော့ ပျောက်ပျက်မသွားသေးပါ။ ဆံပင်တွေက ဖြီးသင်မထားသဖြင့် ဖွာထက်ကာ ပျံ့လွင့်နေလေသည်။ မျက်တွင်းချိုင့်ချိုင့်တွေထဲက မျက်လုံးတွေကတော့ အရောင်မလဲ့ရှာတော့။ အဝတ်အစားက သန့်သန့်စင်စင် ရှိသော်လည်း တောက်တောက်ပြောင်ပြောင် မရှိရှာပါ။ မိန်းကလေးနှင့်အတူ သူ့အဖော် ဈေးသည် မိန်းကလေးတစ်စုကပါ ဝိုင်းလာကြသည်။

"ဟုတ်ပါတယ် သမီးက ဘယ်သူတုန်း"

"ကျွန်မ ဆရာက တက်လာကတည်းက မြင်တယ်၊ လူမှားမှာစိုးလို့၊ ဆရာမက ဝ,လာတယ်နော်၊ အမေကြီးရော နေကောင်းလား"

ထိုမိန်းကလေးကို ကျွန်မ လုံးလုံးမမှတ်မိပါ။ ချွေးစေးကလေးတွေပြန်နေသော သူ့မျက်နှာပေါ်မှာတော့ ကျွန်မကို လူမမှားဘဲ တွေ့လိုက်ရသဖြင့် စိတ်အေးသွားပုံ ပေါ်ပါ၏။ ကျွန်မကလည်း စဉ်းစားနေရပါသည်။ ဘယ်သူများပါလိမ့်။ ပြီးတော့ ကျွန်မ အမေကိုပါ သိပုံရသည်။ အမေကြီးနေကောင်းသလားလို့ ဝင်မေးနေသည် မဟုတ်လား။ မိန်းကလေးက ကျွန်မ နာမည် မေးတာကို ထည့်မဖြေတော့ ကျွန်မမှာ စဉ်းစားရ ခက်နေပါသည်။

"အမေကြီး နေကောင်းပါတယ်ကွယ်၊ အသက်တော့ကြီးပြီပေါ့၊ သမီးက"

"မူယာလေ… မူယာနွယ်"

"ဟယ်… မူယာ… ဟုတ်လား"

ကျွန်မ၏ ဟုတ်လားထဲမှာ အဓိပ္ပာယ်တွေ အများကြီး ပါသွားလိမ့်မည် ထင်ပါ၏။ အလို… မမူယာ ညည်း ဘယ်လိုဖြစ်ရတာတုန်းဆိုသည့် အံ့သြရိပ်က များနေပါလိမ့်မည်။ ကျွန်မ ကျောင်းဆရာမတာဝန် ထမ်းဆောင်ခဲ့စဉ်က ညနေဘက် ကျောင်းကအပြန် အနားဝန်းကျင်က ကလေးတွေကိုခေါ်ကာ စာပြပေးသည်။ ကျွန်မလည်း အတွေ့အကြုံရအောင် ကလေးတွေလည်း အဆင်ပြေအောင် ပြပေးခြင်းဖြစ်ပါ၏။ အခကြေးငွေ ရယ်လို့လည်း မယူတော့ အပ်နှံသူတွေ များသည်။ သည်ကလေးတွေထဲက ထူးထူးခြားခြား ရှိကြသူ တပည့်တချို့ကို ကျွန်မ မမေ့။ မူယာနွယ်ကိုလည်း ထူးခြားသည့် တပည့်တွေထဲက တစ်ယောက်ဟုပင် ဆိုရပါမည်။ ချမ်းသာသော မိဘနှစ်ပါး၏ အလိုလိုက်ခြင်းခံရသူကလေးဆိုတော့ သည်ကနေ့ပေါ် မနက်ဖြန် ခါးပေါ်ရောက် ဝတ်ရစားရသည်။ တပည့်တော်တော်များများထဲမှာ လှပချောမောပြည့်စုံသူကလေးအဖြစ် ကျွန်မ မှတ်မိနေခြင်းဖြစ်ပါ၏။

ထိုတပည့်မကလေးကို သည်လိုပုံနှင့် ကျွန်မကို လာနှုတ်ဆက်လိမ့်မည် မထင်ခဲ့။ ဆင်းရဲခြင်း ချမ်းသာခြင်းသည် ကြွေတစ်လက် ကြက်တစ်ခုန် အချိန်အခါမရွေး ပြောင်းလဲသွားနိုင်တာပဲ မဟုတ်လား။ သခါရသဘောကို ကျွန်မ ဉာဏ်မီသလောက် သဘောပေါက်ပါ၏။ ကျွန်မ အံ့သြတာက ချမ်းသာသူက ဆင်းရဲသွားရရှာပါပကောဆိုတာ မဟုတ်ပါ။ ကျွန်မ မထင်မှတ်သည့်နေရာမှာ မူယာကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။



"သြော်… အေး မှတ်မိပြီ၊ မူယာက မင်းကွန်းမှာ နေတာလား"

"ကျွန်မ အိမ်ထောင်ကျပြီးမှ ရောက်လာတာ ဆရာမ၊ ကလေးတစ်ယောက် ရပြီလေ၊ သမီးကလေးပါ"

"သြော်… သမီးကလေးက ဘယ်အရွယ်ရောက်ပြီလဲ၊ အိမ်ထောင်ကကော"

ကျွန်မတို့လူမျိုး၏ ပဋိသန္ဓာရ ခွန်းဆက်စကားတွေမှာ သူတစ်ပါးကိုယ်ရေးကိုယ်တာတွေ ပါရစမြဲဖြစ်သည်။ ယဉ်ကျေးမှုအရ၊ လူ့ကျင့်ဝတ်အရ မမေးသင့်တာရယ်လို့ ရှောင်လွှဲနိုင်ဖို့ ခက်သည်။ အိမ်ထောင်ကိစ္စ၊ စားဝတ်နေရေးကိစ္စ၊ သားရေး သမီးရေးကိစ္စ၊ အဆင်ပြေ,မပြေ စသည်ဖြင့် မေးရတာပဲ မဟုတ်လား။

"သမီးက ခြောက်နှစ် ဆရာမ၊ ကျောင်းတက်နေပြီ၊ ကျွန်မ အိမ်ထောင်က မကောင်းပါဘူး ဆရာမရယ်"

မူယာက လိုသလောက်ပဲ ပြောတော့ ကျွန်မလည်း ဆက်မမေးသာ။ ကလေးက ကျောင်းနေပြီဆိုတော့ သည်ရွာကလေးထဲမှာပဲ ဖြစ်လိမ့်မည်။ အိမ်ထောင်နဲ့က ကွဲနေကြတာပဲလား။ မူယာက ခပ်ဖော့ဖော့ပြောနေတော့ ကျွန်မလည်း မေးမနေချင်တော့။ အခုကော မူယာ ဘာတွေလုပ်နေပါလိမ့်။ သူ့အပေါင်းအဖော်များ ဖြစ်ဟန်ရှိသော မိန်းကလေးတွေကတော့ ကျွန်မကို စိုက်ကြည့်နေကြသည်။ မူယာရဲ့ ဆရာမဆိုတာတော့ စကားထဲက ကောက်မိကြဟန် ရှိပါ၏။ ဒီဆရာမနဲ့ ဒီတပည့် ဘဝတစ်ကွေ့ တွေ့ခဲ့ကြဖူးသတဲ့ဆိုတာကိုတော့ လက်ခံကြပုံ ပေါ်ပါသည်။ မူယာက မျက်ရည်တွေကို မျက်တောင်ဖြင့် ပုတ်ခတ်ဖယ်ရှားရင်း လှေကားထစ်ပေါ် ဆတ်ခနဲထိုင်ချကာ ကျွန်မကို ကန်တော့လေသည်။ ကျွန်မ စိတ်ထဲမှာ မူယာကို စာသင်ခန်းထဲက တပည့်မကလေးအဖြစ် မြင်ယောင်လာခဲ့သည်။

မှုယာမှာ အစ်မလား ညီမတွေလား ရှိတာကိုလည်း မှတ်မိပါသည်။ မှုယာနွယ်၊ ယမင်းနွယ်၊ ရွှေစင်နွယ်။ အဲသလို နာမည်မျိုးတွေဖြစ်၏။ ကျွန်မတို့ ရပ်ကွက်က လက်လုပ်လက်စားတွေ နေထိုင်ကြတာ များပါသည်။ ချမ်းသာသူတွေ ရှိသော်လည်း သိပ်ကြီးမများလှ။ သည်နည်းနည်းကလေး ထဲမှာ မှုယာတို့ မိဘများ ပါဝင်ကြသည်။ ရပ်ကွက် သာရေး၊ နာရေးကိစ္စ တွေမှာ ငွေကြေးများစွာ လှူဒါန်းနိုင်ကြသူများဖြစ်သည်။ ကားကလေးတစ်စီး ရှိတာလည်း မှတ်မိသည်။ သမီးသုံးယောက်ကို ရွှေပေါ်မြတင် ထားနိုင် သည်။ သမီးတွေကလည်း တစ်ယောက်တစ်မျိုးစီ လှကြပါ၏။

"မှုယာတို့ ညီအစ်မတွေ ကြီးရင် မင်းသမီး လုပ်ကြပါလားဟယ်၊ ချောကြလွန်းလို့"

သမီးချောတော့ ရွာကပြော ဆိုသလို ရပ်ကွက်ကလေးက လူတွေ အားလုံး မှုယာတို့ ညီအစ်မတစ်တွေ၏အလှကို ပြောစမှတ်ပြုကြရသည်။ အားလုံးထဲမှာ မှုယာက အချောဆုံးလို့ ကျွန်မ ထင်ပါသည်။ ငယ်စဉ် ကပင် မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းနီအရဲသား၊ မျက်ခွံအပြာသားနှင့် ဖြစ်၏။ ဆံပင်ကလည်း ထိုခေတ် ထိုအခါက ခေတ်စားလှသည်ဆိုသည့် ပုံစံမျိုးကို နေ့တစ်မျိုး ညတစ်မျိုး ပြောင်းတတ်သည်။

ကျွန်မ မှတ်မိသလောက် မှုယာတို့တစ်တွေ ကျွန်မတို့ ရပ်ကွက်မှာ သိပ်ကြာကြာ နေခဲ့ကြတာတော့ မဟုတ်ပါ။ သူတို့မိသားစု ပြောင်းခါနီး တော့ မှုယာက ကျွန်မကို နှုတ်ဆက်ရင်း လာကန်တော့တာကိုလည်း မှတ်မိသည်။ အဝတ်အထည် အသုံးအဆောင် ပစ္စည်းများနှင့်အတူ သနပ် ခါးတုံးတွေပင် ပါသေးသည်ထင်ပါ၏။ ဒီတုန်းက မှုယာကို ကျွန်မ ဘယ်လိုဆုတွေများ ပေးခဲ့ပါလိမ့်။ အခုကော ဘယ်လိုဆုတွေပေးရမှာပါ လိမ့်။



"မှုယာ... အခု ဘာလုပ်နေသလဲ၊ ဈေးရောင်းတာလား၊ ဈေးရောင်း တာ စင်ကြယ်တဲ့ အသက်မွေးမှုပဲ ကောင်းပါတယ်"

မှုယာက စင်ကြယ်တဲ့ အသက်မွေးမှုဆိုတာကို သဘောပေါက်ပုံရ သည်။ ကျွန်မကို မော့ကြည့်ရင်း ပြုံးသည်။

"စင်ကြယ်တဲ့အလုပ်ပဲ လုပ်ပါတယ် ဆရာမရယ်၊ တော်တော်တော့ ရုန်းကန်ရတယ်။ ဘုရားကို ဧည့်သည်တွေ အလာပါးရင် ဈေးမရောင်းရဘူး"

"ဘာတွေရောင်းတာလဲကွယ့်"

"ကျွန်မကတော့ ပန်းချီကားတွေ လိုချင်ရင် ဂယ်လာရီတွေ လိုက် ပို့တယ်။ မင်းကွန်းဘုရားတွေ လည်ချင်တယ်ဆိုတော့လည်း လိုက်ပို့ပေး တာပဲ။ ကျွန်းပင်မောင်နှမ နတ်ကွန်းမှာ တင်မြှောက်စရာလိုတော့လည်း လိုက်လုပ်ပေးလိုက်တာပါပဲ။ အမွေးတိုင်တို့ ဖယောင်းတိုင်တို့လည်း ရောင်းလိုက်တာပဲ။ ပြောင်းဖူးတို့ ကန်စွန်းဥတို့ မြေပဲတို့လည်း ပြုတ် ရောင်းတာပါပဲ။ မှုယာ ဘာလုပ်သလဲဆိုရင် ပြောဖို့တော့ ခက်သား"

"သားအမိနှစ်ယောက် လောက်တယ်မဟုတ်လား၊ လင်သားက ညည်းနဲ့ အဆင်မပြေပေမယ့် သမီးလေးတော့ ထောက်တယ်မဟုတ်လား"

"ထောက်ဖို့နေနေသာသာ ဆရာမရယ်၊ ဘယ်ရောက်နေမှန်းတောင် မသိပါဘူး၊ ကျွန်မဆီလည်း မလာတော့ပါဘူး၊ ပြောရရင် ဆရာမရယ် ကျွန်မက မိဖုရားဖြစ်ခဲ့တာ မဟုတ်ပါဘူး၊ မောင်းမပဲ ဖြစ်ခဲ့တာပါ"

မှုယာ ပြောပြသော သူ့ဘဝပုံရိပ်တွေကို ကြားရတာ ကျွန်မအဖို့ တော့ စိတ်မချမ်းမသာ ဖြစ်ရပါ၏။ သည်ဖနိုး သည်သမီး ဘဝခရီးမှာ အတူရှိ စေချင်သည်။ ဆင်းရဲအတူ ချမ်းသာအမျှ အတူတကွ ရှိကြစေချင်သည်။ အခုတော့ သည်လိုမဟုတ်။ လင်တော်မောင် ကြွအလာကို မျှော်နေရရှာသော

ခန်းဆောင်တွင်းက မောင်းမတစ်ယောက်၏ ဘဝမျိုးဖြင့် ကြေကွဲနေရရှာသော မူယာနွယ်။

ကျွန်မ အကဲခတ်ရသလောက် မင်းကွန်းမှာ အဝေးညှော် အနီးညှော် လာကြလေ့ရှိသည်။ များတာ နည်းတာတော့ ရှိမှာပေါ့။ ဈေးသည်တွေကလည်း များတော့ စိုစိုပိုပို ရလိုက်တာမျိုးတော့ ရှိချင်မှ ရှိလိမ့်မည်။ မူယာ မိဘတွေအကြောင်း မေးတော့ မရှိကြတော့ဟု ဆိုသည်။ မိဘများ မဆုံးပါးခင်က စီးပွားပြုန်းနှင့်ကြကြောင်းလည်း ပြောပြသည်။ ဘာကြောင့်ဆိုတာတော့ ထည့်မပြော။

"အမေက နောက်မှဆုံးတာ ဆရာမ၊ အမေ ရှိတုန်းက ရွှေစင်နဲ့ နေတယ်၊ ရွှေစင့် ယောကျ်ားလေးက ပန်းပုဆရာ၊ ဘုရားကြီးမှာ သစ်ပန်းပုတွေ သွင်းတယ်။ ရရစားစားပါပဲ ဆရာမရယ်၊ ယမင်းတော့ အိမ်ထောင်ကျသွားပြီလား မကျသေးဘူးလား မပြောတတ်ဘူး။ သူလည်း အဖော်ကောင်းတာနဲ့ လာရှိုး မူဆယ်ဘက် အလုပ်သွားလုပ်လိုက်တာ ပြန်မလာဘူး၊ ငါးနှစ်လောက်ရှိပြီ"

ကြားရသမျှ စိတ်မသက်မသာ ဖြစ်ရပြန်ပါ၏။ တစ်ချိန်က တောက်တောက်ပပ ဝတ်ကာစားကာ သွားလာလှုပ်ရှားခဲ့ကြသော ညီအစ်မသုံးယောက်၏ ပုံရိပ်တွေကိုတောင် ကျွန်မ ဆုပ်ဖမ်းမရချင်တော့။ မူယာ့အတွက် အကောင်းဆုံးဘဝ ဟစ်နေရာကို ကျွန်မ ရွေးချယ်ပေးချင်လှပါ၏။

ကျွန်မ အိမ်သား လှေကားဆီက တက်လာနေပြီ။ ကျွန်မတို့သားအမိနှင့် မူယာတို့အုပ်ကြီးကို လှမ်းမြင်ပုံရ၏။ ကျွန်မတို့ရှိရာ စောင်းတန်းရိပ်ကို ရောက်လာတော့ ကျွန်မ အိမ်သားကို မူယာနှင့် မိတ်ဆက်ပေးလိုက်သည်။ မိတ်ဆွေ မိသားစုကတော့ ကျွန်မတို့ကို မျှော်နေလောက်ပြီ။



"ဆရာမ သွားမယ် မူယာ၊ ညှော်သည်တွေလည်း ပါသေးလို့နော်၊ ဆရာမကို ဘယ်မှမထင်ပါနဲ့ကွယ်၊ မူယာ့သမီးကလေးအတွက် ကျောင်းမုန့်ဖိုး ပေးခဲ့ချင်တယ်"

"မဟုတ်တာ၊ ဆရာမကို ကျွန်မကတောင် ကန်တော့ရဦးမှာပါ ဆရာမရယ်"

"တပည့်က ဆရာကို ကန်တော့ကောင်းသလို ဆရာကလည်း တပည့်ကို ပေးကောင်းပါတယ် မူယာရယ်၊ နှစ်ခုစလုံး မင်္ဂလာရှိတဲ့ကိစ္စချည်းပါပဲ"

ကျွန်မက မူယာ့လက်ထဲကို ငွေသုံးထောင် ထည့်ပေးလိုက်သည်။ မူယာက ယူဖို့ မဝံ့မရဲဖြစ်နေပုံပေါ်ပါ၏။ ကျွန်မက ဇွတ်ပေးတော့မှ ယူရှာသည်။

"ကျွန်မ ငယ်ငယ်က ကျောင်းဆရာမ သိပ်လုပ်ချင်တာ၊ ဆရာမ စာသင်တာကို အတန်းထဲမှာ ကျွန်မ အမြဲငေးတယ်၊ ဆရာမ ဝတ်တတ်တဲ့ အဝတ်အစားကလေးတွေကိုတောင် ကျွန်မ မှတ်မိနေတာ၊ ကျွန်မ ဆရာမ မဖြစ်နိုင်တော့ဘူးပေါ့နော် ဆရာမ"

မူယာ့စကားက မေးခွန်းလား၊ ညည်းညူတာသခြင်းပေလား ကျွန်မ မသိပါ။ မူယာ မျက်ရည်တွေ ဝဲနေသည်။ တပည့်ဟောင်း တော်တော်များများကို ကျွန်မ မကြာခဏ တွေ့ဆုံခဲ့ဖူးပါ၏။ ချမ်းသာသူတွေ ပါသလို ဆင်းရဲရှာကြသူတွေလည်း ပါပါ၏။ သို့သော် မူယာကို တွေ့ရတာလောက် စိတ်မချမ်းမြေ့ရတာမျိုး မရှိ။

ကျွန်မတို့ မိသားစု ဘုရားပေါ်တက်လာကြတော့ မူယာတို့အုပ်ကြီး ကျန်ရစ်ခဲ့သည်။ မူယာက ကျွန်မအကြောင်းတွေ ပြောနေပုံပေါ်ပါသည်။ မိတ်ဆွေမိသားစုနှင့်အတူ ဘုရားဖူးပြီး ပြန်ဆင်းလာတော့ မူယာ့ကို ရှာလို့ မတွေ့တော့။

●

## (၄)

မြသိန်းတန်ဘုရားကြီးပေါ်က ဆင်းခဲ့ကြပြီး ပုထိုးတော်ကြီးနှင့် ခြသေ့်ကြီးနှစ်ကောင်ကို ခဏဝင်ကြမည်။ ပြီးလျှင် ပြန်မည်။ စစ်ကိုင်းမှာ ထမင်းဝင်စားကြမည်။ ကျွန်မတို့ ကားထွက်ခါနီးတော့ လှေကားထစ်တွေပေါ်က မှူယာ ဒုန်းစိုင်းပြေးဆင်းလာတာ မြင်လိုက်ရသည်။ နေက ပူပြင်းလှသည်။ ကျွန်မတို့ စီးလာသော ကားလေးကို လက်နှင့်ကာတားရင်း ရပ်ခိုင်းသည်။ လက်ထဲမှာ ပြောင်းဖူးတွေ။ ပူပူနွေးနွေး အငွေ့တထောင်းထောင်း။ မှူယာခမျာ မောနေပုံရသည်။ ဘယ်အထိတောင် သွားယူရတာပါလိမ့်။

"ဆရာမ သမီးကလေးဖို့ ပြောင်းဖူးပြုတ်တွေပါ ဆရာမ၊ အခင်းထဲက ချိုးပြီး ပြုတ်တာတွေ ချိုတယ်၊ ပြုတ်နေတဲ့အိမ် ပြေးယူလိုက်တာ၊ ဆရာမ စားပါနော်၊ ညှော်သည်တွေလည်း စားပါရှင်"

ကျွန်မက ပြောင်းဖူးပြုတ်တွေ လှမ်းယူလိုက်သည်။ ကားထဲက တစ်တောင်သာသာ သနပ်ခါးနှစ်ချောင်းကို မှူယာ့လက်ထဲ ထည့်ပေးလိုက်သည်။ ကောင်းမှုတော် သနပ်ခါးတွေကို မှူယာ လိမ်းစေချင်သည်။ နေလောင်ထားသော မျက်နှာ၊ အဆီတွေပြောင်နေသော မျက်နှာ၊ သနပ်ခါးရော နှားကပ်ပါ မကပ်ရှာသည့် မျက်နှာ။ မိတ်ကပ်မရှိ၊ နှုတ်ခမ်းနီမရှိ၊ မျက်ခုံးပြာ မရှိတော့သည့် မျက်နှာ။ မှူယာက သနပ်ခါးတုံးတွေကိုတော့ မက်မက်စက်စက် ယူရှာပါသည်။ ကားထွက်ခါနီးတော့ မေးဖြစ်အောင် မေးလိုက်သည့် မေးခွန်းတစ်ခွန်း။

"ဒါတွေ တစ်ချောင်းဘယ်လောက် ဝယ်ခဲ့ရတာလဲ ဆရာမ"

"ဘယ်လောက်ဖြစ်ဖြစ်ပါအေ ညည်း လိမ်းစမ်းပါ၊ ညည်း လိမ်းစေချင်လို့ ပေးတာပါအေ"



"မဟုတ်တာ ဆရာမရယ်၊ ကျွန်မ ရိုးရိုးမေးတာပါ၊ ဟိုလေ ကျွန်မ ပြန်ရောင်းချင်လည်း ရောင်းမှာမို့ပါ"

ကျွန်မ ဘာပြောရမှန်းပင် မသိတော့။ ကျောင်းသူဘဝတုန်းက မှူယာ အတန်းထဲ မိတ်ကပ်တွေလိမ်းလာလျှင် သနပ်ခါးကလေးလူးဖို့ ကျွန်မ ဆုံးမခဲ့ဖူးတာကို သတိရလိုက်မိပါ၏။ တစ်ခုခုပြောဖို့ ကျွန်မ ပါးစပ်ပြင်လိုက်မိသော်လည်း မပြောဖြစ်တော့။ သူကလေး ရိုးရိုးသားသား ပြောရှာတာကိုပဲ စိတ်မကောင်းဖြစ်ရသည်။ ရောင်းတော့ မစားပါနဲ့အေလို့လည်း မတားချင်တော့။ မိန်းကလေးဆိုတာ ပါးမှာ သနပ်ခါးရှိမှ ကျက်သရေရှိတာကွယ့်လို့လည်း မဆိုချင်တော့။ သနပ်ခါးဈေးကို မပြောတော့ဘဲ နောက်ထပ် သနပ်ခါးတစ်ချောင်း မှူယာကို ထပ်ပေးလိုက်သည်။ သည်တစ်ချောင်းတော့ ညည်း လိမ်းလိုက်စမ်းပါအေ။

ကျွန်မတို့ ကားကလေး ဆက်ထွက်လာတော့ သနပ်ခါးသုံးချောင်း ပိုက်ရင်း မှူယာ လက်ပြကျန်ရစ်ခဲ့ရှာသည်။ ဆံပင်တွေက တလွင့်လွင့်။

●

## (၅)

ပုထိုးတော်ကြီးထဲကို မိတ်ဆွေမိသားစုသာ ဘုရားသွားဖူးကြသည်။ ကျွန်မက သမီးကလေး နေပူမိမှာစိုးသဖြင့် သစ်ပင်ရိပ်မှပဲ ဘုရားကြီးကို ဖူးမြော်လိုက်ပါ၏။ ကျွန်မ အိမ်သားကတော့ ခြသေ့်ကြီးနှစ်ကောင်ကို ဓာတ်ပုံသွားရိုက်သည်။ တစ်အောင့်နေတော့ ကျွန်မတို့သားအမိလည်း ခြသေ့်ကြီးနှစ်ကောင်ဘက်ကို လိုက်ခဲ့ကြသည်။ ဈေးဆိုင်တန်းကလေးတွေကြား ဖြတ်တော့ သစ်သားဆေးတံကလေးတွေ၊ ရွှေချည်ထိုးအိတ်ကလေး

တွေ သမီးကို ဝယ်ပေးလိုက်သည်။ သမီးကို သူ့အဖေက ခြင်္သေ့ကြီးတွေနှင့်တွဲကာ ဓာတ်ပုံရိုက်ပေးသည်။ ခြင်္သေ့ကြီးတွေကို မော့ကြည့်ကြသည်။

"ကျွန်မတို့ ငယ်ငယ်တုန်းက အဖေ ဖောင်ဆွဲမော်တော် မင်းကွန်းရောက်ပြီဆိုတာနဲ့ မောင်နှမတွေ လိုက်လာကြတာပဲ၊ သစ်လုံးတွေပေါ်ဆော့လိုက်ကြ၊ သောင်ပြင်မှာ နပမ်းလုံးလိုက်ကြ၊ သည်ခြင်္သေ့ကြီးတွေကြားတူတူပုန်းလိုက်ကြနဲ့ပေါ့။ ဗိုက်ဆာတော့ အဖေ့မော်တော်ထဲ ဆင်းစားလိုက်ကြနဲ့၊ အဖေတောင် သတိရနေမိသေးတယ်"

ကျွန်မ အိမ်သားကတော့ ကျွန်မစကားထက် ခြင်္သေ့ကြီးတွေကိုပဲ စိတ်ဝင်စားနေပုံ ရပါ၏။

"သည်ခြင်္သေ့ကြီးတွေက အတောင်ခြောက်ဆယ် မြင့်တယ်၊ ငလျင်ဒဏ်တွေ ခံခဲ့ရလို့ ပြိုကျသွားတာတွေ ဖြစ်ခဲ့ရတယ်။ ဗျာဒိတ်ခံ ခြင်္သေ့တွေဖြစ်လို့ ဘုရားစေတီတွေအနားမှာ အမြဲရှိကြရတာပေါ့။ အခုတော့ ပြိုကျပျက်စီးရပြီ။ သင်္ခါရက လွှတ်ခဲတယ်လို့ ဆင်ခြင်နိုင်တာပေါ့လေ"

ဗျာဒိတ်ခံ ခြင်္သေ့ကြီးတွေတဲ့လား။ ကျွန်မတို့ငယ်ငယ်က မင်းကွန်းလူအိုရဲ့က အဘွားအိုတစ်ယောက် ပြောပြတာကို မှတ်မိနေသည်။ သည်ခြင်္သေ့ကြီးတွေကို ခဲနဲ့ ကျော်အောင်ပစ်နိုင်ရင် ဆုတောင်းပြည့်တယ်ဆိုသည့်စကားပင်။ မောင်နှမတစ်တွေ တကယ်လည်း ခဲနှင့်ပစ်ကြည့်ခဲ့ကြဖူးသည်။ ဘယ်သူမှ ကျော်အောင်မပစ်နိုင်ခဲ့။ သည်စကားကို ကျွန်မ အိမ်သားကို ပြောပြတော့ အခုလည်း ပစ်ကြည့်ပါလားတဲ့။ အခုမှတော့ မကြီးမငယ်နှင့် မပစ်ချင်တော့ပါ။

နောက်တစ်ခေါက် မင်းကွန်းကို ရောက်ဖြစ်လျှင်တော့ မူယာနှယ့်ကို လိုရာဆုတောင်းပြီး ခြင်္သေ့တွေကျော်အောင် ခဲပစ်ကြည့်ဖို့ ပြောပြချင်ပါ၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဆုတောင်းပြည့်လျှင် ကောင်းတာပေါ့။



ဆုတောင်းပြည့်သည် ဆိုပါစို့။ မူယာ ဘာဆုများတောင်းမှာပါလိမ့်လို့လည်း ကျွန်မ တွေးကြည့်နေမိပါသည်။ သူ့ထံ ပေါ်မလာတော့သော လင်သား ပြန်လာပါစေများ ဖြစ်နေမလား။ ဒါမှမဟုတ် ကောင်းမှုတော် သနပ်ခါးမွှေးမွှေး လူးနိုင်ပါရစေလို့များ ဆုတောင်းလေမလား။ မူယာကကော ခြင်္သေ့ကျော်အောင် ခဲပစ်နိုင်ပါ့မလား။

ခြင်္သေ့ကြီးတွေကတော့ ငလျင်ဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ နှစ်ကာလဒဏ်များကြောင့် ပြိုကျပျက်စီးကုန်ပါပြီ။ ဦးခေါင်းပိုင်း မရှိတော့သော ခြင်္သေ့ကြီးနှစ်ကောင်ကို ကျွန်မ ငေးကြည့်ရင်းက မိဖုရား မဖြစ်ရရှာသော မူယာ့အကြောင်းကို တွေးနေမိပါ၏။

**Perfect မဂ္ဂဇင်း**

**(၂၀၀၈) ခုနှစ်၊ ဇန်နဝါရီလ**

● ● ●



# တစ်ပင် တစ်ကိုး
# တစ်နိုင်လုံးသို့

## (၁)

ဘာလိုလိုနဲ့ မနက်ဖြန်ဆိုရင် သင်္ကြန်တစ်ပတ်လည်ပြန်ပြီ။ တစ်နှစ်တစ်နှစ် ဘာမှမကြာလိုက်သလိုပါပဲလား။ အချိန်တွေများ အကုန်မြန်လိုက်တာ။ မိုးလင်းလာလိုက်၊ မိုးချုပ်လာလိုက်နဲ့ တစ်ရက် တစ်ရက် ပုံ့ပုံ့သွားလိုက်ပုံများ။ အခုလည်း သင်္ကြန်အကြိုနေ့ ရောက်လာပြန်ပါပကော။ ဘွားမှီ အသက်လည်း ရှစ်ဆယ်တင်းတင်းကြီး ပြည့်တော့မယ်။ ဘွားမှီက တန်ခူးလကြီး မွေးတာဆိုတော့ တူးပို့ တူးပို့ဆိုတာနဲ့ အသက်တစ်နှစ်တိုးမှတ်လိုက်ရုံကိုး။ 'မမှီ' ကလေးမွေးမယ့်နေ့က သိကြားမင်းကြိုဖို့ အမေကိုယ်တိုင် အတာအိုးကလေး ထိုးနေတုန်း ဗိုက်နာလာသတဲ့။

သင်္ကြန်ရေ တအေးအေးကြားက မွေးတာဆိုတော့ အမေက အကျိုးပေးမယ့်ကလေးလို့ ခံယူတယ်။ ကြာသပတေးသမီးမို့ မမြမှီလို့ ကင်ပွန်းတပ်တယ်။ မမြမှီ အထက်က အစ်မ မသက်တင်ကတော့ မမြမှီထက် အသက် နှစ်,နှစ်လောက်ကြီးတယ်။ စစ်စစ်ပေါက်ပေါက် သည်ညီအစ်မနှစ်ယောက် တစ်စုံတည်းရှိတာဆိုတော့ ငယ်ကတည်းက ကစားဖော်ကစား



ဖက်ဆိုလည်း ဟုတ်၊ ညီရယ် အစ်မရယ်ဆိုလည်း ဟုတ်တယ်။ တစ်ယောက်တစ်ယောက် နာမည်ခေါ်ကြတာတောင် အဖျားဆွတ်ခေါ်ကြတာ။

သက်သက် တဲ့။ မှီမှီ တဲ့။ သက်သက်ကို အိမ်ထောင်ချကြတော့ မှီမှီ့ခမျာ မျက်နှာကို ခေါင်းအုံးထဲက မဖော်နိုင်ဘူး။ ငိုရတာ။ လင်ရယ် သားရယ် ရလာရင် သက်သက်က သူ့ကို ခါတိုင်းလို မချစ်တော့မှာစိုးတာလည်း ပါတယ်။ ဒါပေသိ သက်သက်က ထင်သလို မဟုတ်ရှာဘူး။ မိဘနှစ်ပါး မရှိတဲ့နောက်တောင် ညီမဖြစ်သူ မှီမှီကို မွေးထားတဲ့ သားသမီးတွေထက်တောင် ပ,စားပေးသေးတာ။ မျက်နှာ အညိုမခံဘူး။ စိတ်အဆင်းရဲမခံဘူး။ သက်သက် ကိုယ်တိုင်က အစစအရာရာ ခေါင်ဦးခေါင်ဖျား ဦးစားပေးလေတော့ မှီမှီကို သက်သက်ကမွေးတဲ့ တူ, တူမ သုံးယောက်ကလည်း မလေးမခန့် မရှိဝံ့ကြဘူး။ သက်သက်ရဲ့ သားသမီးတွေဖြစ်တဲ့ ကိုကိုကြီးရော၊ ကိုကိုလေးရော၊ ခင်မေထွေးရော သုံးယောက်စလုံး မှီမှီ့လက်ပေါ်မှာ ကြီးခဲ့ကြတာလည်း ပါမှာပေါ့။ သည်တူ, တူမကလေးတွေ သံယောဇဉ်ကြောင့်ပဲ ထင်ပါရဲ့၊ မှီမှီကိုယ်တိုင် အပူမရှာတော့ပါဘူး။ ကမ်းလှမ်းသူတွေရှိတဲ့ကြားက အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘဲ အပျိုကြီးဘဝနဲ့ လုံးတူရပ်တူ နေခဲ့တယ်။

သီလနည်းကြရှာတဲ့ သက်သက်တို့ ဇနီးမောင်နှံ ကောက်ခါငင်ကာ လောကကို မျက်ကွယ်ပြုသွားကြပြန်တော့လည်း သည်ကလေးသုံးယောက်စလုံး တာဝန်က မှီမှီ့အပေါ် ကျလာပါလေရော။ ကြက်တောင်းထဲ ပေါက်ရတဲ့ ဘဲကလေးတွေကို ကြက်မကြီးက အုပ်ရထိန်းရသလိုပါပဲ။ အဒေါ်ဆိုပေမယ့် မအေနေရာ ဝင်ရတာကိုး။ မှီမှီကိုယ်တိုင်လည်း အသက်လေးဆယ်ကျော်လို့ ငါးဆယ်တွင်း ချဉ်းကပ်လာခဲ့ပြီ။ ဒီတုန်းက မှီမှီတို့နေတဲ့ မြို့ကလေးဝန်းကျင်မှာ တက္ကသိုလ်ရယ်လို့ မရှိသေးသော ကလေး

သုံးယောက်စလုံးကို မိုမိုကပဲ မန္တလေးတက္ကသိုလ် ပို့ရတယ်။ အသီးသီး ဘွဲ့ရကြသည်အထိ တက္ကသိုလ်ပညာ သင်ယူစေတယ်။ ကလေးတွေက လည်း တော်ကြပါတယ်။ ဘွဲ့တစ်ခုစီတော့ ရအောင်ယူနိုင်ခဲ့ကြတယ် ပြောပါတော့။ ဘွဲ့ရပြီးတော့ ထုံးစံအတိုင်း အသိုက်ဟောင်းက ခွာကြပြီ။ မိုမို ကိုယ်တိုင်ကတော့ သည်မြို့ကလေးက သည်ဝင်း သည်ခြံကြီးထဲမှာပဲ ကျောက်ရုပ်ကြီးတစ်ရုပ်လို ငုတ်တုတ်ရှိနေခဲ့ရတာကို နှစ်ပေါင်းရှစ်ဆယ် ဆိုတော့ လူ့ဘဝ နေရတာ ပျင်းတောင်လာတယ်။ သကြၤန်တိုင်ရင် တစ်နှစ် တိုးတာနဲ့ မိုမိုလည်း သကြၤန်ရှစ်ဆယ် အသက်ရှစ်ဆယ်ပေါ့။ သကြၤန် အကြိုနေ့ ရောက်ပြီဆိုတာနဲ့ မိုမို့မွေးနေ့ကို အကြောင်းပြုပြီး အိမ်မှာ တတ်စွမ်းသလောက် ဆွမ်းကျွေးနေကျ။ ရောက်ရာအရပ်က ဆန့်ကွဲကြဲနေတဲ့ တူ၊တူမတွေ၊ မြေးတွေ တစ်လှေကြီး မရောက်မဖြစ် ပြန်လာနေကျ။ သကြၤန်ရက် ဆိုတာနဲ့ 'သီရိသက်မှိ' ခြံကြီးထဲမှာ လူတွေတရုန်းရုန်း။ အိမ်ခေါင်းရင်းမှာ တစ်နှစ်လုံး အိပ်ပျော်နေခဲ့တဲ့ ပိတောက်ပင်ကြီးတောင်မှ ဘွားမို မွေးနေ့ရက်တွေမှာ နိုးလာတတ်တယ်။ အပွင့်တွေကလည်း ထိန်လို့။ ဒီပိတောက်ပင်ကလည်း တစ်ခုသော သကြၤန်တုန်းက မိုမို စိုက်ခဲ့တာပါ။ သူတောင် နှစ်မနည်းတော့ဘူး။ ပင်လုံးရင့်လှပြီ။ မွေးနေ့ ဆိုရင် ပိတောက်နံ့တွေ ကြိုင်လို့။ ပိတောက်တွေ ဖူးကင်းထိုးကြပြီဆိုရင် ဘွားမို ပျော်တာပဲ။ လူ့အသက်ဆိုတာ တားလို့ ဆိုင်းလို့ရတာ မဟုတ်တော့ ဘွားမို စိတ်ညစ်မနေအားဘူး။ ညစ်လည်း မညစ်ဘူး။ သကြၤန်နံ့ကလေး ရပြီဆိုတာနဲ့ ကိုယ့်အသက်ကလည်း တစ်နှစ်ကြီးပြန်ပါပကောရယ်လို့ ဇရာနဲ့ယှဉ်တဲ့ အသိတရားကလေး ခေါင်းထိုးဝင်လာတတ်သလို မွေးနေ့ကို အကြောင်းပြုလို့ ရပ်ဝေးက ရောက်လာကြမယ့် ကလေးတွေနဲ့ ဆုံချင်တဲ့ စိတ်ဇောကတစ်ဖက် ရှိပြန်လို့ ဝမ်းသာရကာလည်းရှိတယ်။



ဒီနှစ်သကြၤန်ကတော့ ဘွားမိုရဲ့ အသက်ရှစ်ဆယ်ပြည့် သကြၤန်။ မြေးတွေ၊ မြစ်တွေနဲ့ စုံစုံလင်လင် နေနိုင်ရင် နောက် လေး၊ငါးနှစ်ပေါ့။ အချိန်က နည်းပြီကိုး။ ဒီတော့ အသက်ရှင်ရတုန်းမှာ အဓိပ္ပာယ်ရှိချင်တယ်။ ထန်းသီးခုံးခုံး မိုးဖြုန်းဖြုန်း နေချင်တယ်။ သည်ရက်ကလေးထဲ တွေ့ကြဆုံ ကြရတာ မဟုတ်လား။ သကြၤန်ပြီးလို့ နေကြပါဦးဆိုလို့လည်း ဘယ်သူမှ မနေနိုင်ကြဘူး။ ဖွတ်ပြောလို့ နေကြရင်တောင် တစ်ရက် နှစ်ရက်ပဲ။ နှစ်ဆန်းတစ်ရက်၊ နှစ်ရက်ဆိုရင် အထုပ်ပြင်ကြပြီ။ ဒီတော့ ဘွားမို ငိုရပြီ။ တရားမရဘူးဘဲပြောပြော၊ သမုဒယ တဏှာတော့ ဘွားမို မသတ်နိုင် သေးဘူး။ ပုတီးက ပုတီးပဲ။ လွမ်းတာက လွမ်းတာပဲ။ ဟိုတုန်းကတော့ သည်အိမ်ကြီးမှာပဲ အတူနေရတာဆိုတော့ ဘွားမိုနဲ့တွဲပြီး ပူးချည်ထားသလို နေကြတာ မဟုတ်လား။ လင်မယူ သားမမွေး၊ မိုမိုနဲ့ ဘယ်တော့မှ မခွဲ ပါဘူး၊ မိုမိုသာ အသက်ရှည်အောင်နေပါ ဆိုတာတောင်ပါသေး။ သူတို့ ကလေးတွေကိုငဲ့လို့ မိုမို ဘဝကြင်ဖော် မရှာခဲ့ပေမယ့် သူတို့ ဘဝအဖော် တွေနဲ့ တွေ့ကြတော့ ဘွားမိုကို ရှိတယ်တောင် မမှတ်ကြတော့ပါဘူး။ တစ်အိုး တစ်အိမ် ထူထောင်လိုက်ကြတော့တာပါပဲ။ တူမ ခင်မေထွေး ဆိုရင် သကြၤန်ရက်မှာ ကာလသားတွေ ရေပက်ချင်ဘာတောင် ပုန်းနေတဲ့ ကလေးမ။ အဲသလောက်။ အခုတော့ သကြၤန်ရက်ကလေး ဆုံဖို့တောင် သူတို့ခမျာ မနည်းလုံးပမ်းနေကြရသတဲ့။ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ။

●

(၂)

"မိုမို ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့နော်၊ မေထွေး ရေပက်မခံ ချင်ဘူး"

သင်္ကြန်ရက် ဝင်ပြီဆိုတာနဲ့ သင်္ကြန်ရေ ထိမှာစိုးလို့ အိမ်တွင်းအောင်းနေတတ်တဲ့ တူမ အပျိုမ ခင်မေထွေးကို လှမ်းကြည့်ရင်း မှီမှီ ပြုံးမိသေးတော့။ ကိုကိုကြီး၊ ကိုကိုလေး အစ်ကိုနှစ်ယောက်ကတော့ သင်္ကြန်အကြိုညနေကတည်းက မြို့ထဲကို စက်ဘီးတစ်စီးနဲ့ ပတ်နေလိုက်ကြတာ မိုးကြီးချုပ်မှ အိမ်ပြန်ကပ်ကြတော့တာပဲ။ လေးရက်လုံးလုံးပေါ့။

သည်မြို့ကလေးမှာ ဓလေ့တစ်ခုရှိတယ်။ သင်္ကြန်ရယ်လို့ ကျပြီဆိုတာနဲ့ ရေပက် ရေလောင်းလုပ်ချင်သူ ကာလသားတွေက အပျိုလောက်လောက် လားလားရှိတဲ့ အိမ်ဝသွား၊ ဆိုင်ရာမိဘအုပ်ထိန်းသူတွေကို ခွင့်တောင်းပြီး ရေလောင်းကြတာပါ။ မိဘတွေကလည်း ခွင့်ပြုကြရတယ်။ ရေအလောင်းခံလိုက အိမ်ထဲကထွက် မတ်တတ်ရပ်ပေးကြရုံပဲ။ ရေအလောင်းမခံချင်လို့ အိမ်ထဲမှာ ပုန်းနေတာလည်းရှိတယ်။ သည်လိုများ ထွက်မလာလို့ကတော့ ကိုယ် ရေလောင်းချင်တဲ့ အပျိုမ အိမ်ထဲက ထွက်မလာမချင်း အိမ်ရှေ့ကနေ သံချပ်တွေတိုင်ကြ၊ အော်ကြဟစ်ကြနဲ့ ဆူညံနေပြီသာမှတ်တော့။ မလောင်းရမချင်း မပြန်ကြဘူး။ ကြာတော့ အိမ်ရှင် မိဘမောင်ဘွားများ ကိုယ်တိုင်က ကိုယ့်သမီး၊ ကိုယ့်နှမ ရေလောင်းကြပါစေတော့ရယ်လို့ ထုတ်ပေးကြရတယ်။ ဒါပါပဲ။ ရေလောင်းပြီးတော့လည်း ကျေကျေနပ်နပ် နှုတ်ဆက်ပြီး ပြန်သွားကြတာပါပဲ။ ဟေးဟေးဝါးဝါးပေါ့။ သူတို့ ရေလောင်းခဲ့ရတယ်ပေါ့။ ဒီဓလေ့က မှီမှီတို့ အပျိုကတည်းက ရှိခဲ့တာပါ။ ချစ်စရာလည်း ကောင်းပါရဲ့။ မိသား၊ နှမသား၊ ယဉ်ယဉ်ကျေးကျေး ခွင့်တောင်းကြ၊ ရေလောင်းကြ၊ ပျော်ကြတဲ့ကိစ္စ မဟုတ်လား။ လမ်းပေါ်မှာ ရေစိုကြီးနဲ့ လမ်းသလားနေတဲ့ အပျိုမရယ်လို့ သိပ်မရှိကြဘူး။ မလွှဲသာ မရှောင်သာလို့ လမ်းထွက်ရရင်တောင် တဘက်ကြီးတွေခြုံ ထွက်ကြတယ်။ ရေစိုရင် အမြင်မတင့်တယ်မှာ အင်မတန် စိုးကြတာကိုး။

"သင်္ကြန်ရေဆိုတာ အေးမြပါတယ်အေ၊ စိုကောင်းပါတယ် ငါ့တူမရဲ့၊



တစ်နှစ်မှ တစ်ခါ သင်္ကြန်ရေထိတော့ အန္တရာယ်ကင်း ဘေးကင်း၊ မှီမှီဖြင့် လောင်းမဲ့သူ မရှိလို့၊ ရှိလို့ကတော့ အလောင်းခံချင်လွန်းလို့မှ"

"ဒါဖြင့်လည်း ကောင်လေးတွေလာရင် မေထွေးအစား မှီမှီပဲ ထွက်အလောင်းခံလိုက်ပေါ့"

"ဟဲ့ အဘွားကြီး ဘယ်သူက ရေလောင်းချင်မှာလဲ၊ အဘိုးကြီးတွေကလောင်းမှပဲ"

"အဘွားမကြီးသေးပါဘူး မှီမှီရယ်၊ မှီမှီလည်း အိမ်ထောင်မပြုသေးရင် အပျိုစာရင်းပေါက်ပဲဟာ၊ ဒီအိမ်ရှေ့ကိုလာပြီး ရေလောင်းပါရစေ ခွင့်တောင်းရင် ငါ့ကို လောင်းကြလို့၊ ငါလည်း အပျိုပဲဟဲ့လို့ ပြောပေါ့ မှီမှီရဲ့၊ ဒီကြားထဲက စွံတော့လည်း အမြတ်ပေါ့"

"မိန်းကလေးနော်၊ သင်္ကြန်တွင်းကြီး မဟုတ်က ဟုတ်က ပြောရောမယ်၊ လာခဲ့ ဒီလောက် ရေကြောက်တဲ့ကလေးမ၊ မှီမှီ လောင်းစမ်းမယ်"

အဒေါ်နှင့် တူမ အိမ်ထဲဝိုင်းထဲမှာပဲ ရေလောင်းကြတာ ပျော်စရာတောင်ကောင်းသေးတယ်။ တူမကို စ,ချင်လွန်းလို့သာ လိုက်လောင်းရတာ၊ မောလိုက်တာ။ အင်မတန် ပျော်ရတဲ့ အမောပါပဲလေ။ သည်မြို့ကလေးမှာ မေထွေးကို မေတ္တာရှိကြတဲ့ ကာလသားတွေ အများကြီးရှိပေမယ့် အစ်ကိုနှစ်ယောက်ရဲ့ အရှိန်ကလည်း ရှိပြန်၊ မေထွေး ကိုယ်တိုင်ကလည်း အနေအထိုင် သိုသိပ်ပြန်ဆိုတော့ တော်ရုံလူ အနားမသီဝံ့ကြဘူး။ မေထွေးက တက္ကသိုလ်ကျောင်းသူဘဝနောက်ပိုင်း ပိုလို့တောင် ဣန္ဒြေကြီးလာသေးတာကော။ တော်ရုံတန်ရုံ မန္တမရေ ကာလသားတွေက စိတ်တောင်မကူးဝံ့ကြဘူး။ ရေလောင်းဖို့တော့ ဝေးရော။

"သင်္ကြန်ကျလို့ ရေပက်တာ
(စိတ်မဆိုးပါနဲ့ နှမလေးရာ)

သကြၤန်ရေ အေးအေးလေး
(လောင်းလို့ ပက်လို့မွေး)
ရေလောင်း ရေပက် မခံရင်ကွယ်
(သိကြားမင်းနဲ့ တိုင်ပြောမယ်)
အိမ်တွင်းအောင်းတဲ့ အပျိုတွေ
(မုဆိုးဖိုနဲ့ ညားပါစေ)
မပက်ရရင် မပြန်ဘူး
(နှစ်သစ် တစ်နှစ်ကူး) ဝေး ဟေ့ ဟေး"
"ရေလောင်းချင်လို့ ထွက်ခဲ့ပါဗျို့"

အိမ်ရှေ့မှာ ကာလသားတွေ တရုန်းရုန်း။ အသံတွေကလည်း ပွက်လောညံလို့။ မိုမိုတစ်ယောက် နေ့လယ်နေ့ခင်း တစ်ရေးကလေး မေးချင်သော်မှ ခေါင်းချလို့ မရပါဘူး။ မေထွေးကတော့ သကြၤန်ရက် သုံးလေးရက်မှာ စာအုပ်တွေချည်း တွန်းဖတ်နေတော့တာ။ ဘယ်သူတွေ ဘယ်လောက်အော်အော် လှည့်တောင်မကြည့်ဘူး။ ရေပက်မခံချင်လို့။ မိုမိုက တူဝရီးနှစ်ယောက်စလုံး ထွက်အလောင်းခံရအောင်ပါ ပြောပေမယ့် မေထွေးက မရပါဘူး။ ဇွတ်ပေကပ်နေတော့တာ။ အိမ်ရှေ့က ကာလသား အုပ်ကလည်း ဒါမျိုးတွေ ကြုံဖူးလှပေါ့။ ပေစောင့်နေကြတာ။ ထွက်မလာ ရင် မပြန်ဘူးဆိုသူတွေနဲ့ မပြန်မချင်း မထွက်ဘူးဆိုသူတွေ တစ်ချီတစ် မောင်း တွေ့ကြပြီပေါ့လေ။ သည်အိမ်က အပျို ရေလောင်းခံဖို့ ထွက်မလာ ဘူးဟေ့ဆိုတာနဲ့ ကာလသားအုပ်က များများလာလေပဲ။ လူငယ်ကာလ သားတွေကလည်း ဒါမျိုးတော့ ညီကြသားကိုး။ ဒီလိုနဲ့ အချိန်တွေကြာလာ တော့ မိုမိုကိုယ်တိုင် အားနာလာတယ်။ တူမကလည်း ပေကပ်ကပ်။ ကာလသားတွေကလည်း ဖွဲကောင်းကောင်း။ ဘယ်လိုများ လုပ်ရပါ့။

"မိုမို မိုမို"



ဟော တော်ပါသေးရဲ့။ အကြီးကောင်တွေ ပြန်လာကြပြီ။ ကိုကိုကြီး နှင့် ကိုကိုလေး ပြန်လာတော့မှ မိုမို အားရှိသွားတယ်။ ခြံဝင်းတံခါးကို ပြေးဖွင့်ပေးလိုက်တော့ ကာလသားအုပ်ကပါ ဝင်လိုက်လာကြပါရော။ ဒါက ထုံးစံဆိုတော့ အစ်ကိုတွေကလည်း မတားသာဘူး။ သူတို့ကိုယ် တိုင်ကလည်း သူတကာ့ နှမအပျိုတွေကို လိုက်လောင်းနေကြတာဆိုတော့ စိတ်ဆိုးမဖြစ်ဘူး။

"အိမ်ရှေ့မှာ ဒီလောက် လူအုပ်ကြီး တောင့်နေတာကို ရေလောင်းခံ မထွက်ကြဘူးလား၊ မေထွေးရော၊ ထွက်ပေးလိုက်လေ"

မိုမိုက အကျိုးအကြောင်း ပြောပြလိုက်တော့ အစ်ကိုနှစ်ယောက်စလုံး မေထွေး ပုန်းနေတဲ့ အိမ်အပေါ်ထပ်ကို ပြေးတက်သွားကြလေရဲ့။ ပြီးတော့ မေထွေးကို တစ်ဖက်တစ်ချက် လက်မောင်းရင်းကနေ တိုက်ဆွဲလာခဲ့ကြ ရော။ ကိုင်း လောင်းလိုက်ကြစမ်းဆိုတဲ့ မျက်နှာတွေနဲ့။ အိမ်ရှေ့ ကွက်လပ်ကိုရောက်တော့ ကာလသားအုပ်က ဆွဲပုံးကိုယ်စီနဲ့ ခပ်လာတဲ့ရေ တစ်ယောက် တစ်ဖလား ဝိုင်းလောင်းလိုက်ကြတာ မေထွေးခမျာ ကြွက် စုတ် ရေမွန်းနေတဲ့အတိုင်းပဲ။ ကာလသားတွေ ရေလောင်းတာကို အစ်ကို တွေက တဝါးဝါး။ မေထွေးကတော့ နှုတ်ခမ်းကြီးထော်ထားရင်းက ရေချိုးခန်းထဲ ပြေးရတော့တာပေါ့။ မိုမိုကလည်း ဝမ်းသာတာပါပဲ။ ဒါ ချစ်စရာကောင်းတဲ့ မလေ့ပဲ့လို့လည်း တွေးတယ်။ သကြၤန်ရေကို အကြောင်း ပြုပြီး သူ့နှမ ကိုယ့်နှမ ဖြူစင်တဲ့ မေတ္တာစိတ်အရင်းခံနဲ့ ရေလောင်းကြ တာ မဟုတ်လား။ မေတ္တာဖြန့်ချင်သူနဲ့ မေတ္တာခံယူသူ။ မေတ္တာစာတ်ဟာ ငြိမ်းအေးပါတယ်။ သည်ဓလေ့ကလေး ပျောက်မှာတောင် စိုးမိသေးတယ်။ အငြိုးအာဃာတ အမျက်စောင်းမာန် မရှိခြင်းဟာ မေတ္တာရဲ့ သင်္ကေတ မဟုတ်လား။

●

## (၃)

မိုမို အသက်ခြောက်ဆယ် တင်းတင်းပြည့်တဲ့ သင်္ကြန်တစ်နှစ်တုန်းကပါ။ အစ်မကမွေးတဲ့ တူ, တူမ သုံးယောက်စလုံး အိမ်ထောင်တွေကျကြလို့ သားတုံးလုံး မြေးတုံးလုံး ဖြစ်နေကြပြီ။ ကိုကိုကြီးကဆိုရင် ဦးဆုံးအိမ်ထောင်ကျခဲ့တော့ သားနှစ်ယောက် သမီးတစ်ယောက်တောင် ရပြီ။ ကလေးတွေက အရွယ်တွေတောင် ရောက်ကြပါပြီ။ ကိုကိုကြီးက တစ်မြို့တည်း နေကြတယ်ဆိုပေမယ့် တစ်အိုးတစ်အိမ်နဲ့ နေတာဆိုတော့ နေ့တိုင်းမရောက်သော်မှ မကြာကြာ ဝင်လာတတ်တယ်။ ကိုကိုကြီး သားသမီးတွေထဲက သားအကြီးဆုံး ကိုဝမ်းနဲ့ အလတ်ကောင် ကိုတူးတို့ နှစ်ယောက်ဆိုရင် မိုမိုနဲ့အတူ လာနေကြပြီ။ ကိုကိုကြီးသမီး အငယ်ဆုံးမ ချိုချိုကတော့ ငယ်လည်း ငယ်သေးတော့ မအေနဲ့ ခွဲမဖြစ်သေးဘူး။ ကိုကိုလေးကတော့ သူ့ဇနီး အလိမ္မာ အိမ်ပါကလေးနဲ့ မိုမိုတို့ အိမ်ကြီးထဲမှာ တစ်သိုက်တစ်မြုံ အတူနေကြတာပါ။ သူကလည်း သမီးနှစ်ယောက်၊ သားတစ်ယောက်ရပြီ။ သမီးနှစ်ယောက်က အပျိုပေါက်ကလေးတွေ ဖြစ်ကြပြီ။ ငြိမ်းနဲ့ စိမ်းတဲ့။ တစ်ခါမွေးနှစ်ကောင် အမြွှာညီအစ်မဆိုတော့ သည်နှစ် ကိုးတန်း အတူတက်နေကြပြီ။ ဒီအသိုက်အမြုံက သူနဲ့အတူ နေကြတာဆိုတော့ မိုမိုလက်ဝယ်ကြီးလို့တောင် ပြောဖြစ်ပါရဲ့။ သူတို့ရှိနေလို့ အသက်ရှည်ရတယ်လို့တောင် အောက်မေ့မိတယ်။

သင်္ကြန်ရောက်တိုင်း မေထွေးကိုလည်း မဖြစ်မနေ မျှော်ရတယ်။ မေထွေးတို့များ အိမ်ထောင်ရယ်လို့ ကျပါပြီဆိုကတည်းက မိုမို့လောင်းရိပ်အောက်က ထွက်သွားလိုက်တာ စုတ်စုတ်ကိုကန်းရော။ မေထွေးက မိုမိုတို့မြို့ကို တာဝန်နဲ့ရောက်လာတဲ့ တိုက်နယ်ဆရာဝန်ကလေးနဲ့ အကြောင်းပါရာက ယောကျ်ားသား နယ်ပြောင်းရာနောက် တကောက်ကောက်



လိုက်နေရတာလည်း သိပါရဲ့။ မိုမို့ဆီကိုလည်း တစ်ခါတလေ ငွေကြေးလေး၊ ပစ္စည်းကလေးရယ်လို့ မှန်မှန်လှမ်းကန်တော့ရှာပါရဲ့။ ခရီးခတင်းသွားရေးလာရေးကြောင့် စိတ်ရှိတိုင်း ရောက်မလာနိုင်ပေမယ့် နှစ်စဉ်သင်္ကြန်ရက် ရောက်ပြီဆိုရင်တော့ မဖြစ်,ဖြစ်အောင် ဒရွတ်သိုးသိ ရောက်လာတတ်တယ်။ ဝေးတော့လည်း ဝေးလို့၊ နီးတော့လည်း နီးလို့ မရောက်ရောက်အောင်တော့ လာတာပါပဲ။ မေထွေးတို့ မိသားစု ရောက်လာပြီဆိုရင်တော့ လူစုံပြီ။ မိုမိုတို့ အိမ်ကြီးထဲ စကားသံတွေညံလို့။ မေထွေးကလည်း သားတစ်ယောက်၊ သမီးတစ်ယောက် ရ,ထားပြီဆိုတော့ ကသိမယ်ဆိုရင် ကသိရှာမှာပဲ။ ကလေးနှစ်ယောက်က လူလားမြောက်နေကြပါပြီ။ သင်္ကြန်တစ်ခေါက်ကများဆို မေထွေး မြို့ကို ပြန်လာတော့ ကိုယ်ဝန်အရင့်အမာကြီး လွယ်လိုက်လို့။

"အို မေထွေးရယ် မပေါ့မပါးကြီးနဲ့ကွယ်၊ မွေးဖွားပြီးမှ လာရောပေါ့"

"မေထွေး ကျန်းမာပါတယ် မိုမိုရဲ့၊ တစ်နှစ်မှ တစ်ခါ မိုမို့ကို လာတွေ့ရတာ၊ မလာဘဲ မနေနိုင်ပေါင်၊ ကိုကိုကြီးတို့ ကိုကိုလေးတို့ မိသားစုနဲ့လည်း တွေ့ရတာပေါ့။ မေထွေးရဲ့ ဇာတိမြို့ကလေးကိုလည်း ရောက်ရတာပေါ့။ မိုမို့မွေးနေ့က သင်္ကြန်အကြိုနေ့ဆိုတော့ ထိသည်တွေဆီက သင်္ကြန်သီချင်းဖွင့်သံ ကြားပြီဆိုရင်ကို မေထွေး ပျော်နေတော့တာ"

အိမ်ရှေ့က ပိတောက်ပင်ကြီးကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကအတိုင်း ဖူးကြတုန်း၊ ပွင့်ကြတုန်း။ သီတင်းဝါရောင်နှင့် ပိတောက်ပွင့်တွေက သင်္ကြန်ရောက်တိုင်း ပင်လုံးဖုံးအောင် ထိန်လို့တောက်လို့။ ခြံဝင်းထောင့် ရေတွင်းနံဘေးက ကံ၊ယယ်ရုံကြီးဆိုရင် စင်ရိုက်ပြီး ထိုးတင်ထားရတယ်။ အိမ်အပေါ်ထပ်က လှမ်းကြည့်ရင် စံပယ်ဖူးတွေ၊ စံပယ်ပွင့်တွေဆိုတာများ အရွက်စိမ်းစိမ်းကြား ထုံးပက်ထားသလို ဖွေးဖွေးလှုပ်လို့။

သည်ပိတောက်ပန်းတွေ၊ စံပယ်ပန်းတွေကို အလှအယက် အပြိုင်အဆိုင် ရှုးကြ သီကြ လုပ်နေကြတဲ့ မြေးတူ၊ မြေးတူမတွေကိုကြည့်ရင်း မိုမို အင်မတန် ကြည်နူးရတယ်။ တူ၊တူမ သုံးယောက်က ပေါက်ဖွားလာတဲ့ မြေးတွေကလည်း သူတို့မိဘတွေ ခေါ်ကြသလို မိုမိုလို့ပဲ ခေါ်ကြတယ်။ ကံကောင်းတာက ဒီမြေးတွေ အားလုံးကလည်း မိုမို့ကို ချစ်ကြတာ ပါပဲ။ သင်္ကြန်အကြိုနေ့ဟာ အဘွားမို မွေးနေ့ဆိုတာ အားလုံးက သိကြတယ်။ သင်္ကြန်အကြိုနေ့ အလေးအမြတ်လည်း ရှိကြပါရဲ့။ တစ်နှစ် တစ်ခါ သင်္ကြန်အကြိုနေ့ ရောက်ပြီဆိုရင် အိမ်ကြီးမှာ သံဃာတော်တွေကို ဆွမ်းကျွေးနေကျ။ သည်လို လှူနိုင်တန်းနိုင်အောင် မောင်နှမသုံးယောက်စလုံး ငွေစုပြီး မိုမို့ကို ကန် တော့နေကျ။ အကြိုနေ့မတိုင်ခင် တစ်ညလုံး ခြံထဲမှာ မီးဖိုကြီးတွေနဲ့ ချက်ကြ ပြုတ်ကြ။ တူဝရီးတစ်တွေ ညလုံးပေါက် စကားတွေထိုင်ပြော ကြနဲ့။ သိုက်သိုက်ဝန်းဝန်း ရှိလိုက်ပုံများ။ အကြိုနေ့မနက် ဆွမ်းကပ်လှူဒါန်း၊ ညှိပရိသတ်ကို ကျွေးမွေးပြီးပြီဆိုတာနဲ့ မြေးတွေက ရေပက်ခံဖို့ မြို့ထဲလည် ကြပြီ။

"မိုမို့မြေးမတွေကို ကြည့်စမ်းပါဦး၊ မေထွေးတို့တုန်းကနဲ့ မကွာလား"

မြေးမတွေအားလုံး အစ်ကိုတွေနှင့်လိုက်ဖို့ ပြင်ဆင်နေကြတာကို ကြည့်ရင်း မေထွေးက ပြောလိုက်တာပါ။ မျက်နှာမှာ ရေစိုခံမိတ်ကပ်တွေ ပိန်းနေအောင် လိမ်းကြလို့၊ နှုတ်ခမ်းနီ၊ ပါးနီတွေ ရဲနေအောင် ဆိုးကြလို့။ ဝတ်ကောင်းစားလှတွေ ဝတ်ကြလို့ ရေပက်ခံထွက်မှာကိုပဲ ပွဲနေပွဲထိုင် သွားမယ့်အတိုင်း။ သူတို့ခေတ်နဲ့ သူတို့ဆိုတော့ မပြောသာပါဘူး။

"မေထွေးတို့ အပျိုတုန်းက ကိုယ့်ကို ရေလောင်းပါရစေ ဆိုတာ တောင် ထွက်အလောင်းမခံချင်လို့ ပုန်းလိုက်ရတာ၊ သင်္ကြန်ဆို အိမ်ထဲ



လေးရက်လုံးလုံး အောင်းနေရတာနော်။ သူတို့ခေတ်ကျတော့ ရေပက်ခံ ချင်လို့ တမင် ကားနဲ့လှည့်ကြသေးနော် မိုမို"

"ကောင်းပါတယ် မေထွေးရယ်၊ သင်္ကြန်ရေဆိုတာ ထိကောင်း စင်ကောင်းတယ်။ အန္တရာတ်ကင်းတယ်၊ ကလေးတွေ မီးနဲ့ပျော်ကြတာ မဟုတ်ပါဘူးအေ၊ ရေနဲ့ပျော်ကြတာပါ၊ ပျော်ကြပါစေ။ အစ်ကိုတွေ မောင်တွေနဲ့ သွားကြတာပဲဟာ၊ ပူမနေပါနဲ့ကွယ်"

"ပူလို့ပြောတာ မဟုတ်ပါဘူး မိုမိုရယ်၊ ဖြစ်လာတဲ့သဘောကို ပြောချင်တာပါ"

"အင်း ခေတ်ကာလသဘောကိုတော့ မိုမို နားမလည်လှပေါင်ကွယ်၊ မိုမိုကတော့ လူပျိုတွေက အိမ်ရှေ့ကနေ မိန်းမပျိုကလေးတစ်ယောက်ကို ရေလောင်းပါရစေလို့ ခွင့်တောင်းပြီး ရေလောင်းကြတဲ့ ခလေ့ကလေးကို တော့ အနှမြောသား"

မိုမို အသက်ခြောက်ဆယ်ပြည့် မွေးနေ့ သင်္ကြန်ရက်တွေတုန်းက မေထွေး ရောက်လာခဲ့တာ နောက်ဆုံးလို့ ပြောရမှာပါ။ သင်္ကြန်ပြီးလို့ မေထွေးတို့ ပြန်ကြတော့ မိုမိုကိုယ်တိုင် ဘူတာရုံကလေးကို လိုက်ပို့ခဲ့ပါ သေးတယ်။ သန်းခေါင်သန်းလွဲမှ ဘူတာထဲဝင်လာတတ်တဲ့ ရထားကြီးကို တူဝရီးတစ်တွေ ထိုင်စောင့်ရင်း စကားကောင်းနေခဲ့ကြသေးတာကော။ မေထွေးတို့မိသားစု ရထားကြီးပေါ် ပါသွားတော့မှ မိုမိုတို့ အိမ်ပြန်ခဲ့ကြ တယ်။ မေထွေးက နောက်နှစ် သင်္ကြန်ရက် ဆက်ဆက်လာခဲ့မယ်ဆို တာလည်းပါရဲ့။ ဒါပေမယ့် မလာနိုင်တော့ပါဘူး။

သင်္ကြန်ရက် မရောက်ခင် နှစ်လ သုံးလလောက်က မေထွေးတို့ မိသားစု ဩစတြေးလျကို ထွက်ခွာသွားခဲ့ကြတယ်။ ခင်ပွန်းသည် သွား

လေရာ သျှောင်နောက်ဆံထုံးပါရှာတဲ့ မေထွေးခများ စိတ်ရှိဦးတော့ မရောက်နိုင်တော့ပါဘူး။ အနှစ်နှစ်ဆယ်အတွင်း မေထွေး မိုမို့ဆီကို နှစ်ခေါက်လား သုံးခေါက်လားပဲ ပြန်လာနိုင်ခဲ့တယ်။ ဒါကလည်း မိုမို့ မွေးနေ့ သင်္ကြန်အကြိုရက်တွေမှာ မဟုတ်ပါဘူး။ အဆင်ပြေသလို လာရတာဆိုတော့ သင်္ကြန်ရယ်၊ ဘာရယ် တွက်မနေနိုင်ရှာပါဘူး။ လူမြင်ရတာ ကျေးဇူးတင်ရသေးတာကော။ လာရသခိုက် အဒေါ်ဖြစ်သူ မိုမိုကို ဖက်ဖက် ငိုရသေးတာ။ ‘ညည်းနယ်အေ သင်္ကြန်ဝေးတဲ့အရပ်များ ရောက်ရတယ်လို့’ လို့လည်း ညည်းမိတယ်။

●

(၄)

မေထွေးတစ်ယောက် ပေါ်မလာနိုင်တော့တဲ့နောက် ကိုကိုကြီး၊ ကိုကိုလေး မိသားစုတွေကပဲ မိုမို့မွေးနေ့ကို သိုင်းခဲ့ဝိုင်းခဲ့ကြရတယ်။ မိုမို့ မွေးနေ့ ဆိုတာထက် သည်မွေးနေ့ကို အကြောင်းပြုပြီး ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးတစ်စု ဆုံကြ ကြုံကြတာကို ဆိုလိုချင်တာပါ။ သူတို့လည်း သူတို့ ဘဝတွေနဲ့ သူတို့ဆိုတော့ မိသားစုတွေ ဝါးစည်းပြေသလို တစ်လုံးစီ ကွဲထွက်သွားကြရာက မိုမို့မွေးနေ့ရယ်လို့ ရောက်ရာအရပ်က ပြန်မလာနိုင်ကြတော့ဘူး။ သမုဒ္ဒရာ အူဂင်္ဂါဆိုသလို ရှာဖွေစားသောက်နေကြရှာတဲ့ မြေးတွေ၊ မြစ်တွေကိုလည်း မိုမို အပြစ်မဆိုချင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် သူတို့ကိုယ်တိုင် မြို့ကလေးကိုတော့ လွမ်းနေကြလိမ့်မယ်ဆိုတာ မိုမို ယုံတယ်။ အထူးသဖြင့် အခုလို သင်္ကြန်ရက်ဦး မိုမို့မွေးနေ့ကို အကြောင်းပြုပြီး ညီအစ်ကို မောင်နှမတစ်တွေ တစ်စုတစ်ဝေးကြီး ဆုံတွေ့ကြတာ



ကို သူကလေးတွေ အူပေါက်အောင် လွမ်းနေကြမယ်ဆိုတာ မိုမို သိပါရဲ့။ မြန်မာတွေကိုး။

အသက်ခြောက်ဆယ် နောက်ပိုင်းရက်တွေကတော့ မိုမို့အတွက် လွမ်းရက်တွေပါပဲ။ သူ့ဘဝတစ်လျှောက်လုံးမှာ သည်ဘက်နှစ်တွေလောက် ရင်ထဲမချမ်းသာတာမျိုး မရှိခဲ့ဘူး။ အနှစ်နှစ်ဆယ် ခရီးတစ်ထောက်စာက မိုမို့ကို သဘာဝအရ အိုမင်းသွားစေခဲ့တယ်ဆိုပေမယ့် အိုစနာကြီးကျသွားလိုက်တာ လူတင်မက စိတ်တွေကပါ အိုသွားခဲ့တယ် ထင်ပါရဲ့။ ဘယ်သူ ဘယ်သူ့ကိုမှလည်း မျှော်လင့်ပြီး ထားနိုင်တော့တာမျိုးလည်း မရှိတော့ဘူး။ အခုတော့ မိုမိုလည်း အသက်ရှစ်ဆယ် တင်းတင်းပြည့်ပြီ။

တစ်ချိန်က သင်္ကြန်ဆိုတဲ့ သဘောအဓိပ္ပာယ်တွေလည်း မိုမို့မှာ မရှိတော့ပါဘူး။ သင်္ကြန်ရောက်ရင် မွေးနေ့ကို ရောက်တာပဲ။ အရင်တုန်းက ရောက်ရာအရပ်က တူ,တူမတွေ၊ မြေးတွေ၊ မြစ်တွေ တဖွဲဖွဲရောက်လာကြ၊ ခြံကြီးထဲမှာ လူတရုန်းရုန်း၊ မီးခိုးတအူအူနဲ့ အရက်ဆွမ်းကပ်ဖို့ ချက်ကြ၊ ပြုတ်ကြ၊ ပန်းတွေခူးကြ၊ ရေပက်ခံထွက်သူတွေက ထွက်ကြ၊ အပျိုကလေးတွေကို ရေလောင်းချင်လို့ အိမ်ရှေ့ကနေ သံချပ်တွေတိုင်ကြ၊ ရေလောင်းပါရစေ ခွင့်တောင်းကြ၊ သင်္ကြန်ဆိုတာ မိုမို့အတွက်တော့ မြန်မာမိသားစုဆိုတဲ့ အမြုံကြီးတစ်မြုံလုံး မေတ္တာခင်းတဲ့ ပွဲလို့တောင် ခံယူထားတာ မဟုတ်လား။ အခုများ ဘယ်လိုကဘယ်လို ဖြစ်ကုန်ကြတာလဲ။ မိုမို့ မျက်စိနှစ်လုံး မပိတ်သေးခင်တောင် အမြုံကြီးကို ပြန်စုချင်လို့ မလွယ်တော့။

မနေ့တစ်နေ့ကပဲ အဝေးရောက်မြေးတွေ ပေးပို့လိုက်တဲ့ စာကလေး တစ်စောင် မိုမို ရခဲ့။ သည်စာကလေးက မိုမို့ဆီကို သူတို့ကိုယ်စား ရောက်လာတဲ့ သင်္ကြန်တမန်စာ၊ ဒါမှမဟုတ် မွေးနေ့သဝဏ်လွှာ၊ ဒါမှမဟုတ် ဇာတိအလွမ်းစာလို့ ဆိုရမယ်ထင်ပါရဲ့။ စာဖတ်ရင်း မိုမို ငိုရသေးတာပါ။

*မိုမို...*

*သည်နှစ်သင်္ကြန်မှာ မိုမို့အသက် ရှစ်ဆယ်ပြည့်နှစ် မွေးနေ့သင်္ကြန်နော်၊ သားတို့ သမီးတို့အားလုံး မိုမို့ကိုရော၊ မိုမို့ကျေးဇူးတရားကိုရော သတိတရ ရှိကြပါတယ်။ လာချင်လိုက်ကြတာလည်း အရမ်းပဲ။ အိမ်ရှေ့က ပိတောက်ပင်ကြီး အဖူးတွေဝေနေလောက်ရောပေါ့။ စံပယ်ရုံကြီးရော ရှိသေးလား။ သည်မှာတော့ နှင်းဆီတွေပေါတယ်။*

*ပိတောက်နဲ့ စံပယ်တော့ မရှိသလောက် ရှားတယ် မိုမိုရေ။ သင်္ကြန်မိုးကလေးက တစ်ဖြိုက်နှစ်ဖြိုက် ရွာချလိုက်လို့ ထောင်းခနဲထ,လာတတ်တဲ့ မြေသင်းနံ့မျိုးက ဒီမှာ ဘယ်ကမှ မရနိုင်ဘူးလေ။ မြေသင်းနံ့တောင် ့ ်းမိပါရဲ့။ အထူးသဖြင့် မိုမို့ခြံကြီးကို လွမ်းလိုက်တာ။*

*မြေကြီးပေါ်မှာ ဆောက်ထားတဲ့ ရေနံ့ချေးသုတ် ပျဉ်ထောင်အိမ်ကြီးရယ်၊ သစ်ပင်ပန်းပင်တွေနဲ့ ဝေဆာအုံ့ဆိုင်းနေတဲ့ ရေတွင်းကုန်းကလေးရယ်၊ ပြီးတော့ မိုမို့မွေးနေ့ သင်္ကြန်အကြိုနေ့ရယ်၊ အားလုံးကို လွမ်းမိပါတယ်။ မိုမိုကိုယ်တိုင်လည်း ဒီခြံကြီးထဲမှာ အနှစ်ရှစ်ဆယ်တိုင် အသက်ရှည်ရှည်၊ အနာမဲ့မဲ့ နေနိုင်သေးတာကိုပဲ ဝမ်းသာကြရပါတယ်။ ဒီထက် အသက်ရှည်ရှည် နေပါဦး မိုမို။ ကျွန်တော်တို့တစ်တွေ ပြန်လာနိုင်တဲ့တစ်နေ့ မိုမို့မွေးနေ့ သင်္ကြန်ပွဲကလေး အတူနွှဲခွင့် ရနိုင်ကောင်းပါရဲ့။ မိုမို ကျန်းမာပါစေ။*

**သားသမီး မြေးတစ်စု**

**ဆွေ့ဗ္ဗ ဩစတြေးလျ**




သည်စာကို မိုမို အခေါက်ပေါင်းများစွာ ဖတ်မိတယ်။ ပြန်ဖတ်မိလေတိုင်းလည်း ရင်နာပြုံး ပြုံးမိပါရဲ့။ ဘာကို ရင်နာရတာလဲဆိုတာ မိုမိုကိုယ်တိုင်လည်း မသိပါဘူး။ မြေးတွေ ရေးလိုက်သလို ဒီထက် အသက်ရှည်အောင် နေဖို့ဆိုတာတော့ ကံ,ကံရဲ့အကျိုးပေါ့လေ။ သီလကောင်းရင်တော့ တောင့်ခံနိုင်ကောင်းပါရဲ့။ သင်္ကြန်ပေါင်း ရှစ်ဆယ်တိုင်အောင် သည်ဝင်း၊ သည်ခြံကြီးထဲက မခွာစတမ်းနေပြရင်း တောင့်ခံနေတဲ့ အဘွားအိုမိုကတော့ ရှစ်ဆယ်ပြည့်မွေးနေ့ မနက်မှာ ဆွမ်းကလေးတစ်ချိုင့် ပို့နိုင်ဖို့တောင် နဲ့တဲ့တဲ့ပါလေ။

တစ်နှစ်တစ်ခါ သင်္ကြန်ကတော့ ကျမြဲ။ မိုမို့မွေးနေ့ကိုလည်း ရောက်မြဲ။ မိုမိုကတော့ မြို့ကလေးရဲ့ ရေပက်ဓလေ့ကလေး ပျောက်သွားမှာကို နမြောမိသလို သင်္ကြန်ရက်ကို အကြောင်းပြုပြီး မိသားစုတွေဆုံကြတဲ့ ဓလေ့ ပျောက်သွားတာကိုလည်း ဝမ်းနည်းလို့မဆုံးဘူး။ သည်ဓလေ့ကလေးတွေက မိုမိုတို့ လူမျိုးအတွက်တော့ အင်မတန်မှ တန်ဖိုးကြီးမားတာ မဟုတ်လား။

**Family မဂ္ဂဇင်း**

**(၂၀၀၈) ခုနှစ်၊ ဧပြီလ**

● ● ●


ခင်မင်ထူး

# ပိုလိုကားချပ်များ

## (၁)

ဒီကလေးမလေးကို မကျေးလို့ ခေါ်ကြတယ်။ လူပုံက ခပ်ညှက်ညှက် သေးသေးကလေး။ ပိန်လိုက်တာကလည်း အရိုးစုကလေး ထောင်ထားသလား မှတ်ရတယ်။ မြင်လိုက်ရရင် လေဆောအင်္ကျီ ဖိုးရိုးဖားရားကြီးနဲ့ မလိုက်အောင် ဘဲမြီးကလေးလို ထွက်နေတဲ့ ဆံပင်စုစည်းကလေးက မကျေးရဲ့ ကိုယ်ပိုင်ရုပ်ပုံလွှာပဲ။ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ဒါမျိုးနဲ့ချည်းပဲ။ သူ့စတိုင် ထင်ပါရဲ့။ ထဘီကွင်းကျယ်ကျယ်ကို တိုတိုကျစ်ကျစ်ပါအောင် ဝတ်ထားတတ်တယ်။ ဖိနပ်မြီးတိုကလေး တရှပ်ရှပ်စီးတတ်တာကလည်း မကျေးရဲ့ ဟန်ပါပဲ။ ဆံပင် နီခြောက်ခြောက်ကလေးတွေ လွင့်ပျံနေတတ်တဲ့ ဆံပင်ပါးပါးနဲ့ အမြဲတမ်း ပြုံးနေတတ်တာကလည်း ချစ်စရာကောင်းတယ် ပြောပါတော့။ ဖိုသီဖတ်သီနိုင်တာ၊ ရှပ်ရှပ်ပျာပျာနဲ့ သွားတတ်လာတတ်တာကတော့ မျိုးရိုးလိုက်တယ်လို့တောင် ပြောရမလိုပါပဲ။ သူ့အမေကလည်း ဒါမျိုးပဲ။

တစ်ခါက မကျေး အသက်ကို ကျွန်မ မေးကြည့်တော့ ဆယ့်နှစ်နှစ်ရှိပြီလို့ ပြောတာပဲ။ ဒါပေမယ့် လူကောင်ကလေးက အဟန့်သေးတော့ တကယ့်ကို ကျေးငှက်ကလေးတစ်ကောင်နဲ့တောင် တူနေတယ်။ ပါးပါး



လျားလျားရှိတဲ့ သူ့ခန္ဓာကိုယ်နဲ့ အလိုက်တလျော မရှိပေမယ့် မကျေးကတော့ သူ့ခေါင်းပေါ်က ပဲပြုတ်တောင်းကြီးကို ဟန်ချက်ကောင်းကောင်းနဲ့ ထိန်းတတ်နေပါပြီ။ တစ်ခါတလေ ပဲပြုတ်တောင်းကြီးကို လက်လွှတ်ပြီး ပိုက်ဆံများတောင် ရေနေတတ်သေး။ ချိန်ခွင်ကို ကိုင်တွယ်ပုံကအစ ပဲကလေး နှစ်စေ့ သုံးစေ့ကို ရောမ ရက်ရောမှုကြီးလို အဆစ်သဘောမျိုး ထည့်ပေးပုံအဆုံး တကယ့်ဝါရင့် ပဲသည်မိန်းမကြီးတစ်ယောက်လို လုပ်တတ်ကိုင်တတ် ရှိလိုက်တာမှ။ ဒါကိုကြည့်ရင် မကျေးရဲ့ အတွေ့အကြုံကို မှန်းလို့ရနိုင်ပါတယ်။

မကျေးတို့သားအမိ သားအဖတွေက မန္တလေးရဲ့ နေရာသစ်တစ်ခုဖြစ်တဲ့ ကန်တော်ကြီး အနောက်ဘက်ခြမ်းက အသစ်ဆောက်ထားတဲ့ တိုက်တန်းတွေရဲ့ ကျောဘက်မှာ ကိုယ်ပိုင်တဲကလေးတွေနဲ့ နေကြတယ်။ ငါးကန်ဆောင်းကို မေးတင်ဆောက်ထားတဲ့ တဲကလေးတွေဆိုတော့ ကောင်းကောင်းမွန်မွန် ခိုင်ခိုင်ခံ့ခံ့တော့ မဟုတ်ဘူး။ နေဖြစ်ရုံ နေနေကြတာ။ တဲကလေး အတော်များများက မပြင်တာကြာလို့ အတော့်ကို ဟောင်းနေကြပါပြီ။ ကန်စပ်က ဗေဒါဒိုက်တွေ၊ မြက်ရိုင်းချုံပုတ်တွေ၊ ရေကန်စွန်းရုံတွေက တဲနောက်ဖေးနဲ့ တစ်ဆက်တစ်စပ်တည်း ရောထွေးနေတယ်။ တဲကလေးတွေကို ကြည့်လိုက်ရင် အနားက လေးထပ်တိုက်မြင့်မြင့်ကြီးတွေရဲ့ အရိပ်အောက်မှာ ခပ်ကုပ်ကုပ်ကလေး ဝပ်စင်းနေကြတာမျိုးပေါ့။ သူဌေးပိုင် ငါးကန်ထဲက ရေဂယက်တွေကြား တစ်ခါတစ်ရံ ပွက်ထလာတတ်တဲ့ ငါးကြင်းမျက်ဆံနီကြီးတွေကလည်း သူတို့နဲ့ ဘယ်လိုမှကို မဆိုင်တာပါ။ ကန်စပ်မှာ တစ်ပင်တည်း ထီးတည်းရှိနေတဲ့ သစ်ခြောက်ပင်ဖြူရော်ရော်ကြီးကတောင် မကျေးတို့နဲ့ ဘာမှမပတ်သက်သလိုမျိုး ခပ်

တင်းတင်းရယ်။ ခြောက်သယောင်းနေတဲ့ သစ်ခြောက်ပင် ကိုင်းဖျားကိုင်းနားတွေက သူတို့တဲကလေးတွေကို မလှုပ်မခြောက် ငုံ့ကြည့်နေတာမျိုးပါ။

မနက်စောစော ငါးနာရီလောက်ဆိုရင် မကျေးရဲ့ အသံစာစာက တိုက်တန်းတွေကြားမှာ ရူးရူးရှရှကလေး ထွက်လာတတ်တယ်။ တချို့က သူ့အော်လိုက်မှ ခေါ်ဝယ်တာ ရှိသလို၊ တချို့ကလည်း ညဦးကတည်းက ကြိုမှာထားကြတာလည်း ရှိရဲ့။

"ဟောဒီက ပဲသည်၊ ချေိတ်ပေါင်းသည်..."

"ယူကြဦးမလား... ပဲပြုတ်၊ ချေိတ်ပေါင်း... ပူပူနွေးနွေး..."

သည်အသံက ကျွန်မ အပါအဝင် တိုက်ခန်းကလူတွေအားလုံးကို အိပ်ရာထ,ဖို့ ကပျာကသီ ပုတ်နှိုးလိုက်တဲ့အသံပါပဲ။ မကျေးအသံ ကြားတာနဲ့ ကျွန်မလည်း အိပ်ရာထဲဆက်ပြီး ဇိမ်မယူနိုင်တော့ပါဘူး။ ချက်ချင်းလိုလို လူးလဲထ,ရတော့တာပါ။ အသံပျောက်တာနဲ့ လူပါပျောက်သွားတတ်တော့ ချက်ချင်းခေါ်နိုင်မှ သချောတာကလား။ ဘာပဲဖြစ်ဖြစ် မကျေးက ကျွန်မအတွက်တော့ နှိုးစက်နာရီတစ်လုံးလိုပါပဲ။ သူတို့မှာ နာရီမရှိပေမယ့် သေချာတယ် ပြောပါတော့။

## (၂)

မနက်ခင်း ရှစ်နာရီ ပတ်ဝန်းကျင်လောက် ပဲပြုတ်ရောင်းရာက ပြန်လာရင် ကျွန်မတို့နေတဲ့ တိုက်ခန်းပေါ်ကို မကျေး တက်လာတတ်တယ်။ ဘာဂျယ်မဟုတ်ပါဘူး။ ဘယ်သူ ဘာခိုင်းမလဲဆိုပြီး တက်လာတာပါ။ ချွေးစေးကလေးတွေနဲ့ စိုထိုင်းနေတဲ့ နားသယ်စပ်ပေါ်က ဆံပင်တွေကို လက်နဲ့သပ်တင်ရင်း တစ်ခါတစ်ခါ ကျွန်မရဲ့ ကာဟီရတွေကို ကူလုပ်



ပေးနေတတ်တာလည်း ရှိတယ်။ ကျွန်မတို့အခန်းက အပေါ်ဆုံးထပ် အလယ်တည့်တည့်မှာဆိုတော့ မကျေးတို့နေတဲ့ တဲကလေးနဲ့ တည့်တည့်လို ဖြစ်နေတာပေါ့လေ။ မနက်လင်းလို့ ပြတင်းတံခါး ဖွင့်လိုက်ပြီး ငုံ့ကြည့်လိုက်တာနဲ့ မျက်နှာချင်း ဆုံနေကြရတာပါ။ ဒီတော့လည်း ကျွန်မနဲ့ မကျေးက အပေါ်အောက် အိမ်နီးချင်း၊ ဒါမှမဟုတ် ထောင်လိုက် အိမ်နီးချင်းဆိုပါတော့။ အစတုန်းကတော့ အခန်းလေးဆယ်စီရှိတဲ့ တိုက်တန်းတွေပေါ်က ကျွန်မကို မကျေးက သတိထားမိပုံ မရပါဘူး။ တစ်ရက် ကျွန်မကို ကျောင်းဝတ်စုံကလေးနဲ့ တွေ့လိုက်ရတဲ့နေ့ကျမှ မကျေးက အံ့ဩတဲ့ မျက်နှာလေးနဲ့ ကျွန်မကို နှုတ်ဆက်တယ်။

"ဩော်... ဆရာမက ကျောင်းဆရာမလား"တဲ့။

ကျွန်မက ပြုံးပြလိုက်တော့ ကျောင်းခြင်းတောင်းကို ကူဆွဲရင်း လိုက်ပို့ရာက ကျွန်မနဲ့ မကျေး ခင်မင်သွားရတာပါ။ ကျွန်မ ကျောင်းသွားချိန်မှာ မကျေး အားနေတတ်တယ်။ ကျောင်းပြန်ချိန်ကျတော့လည်း မကျေးက တာရိုးထိပ် လာစောင့်နေတာပါပဲ။ ဒီတော့ သူနဲ့ ကျွန်မ ခဏခဏ ဆုံရသလို ဖြစ်နေတာပါ။ ကျွန်မရဲ့ စက်ဘီးကို တာရိုးပေါ်က အဆင်းမှာ ထိန်းကိုင်ပေးရင်း အရည်လဲ့နေတတ်တဲ့ သူ့မျက်ဝန်းက အရောင်တွေကို ကျွန်မ ဖတ်လို့ရပါတယ်။ ကျောင်းနေအရွယ် ကလေးတွေဟာ ဆရာမတစ်ယောက်ဆိုရင် လေးစားချစ်ခင်ရကောင်းမှန်း သိကြတာ ကျွန်မ သိတာပေါ့။ ဆရာ ဆရာမတွေကလည်း ကျောင်းနေအရွယ်ကလေးတွေကို ကိုယ့်တပည့်ကလေးတွေလို အောက်မေ့ကြရတာပဲ မဟုတ်လား။ ဒီတိုက်တန်းတွေမှာရှိတဲ့ အခန်းလေးဆယ်ထဲကမှ ကျွန်မကို မကျေး ပိုခင်တာကလည်း ကျွန်မက ကျောင်းဆရာမကလေးမို့လို့လားလို့ ကျွန်မ တွေးနေမိသေးတယ်။ နောက်တော့ ကျွန်မ တွေးတာ မှန်နေတာပါပဲ။

အဲသည်နောက် မကျေးဟာ ကျွန်မဆီ တက်တက်လာပြီး သူနိုင်သမျှ အိမ်အလုပ်တွေကို ကူလုပ်ပေးတော့တာပါ။ တံမြက်စည်း ကူလှဲတာ၊ အမှိုက်သွန်ပေးတာ၊ အိုးခွက်၊ ပန်းကန်တွေ ဆေးကြောပေးတာမျိုးက အစ၊ ဟိုနား ဒီနား ဈေးပြေးဝယ်ပေးတာအဆုံးပေါ့။ ကြုံရာကျရာ အကုန်လုပ်ပေးတော့တာပါ။ မကျေး မလာရင်တောင် ကျွန်မက မျှော်နေတတ်ပြီ။ လာရင်လည်း ဆံပင်ဖိုးရိုးဖားရားနဲ့ပါပဲ။ ဉသျှစ်သီးလောက်ရှိ မယ့် မျက်နှာကလေးကတော့ ပြုံးလို့။

"ဈေးရောင်းစားရတာ မလွယ်ပါဘူး ဆရာမရယ်၊ စားတော်ပဲဈေးက တစ်ပြည်ကို ခြောက်ရာကျော်သွားပြီ။ ကောက်ညှင်းငချိတ်က ဈေးထဲမှာ တစ်ပြည် နှစ်ရာ့ငါးဆယ်၊ ဝယ်ဈေးကသာ တက်တာပါ ဆရာမရယ်၊ ရောင်းဈေးကျတော့ သိပ်တက်လို့ဖြစ်တာ မဟုတ်ဘူး။ ဘယ့်နှယ်လုပ်မှာ တုန်း ဆရာမရဲ့။ လူတွေက ကျွန်မတို့ဆီကနေ အစိတ်သား သုံးဆယ်သား ဝယ်စားကြတာ မဟုတ်ဘူး။ အစိတ်ဖိုး သုံးဆယ်ဖိုး ဝယ်စားကြတာ။ ကျွန်မကလည်း ရောင်းနေကျ လက်ဆက လျှော့မရဘူး။ ခါတိုင်းလောက် အမြတ်မကျန်တာပေါ့ ဆရာမရယ်"

တစ်ခါတစ်ခါ ဘာတစ်ခွန်းမှ မမေးရဘဲနဲ့ ကျွန်မကို စိတ်လိုလက်ရ ပြောနေတတ်တဲ့ မကျေးရဲ့ လေသံက ကလေးတစ်ယောက်ရဲ့လေသံမျိုး မဟုတ်ဘူး။ သူ့ရှေ့မှာရှိနေတဲ့ ကျွန်မကို အားကိုးတကြီး ရှင်းပြနေတာ မျိုးလည်း မဟုတ်ဘူး။ သူနဲ့ ရွယ်တူတန်းတူတစ်ယောက်ကို ပေါ့ပေါ့ ပါးပါး အာလာပသလ္လာပစကား ပြောနေပုံမျိုးပါ။ ကျွန်မကလည်း သူ အဲသလို ပြောတတ်တာကို အလေးအနက် ထားရကောင်းမှန်း အစက မသိခဲ့တာ အမှန်ပါပဲ။ နောက်တော့မှ သူ့စကားတွေဟာ သူ့ဘဝထဲက လာတာပါလားလို့ သတိထားမိသွားတာပါ။



မကျေးအလုပ်က မနက် ပဲရောင်းထွက်ရုံတင်မကပါဘူး။ ညနေတိုင်း ပဲကြွေး လည်တောင်းရသေးသတဲ့။ ပဲပြုတ်သည်တွေကများတော့ ညနေ ထိ စောင့်နိုင်တဲ့ပဲသည် ရောင်းရတာပဲတဲ့။ မကျေးရဲ့ Sales Promotion ထင်ပါရဲ့။

"လူတွေက မနက်တော့ ဟုတ်တိပတ်တိ ယူစားလိုက်ကြတာ ဆရာမရဲ့။ ညနေ အလုပ်ပြန် ပိုက်ဆံပါလာမှ ကျွန်မကို ပဲဖိုးပေးတာလေ။ ရရင်ပြီးတာပဲ၊ ကျွန်မကတော့ သွားတောင်းရတာပေါ့လေ"

သူမို့ မမောနိုင်မပမ်းနိုင် မနက်က ရောင်းခဲ့တဲ့ အိမ်ပေါက်စေ့ကို ညနေတစ်ခေါက် ထပ်သွားနိုင်လေခြင်းလို့ ကျွန်မ စဉ်းစားမိသေးတယ်။ သည်ကြားထဲက ကျွန်မ အလုပ်တွေကိုလည်း ကူမိအောင် လာကူသေးတာ ပါ။ မကျေးဟာ အရွယ်နဲ့မလိုက် သွက်လက်ချက်ချာသူကလေးဆိုတော့ ကျွန်မကလည်း သဘောကျမိတယ်။ လူပုံသွက်ရုံတင်မကပါဘူး။ မကျေးက မျက်စိရေလည်း အင်မတန်တတ်တာပါ။ တစ်ခါက ကျွန်မတို့ဇနီးမောင်နှံ အပျင်းပြေ ရောင်စုံစက္ကူကလေးတွေ ဒီဇိုင်းကပ်ပြီး အလှဆင်ဖို့ မြေအိုး ကလေးတွေ ကပ်ကျော်ဈေးက ဝယ်လာတော့ ဆိုင်က အိုးတွေ မကွဲအောင် ကောက်ရိုးတွေ ခံထည့်ပေးလိုက်တယ်။ ဒါကိုမြင်တော့ မကျေးက မြေအိုး တွေ ကူသယ်ပေးရင်း...

"ဆရာမ ကောက်ရိုးတွေ ဘာလုပ်ဦးမှာတုန်း၊ မလုပ်လို့ရှိရင် ကျွန်မတို့အိမ်က ကြက်တွေဖို့ ဥကျင်းလုပ်ချင်လို့"တဲ့။

ကျွန်မဆိုရင်တောင် ဒီလိုစိတ်ကူးမျိုး ဖျတ်ခနဲ ပေါ်မိမှာမဟုတ်ပါဘူး။ ကျွန်မက 'ယူသွားလေ'ဆိုတော့ မကျေးက ချက်ချင်းပဲ ကောက်ရိုးတွေ တစ်မျှင်တစ်စမကျန် ပွေ့ယူသွားလေရဲ့။ တစ်ခါတလေ ကျွန်မ မအားလို့ ဈေးမသွားနိုင်ရင် မနီးမဝေးက ဈေးကလေးဆီ မကျေးကို လွှတ်ရတယ်။

စာရွက်ပိုင်းကလေးပေါ် ဈေးစာရင်းကလေး ရေးပေးလိုက်။ မကျေးက ဘာတစ်ခုမှ မကျန်ခဲ့စေရဘူး။ တစ်ခါတလေ သူက လိုတာထက်တောင် ပိုလိုက်သေး။

"ဆရာမက ငါးခူ မှာလိုက်တာနော်၊ အစိတ်သား နှစ်ရာတဲ့။ အကောင်က သေးသေးကလေးတွေ။ ဒါနဲ့ ကျွန်မ ဇလားဗီးယားငါး ဝယ်လာခဲ့တယ်။ လတ်လိုက်တာမှ ဗန်းထဲ ဖျတ်ဖျတ်လူးလို့။ အသားလည်း တစ်တယ် ဆရာမရဲ့။ ကြော်စားလည်း ကောင်းတယ်၊ ချက်စားလည်း ချိုလိုက်တာမှ"

အဲသလို မကျေးပါ။ ဈေးသွားပေးလို့ သူ့ကို မုန့်ဖိုးပေးရင် မအေကို ပြန်ပေးတတ်တာလည်း ကျွန်မ သိထားတော့ သူ့ကို ပေးရတာ ဝမ်းသာရတယ်။ ကျောင်းသွားရ၊ အိမ်မှုကိစ္စတွေလုပ်ရ၊ တခြားလူမှုရေးတွေနဲ့ လုံးချာရိုက်နေတဲ့ ကျွန်မအတွက်တော့ မကျေးက ကူဖော်လောင်ဖက်ကလေးလည်းဟုတ်၊ ကျွန်မရဲ့ အဖော်ကောင်းကလေးလည်းဟုတ်၊ လက်ဆွဲပုံးကလေး ဆိုပါတော့။ အနေကြာလာတော့လည်း မကျေးကို ကျွန်မ သံယောဇဉ်ဖြစ်မိတာလည်း ပါတာပေါ့။ ထူးဆန်းတာက သည်ပလူမွေးပလူတောင် ကလေးတစ်ယောက်ရဲ့ နှုတ်ကထွက်ကျလာတတ်တဲ့ စကားလုံးတွေကတော့ ကျွန်မအတွက် စာထဲပေထဲ မတွေ့ဖူးတဲ့ အတွေးအမြင်တွေ များလားလို့တောင် တွေးမိနေတတ်တယ်။ တစ်ခါတလေလည်း ပြောချင်ရာ တောင်စဉ်ရေမရ ပြောနေတတ်တယ်။ ရွာထဲ ရပ်ထဲက ကြားလာတဲ့ သတင်းလတ်လတ်ဆတ်ဆတ်တွေလည်းပါရဲ့။

●



(၃)

"မကျေး... ဒီနေ့ တယ်စောပါလား၊ ပဲပြုတ်ရောင်း မသွားဘူးလား"

တစ်မနက်တော့ ကျွန်မတောင် ပြတင်းတံခါးတွေ မဖွင့်ရသေးဘူး။ စောစောစီးစီးပဲ မကျေး ပေါက်ချလာတယ်။ အင်္ကျီ ဖိုသီဖတ်သီ၊ ဆံပင်ဘဲမြီးစုစည်းနဲ့ စပ်ဖြီးဖြီး မကျေးပုံစံက နတ်သမီးပုံပြင်တွေထဲက လူရှင်တော်ကလေးနဲ့တောင် တူနေသေးတော့တယ်။

"အဟီး... အရုပ်ပြင်းလို့ ဆရာမရေ..."

မကျေးက ပြောပြောဆိုဆိုနဲ့ပဲ ကျွန်မ လက်ထဲက တံမြက်စည်းကို ဆွဲယူပြီး လှဲတော့တာပါ။ ကျွန်မကတော့ သူပြောတာကို ဖျတ်ခနဲ နားမလည်လိုက်ပါဘူး။ ဘာများပြောလိုက်တာပါလိမ့်ပေါ့လေ။

"ဘယ်လို... မကျေး"

"အရုပ်ပြင်းတော့... အရင်းပြုတ်တာပေါ့ ဆရာမရဲ့။ အမေ ညက အကြောတွေ မတရားတက်လို့တဲ့။ ဆေးခန်းပြေးရသေးတာ။ တော်သေးတာပေါ့။ ကျွန်မ တစ်ရင်းပဲ ပြုတ်လို့။ အမေ့အရင်း မပြုတ်လို့ တော်သေး။ စောစောစီးစီး မပြောကောင်းဘူးလား။ ပြောကောင်းသလားတောင် မသိပါဘူး ဆရာမရယ်၊ ဖတ်... ဖတ်..."

မကျေးက တံမြက်စည်းရိုးကို ဒူးနှစ်လုံးကြားညှပ်ပြီး ဘုရားစင်ဘက်လှည့် လက်အုပ်ချီနေလိုက်သေးရဲ့။ ကျွန်မကတော့ မကျေးကို ဘာမှပြန်ပြောမနေတော့ပါဘူး။ ဒါမျိုးက ခဏ ခဏ ကြားရတော့ ရိုးနေသလိုတောင် ဖြစ်နေပြီကိုး။ မကျေး အဖေက ထင်းလည်ပေါက်တယ်လို့ပြောတယ်။ လက်ဖက်ရည်ဆိုင်တွေမှာ ပေါက်ရတာများသတဲ့။ အစ်ကိုကြီးက အိမ်ထောင်ပျက်၊ ကလေးနှစ်ယောက်နဲ့ အိမ်မှာကပ်နေတာပါ။ အစ်ကိုလတ်နဲ့ အစ်မက ကြံရာကျပမ်းလုပ်တယ်။ မကျေးအောက်က ကလေးနှစ်ယောက်။ တပြုံတမကြီးရှိတဲ့ စားအိုးကို မကျေးပါ ဝိုင်းထိန်းနေရတော့

တာပါ။ ကျွန်မလည်း ကျောင်းသွားဖို့ကိစ္စ လုံးပမ်းရသေးတာဆိုတော့ မကျေးနဲ့ သည့်ထက်ပိုပြီး စကားလက်ဆုံ မကျမိတော့ပါဘူး။ ဒါပေမယ့် မကျေးရဲ့ ပဲသည် ချေါက်ပေါင်းသည်ဆိုတဲ့ အသံကလေး မကြားရတော့ ကျွန်မ စိတ်မကောင်းဖြစ်မိတယ်။ ကျွန်မအတွက် အိပ်ရာထဖို့ နှိုးစက်နာရီကလေး သံပတ်ပြတ်သွားသလိုတောင် ခံစားလိုက်မိပါသေးရဲ့။ ရက်တစ်ပတ်လောက်နေတော့ ကျွန်မ အိပ်ရာက မထသေးခင်မှာပဲ မကျေးအော်သံ ကြားရပြန်တယ်။

"ဟောဒီက ပဲပြုတ် ချေါက်ပေါင်း ပူပူနွေးနွေး"

အသံစာစာကလေးက တိုက်တန်းတွေကြားကနေ ရှူးရှူးအက်အက်ကလေး ပေါ်လာပြန်ပါပကောလား။ ကျွန်မ နှိုးစက်ကလေး ဘယ်သူများပြင်ပေးလိုက်တာပါလိမ့်။ ပဲရောင်းကအပြန် မကျေး တက်လာတော့ ကျွန်မက တခုတ်တရ မေးကြည့်မိတယ်။

"မကျေး ဒီနေ့ ပဲရောင်းထွက်တယ်ပေါ့"

ကျွန်မ ဘာကိုမေးချင်တာလဲဆိုတာကို မကျေး သဘောပေါက်ပုံရတယ်။ ရှုပ်ပွနေတဲ့ သူ့ခေါင်းကို တဗျင်းဗျင်းကုတ်ရင်းက ကျွန်မကို ပြုံးကြည့်လိုက်သေးတာပါ။ စကားလုံးတွေ ရွေးချယ်နေတာမျိုး။

"ဟိုလေ... လာ... လာ ဆရာမ ကျွန်မ ပြမယ်၊ ဟိုး... ငါးကန်ထိပ်က အိမ်မည်းမည်းကြီးလေ၊ တွေ့လား ဆရာမ"

ပြတင်းပေါက်နားအထိ ကျွန်မလက်ကို ဆွဲခေါ်သွားတဲ့ပြီး ငါးကန်ရဲ့ တစ်ဖက်ကမ်း ခပ်ဝေးဝေးက ရေနံချေးသုတ် ပျဉ်ထောင်အိမ်ဟောင်းကြီးကို လက်ညှိုးထိုးပြတယ်။ ကျွန်မ မေးခွန်းက တခြား၊ မကျေး ပြနေတာက တခြား။ သူ ဘာကိုဆိုလိုတာပါလိမ့်။ ရေကန်တစ်ဖက်က အိမ်တန်းတွေကြားမှာ ပျဉ်ထောင်အိမ်ကြီးက တော်တော့်ကို မြင်သာပါတယ်။



"အင်း.... အင်း... အဲဒီအိမ်ကြီးက ဘာဖြစ်သလဲ"

"အိမ်ကြီးက ဘာမှမဖြစ်ပါဘူး ဆရာမရဲ့၊ ကျွန်မက ဖြစ်တာပါ"

မကျေးက မျက်နှာကလေး ပြုံးထားရင်းက သူ့ရင်ဘတ်ကိုလည်း သူ့လက် သေးသေးကလေးတွေနဲ့ ပုတ်ပြနေသေးရဲ့။ ကျွန်မမှာ သူနဲ့နေရတဲ့ အချိန်ကလေးတိုင်းမှာ တစ်မျိုးတော့ ပျော်စရာကောင်းတယ်လို့ ထင်နေမိတယ်။ ကျွန်မတို့ဘဝ ကျွန်မတို့ အသိုင်းအဝိုင်းထဲက စိတ်တင်းကျပ်မှုမျိုးတွေ မကျေးတို့မှာ မရှိဘူး။ သူတို့ဘဝက ရှိရင်စားမယ်၊ မရှိရင် မစားဘူးဆိုတာကလွဲရင် ဘာစိတ်အနှောင်အဖွဲ့မှ မခံရတာကတော့ ကျွန်မတို့ထက် သာပါတယ်။

"အဲသည်အိမ်က ငွေထုတ်ပေးတယ် ဆရာမရဲ့၊ ကျွန်မရဲ့ ပဲပြုတ်ဖောက်သည်အိမ်ပါ။ ဟိုတုန်းကတော့ ကျွန်မတို့ ငွေသွားယူရင် မပေးဘူး။ မယုံလို့လေ။ နောက်တော့ ကျွန်မက ပဲပြုတ်ကလေး၊ ချေါက်ပေါင်းကလေး ပိုပက်ထည့်ပေးပြီး တဖြည်းဖြည်း ယင်းသွင်းယူရတာလေ။ အခုတော့ သူတို့က ငွေတိုးနဲ့ ပိုက်ဆံတစ်ထောင် ထုတ်ပေးလိုက်လို့ ကျွန်မ ပဲပြုတ်တောင်း ခေါင်းပေါ်ပြန်တင်နိုင်တာ ဆရာမရေ..."

မကျေးကိုကြည့်ရင်း ကျွန်မ အတော့်ကို စိတ်မကောင်းဖြစ်သွားမိတယ်။ သူများကို အတိုးအညွန့်ပေးဖို့ သူကစပြီး ရင်းလိုက်ရတာကိုပဲ မကျေးက ဂုဏ်ယူနေတဲ့ပုံပါ။ ကျွန်မကသာ ဖြစ်နေတာပါ။ မကျေးကတော့ ဘယ်လိုမှတောင် ခံစားရပုံ မပေါ်ပါဘူး။ ရင့်ကျက်နေလိုက်ပုံများတော့။

"နေပါဦး... ငွေတိုးက ဘယ်လိုဆပ်ရတာလဲ"

"ဩော်... တစ်နေ့ကို ငါးဆယ် သွင်း,သွင်းသွားရတာ အရက်နှစ်ဆယ် သွင်းပြီးရင် အရင်းကျေရော။ နောက်ထပ် လေးရက်က အတိုးတွက်

ဆပ်ရတယ်။ စုစုပေါင်း နှစ်ဆယ်နဲ့ လေးရက်ဆိုရင် ပြီးပြီ။ လိုချင်သေးရင် နောက်ထပ် ယူရုံပဲ။ ငွေတိုးက ကိုက်တယ် ဆရာမရဲ့။ ပြီးပြီးပျောက်ပျောက်လေ၊ ပေးရတာကလည်း မသိသာဘူး"

မကျေး အပြောအရဆိုရင် အတိုးက နှစ်ရာပေါ့။ ကျွန်မကတော့ မကျေးရဲ့ ငွေတိုးက ကိုက်တယ်ဆိုတဲ့ စကားကလေးအပေါ်မှာ မကျေမလည်ဖြစ် ကျန်ရစ်ခဲ့တယ်။ မကျေးရဲ့ တွက်နည်းကို တဖြည်းဖြည်းနဲ့မှ ကျွန်မ သဘောပေါက်လာမိတယ်။ မကျေးက ဈေးတွက် တွက်တတ်နေပါရောလား။ စီးပွားရေးစာအုပ်တွေမှာ ဖတ်ရတဲ့ 'သူမနာ ကိုယ်မသာ' (Win/ Win Strategy) ဆိုတာမျိုး ထင်ပါရဲ့။

●

## (၄)

"အံမယ်လေး ကြောက်ပါပြီတော့၊ နောက် မကစားတော့ပါဘူး အမေရဲ့၊ အံမယ်လေး နာတယ်တော့။ အမေ့ ကြောက်ပါပြီ အီး… အီး"

ညနေစာ စားပြီးလို့မှ ပန်းကန်ခွက်ယောက်တွေတောင် မသိမ်းရသေးဘူး။ အောက်ဘက် တဲကလေးတွေဆီက ရိုက်နှက်ငိုသံတွေကြောင့် ကျွန်မ အောက်ကိုငုံ့ကြည့်လိုက်တော့ ကျွန်မရဲ့ မကျေး ဖြစ်နေတာကိုး။ သူ့အမေက ဒူးနှစ်လုံးကြားထဲသွင်းပြီး ရိုက်နေတာကို မြင်နေရတယ်။ စောစောကလေးကမှ ကျွန်မတို့ဆီကနေ ဆင်းသွားတာပဲ။ ဘာများဖြစ်တာပါလိမ့်။ ကျွန်မလည်း မနေသာတော့ဘဲ အောက်ကိုဆင်းသွားမိတယ်။ ကျွန်မ အောက်ကိုရောက်တော့ မကျေး သူ့အမေရဲ့ ဒူးနှစ်လုံးကြားက လွတ်နေပါပြီ။ မအေက လက်ထဲ တုတ်တစ်ချောင်း ကိုင်ထားတုန်း။

"ဘာဖြစ်လို့လဲ အဒေါ်ရဲ့"



ကျွန်မက ပါးစပ်ကမေးရင်း မကျေးကို သူ့အမေ တုတ်ချက်က ဝေးလောက်တဲ့နေရာကို ဆွဲထုတ်လိုက်တယ်။ မကျေးရဲ့ ဘဲမြီးကော့ဆံပင် စုစည်းကလေးကို သူ့အမေက ဆွဲဆောင့်ထားပုံပေါ်တယ်။ ပြေကျလို့။ ဆံပင်ခြောက်ခြောက်တွေက မစုမသိမ်းနဲ့ မျက်ရည်တွေနဲ့ ရောလို့။

"ဆရာမရယ်… ပြော မပြောချင်ပါဘူး။ မကျေးက မိုက်လုံးကြီးလွန်းလို့ပါ။ နေ့လယ်က ဟိုဘက်တဲတွေသွားပြီး ပိုလိုကားယပ်တာလေ၊ ငွေတစ်ရာ ရှုံးသတဲ့။ ဖြစ်ရပုံများ ဆရာမရယ်၊ ဟီး… ကျွန်မတို့မှာ ငွေတစ်ရာ မပြောနဲ့ ကလေးမုန့်ဖိုးတောင် မနည်းကြီး။ ဟီး…"

မကျေးအမေက မြေကြီးပေါ် ငုတ်တုတ်ထိုင်ချရင်း ငိုတော့တာပါပဲ။ မကျေးကတော့ မျက်ရည်စီးကြောင်းတွေကြားက မလုံမလဲ မျက်ဝန်းတွေနဲ့ ကျွန်မကို လှမ်းကြည့်တယ်။ ကျွန်မ သူ့ကို အပြစ်ပဲတင်ရမလား၊ နှစ်သိမ့်လိုက်ရမှာလား။ ဘာဆက်လုပ်ရမှန်း မသိအောင်ပါပဲ။ ဒီအရွယ်ကလေးနဲ့ ငွေတစ်ရာရှုံးအောင် ပိုလိုကားထပ် ကစားတယ်ဆိုတဲ့ မကျေးကိုလည်း အတော်အံ့သြသွားမိတယ်။ စိတ်မကောင်းတဲ့ကြားက ရယ်လည်း ရယ်ချင်မိပါသေးရဲ့။ ငွေတစ်ရာရှုံးအောင် ပိုလိုကားချပ် ထပ်သတဲ့လား။ ဖြစ်ရလေ။။

"ဘယ်မှာလဲ ကျန်တဲ့ပိုက်ဆံ၊ ယူခဲ့"

မကျေး အမေက ထဘီစနဲ့ မျက်ရည်တွေသုတ်ရင်း မေးတော့ မကျေးက တဲကလေးထဲဝင်ပြီး ပိုက်ဆံတွေ ယူပေးတယ်။ မျက်လုံးတွေကတော့ မအေ့လက်ထဲက တုတ်ကို လှမ်းကြည့်နေတာပါ။

"ဟိုအိမ်ကို ငါးဆယ် ပေးပြီးပြီလား"

"ပေးခဲ့ပြီ"

ပိုလိုကားကို တစ်ရာရှုံးအောင် ကစားပေမယ့် သူ ပေးစရာရှိတာတွေကိုတော့ မှတ်မှတ်ရရ ပေးဖော်ရတဲ့ မကျေးကို အပြစ်မတင်တော့ဘဲ

ကျွန်မ အပေါ်ပြန်တက်ခဲ့တယ်။ ပိုလိုကားချပ် ထပ်တယ်ဆိုတာ ကျွန်မတို့ ငယ်ငယ်ကတည်းက ကစားနည်းပါ။ ကျွန်မတို့ ငယ်ငယ်တုန်းကတော့ ကားချပ်ကြေးပါပဲ။ ရှုံးရင် ကားချပ်တွေ ပေးလိုက်ရတာပဲ ရှိတာပါ။ ငွေနဲ့ ကြေးနဲ့ ဆိုတာမျိုး ရှိရင်တောင် နည်းတယ်။ အခန်းကိုရောက်တော့ ကျွန်မ အပြန်သတင်းကို စောင့်နေတဲ့ ကျွန်မရဲ့ခင်ပွန်းက လှမ်းမေးတယ်။

"မကျေး ဘာဖြစ်လို့ အရိုက်ခံရတာလဲဟ"

"ပိုလိုကားထပ်တာ ငွေတစ်ရာရှုံးလို့တဲ့လေ၊ ပဲရောင်းတဲ့ငွေထဲက နေမှာပေါ့၊ မကျေးကလည်း မကျေးပါပဲ။ ပိုလိုကားထပ်တယ်ဆိုတာ ကျွန်မတို့ ငယ်ငယ်က ကစားတဲ့အတိုင်းပဲလား။ အခုတစ်မျိုးလားတောင် မသိပါဘူး"

ကျွန်မ ပြောလိုက်တော့ သူက ရယ်တယ်။ သူလည်း ပိုလိုကားချပ်တွေ ထပ်ခဲ့ဖူးပုံပေါ်ရဲ့။ ပြတင်းဝကို ခပ်ငေးငေးကြည့်ရင်းက ကျွန်မကို ပြောနေတယ်။

"အခုခေတ်တော့ မင်းသား မင်းသမီးပုံတွေ ထပ်ကြတာနေမှာပေါ့။ မင်းသမီးချင်းတူရင် မင်းသားချင်းတူရင် နိုင်တာမျိုးထင်ပါရဲ့။ တို့တုန်းက ပိုလိုကားထပ်တယ်ဆိုတာ စီးကရက်ဘူးခွံချင်း တူရာ တူရာ ထပ်ကြတာကို ခေါ်တာ။ လန်ဒန်၊ ဂိုးဖလိပ်၊ ဘလက်ကတ်၊ ကပ္ပိတန်၊ ထရစ်ပယ်ကွိုင်း၊ ကာစတန် စသဖြင့် စီးကရက်ဘူးခွံမျိုးစုံကို အချပ်ကလေးတွေ ဖြစ်အောင် ကပ်ကျေးနဲ့ညှပ်ပြီး သားရေပင်နဲ့ စည်းထားကြတာ။ စီးကရက်ဘူး တံဆိပ်ချင်းတူရင် တူအောင်ထပ်နိုင်တဲ့လူက နိုင်တာပဲ။ အခုလည်း မင်းသား မင်းသမီးပုံ ထပ်တာပေမယ့် ပိုလိုကားထပ်တယ် ခေါ်ကြတုန်း ထင်ပါရဲ့"



"နေပါဦး၊ အဲဒါကို ပိုလိုလို့ ဘာလို့ခေါ်ကြတာလဲ"

"စီးကရက်တံဆိပ်တစ်မျိုးက မြင်းစီးရင်း ကျေးသားရိုက်တာမျိုး ပုံနဲ့ ထွက်ဖူးတယ်။ အင်္ဂလိပ်လိုက ပိုလိုကစားတယ် ခေါ်တာကိုး။ ဒါကြောင့် ရှေးမြန်မာတွေက စီးကရက်လို့ခေါ်ဖို့ ခက်တော့ ပိုလိုခေါ်ကြတာ။ နတ်ကို စီးကရက် ဆက်တာတောင် ပိုလိုဆက်တယ် ပြောကြတာပဲလေ"

နောက်ရက်တွေမှာတော့ မကျေး ဈေးရောင်းသံ မကြားရပြန်ပါဘူး။ ဒါပေမယ့် ကျွန်မဆီကိုတော့ ပုံမှန်အတိုင်းပဲ လာတယ်။ တံမြက်စည်းကူလှဲ၊ အမှိုက်ပစ်၊ ပန်းကန်ခွက်ယောက်တွေ ကူဆေး လုပ်ပေးမြဲပါပဲ။ ကျွန်မ မကျေးကို ဈေးမရောင်းပြန်ဘူးလားလို့ တမင်မမေးဘဲ နေလိုက်တယ်။ နောက်မှ မကျေးကို မုန့်ဖိုးပေးရင်းနဲ့ ကျွန်မ မေးမိတယ်။

"မကျေး ဆရာမပေးတဲ့ မုန့်ဖိုးတွေလည်း ပိုလိုကား ကစားပစ်တာပဲ မဟုတ်လား"

"မကစားပါဘူး ဆရာမ၊ ကျွန်မ မုန့်ဝယ်စားတာပါ"တဲ့။

တစ်ရက်တော့ ကျွန်မ ကျောင်းကထုတ်လာတဲ့ စကြေးငွေကလေးထဲက ငွေတစ်ထောင် မကျေးကို ဈေးရောင်းဖို့ ထုတ်ပေးလိုက်တယ်။ ပေးချင်နေတာ ကြာပြီဆိုပေမယ့် စကြေးရမှ ကျွန်မလည်း ပေးနိုင်တာမဟုတ်လား။

"မကျေး ဆရာမက အတိုးပေးတာ မဟုတ်ဘူးနော်၊ သမီး ဈေးရောင်းပြန်လာရင် ဟောဒီစုဘူးကလေးထဲကို ငွေငါးဆယ် လာလာထည့်။ တစ်ထောင်ပြည့်တဲ့အချိန် ရပ်လိုက်ပေါ့ ဟုတ်လား"

ကျွန်မ ပေးလိုက်တဲ့ ငါးရာတန်နှစ်ရွက်ကိုယူပြီး မကျေးတစ်ယောက် ဝမ်းသာအားရနဲ့ ခုန်ပေါက်ပြေးဆင်းသွားတယ်။ နောက်တစ်နေ့မနက်

မှာတော့ မကျေးရဲ့အသံ စူးစူးမြမြကလေးက တိုက်တန်းတွေကြားထဲ ထိုးဖောက်ဝင်လာပြန်တယ်။ ညနေတိုင်းကျရင် မကျေးဟာ ငွေငါးဆယ် လက်ကဆုပ်ပြီး ကျွန်မအခန်းထောင့်က မြေအိုးစုဘူးကလေးထဲ လာလာ ထည့်တယ်။ ဘယ်နှစ်ရက်ရှိသွားပြီဆိုတာ ကျွန်မကတော့ မတွက်မိပါဘူး။ ရက်မပျက်တော့ ထည့်နေတာ တွေ့တာပဲ။

“ရှစ်ရက် ရှိသွားပြီ ဆရာမ၊ ဟိုအိမ်ကြီးကငွေလည်း ကျေခါနီးပါ ပြီ”တဲ့။

ဟိုအိမ်ကြီးကို ငွေပေးစရာ ကျန်နေသေးတာ ကျွန်မ သတိမထားမိ ပါဘူး။ မကျေးကတော့ တစ်ဖက်ကိုလည်း ပုံမှန်ဆပ်နေရတယ် ထင်ပါ ရဲ့။ အိမ်ကြီးကိုလည်းဆပ်၊ မြေစုဘူးထဲလည်း ထည့်ဆိုတော့ သည်ရက်တွေ ထဲ ကသီလင်တာ ဖြစ်နေပုံပေါ်တယ်။

“ဟိုအိမ်ကြီးကိုရော ဆရာမဆီရော ပေးနေရတာလား မကျေး”

“ဟုတ်တယ် ဆရာမ၊ ခါတိုင်း အမြတ်ငွေကို အမေ့ပေးရတာလေ၊ အခု အမေက ငါ့ကို အရင်းသာပေးတဲ့။ အမြတ်ထဲက အကြွေးကျေအောင် ဆပ်တဲ့”

“ဩော်...”

ဖယောင်းပုဆိုး ကြမ်းခင်းကို အဝတ်ရေစိုနဲ့ ပွတ်တိုက်နေတဲ့ မကျေးကိုကြည့်ရင်း ကျွန်မ သက်ပြင်းဖွဖွ ချလိုက်မိတယ်။ အမြတ်ငွေနဲ့ အကြွေးဆပ်သတဲ့လား။ ဒါဆို အမြတ်ငွေဟာ အကြွေးဆပ်ဖို့ ဖြစ်နေတာ ပေါ့။ ကျွန်မမှာ မကျေး ပြောတာတွေကို စဉ်းစားတွေးတောရင်း ကျန်ရစ် ခဲ့တယ်။ မနက်ခင်း ဈေးရောင်း၊ ညနေ ကြွေးတောင်း၊ အမြတ်ကလေးကို ဖုံ့ဆပ်။ မကျေးဟာ အစာမဝဘဲ အိပ်တန်းဝင်ရတော့မယ့် ငှက်တစ်ကောင် လိုပါပဲလား။



(၅)

ကျွန်မ အခန်းထောင့်က မြေအိုးစုဘူးကလေးထဲကို မကျေး ငွေဘယ် လောက်ဝင်သွားပြီလဲ ကျွန်မ မသိပါဘူး။ ဒါပေမယ့် မကျေးရဲ့ ဈေးရောင်း သံက မကြားရပြန်ဘူး။ တစ်ခါတလေ တိုက်တန်းတွေကြား ဖန်ခုန်တမ်း ကစားနေတဲ့ မကျေးကို တွေ့လားတွေ့ရဲ့။ တစ်ခါတစ်ရံကျတော့ ငါးကန် စပ်က ရေကန်စွန်းရွက်တွေ ခူးလား ခူးနေရဲ့။ တစ်ခါတော့ ဆန်ခါကုံး ကြီးကိုင်ပြီး ငါးကန်ထဲ ပေါင်လယ်လောက် မြုပ်တဲ့အထိ ဆင်းချည် တက်ချည် လုပ်နေတဲ့ မကျေးကိုမြင်တော့ ဘာလုပ်တာလဲလို့ ကျွန်မ မေးကြည့်မိတယ်။

“ငါးသေကလေးတွေ ပေါလောမျောနေတာကို ဖမ်းတာလေ ဆရာမ ရဲ့။ ငါးသေတွေကိုတော့ ကျွန်မတို့ ဖမ်းလို့ရပါတယ်”

ငါးမွေးကန်ထဲက တဖျပ်ဖျပ် လူးထလာတတ်တဲ့ ငါးအရှင်တွေကို တော့ မကျေးတို့ မဖမ်းဝံ့ကြပါဘူး။ သည်လို စည်းမလုံတဲ့ တဲကလေးတွေက ငါးခိုးဖမ်းသတဲ့ဆိုတဲ့ သတင်းအစနကလေးတွေ အန်ကျလာရင် ငါးကန် စောင်းမှာ မေးတင်ထားတဲ့ မကျေးတို့တဲကလေးတွေ သက်ဆိုးရှည်မှာ မဟုတ်ဘူးလေ။ ဒါပေမယ့် ညနေတိုင်ကျရင်တော့ မကျေးဟာ မြေစုဘူး ကလေးဆီ လာမြဲလာနေတာပါ။ ကျွန်မက မကျေးကို ဈေးမရောင်းဘူး လားလို့ မမေးချင်တာနဲ့ပဲ ဒီအတိုင်း နေခဲ့တယ်။

“လူတွေက မကောင်းဘူးနော် ဆရာမ”

“ဘယ်လို...”

ထူးထူးဆန်းဆန်း မှတ်ချက်ချလိုက်တဲ့ မကျေးရဲ့စကားကြောင့် ကျွန်မ မျက်ခုံးပင့်လိုက်မိတယ်။

"ဟုတ်တယ် ဆရာမရဲ့၊ အကြွေးယူပြီး ပေးချင်ကြတာ မဟုတ်ဘူး။ ကျွန်မ ပဲရောင်းရတာကိုပဲ ကြည့်လေ၊ အကြွေးယူစားပြီး တောင်းမရတော့ ရှိတဲ့အရင်းကလေး သူတို့ ဖဲ့ကျွေးရတာနဲ့ပဲ ပဲ့ပဲ့ကုန်တော့တာပါပဲ"

ဒါဆို မကျေး ပဲပြုတ်မရောင်းနိုင်တာ အကြွေးကျလို့ဆိုတဲ့ သဘောပေါ့။ သူပဲ အမျိုးမျိုးလေ။ အရင်းဖဲ့ကျွေးရတာ ပဲ့ကုန်တာပါပဲဆိုတဲ့ စကားကို သူသုံးလိုက်တာကို ကျွန်မ အံ့သြနေမိတာပါ။

"ဈေးသည်ဆိုတာ အကြွေးမရောင်းရဘူးတဲ့။ ဆရာမတို့အဖေက ပြောဖူးတယ်။ အကြွေးရတဲ့ဆိုင်ဆိုရင် လူတွေက လက်ငင်းမဝယ်ချင်ကြတော့ဘူးတဲ့။ အကြွေးနဲ့ ရောင်းတဲ့ဆိုင်ကို အကြွေးက သတ်တာပဲတဲ့။ အကြွေးမရောင်းနဲ့ပေါ့ မကျေးရဲ့"

ဈေးရောင်းဈေးဝယ် နားမလည်တဲ့ ကျွန်မက ဆရာမလေသုံးပြီး ပြောတော့ မကျေးက တစ်ချက်တော့ တွေသွားသေးတတယ်။ ဘယ်လိုရှင်းပြမှ နားလည်မှာပါလိမ့်ဆိုတဲ့ မျက်နှာကလေးနဲ့ပါ။ ပြီးတော့မှ အေးအေးသက်သာ လေကလေးနဲ့ ပြောတယ်။

"ဆရာမအဖေက ပဲမရောင်းဘူးလို့ပါ ဆရာမရဲ့။ အကြွေးမပေးပြန်ရင်လည်း ဖောက်သည်မမြဲမှာ စိုးရသေးတာလေ။ မနက်တိုင်း လမ်းတကာမှာ ကျွန်မတို့လို ပဲပြုတ်သည်တွေက အများကြီးရယ်။ ဒီလိုယောင်းပေးသစ်ယူ လုပ်ကြရတာပဲ။ ဒါပေမယ့် အဟောင်းကို အပတ်ကျော်လိုက်ကြတော့ ကျွန်မတို့က နာလန်မထူတော့ဘူး။ အင်း... ကျွန်မတို့ယူရတဲ့ ပိုက်ဆံကျတော့ တစ်နေ့လောက် မဆပ်ဖြစ်ရင် အိမ်မည်းကြီးက သူတို့ စီးပွားများ ချက်ချင်းပျက်သွားတော့မယ့်အတိုင်းပဲ။ ဒီတော့ မချန်ရဲဘူး။ ဆပ်ရတာပဲ ဆရာမရယ်၊ ကြွေးတင်တာချင်း ကွာချက်တော့"



မကျေး ပြောနေတဲ့ ဈေးကွက်အခြေအနေတွေကို နားထောင်ရင်း ကျွန်မ ခေါင်းတွေရှုပ်ထွေး နောက်ကျိလာတယ်။ သူပြောတာတွေ သူတွေးတာတွေဟာ ကျွန်မ ထိစပ်နေတဲ့ ဘဝပတ်ဝန်းကျင်မှာ ဘယ်တုန်းကမှ မရှိတဲ့ အကြောင်းအရာတွေ မဟုတ်လား။ သည်အရွယ်နဲ့ သည်လိုအတွေးတွေ ကြွယ်ပိုးကြွယ်ဝ ဖြစ်နေတဲ့ မကျေးကိုလည်း ခပ်စိမ်းစိမ်းပဲ ကြည့်နေမိတယ်။

မနေ့တစ်နေ့ကတော့ မကျေး အရိုက်ခံရသေးသတဲ့။ ကျွန်မ ကျောင်းသွားနေတုန်း ရိုက်တာဆိုတော့ မြင်တော့ မမြင်လိုက်ရပါဘူး။ မကျေးရဲ့ မောင်လေးက ကျွန်မ စက်ဘီးကို ဆီးကြိုရင်း သတင်းပေးတာပါ။ မကျေးကလည်း ရှက်လို့ပဲလား၊ မလာချင်လို့ပဲလားတော့ မသိဘူး။ တိုက်ခန်းပေါ် တက်မလာဘူး။ ကျွန်မက ညနေခင်း တီဗီချိန်ကျတော့ မနေနိုင်တော့ဘူး။ မကျေး တီဗီကြော်ငြာတွေကြိုက်တာ ကျွန်မ သိတာကိုး။

"မကျေးရေ... မလာတော့ဘူးလား၊ ကြော်ငြာတွေ လာနေပြီလေ"

မောင်နဲ့မည်းမည်း မကျေးတို့ တဲကလေးဆီက ထူးသံမကြားရပါဘူး။ ခဏနေတော့မှ မအေက ဖွတ်ထိုးလွှတ်လိုက်လို့ တက်လာရတဲ့ပုံစံနဲ့ မကျေး တက်လာတယ်။ မျက်နှာကလေးက မချိုမချဉ်နဲ့။ ဆံပင်တွေက ပွယောင်းယောင်း။ လေဘောအနွေးအကျီ ဖိုးရိုးဖားရားနဲ့၊ ရေမချိုး မိုးမချိုးဆိုတော့ ငြီးစီစီအနံ့များလည်း ထလို့။

"မကျေး ပိုလိုကား ကစားပြန်ပြီဆို၊ ဆရာမ ကြားတယ်"

မကျေးက ကျွန်မကို မရဲတရဲ မော့ကြည့်ရင်း သက်ပြင်းတွေဘာတွေများ ချလိုက်လို့။ ခေါင်းကလေးငုံ့ရင်း ကျွန်မကို မကြည့်ဘဲပြောတယ်။

"ဟုတ်တယ် ဆရာမ၊ ကျွန်မ ကစားမိပါတယ်၊ ပိုလိုကားထပ်ရတာ ကျွန်မ သိပ်ပျော်တာပဲ။ အရုပ်ကားကလေးနှစ်ချပ် တူသွားရင်

ကျွန်မ ရင်ထဲ ဘယ်လိုဝမ်းသာနည်း ဝမ်းသာမှန်းမသိဘူး။ ကျွန်မ မကစားရရင် မနေနိုင်ဘူး ဆရာမရဲ့"

ကျွန်မတောင် လန့်သွားတယ်။ ဒီလိုဖြေလိမ့်မယ်လို့ ကျွန်မ ထင်မထားဘူး။ မှန်တာပြောတာကိုတော့ ကျွန်မ ဝမ်းသာမိပါတယ်။

"မနေနိုင်ဘူးဆိုပေမယ့် လမ်းဘေး ပဲတောင်းချပြီး ပိုလိုကား ကစားတာဟာ မိန်းကလေးလုပ်ရမယ့်အလုပ် မဟုတ်ဘူးလေ။ ဆင်ခြင်မှပေါ့။ ဒါနဲ့ နေစမ်းပါဦး။ ဘယ်သူတွေနဲ့ ကစားတာလဲ"

"ပန်းရောင်းတဲ့ ကောင်မလေးတွေနဲ့ပါ။ ကျွန်မနဲ့ ရွယ်တူတွေလေ။ ဟိုဘက်တဲက ..."

"ဘယ်လောက်ရှုံးလို့လဲ၊ အရိုက်ခံရတယ်ဆို"

"ရှုံးလို့ အရိုက်ခံရတာ မဟုတ်ပါဘူး၊ နိုင်တာက နိုင်ပါတယ်၊ အမေက ကစားလို့ ရိုက်တာပါ"

ပကတိ ကလေးတစ်ယောက်လို ကြည်စင်နေတဲ့ မကျေးရဲ့ မျက်နှာမည်းညစ်ညစ်ကလေးကို ကျွန်မ ငေးကြည့်နေမိတယ်။ သူနဲ့အတူ ကစားတဲ့ …န်းသည်ကောင်မလေးတွေကိုလည်း ပုံတူ ပိုလိုကားချပ်တွေလိုပဲ မျက်စိ …ဲ မြင်ယောင်လာမိတယ်။ မကျေးဟာ မိဘအခြေအနေကိုလည်း သိ၊ မိဘ မကြိုက်မှန်းလည်း သိလျက်နဲ့ သူ ဘာဖြစ်လို့ ကစားရတာလဲ။ ပြီးတော့ ပိုလိုကားထပ်တာကို ကျွန်မ မကြိုက်မှန်းလည်း သူသိတယ်။ ဒါကိုပဲ မကျေးက ဘာဖြစ်လို့ သဲကြီးမဲကြီး ဖြစ်နေရတာလဲ။ ပျော်လို့ ကစားတာပါ ဆိုတာကကော တကယ်ဟုတ်ရဲ့လား။

"ပိုလိုကားထပ်ရတာ ပျော်လို့ဆိုတာ ဟုတ်ရဲ့လား မကျေးရယ်။ ဆရာမကတော့ ပျော်လို့ ကစားတာလို့ မထင်ပါဘူး"



ဆိုတော့ မကျေးရဲ့ မျက်နှာကလေးက တည်သွားတယ်။ ခေါင်းကလေးလည်း ငုံ့သွားတယ်။ ဆံပင်နီခြောက်ခြောက်တွေကလည်း တဖွားဖွားလွင့်လို့။ ခဏနေတော့ ဟီးခနဲ တစ်ချက်ရယ်လိုက်သေးတယ်။

"ပျော်လို့ရယ်လို့လည်း မဟုတ်ပါဘူး ဆရာမရယ်၊ ကျွန်မ နိုင်ရင် အမေ့ကို ပေးချင်လို့ပါ။ ပိုလိုကားထပ်ရတာ ပဲရောင်းရတာနဲ့ မတူဘူး ဆရာမရဲ့။ အကြွေးမကျဘူး။ နိုင်ရင်လည်း လက်ငင်း။ ရှုံးရင်လည်း လက်ငင်းပဲ။ ပိုလိုကားချပ် ထပ်တာမှာတော့ အကြွေးမရှိဘူးရယ်"

မကျေးကို ကြည့်ပြီး ကျွန်မ အံ့သြလိုက်တာလေ။ မကျေးကတော့ ကျွန်မကို မကြည့်ပါဘူး။ တီဗီဖန်သားပြင်ပေါ်က ကြော်ငြာတွေ တစ်ကွက်ပြီးတစ်ကွက် ပြောင်းသွားတာကို ငေးကြည့်နေလေရဲ့။ သူ့စိတ်ထဲမှာ ကြော်ငြာထဲက မင်းသား မင်းသမီးတွေကို ပိုလိုကားချပ်တွေလို့များ ထင်နေသလား မပြောတတ်ပါဘူး။ သူရိုက်တဲ့ ပိုလိုကားချပ်တွေကလည်း သည်မင်းသား သည်မင်းသမီးတွေကိုး။ ကြော်ငြာကတ်တွေကိုတောင် စိတ်ကူးနဲ့ ပိုလိုကား ထပ်နေသလား မသိပါဘူး။ တီဗီကို ပြုံးကြည့်နေသေးတာ။ တီဗီကြော်ငြာတွေကတော့ ဒွေးပေါ်လာလိုက်၊ အိန္ဒြေကျော်ဇင်ပေါ်လာလိုက်၊ ထက်ထက်မိုးဦး ပေါ်လာလိုက်၊ လွှင်မိုး ပေါ်လာလိုက်၊ ခဏနေတော့ မကျေး မျက်နှာကလေး တည်သွားတယ်။ စိတ်ကူးနဲ့ ပိုလိုကားချပ် ထပ်တာတောင် မကျေး ရှုံးတယ်နဲ့ တူပါရဲ့။

**ရွှေအမြုတေမဂ္ဂဇင်း၊**
**(၂၀၀၂) ခုနှစ်၊ မေလ**

● ● ●



# အိုဇုန်း

## (၁)

သည်ကျောင်းမှာ တာဝန်ကျခဲ့တာပင် ဘာလိုလိုနှင့် နှစ်နှစ်ကျော်လာခဲ့ပြီ။ သည်ကျောင်းကို မရောက်ခင်ကတော့ နယ်ကျောင်းတစ်ကျောင်းမှာ တာဝန်ကျခဲ့သည်။ နယ်ကျောင်းမှာတုန်းကတော့ တာဝန်ကျရာ ရွာမှာပဲ နေခဲ့ရပါ၏။ အခု သည်ကျောင်းကို ပြောင်းရွှေ့ခွင့်ကျလာတော့ အိမ်မှာပဲ နေပြီး ကျောင်းတက်နိုင်ခဲ့သည်။ မိအိုဖအိုများနှင့် အိုးမကွာ အိမ်မကွာ အတူနေရခြင်းအတွက် ကျွန်မ ဝမ်းသာရပါ၏။ မနက်ဘက် အမေက ထမင်းတစ်အိုး ထ,ချက်သည်။ ဆွမ်းအတွက် သီးသန့်ခူးခပ်ကာ ကျွန်မ ဖို့ ထမင်းချိုင့် ထည့်ပေးထားသဖြင့် ကျောင်းသွားလျှင် အသင့်ယူသွားရုံပင်။ ဟင်းကတော့ ကြုံသလို။ ညက ဟင်းကျန်ကို နွေးယူကာ ရှိသလို မနက်ကျမှ ခါတော်မီ ကြက်ဥကို ခရမ်းချဉ်သီးနှင့် ပူပူလောလော မွှေရ လိုမ့်ရတာမျိုးလည်းရှိသည်။ ဟင်းမကျန်တော့လည်း ကျွန်မ မပူပါ။ ကျောင်းနားက အသုပ်ဆိုင်က အသုတ်ကလေးတစ်ပွဲလောက် ဒါမှမဟုတ် အကြော်ကလေးနှစ်ခုလောက်ရှိလျှင် ကျွန်မ စားတတ်သည်။ ကျောင်းမှာတော့ သူငယ်ချင်း ဆရာမများနှင့် အတူတူ စားကြတာမို့ တစ်နပ်တလေ



ဟင်းမပါလို့လည်း ကိစ္စမရှိ။ သူ့ထမင်းချိုင့်၊ ကိုယ့်ထမင်းချိုင့်ဖွင့်ကာ သူ့ဟင်း ကိုယ့်ဟင်း ဟင်းခွက်ပေါင်းစုံ။

သည်နှစ် ကျွန်မ စတုတ္ထတန်း ကိုင်ရသည်။ ကျွန်မ တပည့်ကလေးတွေက ခိုင်းလောက် စေလောက် အရွယ်တွေဆိုတော့ တစ်ခါတစ်ရံ ကျောင်းဘေးက တစ်ခါပြင် ထမင်းဆိုင်တွေမှာ ဟင်းတစ်ပွဲ ဝယ်ခိုင်းတော့လည်း အဆင်ပြေသည်။ ကျွန်မ ပြောချင်တာက ထမင်းချိုင့်အတွက် ဟင်းကိစ္စကို ကျွန်မ ဘယ်တုန်းကမှ ပူပင်ကြောင့်ကြ မရှိခဲ့ဖူးတာကို ဖြစ်ပါ၏။

"ကနေ့တော့ အသားတုကလေး ကြော်ထားတယ်၊ အချဉ်ရည်ကလေးနဲ့ ထည့်ပေးလိုက်တယ် သမီး၊ လူတွေက အသားတု အသားတု ပြောကြလွန်းလို့ ဝယ်ကြော်ကြည့်တာ၊ ဟုတ်တော့ ဟုတ်သားဟဲ့"

အမေက သူ့စကားနှင့်သူ ရယ်သည်။ ကျွန်မကလည်း အမေ့ကို ရယ်ချင်တာပါပဲ။ အမေ့ခမျာ အိုးသူကြီးတာဝန်ကို ထမ်းဆောင်ခဲ့ရသည့် နှစ်ဌာန်း မနည်းတော့ပြီ။ တစ်နေ့တစ်နေ့ ဟင်းချက်ဖို့ စဉ်းစားရ၊ ဟင်းစပ်စပ်ရတာကပင် အမေ ခေါင်းခြောက်လောက်သည်။ ကျွန်မ ရယ်ချင်တာက အသားတုဆိုသည့် ဟင်းတစ်မျိုး အမေ တွေ့ရှိသွားပြီးနောက်ပိုင်း အသားတုကို ကြော်လိုက်၊ ခရမ်းချဉ်သီးကလေးနှင့် ပနော်လိုက်နှင့် အကွက်တွေ့နေခြင်းကို ဖြစ်ပါ၏။ ကျွန်မအတွက် ထမင်းချိုင့်ကလေး ထည့်ပြီး အမေက အိမ်ရှေ့စားပွဲမှာ တင်ထားတတ်သည်။ မနက်ခင်း ကျောင်းချိန်မီ ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ပြီး အဖေ့ကို နှုတ်ဆက်၊ အမေ ထည့်ပေးထားသည့် ထမင်းချိုင့်ကို စက်ဘီးခြင်းထဲထည့်၊ စက်ဘီးကလေး စီးပြီး ထွက်ခဲ့ရုံပင်။ အိမ်ကနေ တာရိုးပေါ်တက်ပြီး မြစ်ဆိပ်တာဘောင်ကြီး အတိုင်း မြောက်ဘက်ကို နင်းရသည်။ ဂေါဝိန်ရောက်တော့ (၃၅) လမ်း

အတိုင်း အရှေ့ဘက်ကို ချိုးရပါ၏။ သိပ်တော့လည်း စက်ဘီးမနင်းရပါ။ ကျောင်းအနောက်ဘက် တံခါးမကြီးက စက်ဘီးတွန်းဝင်သည်နှင့် တပည့်ကလေးတွေက ကျွန်မစက်ဘီးကို ဆီးယူကာ နေရာတကျ ထားပေးသည်။ သော့ခတ်ပြီးတော့ လာပေးနေကျ။ လက်ဆွဲခြင်းကို စားပွဲပေါ်တင်နေကျ။

ဒီလိုတပည့်တွေထဲမှာ 'ဘိုနီ' က အသွက်ဆုံး။

●

## (၂)

တစ်ကျောင်းလုံးက သူ့ကို 'ဘိုနီ'လို့ ခေါ်နေကြသော်လည်း နာမည်ရင်းက ဘိုနီ မဟုတ်ပါ။ ကျောင်းခေါ်စာရင်းမှာတော့ မောင်ကျော်ဦး ဖြစ်သည်။ သို့သော် ဘယ်သူကမှ ကျော်ဦး မခေါ်ကြ။ ကျွန်မက Roll Call ခေါ်လို့ မောင်ကျော်ဦး ဆိုလျှင်ပင် တစ်ခါတလေ သူ့နာမည်သူ မေ့နေတတ်သည်။ ဘိုနီက ပိန်ပါးပါး မည်းခြောက်ခြောက် ဆိုသော်လည်း အရပ်က ရှည်သည်။ ခေါင်းမှာ ဘယ်တော့မှ ဆီမရှိ။ အဝတ်အစား ကလည်း ကျောင်းဝတ်စုံ ပီသရုံသာ။ သည်အဝတ်အစားနှင့်ပင် ဆောလုံးကန်သည်။ သည်အဝတ်အစားနှင့်ပင် ကျောင်းတက်သည်။ သည်အဝတ်အစား နှင့်ပင် ညဝတ်အိပ်ပုံလည်း ရပါ၏။ နောက်တစ်နေ့လည်း သည်အဝတ် အစားကိုပင် ဝတ်လာတတ်သဖြင့် ကျွန်မ ဆူရပေါင်းများပြီ။ နောက်တော့ ဘိုနီက မပြောင်း၊ ကျွန်မကပဲ စိတ်လျှော့လိုက်ရသည်။

"သန့်သန့်ရှင်းရှင်း နေမှပေါ့ ဘိုနီ၊ ဝတ်ကောင်းစားလှဝတ်ဖို့ မပြောပါဘူး၊ ဝတ်သမျှတော့ သန့်ရှင်းရမှာပေါ့။ မင်းအမေက လျှော်ဖွပ် မပေးရင်လည်း မင်းဟာမင်း လျှော်ဖွပ်ဝတ်ပါကွယ်"

ကျွန်မက တစ်ခါတစ်ခါ ဆုံးမသော်လည်း ခဏပင်။ ဆံပင်လည်း



ညှပ်ချင်မှ ညှပ်သည်။ စာအုပ်၊ ခဲတံကအစ တစ်ခုမဟုတ်တစ်ခု မေ့ကျန် တာ ရှိသေးသည်။ စာအုပ်ကိုလည်း ရိုရိုသေသေ မကိုင်။ လွယ်အိတ်ထဲ ရှာကြည့်လျှင်တော့ ကျောင်းနှင့် မဆိုင်တာတွေ ပါချင်ပါလာတတ်သည်။ တစ်ခါတလေ စက်ဘီးပစ္စည်း တိုလီမုတ်စတွေ၊ တစ်ခါတလေတော့ ကျွန်မ မသိသော လျှပ်စစ်ပစ္စည်းလိုလို ရေဒီယိုပစ္စည်းလိုလို အမယ် ကလေးတွေ။

"ဒါ ဘာတွေလဲ ဘိုနီ၊ ကျောင်းနဲ့ မဆိုင်တာတွေ ဘာကိစ္စ သယ် လာတာလဲ"

"စက်ဘီးပစ္စည်းတွေပါ ဆရာမ၊ ဒါက ကက်ဆက်က ပစ္စည်းတွေ၊ အဖေ မှာတာ ဝယ်ထားတာ ဆရာမ၊ အဖေက စက်ဘီးလည်း ပြင်တယ်။ ကက်ဆက်လည်းပြင်တယ်၊ ရေမော်တာတွေ ဘာတွေလည်း လိုက်ပြင် တာပဲ။ အဖေ လိုတာ ကျွန်တော် ဝယ်ပေးရတာ ဆရာမ"

သည်လိုဆိုတော့လည်း ကျွန်မ မပြောသာ။ ဘိုနီက ဖြစ်ကတတ်ဆန်း နေတတ်သော်လည်း သွက်လက်ချက်ချာသည်။ ကျောင်းဝေယျာဝစ္စကအစ တော်ရုံကိစ္စလောက်တော့ ဘိုနီကို ခိုင်းရုံဖြင့် အဆင်ပြေသည်။ နားကလည်း နီးပါဘိသနှင့်။ ကျွန်မ စက်ဘီးဆိုလျှင် ဘိုနီကိုယ်တိုင် စီးသွားပြီး ပြင် လာသည့်အကြိမ် များလှပြီ။ ကျွန်မက မင်းအဖေ ပြင်ပေးတာလား ပြင်ခ ယူပါကွာဆိုလျှင် သူ ပြင်လာတာလို့ချည်းဖြေသည်။ ကျောင်းသားကိစ္စ၊ စာကိစ္စတွေမှာ လေးလံနှေးကွေးသလောက် ကျန်ကိစ္စတွေမှာ လူကြီးတစ် ယောက်လို လည်လည်ဝယ်ဝယ် ချက်ချက်ချာချာ ရှိသူကလေးပင်။

တစ်ရက်မှာတော့ ကျောင်းကို ကျွန်မ ခပ်စောစောကလေး ထွက် လာခဲ့သည်။ ဘိုနီကိုလည်း သူ့အိမ်က သံနှင့်တူယူခဲ့ပြီး ကျောင်းကို စောစောလာဖို့ မှာထားပါ၏။ ကျွန်မ စားပွဲတည့်တည့်က အခန်းမျက်နှာ

ကြက် ကွာနေသောကြောင့် အပေါက်ကြီးဖြစ်နေရာ သည်အပေါက်ကို ဖာရန်အတွက်ဖြစ်သည်။ ကျွန်မ တာဝန်ကျသည့် စတုတ္ထတန်းအခန်းမှာ အစွန်ဘက်ကျသည်။ အခန်းက လေဝင်လေထွက် ကောင်းသော်လည်း ကျွန်မထိုင်သည့် တည့်တည့်နေရာက မျက်နှာကြက်ပြားတစ်ချပ်သာ ကွာကျနေခြင်းဖြစ်ပါ၏။ ဒီအပေါက်မှတစ်ဆင့် အမိုးသွပ်ပြားနှင့် ထုတ်တန်း ဒိုင်းတန်းတွေကို မြင်နေရသည်။ သည်အပေါက်ကြီးဆီက ငှက်ချေးနံ့တွေ 'လှောက်' နေတတ်တာကိုတော့ ကျွန်မ မခံနိုင်။ တစ်ခါတလေ ငှက်မွေးတွေ လွင့်ကျလာတတ်သကဲ့သို့ အမှိုက်တွေပါ လွင့်ကျတာလည်း ရှိသည်။ မိုးရွာသည့်အခါများဆိုလျှင် ငှက်ချေးရေစိုနံ့လို အနံ့က ခေါင်းပင်ကိုက်ရသည်။ ကျွန်မ အတန်းဝင်စက အထွေထွေလုပ်သား ဦးလေးမြကို ပြောပြတော့ ကတ်စက္ကူထူထူ တစ်ချပ်ဖြင့် ပိတ်ပေးရှာပါသည်။ မရပါ။ ကတ်စက္ကူကြီး ကွာကျလာခဲ့သည်။ ဦးလေးမြက တစ်ခါ ပိတ်ပေးပြန်သည်။ တစ်ပတ်လားပဲခံသည်။ ကွာကျပြန်၏။ သံမှိုကလေးများဖြင့် သေသေသပ်သပ် ရိုက်ပေးခြင်းဖြစ်သော်လည်း အောက်ကို စက္ကူကြီး တစ်ချပ်လုံး ကွာမကျဘဲ တန်းလန်းကြီး ဖြစ်နေတာလည်း ကျွန်မ စဉ်းစားလို့မရ။ ဒီတစ်ခါတော့ ဘိုနီကို အားကိုးရတော့မည်။

"ဒီမယ် ဘိုနီ၊ ဆရာမ စက္ကူအထူကြီး ဝယ်လာခဲ့တယ်၊ မင်း ယူလာတဲ့ သံတွေက ကြီးလွန်းနေတယ်ကွ၊ သံခပ်သေးသေး သွားရှာဦး၊ မင်း လုပ်ရမှာက ဒီအပေါက်ကြီး ပိတ်ပေးရမှာ"

ဘိုနီက သဆောပေါက်သွားပုံဖြင့် အပြင်ထွက်သွားသည်။ ကျွန်မ စက်ဘီးသော့ကိုယူကာ စက်ဘီးနှင်း ထွက်သွားသည်။ ပြန်လာတော့ သံမှိုကလေးတွေ ပါလာခဲ့၏။ ကျောင်းသားနှစ်ယောက် သုံးယောက်ခေါ်ပြီး ကျွန်မ စာရေးစားပွဲကို အပေါက်ကြီးဘက် ရွှေ့ကြသည်။ စားပွဲပေါ်ကို



ကုလားထိုင်တစ်လုံးတင်သည်။ ကုလားထိုင်ပေါ် ဘိုနီ တက်လိုက်တော့ မျက်နှာကြက်ကို မီသွားသည်။ ကျွန်မ ပေးထားသည့် စက္ကူထူကို သေသေသပ်သပ် ရိုက်ကပ်ပေးသည်။ ကျွန်မ တပည့်ကလေး၏ လုပ်ပုံကိုင်ပုံကို ကြည့်ရင်း ချီးကျူးလိုက်မိပါ၏။

"ဘိုနီက တော်တယ်ဟေ့၊ ဆရာမက ဦးလေးမြကို ခိုင်းရတာ အားနာလှပြီ၊ ငါ့တပည့် မုန့်ကျွေးရမယ်ကွာ"

ဘိုနီက သည်လောက်တော့ အပျော့ပေါ့ ဆရာမရယ်ဆိုသည့် မျက်နှာဖြင့် ကျွန်မကို ကြည့်နေသည်။ ဘာမှတော့ မပြောပါ။ သူ ယူလာသည့် တူတွေ သံတွေကို တစ်ခေါက်ပြန်ပို့ပြန်သည်။ သူ့အဖေ စက်ဘီးပြင်သည့် တူ ဆိုသဖြင့် ကျွန်မကိုယ်တိုင်က လွှတ်လိုက်ရခြင်းဖြစ်၏။

သို့သော်...။ ဒီတစ်ကြိမ်မှာလည်း နှစ်ပေပတ်လည် မျက်နှာကြက် စက္ကူချပ်ကြီးက ပြုတ်ပြန်လေသည်။ စက္ကူချပ်ကြီး ပြုတ်နေတာက အရေးမကြီးလှသော်လည်း ငှက်ချေးနံ့တွေ မွှန်နေတာကိုတော့ ကျွန်မ ခေါင်းခဲရပြန်ပါ၏။ ထိုအပေါက်ကို ပိတ်ခြင်းအားဖြင့် ကျွန်မက အကြိမ်ကြိမ် လုံခြုံဖို့ ကြိုးစားခဲ့သည်။ ကတ်စက္ကူကလည်း အကြိမ်ကြိမ်ပင် ကွာကျနေတတ်မြဲဖြစ်သည်။

●

(၃)

ညနေဘက် သားအဖတစ်တွေ ဆုံကြတော့ အဖေ့ကို ကျွန်မ ဒီအကြောင်းတွေ ပြောပြဖြစ်ပါသည်။ အဖေက အပေါက်ကို မပိတ်နိုင်လျှင် ကျွန်မ စာရေးစားပွဲကို နေရာရွှေ့ဖို့ အကြံပေးပါသည်။ ကျွန်မ စဉ်းစားကြည့်သည်။ ကျွန်မ၏ စာသင်ခန်းကလေးမှာ ဝင်ပေါက်တစ်ပေါက်သာ

ရှိသည်။ စာသင်ခန်းရှေ့တည့်တည့်မှာ ကျောက်သင်ပုန်း။ လက်ယာဘက်က ဝင်ပေါက်ဆိုတော့ လက်ဝဲဘက်ထောင့်မှာ စားပွဲခုံ ထားရသည်။ လက်ယာဘက်ကို ရွှေ့လျှင် ဝင်ပေါက်ပိတ်သွားသည်း ကလေးတွေရဲ့နောက်မှာ ထားလျှင်ကော။ ကလေးတွေကရှေ့က ဆရာမက နောက်ကျောကဆို တော့လည်း မဟန်လှပါ။ ကျွန်မက အခြေအနေကို ပြောပြတော့ အဖေက တစ်မျိုးစဉ်းစားသည်။

"အဲသလိုဆိုရင် မျက်နှာကြက်က အပေါက်ကိုပဲ လုံအောင်လုပ်ရတော့မှာပေါ့။ ဒီလိုလုပ်၊ စက္ကူချပ်နဲ့ မပိတ်နဲ့တော့။ အဖေ သစ်သားချောင်းတွေ တိုင်းဖြတ်ပေးလိုက်မယ်။ သမီး စည်းပြီးယူသွား။ ဟိုကျတော့ တစ်ယောက်ယောက်ကို သံရိုက်ခိုင်းလိုက်"

အဖေက အိမ်အောက်ဆင်းကာ သစ်သားပုံကိုဖွသည်။ နှစ်တစ်လက်မချောင်းကလေးတွေ ရွေးသည်။ ဘေးမှာ ပုံသည်။ ပေတံ တက်ယူကာ နှစ်ပေသာသာ အချောင်းကလေးတွေတိုင်းကာ လွှတစ်ချောင်းနှင့်ဖြတ်သည်။ ဖြတ်ပြီးတော့ မြေပေါ်မှာ စီချကြည့်သည်။ လိုတော့ ထပ်ဖြတ်ပြန်သည်။ အဖေ့မှာ ချွေးတလုံးလုံး။

"ကိုင်း... ထမင်းစားကြစို့ဟေ့၊ သားအဖ ဘာများလုပ်ကြမလို့ပါလိမ့်"

အမေက လှမ်းငေါက်တော့မှ ကျွန်မတို့သားအဖ အမေ့ထမင်းဝိုင်းဝင်ကြရပါသည်။ ကျွန်မတို့မိသားစုမှာ ကျွန်မ ဝင်ငွေသာရှိသဖြင့် အစစအရာရာ ချွေတာကြရပါသည်။ အမေ ချက်ကျွေးသမျှ မညည်းမညူစားကြရသည်။ အမေ့ဟင်းတွေ ကြည့်လိုက်တော့ ဟင်းချိုတစ်ခွက်၊ ငါးပိချက်တစ်ခွက်။ ပြီးတော့ အသားတုဟင်း။ ခုတစ်လော အမေ အသားတု ဓာတ်စာကျနေပါ၏။ မကြာခဏ ချက်တတ်သည်။ အသားတု



ဆိုသော်လည်း ခရမ်းချဉ်သီးနိုင်နိုင်ကလေး ချက်ထားသဖြင့် စားလို့တော့ကောင်းပါသည်။

"အသားတုရယ်လို့ ဘယ်သူကများ ထွင်လိုက်တာလဲ မသိဘူး၊ အသားတု ပေါ်လာတော့ အသားစစ်တွေ နာတာပေါ့ကွာ"

အဖေက အသားတုဟင်း အချက်နာလှတာကို စ,ချင်သဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ အမေက ဘာမှမပြောပါ။ ပြောသာ ပြောရတာပါ။ အမေ့လက်ရာ အသားတုဟင်းက ကောင်းလှပါသည်။ ပြီးတော့ အမေ့ငါးပိကောင်နှပ်က နာမည်ကြီး။ အမေ့မောင် ဘုန်းတော်ကြီးကဆိုလျှင် အမေ့ကို ငါးပိကောင်နှပ် တကူးတက မှာတော်မူရှာပါ၏။ အမေက မကြာခဏဆိုသလို ငါးရံ့လုံး ငါးပိကောင် နှပ်ပေးရပါ၏။ တစ်ခါတော့ အမေက မောင်ဘုန်းကြီးအတွက် အသားတုဟင်းတစ်ခွက် ထည့်ကပ်လိုက်သည်။ ဆွမ်းဟင်း လာယူသော ကျောင်းသားကိုလည်း အသားတုဟင်းဖြစ်ကြောင်း လျှောက်ခိုင်းလိုက်သည်။ သည်နောက်တော့ ဘကြီးဘုန်းကြီးခမျာ အမေ့ကို အသားတုဟင်း မှာတော်မူတော့သည်။ အမေ့ ဟင်းချက်က အဲသလောက် ကောင်းပါ၏။

ကျွန်မတို့အိမ်မှာ ဟင်းချက်စရာ ပြတ်ပြီဆိုလျှင် အဖေက အသားတုကလေး ရှာကြပါဦးဟလို့ နောက်လေ့ရှိသည်။ အမေ ချက်တော့မှာကို သိလို့ဖြစ်ပါသည်။

●

## (၄)

နောက်တစ်နေ့မနက် ကျွန်မ ကျောင်းသွားတော့ သစ်သားချောင်းတွေ စည်းနှောင်ပြီး ကယ်ရီယာမှာ ညှပ်ယူသွားရသည်။ ကျောင်းရောက်

တော့ ဘိုနီ့ကို တူနှင့်သံ အယူခိုင်းကာ ဦးလေးမြနှင့်အတူ သစ်သားချောင်းကလေးတွေ စေ့နေအောင် ရိုက်ခိုင်းရပါ၏။ သည်တစ်ခါတော့ သေချာသွားပြီ။ စက္ကူလို ကွာမကျနိုင်တော့။ ခပ်စေ့စေ့ကလေး ရိုက်ထားတော့ အနံ့အသက်ရော အမှုန်အမှုင်ပါ မကျနိုင်တော့။ ဘိုနီ့ခမျာ ခက်ခက်ခဲခဲ ရိုက်ကပ်ရသဖြင့် တော်တော်ပင်ပန်းသွားပုံရပါ၏။

"မင်း အခန်းက တဒုန်းဒုန်း အသံတွေကြားလို့ ဘာတွေလုပ်နေတာလဲ"

ကျွန်မ အခန်းနှင့် ကပ်လျက်အခန်းက ဆရာမ ဒေါ်မြမူက လာမေးခြင်းဖြစ်သည်။ ကျွန်မက အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ခဏနေတော့ ကျောင်းအုပ်ဆရာကြီး ရောက်လာပြန်၏။ ကျွန်မ ရှင်းပြရပြန်သည်။ ဆရာမတွေ ထမင်းစားတော့လည်း ဒီအပေါက်ကြီးအကြောင်းကပင် ပြောစရာ ဖြစ်ရတော့သည်။

"ကတ်စက္ကူနဲ့ကပ်တာ မရပါဘူးဟယ်၊ တော်ကြာရင်း၊ ကွာကျရင်း၊ တော်ကြာရင်း ကွာကျရင်း၊ အခုတော့ သစ်သားချောင်းနဲ့ ရိုက်ပိတ်လိုက်ပြီ။ ငှက်ချေးစော်တွေ နံ့လွန်းလို့ဟာ"

"ခိုတွေဟာ၊ ငါ့အခန်းလည်း ဒီလိုပဲ၊ သစ်သားဇလီချောင်းကလေးတွေနဲ့ ပိတ်ထားပြီးသား၊ တစ်ခါတလေတော့ ငှက်ချေးတွေ ကျတတ်တယ်"

ဒီလိုနှင့် တစ်ပတ်လောက် ကြာသွားပြန်သည်။

တစ်မနက်...။ ကျွန်မ ကျောင်းကိုရောက်တော့ သစ်သားချောင်းတွေ ပိတ်ရိုက်ထားသော နှစ်တစ်လက်မ ဇလီချောင်းတွေ အခြေပျက်နေကြသည်။ ဇလီချောင်းတွေကို တစ်ယောက်ယောက်က စိတ်ရှည်လက်ရှည် ခွာထားပုံရသည်။ ပြီးတော့ စိတ်ရှည်လက်ရှည် ပြန်ရိုက်ထားပုံမျိုး။ ဇလီချောင်း တစ်ချောင်းဆိုလျှင် ပြုတ်ကျချင်ချင်။ မသေမသပ် ပြန်ကပ်ထား



ရာက သံချက်မမြဲဘဲ ဟ,နေခြင်းဖြစ်သည်။ ဒါကတော့ တစ်ယောက်ယောက်၏ ပယောဂ ဖြစ်နေပြီ။ ဘာသဘောပါလိမ့်။ ဘာရည်ရွယ်ချက်ပါလိမ့်။ သည်အပေါက်ပေါ် လူတက်တာလား။ တက်သည်ပဲထားပါဦးတော့ ဘာအတွက် တက်ရတာလဲ။ တက်စရာလည်း အကြောင်းမမြင်။

အရင်က ကျွန်မ မကြာခဏ ကပ်ခဲ့သော စက္ကူချပ်တွေကလည်း သည်လိုပဲ မရိုးမသား ပြုစုတ်ခဲ့တာပဲ ဖြစ်ရမည်။ ကျွန်မမှာ စဉ်းစားလို့မရလေ စိတ်ထဲ မခံချိမခံသာ ဖြစ်ရလေ။ ကျွန်မ ခေါင်းပေါ်မှာ မျက်နှာကြက်တစ်ချပ်စာ အပေါက်တစ်ပေါက် ရှိနေသည်။ ဒါကို ကျွန်မ တတ်နိုင်သမျှ ပိတ်ဆို့ခဲ့သည်။ ပိတ်ဆို့သမျှ ကွာကျသည်။ ဒါမှမဟုတ် ခွာချသည်။ ဒါကို ကျွန်မ နားမလည်နိုင်။ ဦးလေးမြလည်း မဟုတ်နိုင်ပါ။ တစ်ကျောင်းလုံးက အခန်းပေါက်စေ့ သော့တွေ ကိုင်ထားသူအဖို့ ဘာမျှမရှိသော ကျွန်မ အခန်း မျက်နှာကြက်ကိုမှရွေးပြီး ခွာစရာအကြောင်းမရှိ။ မနက်ကင်းလျှင် အခန်းသော့တွေ လိုက်ဖွင့်သည်။ ဒီနေ့ ကျောင်းဆင်းလို့ ကျောင်းသားကုန်လျှင် အခန်းတွေအားလုံး သော့ပိတ်လိုက်ခြင်းကပဲ ဦးလေးမြ အလုပ်ဖြစ်သည်။

"ကိုင်း... အားလုံး နားထောင်ကြစမ်း၊ ဟောဒီအပေါက်ကြီးက သစ်သားချောင်းတွေ ကွာနေတာ တွေ့လား"

ကျွန်မ လက်ထဲမှာ ကြိမ်ကလေးတစ်ချောင်းကိုင်ကာ မျက်နှာကို ခပ်တင်းတင်းထားရင်း ကျွန်မ အသံမြင့်ကာ အော်နေမိခြင်းဖြစ်၏။ တစ်တန်းလုံး ငြိမ်သွားကြသည်။ ကျွန်မ မျက်နှာကို တစ်တန်းလုံးက ကြည့်နေကြပါ၏။ အတန်းထဲက ကလေးတွေကို ထင်စရာအကြောင်း တစ်စုံတစ်ရာ မရှိမှန်း ကျွန်မ သိပါသည်။ သို့သော် တစ်စွန်းတစ်စ သဲလွန်စကလေးမှ ရစေတော့သဘောဖြင့် ပြလိုက်ခြင်းဖြစ်သည်။ ကျွန်မ

တပည့်ကလေးတွေ တက်ခွာနိုင်ကြမှာ မဟုတ်တာကို သိသော်လည်း သူတို့ သိထားတာ ရှိနိုင်သည် မဟုတ်လား။

"ဆရာမ အပေါက်ကြီးကို ပိတ်တယ်၊ တစ်ယောက်ယောက်က ခွာတယ်၊ ဘယ်သူခွာတာလဲ၊ မင်းတို့ သိကြသလား၊ သိရင် ပြောကြစမ်း"

အားလုံး ခေါင်းကလေးတွေ ငုံ့သွားကြသည်။ သူတို့လည်း နားမလည်နိုင်ကြပါဆို့သည် မျက်နှာကလေးတွေ။ ဆရာမပဲ တက်ဖြုတ်ကြည့်ပါဦးဆိုသည့် မျက်နှာကလေးတွေ။ သူတကာ ကျောင်းတက်ချိန် တက်ကြ၊ သူတကာ ကျောင်းဆင်းချိန် အိမ်ပြန်ကြရသူကလေးများအဖို့ ဒီအပေါက်ကိစ္စက ခေါင်းထဲမှာပင် ရှိကြပုံမပေါ်။ ကျွန်မကလည်း တစ်ခုခုများ သိရလေမလား မေးရခြင်းဖြစ်သော်လည်း ဘာမှတော့ မျှော်လင့်မထားခဲ့ပါ။ ကျွန်မ တပည့်ကျော် ဘိုနီကတော့ ကျွန်မကို မကြည့်ပါ။ အပေါက်ကြီးကိုသာ မော့ကြည့်နေသည်။ ဒီတစ်ခါ ထပ်ပိတ်ရပြန်ဦးတော့မှာပါလား ဆိုသည့် မျက်နှာ။

"ဘိုနီ… မင်း ဘာသိသလဲ ဆရာမကို ပြောစမ်း"

"ဘာမှမသိပါဘူး ဆရာမ"

ထုံးစံအတိုင်း ညှင်းသိုးသိုး အိပ်ချင်မှုးတူးမျက်နှာဖြင့် ပြန်ဖြေသည်။ ကျွန်မကို မကြည့်ဘဲ ဖြေခြင်းဖြစ်သည်။ တချို့ကလေးတွေက ကျွန်မကို ကြည့်နေကြသည်။ တချို့ကလေးတွေက ဘိုနီကို ကြည့်နေကြသည်။ ကျွန်မ စိတ်ထဲမှာ အနံ့တစ်ခု ရသလို ခံစားလိုက်ရ၏။ ငှက်ချေးနံ့ မဟုတ်ပါ။ သံသယရနံ့ကလေးဖြစ်သည်။ ဘာမှတော့ မဟုတ်။ ကျွန်မ စိတ်ထဲ အမှတ်တမဲ့ ဝင်လာသည့် လှိုင်းကလေးတစ်လှိုင်းသာဖြစ်သည်။

"ကိုင်း… မသိကြရင်လည်း ရှိပစေတော့၊ ဘိုနီ မနက်ဖြန် တူနဲ့သံယူခဲ့ဦး၊ ဆရာမတို့ ပြန်ရိုက်ရအောင်"

"ဟုတ်ကဲ့ ဆရာမ"



ကျွန်မတို့ ဆရာမများ ထမင်းစားကြချိန်မှာတော့ ဒီအကြောင်းတွေ ကျွန်မ ပြောပြမိသည်။ သူတို့ခမျာလည်း သဘောထား မပေးနိုင်ကြ။ သိပ်ကြီး အလေးအနက် ရှိကြပုံလည်းမပေါ်။ ကျွန်မမှာသာ ဒီကိစ္စက အကြီးကြီး ဖြစ်နေသော်လည်း သူတို့အဖို့တော့ ရေးကြီးခွင်ကျယ် မရှိကြ။ မဖြူကဆိုလျှင် 'နင်သာ အသားတုဟင်းတွေစားပြီး အူလည်လည်ဖြစ်နေတာ ထင်ပါရဲ့'လို့ပင် နောက်နေသေးသည်။ အမေ့ အသားတုဟင်းကြောင့် ကျွန်မ ထမင်းချိုင့် မဖွင့်ခင်မှာပင် အသားတုနံ့ ရတယ်ဟော့လို့ စ,တတ်ကြသည် မဟုတ်လား။ ပြောသာပြောရတာ။ မဖြူကလည်း ကြက်ဥနှင့် ဘဲဥ ဆုလှယ်နှင့် ထည့်လာတတ်သူပင်။ ခါတိုင်း ဟင်းဝယ်စားနေကျ မမသန်းကတော့ ကနေ့ ဟင်းတွေဘာတွေ ချက်ထည့်လာပါရောလား။

"ဒီနေ့တော့ နင်တို့ကို ဟင်းဆန်း ကျွေးရမယ်၊ ငါ အများကြီးထည့်လာတာ"

ချိုင့်ထဲမှာ ဟင်းတွေအပြည့်။ ငါးလို အတုံးကလေးတွေ ဆီနိုင်နိုင်နှင့် ချက်လာခြင်းဖြစ်သည်။ ဘာဟင်းလဲဆိုတော့ ငါးလိပ်ကျောက်သားတဲ့။ မမသန်းတို့ အမျိုးတွေ မြစ်ဝကျွန်းပေါ်ဘက်က လာလည်ကြလို့ ပါလာတာဟုဆိုသည်။ ကျွန်မကတော့ နာမည်သာ ကြားဖူးပြီး တစ်ခါမှ မစားဖူးသဖြင့် စားရမှာ မဝံ့။ မဖြူကတော့ ပြောင်ဖွင့်မေးသည်။

"မမသန်း… ငါးလိပ်ကျောက်သားက သွေးမတည့်ရင် သမင်ကွက် ထ,တတ်တယ်ဆို"

"ဘာလဲဟဲ့ သမင်ကွက်ဆိုတာ"

"ကြားဖူးတာပါ၊ ဟိုလေ… အရေပြားနာကို ပြောတာ"

"ကြဲကြီးစည်ရာ… ငါဖြင့် တစ်သက်လုံး စားလာတာပါဟယ်"

"အံမယ်လေး… စားကောင်းတဲ့အသား စားတာပဲဟယ်၊ ဘာမှမဖြစ်ပါဘူး၊ သွေးမတည့်ရင် ဘာသားစားစား သမင်ကွက် ထ,ချင် ထ,တာပါပဲ"

မမြမှုက လိပ်ကျောက်သားဟင်းတစ်တုံး လှမ်းခပ်ရင်းက ဝင်ပြောလိုက်သည်။ ထိုမနက်က မမသန်း ကျေနပ်အောင် လိပ်ကျောက်သားတစ်တုံး စားပြခဲ့ရပါ၏။ သို့သော် ကျွန်မ ဝမ်းထဲ ကျသွားသော်လည်း ရင်ထဲက လက်မခံဘဲ ရှိနေခဲ့သည်။ ကျောင်းပြန်တက်တော့ အဖြေကျော် လျက်ဆားဝယ်ကာ လျက်ရပါ၏။ ခေါင်းတွေပင် အုံခဲသလိုလို ခံစားနေရသည်။ ဒီကြားထဲ ခိုချေးနံ့တွေက စာသင်ခန်းထဲ ဝေ့ခနဲ ရောက်လာပြန်တော့ အခန်းအပြင် ထွက်ခဲ့ရသည်။

●

(၅)

သည်ကနေ့တော့ ကျွန်မတို့ ဆရာမတစ်တွေ ထမင်းချိုင့် မထည့်ခဲ့ကြပါ။ ဆရာကြီးအိမ်မှာ ဆွမ်းကျွေးရှိသဖြင့် ဆရာ၊ ဆရာမတွေအားလုံးကို ဖိတ်ထား၍ ဖြစ်ပါသည်။ မူလတန်းကျောင်းကလေးဆိုတော့ ဆရာ၊ ဆရာမ သိပ်များလှတာမဟုတ်။ ကျောင်းကနေ၍ ဆရာအုပ်စုနှင့် ဆရာမအုပ်စုခွဲကာ ဆရာကြီးအိမ်က ဆွမ်းကျွေးကို သွားစားကြသည်။ ဆွမ်းကျွေးကပြန်တော့ ကျွန်မ အတန်းဘက် လျှောက်လာခဲ့သည်။ ကလေးတွေက အတန်းခုံတွေပေါ်မှာ ထမင်းချိုင့်ကလေးတွေဖွင့်ကာ ထမင်းစားနေကြဆဲဖြစ်၏။

"ဆရာမ စားပါဦး"

"စားကြပါကွယ်၊ ဘာဟင်းတွေနဲ့ စားကြတာလဲကွ"



ကလေးတွေ ထမင်းစားနေကြရာကိုသွားပြီး ကျွန်မ စပ်စုကြည့်မိပါ၏။ တချို့က ပဲပြုတ်၊ တချို့က ငါးကလေးဟင်း၊ တချို့က ဘယာကြော် တစ်ကွင်းနှစ်ကွင်း၊ တချို့က ငါးပိချက်။ ဘိုနီကတော့ ကျွန်မကို မကြည့်ဘဲ ခေါင်းကြီးတွင်တွင်ငုံ့ကာ ထမင်းစားနေပါ၏။ ဘိုနီတို့ မိသားစု အကြောင်း ကျွန်မ သိထားသဖြင့် ဟင်းကောင်း မပါနိုင်ရှာမှာကို ကျွန်မ သိပါသည်။ ဘိုနီက ထမင်းချိုင့်ကလေးကို အုပ်သလိုလို၊ ကာသလိုလို လုပ်နေရှာပါ၏။ ဘိုနီ မျက်နှာကလေးကလည်း ချွေးသော်တွေကြားက ရဲလို့။ ဟင်းမကောင်းတာ ရှက်စရာမှတ်လို့ကွယ်…။

"ဘိုနီ ဘာဟင်းလဲကွ"

"ကြွက်သား ဆရာမ"

"ကြွက်သား"

ကျွန်မအဖို့ ကြွက်သားဟင်းဆိုတာ အံ့ဩခြင်း မဟုတ်သော်လည်း ဒီအချိန်မှာ ကြွက်သားလို ဟင်းတစ်ခွက် ချက်လာလိမ့်မည် မထင်ခဲ့။ ကျွန်မက သူ့ချိုင့်ကလေးကို ကြည့်လိုက်တော့ ခရမ်းချဉ်သီးအနှစ်များဖြင့် ရောကောသောကော ဖြစ်နေသည့် အသားတုံးကလေးတွေ မြင်နေရသည်။ ဘိုနီကတော့ ကြွက်သားလို့ ပြောလိုက်ရတာကို ရှက်နေပုံရပါသည်။ ကျွန်မ ကိုယ်တိုင်က ကြွက်သား မစားသော်လည်း ကြွက်သား စားကြသူ ရှာက ဆွေမျိုးတွေကြားမှာ ကြီးပြင်းရသူဆိုတော့ ကြွက်သားသည်လည်း စားကောင်းသော အသားတစ်မျိုးဆိုတာ နားလည်ထားပါ၏။ ရွာမှာ 'လယ်ကြွက်'ကလည်း ပေါသည်မဟုတ်လား။

ကလေးတွေအပါးက ပြန်ထွက်လာကာ စားပွဲမှာ ကျွန်မတစ်ယောက်တည်း ထိုင်နေမိခဲ့သည်။ ကျွန်မ အပေါ်တည့်တည့်မှာ နှစ်ပေပတ်လည်

အပေါက်တစ်ပေါက်။ ကျွန်မအဖို့တော့ ကမ္ဘာကောင်းကင်လေထုထဲမှာ တစ်စ တစ်စ ကျယ်ပြန့်လာသည်ဆိုသော အိုဇုန်းလွှာအပေါက်ကြီး တစ်ပေါက်လို့ပင် ထင်နေမိခဲ့ရပါ၏။ ထိုအိုဇုန်းလွှာအပေါက်ကြီးကို ပိတ်ရဦးမှာပါလား။ ပိတ်ရင်ကော မြဲပါ့မလား။ တစ်ယောက်ယောက်က ဒီအပေါက်ကြီးကို ဖွင့်နေဦးမှာလား။

●

(၆)

နောက်တစ်နေ့မနက် ကျွန်မ ကျောင်းကို စောစောရောက်လာခဲ့သည်။ ကျွန်မ တစ်ယောက်တည်း စားပွဲမှာထိုင်ရင်း မဂ္ဂဇင်းတစ်အုပ် ဖတ်နေခဲ့သည်။ အခန်းထဲ ပထမဆုံး ဝင်လာသူက ကျောင်းသူကလေးတစ်ယောက်။ သူ့နေရာမှာ လွယ်အိတ်ကလေးချကာ ကျွန်မကို ပန်းကလေးတစ်ပွင့် လာပေးသည်။ ဖြူဆေးရိုးယား နှင်းဆီနီကလေးတစ်ပွင့်။

"ဆရာမ မနေ့က ဘိုနီ စားတာ ကြွက်သား မဟုတ်ဘူး ဆရာမ၊ သူ ဆရာမကိုညာတာ"

"ဟော..."

"သမီးတို့က သူ့ရှေ့ မပြောရဲလို့၊ သူစားတာ ခိုသားတဲ့"

"ဩော်..."

ကျွန်မ နာကျင်စွာ ပြုံးလိုက်မိပါ၏။ ကျောင်းသူကလေးက ကျောင်းမုန့်ဈေးတန်းဘက် ထွက်သွားသည်။ ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။ ခဏနေပြီးမှ နှင်းဆီပွင့်ကလေးကို ကောက်ယူကာ ကော်ရစ်ဒါအတိုင်း အပြင်ဘက် လျှောက်လာခဲ့သည်။ ကျောင်းသူ ကျောင်းသားတွေ၊



ဆရာ ဆရာမတွေ ကျောင်းဝဆီက ဝင်လာကြပြီ။ ကျောင်းကလေးလည်း လှုပ်လာခဲ့ပြီ။ ကျွန်မကတော့ အသားတုတွေ ပေါ်လာတော့ အသားစစ်တွေ နာတာပေါ့ဆိုသော အဖေ့ဟာသကို ကြားယောင်ရင်း နာကျင်စွာ ပြုံးမိရပြန်သည်။ ညကျလျှင် ဒီအကြောင်းတွေ အဖေ့ကို ပြောပြရပါဦးမည်။

**Mandalay Icon မဂ္ဂဇင်း**
**(၂၀၀၈) ခုနှစ်၊ မတ်လ**

● ● ●


ခင်ခင်ထူး

# မွေးနေ့ကိတ်

## (၁)

တောသူတောင်သား မိဘနှစ်ပါးက ပေါက်ဖွားခဲ့ရသူ ကျွန်မအဖို့ မွေးနေ့ပွဲဆိုတာကို အမှတ်တရ ကျင်းပရန် အကြောင်းမဆိုက်ခဲ့ပါ။ မွေးနေ့ပွဲ ကျင်းပကြသူတွေကိုလည်း ကျွန်မ နားလည်ပါ၏။ မွေးနေ့ဆို တာကိုက မိမိကို မွေးဖွားခဲ့သည့် နေ့ရက်မဟုတ်လား။ လူသားတစ်ယောက် အဖြစ် လူ့လောကကို ဘွားဘွားကြီး မြင်ရသောနေ့၊ အမိဝမ်းတွင်းမှ လောကကို ရောက်လာရသည့်နေ့ဆိုတော့ လေးနက်သော အဓိပ္ပာယ်တစ်မျိုး ရှိနေတာကိုလည်း ကျွန်မ ခံစားမိပါသည်။ သို့သော် ကျွန်မ ပတ်ဝန်းကျင် မှာတော့ မွေးနေ့ပွဲ ယဉ်ကျေးမှု မရှိသလောက် ရှားပါ၏။ အထူးသဖြင့် ကျေးလက်မှာ ကြီးပြင်းခဲ့ရသူဆိုတော့ ကိုယ့်မွေးနေ့ကိုယ် သတိတရ ရှိခဲ့ ရတာ ရှိသလို ဘာမှန်းညာမှန်းမသိ ကျော်ဖြတ်သွားတာတွေလည်း ရှိခဲ့သည်။ တစ်ခါတလေ အကြောင်းဆိုက်လို့ ဘုရားကျောင်းကန်သွား တာမျိုး၊ ဆွမ်းချိုင့်ပို့တာမျိုးတော့ ရှိသည်။ သည်လောက်ပါပဲ။ မကျင်းပ လိုက်ရလေခြင်းလို့လည်း မရှိ။ ဖြစ်ရလေခြင်းလို့လည်း မတွက်မိ။ ကျွန်မနှင့် မွေးနေ့ပွဲသည် နီးချင်လည်း နီးသည်။ ဝေးချင်လည်း ဝေးသည်။



သမီးကလေး ပေါ်ပေါက်လာတော့ ကျွန်မတုန်းက အကြောင်းမဆိုက် ခဲ့သော မွေးနေ့ဆိုတာ ကျွန်မခေါင်းထဲ ပြန်ဝင်လာခဲ့သည်။ သမီးကို မွေးနေ့ပွဲကလေး လုပ်ပေးချင်ခဲ့သည်။ ခမ်းခမ်းနားနားတော့ မဟုတ်ပါ။ သမီးမွေးနေ့ကို သမီးကလေး ခံစားစေချင်သည်။ ကျွန်မတို့ မိဘနှစ်ပါး ကလည်း ခံစားချင်သည်။ သမီးမွေးနေ့ရောက်တိုင်း ကျွန်မတို့ လုပ်လက်စ အလုပ်တွေကို ပစ်ချထားကာ နှစ်စဉ် ဘုရားကြီးကို သွားဖူးကြသည်။ ဘုန်းကြီးကျောင်း ဆွမ်းချိုင့်ပို့သည်။ ပေးကမ်းစွန့်ကြဲရမည့်သူများကို တတ်စွမ်းသမျှ ပေးကမ်းစွန့်ကြဲသည်။ အထူးသဖြင့် ကျွန်မအမေ (သမီး၏ ဘွားအေ)ကို သွားကန်တော့ကြသည်။

သမီးကလေး မွေးဖွားပြီး ရက် (၁၀၀) ပြည့်သည့်နေ့က ရက် (၁၀၀) ပြည့် မွေးနေ့ပွဲကလေး ကျင်းပဖြစ်ခဲ့တာကိုလည်း ကျွန်မ သတိရ မိပါ၏။ ထိုစဉ်က ကျွန်မတို့မိသားစု မန္တလေးမြို့ အနောက်ပြင် မြစ်ဆိပ် ရှိ ကန်တော်ကြီး အနောက်ခြမ်း အိမ်ရာခေါ်သည့် ရေထွန်းတိုက်တန်းမှာ နေခဲ့ကြသည်။ လေးထပ်တိုက်ခန်းမှာ နေကြတာဆိုတော့ ဖိတ်ကြားထားသူ များခမျှ မရောက်,ရောက်အောင် ရောက်လာကြတာကိုလည်း ကျေးဇူး တင်မိရပါ၏။ အညာစာကလေး ဖြစ်စေချင်သဖြင့် ဆီထမင်းနှင့် စားတော် ပဲပြုတ်၊ ငါးခြောက်ဖုတ်ကလေးဖက်ပြီး ဧည့်ခံခဲ့ကြသည်။ စာပေမောင်နှမ များ၊ ဆွေမျိုးညာတိများ၊ အိမ်နီးချင်းများ စည်စည်ဝေဝေအောင် လာရောက် ခဲ့ကြသည်။ သမီးအတွက် လက်ဆောင်တွေလည်း ပါလာကြသည့်အပြင် ရက် (၁၀၀) သမီးကလေးကို ခေတ်ပုံတွေပါ ရိုက်ကူးပေးကြပါ၏။ သမီးကလေး သိနားလည်သည့်အရွယ်ရောက်လျှင် ခေတ်ပုံတွေ ပြရမည်။

အခုတော့ သမီးကလေး 'လေးနှစ်' ပြည့်ပြီ။ ခံစားနိုင်သလောက် ခံစားတတ်ပြီ။ ခေတ်ပုံအယ်လ်ဘမ်ကိုပြကာ ကျွန်မက ရှင်းပြရပြီ။

"ဒါက ဦးဇော်ဇော်(ဘို) ရိုက်ပေးတာ၊ နှင်းဆီပွင့်ကြီးထဲမှာ သမီး မျက်နှာကလေး ပေါ်နေတာတွေ့လား၊ ဒါက ပါပါနဲ့ မေမေက မော့ကြည့်နေတာ တွေ့လား"

ကျွန်မက အဲသလိုပြောလျှင် သမီးက အင်မတန် ဝမ်းသာနေတတ်ပါသည်။ ပုခက်ထဲမှာ အိပ်နေသည့်ပုံ၊ မိတ်ဆွေတွေက ချီပိုးထားကြသည့်ပုံ၊ ကျွန်မနှင့်အတူ ရိုက်ထားသည့်ပုံ စသည်ဖြင့် ဓာတ်ပုံတွေကလည်း အများသား။ သမီးက စိတ်ကူးရလျှင် မွေးနေ့ဓာတ်ပုံအယ်လ်ဘမ်ကို ထုတ်ယူကာ တစ်ပုံချင်း စိတ်ဝင်တစား ကြည့်နေတတ်သည်။ သူ့ပုံတွေကို သူ သဘောကျကာ ပြုံးနေတာလည်းရှိသည်။

"မွေးက ငယ်ငယ်ကလေး၊ တွေ့လား ပါပါ၊ ချစ်စရာကောင်းတယ်နော်၊ သမီး သူ့ကို ချစ်တယ်"

သမီးက သူ့ကိုယ်သူ ချစ်စရာကလေးဆိုလို့ ကျွန်မ ပြုံးမိရသည်။ ပြီးတော့ သူ့ကိုယ်သူ ချစ်တယ်တဲ့။

ရက် (၁၁၀) ပြည့်မှစ,ကာ တစ်နှစ်ပြည့်၊ နှစ်နှစ်ပြည့်၊ သုံးနှစ်ပြည့်။ ယခုနှစ်တော့ လေးနှစ်ပြည့်မွေးနေ့ ရောက်ခဲ့ရပြီ။ သမီးကလည်း မူကြို ကျောင်းသူကြီး ဖြစ်နေပြီဆိုတော့ အိမ်အေးဝန်းကျင်က ကလေးများနှင့် မူကြိုက ကလေးတွေကို အရုပ်ကလေးတွေ လက်ဆောင်ပေးမည်။ မုန့်ကျွေးမည်။ ဘုရားကြီး ဖူးကြမည်။ သမီး အလွန်သွားချင်တတ်သည့် 78 Shopping Centre ကိုပို့မည်။ ဘွားအေကြီးကို ကန်တော့မည်။

အရုပ်ကလေးတွေချည်း အခုလေးဆယ်လောက် ဝယ်ရမှာဆိုတော့ ကလေးတစ်ယောက်ကို ငါးရာဖိုးစီ လျာထားကြရသည်။ ဘွားအေကြီးအတွက် ဘယ်ရွေ့ဘယ်မျှ၊ ကားခက ဘယ်ရွေ့ဘယ်မျှ၊ အစုစု ဘယ်ရွေ့



ဘယ်နှ တွက်ကြရသည်။ သိ များများလည်း မတတ်နိုင်တော့ ခပ်လောလော ဆုံးဖြတ်ချက်ချ။ ခပ်လောလော ဈေးဝယ်ထွက်ကြရပါ၏။

●

(၂)

ကျွန်မတို့မိသားစု ဈေးချိုအဂ္ဂပ်တန်းကိုရောက်တော့ လိုချင်စရာတွေ များလှပါသည်။ အမယ်တွေကလည်း များလှပါ၏။ ထိုက်ထိုက်တန်တန် မေတ္တာလက်ဆောင် ကမ်းချင်စိတ်ကလည်း ကြီးမားလှပါ၏။ သို့သော် မစွမ်းသာသဖြင့် စိတ်ကလေးလျှော့ကာ မူလ သတ်မှတ်ချက်အတိုင်း ဈေးတိုက်ဝယ်ကြရသည်။ ယောကျ်ားကလေး မိန်းကလေးခွဲကာ အရုပ်ကလေးတွေကို စဉ်းစားကြရသည်။ ယောကျ်ားကလေးတွေအတွက် နင်ဂျာ၊ မော်တော်ကား၊ ဘောလုံးကလေးတွေ စဉ်းစားရသည်။ မိန်းကလေးတွေကတော့ ယုန်ရုပ်ကလေးတွေ၊ ဘိုမရုပ်ကလေးတွေ ဝယ်ရသည်။ တုတ်ချိုချဉ်ကလေးတွေပါ တွဲဖက်ပေးချင်တော့ တုတ်ချိုချဉ်ထုပ်တွေလည်း ဝယ်ရပါသည်။ တရုတ်ဘက်ကလာသည့် အရုပ်ကလေးတွေဆိုတော့ ဈေးပေါပေါနှင့် လှအောင်ပေးနိုင်ပါသည်။ အရုပ်ပေါင်း လေးဆယ်ကို ဝယ်ပြီးပြန်လာတော့ သမီးက အပျော်ကြီး ပျော်နေရှာသည်။ အိမ်ရောက်တော့ စိတ်ပြောင်းသွားလေသည်။

"ဒါတွေ သူများ မပေးနဲ့နော်၊ သမီးပဲ ယူလိုက်တော့မယ်၊ ဘယ်သူ့မှ မပေးတော့ဘူးနော် မေမေ"

မွေးနေ့ရှင်က လက်ဆောင်မပေးရခင်က တွန့်တိုနေလို့ ကျွန်မတို့မှာ ရယ်ရခက် ငိုရခက်။

"သမီးရယ်… ကိုယ့်မွေးနေ့မှာ သူတစ်ပါးကို လက်ဆောင်ပေးတာလေ၊ ကုသိုလ်ရတာပေါ့ သမီးရဲ့၊ မနှမြောရဘူး၊ သမီးပဲ သူငယ်ချင်းတွေကို ပေးချင်လှဆို"

"ဒါဆို ကိုဇင်နဲ့ ဘေတားပဲ ပေးလိုက်"

ကျွန်မတို့ အိမ်နားက သမီးနဲ့ ကစားနေကျ ကလေးနှစ်ယောက်ကို ပြောနေခြင်းဖြစ်သည်။ 'ဘေတား'က ကျွန်မတို့ အိမ်နီးချင်း ဂေါ်ရခါး ကလေးဖြစ်သည်။ အရုပ်တွေ အများကြီးဆိုတော့ ကလေးပီပီ နှမြောစိတ်ကလေး ဝင်လာတာကို ကျွန်မ နားလည်ပါသည်။ သူ့အဖေကတော့ သမီး အမူအယာနှင့် ပြောပုံဆိုပုံ နှမြောပုံကိုကြည့်ကာ 'အဲဒါ မင်းတို့ဘက် သွားတူတာ'ဟုဆိုသည်။ ကျွန်မကလည်း ပြန်မပြောသာပါ။ ကျွန်မ ငယ်ငယ်က နှမြောတတ်ပုံတွေ ပြောပြထားတာ မဟုတ်လား။ သမီးက ဖအေ ဖျောင်းဖျတော့လည်း နားထောင်ရှာပါ၏။

"ပါပါ ပြောမယ်၊ သမီးက မွေးနေ့ရှင် ဖြစ်သွားပြီလေ၊ မွေးနေ့ရှင်ဆိုတာ မွေးနေ့မှာ သူများကို မေတ္တာလက်ဆောင် ပေးရတယ်၊ ကျေးမွေးရတယ်၊ ဒါမှ သူတို့ကလည်း သမီးမွေးနေ့မှန်းသိတော့ ဆုတောင်းပေးကြမှာပေါ့၊ ဘာဘီကလေး ကြည့်ပါလာ"

'ဘာဘီကလေး' ဆိုသည့် စကားက တော်တော်ဟုတ်သွားပါသည်။ သမီးက ဒီဗီဒီခွေတ်ပြားတွေကတစ်ဆင့် ကြည့်ရသည့် စင်ဒရဲလားတို့၊ စနိုးဝိုက်တို့၊ ဘာဘီတို့၊ အဲလစ်တို့ကို သဘောကျသည်။ စိတ်ကောင်းနှလုံးကောင်း ရှိသူကလေးတွေအဖြစ် နမူနာယူနိုင်ရန် အားလျှင်အားသလို ကျွန်မ ရှင်းပြထားတာကလည်း ရှိတော့ ချက်ချင်းသဘောပေါက်သွားပါသည်။ ကျွန်မကလည်း ချက်ချင်း ဝင်ရပါ၏။



"ဒရက်ဇီလာတို့ အနေးတားရှားတို့က စိတ်ကောင်းမရှိဘူးလေ၊ သမီး ကြည့်ရသားပဲ၊ ကြောင်ကြီး လူစီဖားဆိုရင် စိတ်ကောင်းမရှိဘူး မဟုတ်လား၊ သမီးက စင်ဒရဲလားလား၊ ဒရက်ဇီလာလား၊ ကဲ ပြောပါဦး"

"စင်ဒရဲလား"

"အေးပေါ့၊ စင်ဒရဲလားဆိုရင် စိတ်ကောင်းရှိရမှာပေါ့"

ဒီလိုဆိုတော့လည်း နှမြောတွန့်တိုစိတ်ကလေး ပျောက်သွားပုံပေါ်ပါသည်။

"သမီး သူငယ်ချင်းတွေကို အရုပ်ကလေးတွေ ဝေပေးလိုက်တော့ မေမေ"

စင်ဒရဲလားတို့ ဘာဘီတို့ ကယ်သဖြင့် ဒီကိစ္စ အောင်မြင်သွားခဲ့ရပါ၏။ စိတ်ပြောင်းသွားသော်လည်း အရုပ်လေးဆယ်စလုံးကို ဆက်တီးကုလားထိုင်တွေပေါ်တင်ကာ အရုပ်ဆိုင်ဖွင့်ကြေး ကစားနေသေးသဖြင့် ခွင့်ပြုထားရပါ၏။ ကစားလို့ အားရတော့မှ သူ့အရုပ်နှင့် သူ့အထုပ် ပြန်ထည့်ကာ ခြင်းတစ်လုံးထဲ ထည့်ထားရသည်။ သမီးက ကစားလို့ အားရသွားလို့လား မသိပါ။ အရုပ်တွေကို လှည့်လို့ပင်မကြည့်တော့။ တီဗီဘက်လှည့်လာကာ စင်ဒရဲလားခွေတ်ပြားကို Player ထဲထည့်ကာ ကြည့်နေတော့သည်။

ဒီတော့မှ ကျွန်မမှာ မနက်ဆွမ်းချိုင့်ကိစ္စ၊ ဘုရားသွားရမည့်ကိစ္စ၊ သမီး ဘွားအေကြီး နေထိုင်ရာ ချော်ဆိပ်ကို သွားကန်တော့ရမည့်ကိစ္စတွေ ခေါင်းထဲထည့်ရပါသည်။ ဒီတုန်းမှာပဲ တယ်လီဖုန်းတွေလာသည်။ ကျွန်မတို့နှင့် ခင်မင်သူများထံမှ လာသည့်ဖုန်းတွေဖြစ်သည်။ တချို့က မွေးမွေးနှင့် ပြောချင်သည် ဆိုကြပါ၏။ သမီးလက်ထဲ ဖုန်းထည့်ပေးရသည်။

"မနက်ကျရင် ဖွေးဖွေးတို့ တီတီက ဂါဝန်နဲ့ အရုပ်တွေ ယူလာမယ်၊ စောင့်နေနော်၊ ဂျယ်လီဘူးလည်း ဝယ်ထားတယ်"

"ဟုတ်"

"ဟုတ်ကဲ့ပါရှင့်လို့ ပြောရတယ် သမီးရဲ့"

သမီးကိုလည်း တစ်ပါတည်း သင်ရပါ၏။ ကျွန်မမိတ်ဆွေ 'မမီ' ကတော့ သမီး မွေးနေ့အတွက် မွေးနေ့ကိတ် မှာထားတာ ခုပဲရောက်လာလို့ လာပို့မယ် ဖုန်းဆက်သဖြင့် ကျေးဇူးတင်ပါကြောင်း ပြောရပါသည်။ မွေးနေ့ကိတ်ဆိုတော့ ကျွန်မစိတ်ထဲ ကိတ်မုန့်ဝိုင်းဝိုင်းတစ်လုံးကိုပဲ မြင်ယောင်လိုက်သည်။ တကန်တက မှာထားသည်ဆိုသဖြင့် အားနာမိသော်လည်း မငြင်းသာသဖြင့် ကျွန်မကိုယ်တိုင်က လက်ခံရခြင်း ဖြစ်ပါသည်။ ညတွင်းချင်း ကိတ်မုန့် ရောက်လာသည့်အခါမှာတော့ ကျွန်မတို့အားလုံး အံ့သြသွားရပါသည်။ မွေးနေ့ကိတ်မုန့်ကြီးက စက္ကူဘူးဝိုင်းဝိုင်းကြီးထဲထည့်ထားသည်။ ဘူးအဖုံးကို ဖွင့်ကြည့်လိုက်တော့ အတွင်းမှာ ဧရာမကိတ်မုန့်ကြီးတစ်လုံး Happy Birthday ဆိုသည့် စာလုံးနှင့်အတူ နှင်းဆီပွင့်ကြီး တစ်ပွင့်ကို ဖူးဖူးကြီး မြင်နေရသည်။ လင်ဗန်းတစ်ချပ်စာလောက် ကြီးလိမ့်မည် ထင်ပါ၏။ အပေါ်မှ ပန်းနွယ် ပန်းတွန့် ပန်းခက်ကလေးတွေ ပုံဖော်ထားသော ကရင်(မ်)တွေကိုက တစ်ထွေးတစ်မကြီး။ သည်တော့မှ မမီကို ဖုန်းဆက်ရသည်။ တန်ဖိုး နည်းမှာမဟုတ်တာကို စဉ်းစားမိတော့ အလွန်အားနာရပါသည်။

"မမီရယ်... မွေးနေ့ကိတ်ကြီးက ကြီးလိုက်တာ၊ ကျွန်မက မုန့်သေးသေးကလေးလောက် အောက်မေ့တာပါ၊ တန်ဖိုးကြီးတာကို ဝယ်ပို့လို့ ကျွန်မ အားနာနေတာ"



"ရပါတယ် ဆရာမရယ်၊ ဖွေးဖွေးအတွက် လက်ဆောင်၊ အားမနာပါနဲ့ရှင်"

ထိုညက ကျွန်မတို့ မိသားစုသုံးယောက်စလုံး မွေးနေ့ကိတ်ကြီးကို ထိုင်ကြည့်ဖြစ်ကြပါသည်။ ကျွန်မတို့ မျှော်လင့်မထားသော မွေးနေ့ကိတ်မုန့်ကြီးတစ်လုံး ကိုယ့်ရှေ့မှာ မျက်ဝါးထင်ထင် မြင်နေရတာကိုပဲ အံ့သြမိကြရသလို ဝမ်းလည်းသာကြရပါ၏။ သမီးကတော့ ဖွဲ့ချင်လှပြီဆိုသည့် အမူအရာဖြင့် မုန့်ဘူးကြီးကို တကဲကဲ လုပ်နေတော့သည်။

"သမီး... မုန့်ကို မဖွဲ့ရဘူးနော်၊ မနက်ဖြန် သမီးတို့ကျောင်းမှာ သူငယ်ချင်းတွေရှေ့ကျမှ လှီးရမှာ၊ အပဲ့ကြီးဆိုရင် မကောင်းဘူး"

ကျွန်မက မုန့်ဘူးကြီးနှင့်အတူ ပါလာသော ဖယောင်းတိုင်ကလေးများနှင့် မုန့်လှီးပလတ်စတစ်ဓားကလေးကိုကြည့်ရင့် မွေးနေ့အခမ်းအနားကို မျက်စိထဲ မြင်ယောင်နေမိသည်။ မုန့်ကြီးပေါ်မှာ သည်ဖယောင်းတိုင်ကလေးတွေထွန်း၊ မီးညှိ၊ မွေးနေ့ရှင်သမီးကလေးက ဖယောင်းတိုင်ကိုမှုတ်၊ မုန့်ကို ဓားနှင့်လှီး Happy Birthday လို့ ဝိုင်းအော်ကြ။ ဒါကလည်း ကျွန်မ ကြုံဖူးလို့ မဟုတ်ပါ။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ တွေ့ဖူးတာပဲ ဖြစ်သည်။ နောက်ကော ဘာလုပ်ကြရသေးလဲ။

"မေမေ... ကိတ်မုန့်လှီးရအောင်၊ စန္ဒီပိုက်ကလေး မွေးနေ့ကိတ်ကြီးကို ဓားနဲ့ခုတ်ပြီး ဖယောင်းတိုင်တွေ ဖူးဖူးနဲ့မှုတ်တာ၊ လူပုကလေးတွေကို ကျွေးတာ၊ ပါပါ လူပုကလေးလုပ်"

"ဓားနဲ့ ခုတ်တယ်လို့ မပြောရဘူး၊ ကိတ်မုန့်ကိုကျတော့ ဓားနဲ့ခွဲတယ်၊ လှီးတယ်လို့ ပြောရတယ် သမီးရဲ့၊ မနက်ဖြန်ကျတော့ ကျောင်းမှာ ဟက်ပီဘာ့သ်ဒေးလို့ ဆုတောင်းကြမှာလေ၊ ကျောင်းမှာ သမီးသူငယ်ချင်းတွေက လူပုကလေး လုပ်ကြမှာလေ"

ကျွန်မက ချော့ချော့မော့မော့ ပြောလို့သာ လက်ခံလိုက်ရပုံရသော်လည်း သမီးကတော့ ကိတ်မုန့်ကြီးကိုကြည့်ပြီး အူတွေယားနေပုံရသည်။ ကိတ်မုန့်ပေါ်က ရောင်စုံခရင်(မ်)တွေကို ထိဖို့ ဆိတ်ဖို့ လက်တပြင်ပြင်။ စန္ဒီးဝိုက်ကားထဲမှာ ကြည့်ဖူးသော မွေးနေ့ကိတ်မျိုး မျက်ဝါးထင်ထင်ကြီး တွေ့နေရတာကို စိတ်ဝင်စားလို့ မဆုံးတော့။

ကျွန်မတို့ နှစ်ယောက်စလုံးကလည်း သမီးကို အလွတ်မပေးဝံ့။ မုန့်ကြီးကို ဖဲ့လိုက် ကုတ်လိုက်မှာစိုးတော့ ဆူလှယ်နှင့် စောင့်ကြရသည်။ စိတ်ကူးပေါက်လိုက်တာနှင့် အနားကို လာရစ်ပြန်၏။ ညဘက်မှာ မွေးနေ့လုပ်လို့ ရသလား မေးသည်။ လုပ်လို့ရသည်ဆိုလျှင် ခုချက်ချင်း သားအဖသုံးယောက်တည်းနှင့် မွေးနေ့လုပ်ချင်လှပြီဆိုသည့်သဘော မေးခြင်းဖြစ်ကြောင်း ကျွန်မ သိပါသည်။ ဒီတော့ သမီးမွေးနေ့က မနက်ဖြန်မှလေ၊ မနက်ကျမှ လုပ်ရမှာပေါ့ သမီးရဲ့လို့ ဖြေလိုက်ရသည်။ ဖြစ်ချင်တော့ ထိုညက သမီးခမျာ မျက်လုံးများပင် ခိုင်လို့။ တော်တော်နှင့် မအိပ်နိုင်။ ဖအေ စာရေးစားပွဲထိုင်တော့ ကျွန်မက စောင့်နေရပြီး ကျွန်မ ရေးမည်ပြင်တော့ ဖအေတစ်လှည့် လူလုံးပြရပါ၏။ ကျွန်မတို့မှာ အရုပ်ပေါင်းလေးဆယ်၊ မွေးနေ့ကိတ်ကြီးတစ်လုံးနှင့်အတူ မွေးနေ့ရှင်ကို တဟဲ့ဟဲ့ ခြိမ်းမောင်းနေကြရတော့သည်။ သမီး အိပ်ပြီဆိုတော့မှ စိတ်ကလေး အေးကြရကာ မနက်တော့ မုန့်ပုံစံမပျက် သယ်သွားနိုင်ကြမည် တွက်ရပါ၏။

ထိုညက သမီးကို ခြင်ထောင်တွင်း ထည့်သိပ်ရင်း သမီးကို ကျွန်မ ငုံ့ကြည့်နေမိခဲ့သည်။ သမီးကလေးခမျာ အပူအပင် မရှိရှာတော့လည်း ကျားပေါက် ကျွဲပေါက်ကလေးလို မက်ရေစက်ရေ အိပ်နေရှာပါ၏။ သမီးကိုကြည့်ရင်း သမီး အကြောင်းတွေ ခေါင်းထဲရောက်ရပြန်သည်။

●



(၃)

သမီးက မွေးကတည်းက ကျွန်မာသန်စွမ်းသည်။ သူတကာ ကလေးတွေလို ပြေးပြေးလွှားလွှား၊ အော်ကြီးကျယ်လောင် ဆော့တာမျိုးမရှိ။ သူ စိတ်ဝင်စားရာ တစ်မျိုးမျိုးကို စိုက်မိစိုက်ရာ စိုက်၍ ဆော့တတ်ပါသည်။ ကျွန်မတို့မှာ စီစီရီရီ ပုံထပ်ထားသော မဂ္ဂဇင်းတွေကို တစ်အုပ်စီကောက်ပြီး ဆက်တီခုံတွေမှာ ထောင်လိုက်စီချင် စီနေတတ်သည်။ ဗီရိုထဲ ထည့်ထားသော အရုပ်တွေအားလုံး ဆွဲချကာ ကြမ်းပေါ်စီချင်လည်း စီသည်။ အလှယ်တကူထားသော ပန်းကန်ခွက်ယောက်တွေကို သွားယူကာ ကြမ်းပြင်တစ်လျှောက် ချတာမျိုးကလည်း မကြာခဏပင်။ တစ်ခါတလေတော့ စားပွဲပေါ်က Tissue ဘူးလည်း မနေသာပါ။ တစ်သျှူးတွေ တစ်ရွက်ချင်း ထုတ်ကာ လုံးသည်။ အလျှာလိုက် တစ်ရွက်ချင်း ကြိုထားတတ်သည်။ မုန့်ဘူးကိုဖွင့်ကာ မုန့်တွေကို တန်းစီထားတာများလည်း ရှိပါ၏။ မုန့်နှင့် ရေ နဲ့ကာ အစေးပေါက်အောင်ဆုပ်ပြီး ကြဲ့ရာမှာ လိုက်သုတ်သည်။ အိမ်ရှေ့မှာ အိုးပုတ်တောင်းရှိသည်။ ပုဂံယွန်း ကစားစရာရုပ်တွေရှိသည်။ ပလတ်စတ် အရုပ်ကျိုး အရုပ်ပဲ့တွေရှိသည်။ ထိုအရုပ်တောင်းကို စိတ်ရောက်မိပြီဆိုလျှင်တော့ ရှင်းပေရော့။ အိမ်ရှေ့မှာ ရေပိုက်ချထားတာတွေ့လျှင်တော့ ကစားလက်စကို ပစ်ချကာ ရေပိုက်ကို သွားဆွဲသည်။

"သမီး ပန်းပင်တွေ ရေလောင်းလိုက်မယ် မေမေ"

ကျွန်မကို ခွင့်တောင်းရုံ တောင်းပြီးပြီဆိုလျှင်တော့ အဝတ်အစားတစ်စုံလုံလှယ်ဖို့သာပြင်။ ရွှံ့စေးတွေ၊ ရေတွေ ပေပွနေတာကို အင်မတန်သဘောကျတတ်သည်။ ကျွန်မတို့မှာ စာရေးလက်စဖြစ်နေလျှင် 'အေး… အေး… သမီး'ဆိုတာလောက် အသံပြုလိုက်ရတာများသည်။ အာရုံကလေး မပျောက်ခင် သူလုပ်ချင်ရာ လုပ်ပါစေပေါ့။ ငြိမ်နေပြီးတာပဲပေါ့။ သို့သော်

ကိုယ်တိုင်က ခွင့်ပြုပြီးကာမှ ဒေါသဖြစ်ရတာများလည်း ရှိပါ၏။ စာရေးလက်စ ခဏချကာ သမီးကို အကဲခတ်တော့ တစ်ကိုယ်လုံး ရွှံ့အလူးလူး၊ ရေချိုးပေးပေတော့။ ကိုယ်လက်သန့်စင်ပေးပေတော့။ အဝတ်အစားလဲပေးပေတော့။ နောက်ဆက်တွဲက မသက်သာ။ ဆူတော့ ငေါက်တော့ ကျွန်မကို စကားနာထိုးသည်။

"မေမေပဲ အေးအေး သမီး ကစားဆို"

ခေါင်းက ကလစ်တွေ ဆံကုပ်တွေဆိုတာ ဝယ်လို့ပဲ မလောက်နိုင်။ ကြမ်းပေါ်မှာ တစ်ချောင်းချင်း ကောက်ကြရော့။ ကျွန်မရော ဖအေပါ သွားရင်းလာရင်းက ကုန်းကောက်ရတာတွေက နေ့စဉ်အလုပ်။ ကျန်းမာရေးလေ့ကျင့်ခန်း အထူးလုပ်စရာမလို။ မြင်ရာကို ကုန်းကောက်ပြီး ခြင်းကလေးထဲ ထည့်သွားရုံနှင့် ကိုယ်လက်လှုပ်ရှားပြီးသား ဖြစ်ရပါသည်။

သမီးက တစ်ခါတစ်ရံ ကျွန်မတို့ကို စ,တတ်သည်။ ကျွန်မ ပိုက်ဆံအိတ်ကိုဖွင့်ပြီး အထဲက သော့တွဲကို နှိုက်ထားတတ်သည်။ ကျွန်မက သော့ဖွင့်စရာ အကြောင်းရှိလာပြီဆိုလျှင် သော့တွဲ မရှိတော့။ တစ်ရက်နှစ်ရက် ရှာသော်လည်း မတွေ့တော့ သမီးကို မေးရပါသည်။ ချော့ကာမော့ကာမေးမှ စက္ကူပုံးထဲက ပြန်ယူပေးသည်။ တစ်ခါတစ်ရံ သော့ပျောက်ရှာနေသော ကျွန်မကို ပြုံးစိစိ လှမ်းကြည့်တတ်ပါ၏။ ဖအေ့ မျက်မှန်ကတော့ ချွတ်ပြီး မချလိုက်နှင့်။ ခဏနေလျှင် ပျောက်ပြီ။ ဖအေက ဘယ်နားချွတ်မိမှန်း မသိတော့ လိုက်ရှာ။ သမီးက ပြုံးစိစိ။ ကျွန်မက ချော့မေးသော်လည်း သမီးမှ မသိတာလို့ပြောသည်။ ရေချိုးရင်းများ ပေပါထဲ ကျသလား။ ပေပါထဲ လက်နှိုက်စမ်းရသည်။ စာအုပ်ပုံတွေကြား၊ အဝတ်ဟောင်းခြင်းထဲ၊ အိပ်ရာဘေး၊ အရုပ်ဗီရိုထဲ စသဖြင့် ရှာသော်လည်း မတွေ့။ ဒီတော့ ကျွန်မ နည်းစနစ် ပြောင်းရသည်။



"သမီးကို ရှာခိုင်းပါတော်၊ သမီးက သိပ်မျက်စိလျင်တာ၊ ကြည့်နေ တွေ့လိမ့်မယ်၊ သမီး ရှာပေးလိုက်"

သမီးက ဒီတော့မှ သူ ဝှက်ထားသည့်နေရာက ထုတ်လာပြီး ဖအေ့ကို လက်ကမ်းသည်။

တကယ်တော့ သမီးက သူ့နည်းသူ့ဟန်ဖြင့် ကျွန်မတို့နှင့် ကစားနေတာများလားလို့ တွက်မိပါသည်။ အိမ်ဗာဟီရ၊ လူမှုကိစ္စ၊ စာပေကိစ္စတွေကို လှည့်ကြည့်ရတာများတော့လည်း သမီးကလေး ပျင်းပုံရသည်။ ဒီတော့ ကျွန်မတို့ပါ စာရေးစားပွဲက ထ,ရသော အလုပ်မျိုးကို ဉာဏ်မီသလောက် လုပ်နေတာ ဖြစ်ပါလိမ့်မည်။ မိဘနှစ်ပါး ယောက်ယက်ခတ်နေလျှင် ပြီးရောဆိုပြီး သူ့ဘက် အာရုံပြောင်းအောင် လုပ်နေတာပဲဖြစ်သည်။ ဖအေက ငေါက်မိတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ကျွန်မထံ လာတိုးသည်။ ကျွန်မက ဆူမိပြန်တော့ ဖအေ့ထံ ပြေးသည်။ တစ်ခါတလေ ကျွန်မက ရေးလက်စ စာမူတွေပေါ်မှာ အရုပ်တွေရေးကာ လက်စွမ်းပြသွားလို့ ဖျက်ရတာ၊ ပြန်ရေးရတာတွေရှိသည်။ ဖအေ့ လက်ရေးစာမူတွေပေါ်မှာ တံဆိပ်ဝိုင်းတွေ အကွင်းလိုက် အကွင်းလိုက် ရိုက်ထားတတ်ရတာကလည်း သမီးအကျင့်ပင်။ ကျွန်မတို့က သမီးနှင့် မကစားဖြစ်တော့ သမီးက ကျွန်မတို့နှင့် လာကစားတာ ဖြစ်နိုင်ပါ၏။ ဒီလိုဆိုတော့လည်း သနားမိရပါ၏။ မွေ့ရ ဖက်ရ ချော့ပြန်ပါ၏။

ကျွန်မတို့ ဇနီးခင်ပွန်း အိမ်ကိစ္စ၊ လူမှုရေးကိစ္စ၊ စာပေကိစ္စ ထိုင်ပြောကြတော့လည်း ပါးစပ်တွေ လိုက်ပိတ်တတ်သည်။

"ပြောလိုက်ကြတဲ့ စကားတွေတော်၊ နားညည်းလိုက်တာ၊ မပြောကြနဲ့" တဲ့။

ကျွန်မတို့မှာ ပြောလက်စ,စကား ရပ်ကြရသည်။ တစ်ခါတစ်ရံ ကျွန်မတို့ မျက်နှာကို သူ့လက်ဖဝါးကလေးနှစ်ဖက်ဖြင့်ညှပ်ကာ 'ဒီမှာ… သမီးကိုကြည့်'လို့ လုပ်တတ်သည်။ ကျွန်မတို့က သူ့ကို အရေးတယူ ရှိကြတော့မှ ကဗျာတွေရွတ်ပြ၊ မူကြိုကျောင်းက သူငယ်ချင်းတွေအကြောင်း ပြောပြလုပ်ရှာ၏။ တစ်ခါတလေ ဖအေနှင့် သမီး ရယ်ရတာတွေရှိသေးသည်။ ဖအေကို အရာဝတ္ထုအမည်မျိုးစုံ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ မေးခြင်းဖြစ်သည်။ မေးလို့ ဖြေပြန်တော့ သမီးက ဆရာပြန်လုပ်သည်။

"ခြင်ထောင်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ ပါပါ"

"မော်စကွီးတိုးနက်"

"သမီးတို့ မူကြိုမှာကြတော့ ဖရက်ရွတ်လို့ သင်တာ"

"ဩော်… ဟုတ်လား"

"စောင်ကျတော့ ဘယ်လိုခေါ်သလဲ"

"ဘလဲန်ကက်ပေါ့ သမီးရဲ့"

"သမီးတို့ မူကြိုက အဲသလိုမဟုတ်ဘူး၊ ရှော့ဗရော့တဲ့"

မဟုတ်က ဟုတ်ကတွေ ပြောနေပေမယ့် ဖအေက အံ့သြဟန်ပြနေရသည်။ တော်လိုက်တာလို့ ချီးမွမ်းရသည်။ သည်လိုနှင့် မဟုတ်က ဟုတ်က တွေ တသီကြီး ထွက်ကျလာတတ်သည်။ ဒါကိုပဲ ကျွန်မတို့မှာ ရယ်စရာ ဖြစ်ရပါ၏။ ဒါပေသိ သမီး အမှတ်မထားဘူး မထင်ပါနှင့်။ စိတ်ကူးရ ချိန်ဆိုလျှင် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးကို အင်္ဂလိပ်လို ပီပီသသ ရွတ်ပြနိုင်ပြန်သည်။ သမီးက အင်္ဂလိပ်စာ ဝါသနာပါတာ ကျွန်မ သတိထားမိသည်။ မြင်မြင်ကရ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲမေးတာ အကျင့်လိုဖြစ်နေပြီ။ မှတ်ဉာဏ်ကလည်း ကောင်းသည်။ တစ်ခါက အရွယ်နှင့်မမျှ



ရယ်စရာ ပြောလိုက်သဖြင့် ကျွန်မတို့ အံ့သြရပါသည်။ လူရွှင်တော်တွေ ပြက်လုံးထုတ်ကြတာမျိုးပင်။

"ပါပါ… အမေကြီးကို ဘယ်လိုခေါ်လဲ"

"ဂရဲန်းမားပေါ့ သမီးရဲ့"

"မှားတယ်၊ အမေကြီးကို ဒေါ်မြတင်လို့ခေါ်တာပါ၊ ပါပါကလဲ"

သမီးကလေးကို ငုံ့ကြည့်ရင်းက သမီးအကြောင်း စပါးလုံးကောက်နေမိခြင်း ဖြစ်ပါ၏။ အခုတော့ လေးနှစ်သမီး မွေးနေ့ရှင်ကလေးပေါ့။ လေးနှစ်တောင် ရှိသွားပြီလားလို့လည်း တွေးမိရပါ၏။ ရက်တွေ လတွေ နှစ်တွေကလည်း မြန်လိုက်တာ။ လေးနှစ်အရွယ် သမီးကလေးကြောင့်ပဲ ကျွန်မတို့မှာ အဓိပ္ပာယ်ရှိသော လှပသော ဘဝတစ်ခုကို ခံစားခဲ့ရသည်။ နက်နဲသော အဓိပ္ပာယ်တစ်ခုလို လေးနက်ခဲ့ရပါသည်။ သမီး နဖူးကလေးကို ကျွန်မ နမ်းလိုက်မိသည်။

သမီး အိပ်သွားတာ သေချာတော့မှ ခြင်ထောင်ချပေးခဲ့ပြီး အပြင်ထွက်လာခဲ့ရသည်။ မွေးနေ့ကိတ်ကြီးကို ဒီအတိုင်း စားပွဲပေါ် ထားလို့ကလည်း မဖြစ်တော့ နေရာချထားရေး အစည်းအဝေး လုပ်ကြရပါသည်။ ကြွက်တွေ၊ ပုရွက်ဆိတ်တွေတက်မှာ စားမှာကလည်း စိုးတာတစ်ကြောင်း၊ မနက်စောစော အိပ်ရာက နိုးတတ်သော သမီးက ကျွန်မတို့ မနိုးကြခင် ကိတ်မုန့်ကြီးကို နှိုက်လိုက်ဆွလိုက်မှာကတစ်ကြောင်းဆိုတော့ သိမ်းကို သိမ်းကြရမည်။

"ဒီကိတ်မုန့်ကြီး ဘယ်မှာထားမလဲ"

"ငါလည်း စဉ်းစားနေတာကွ"

"ရေခဲသေတ္တာထဲကော"

"ဆံ့ပါ့မလား"

စာရေးစားပွဲပေါ်က ပေတံတစ်ချောင်းကိုယူကာ အလျား၊ အနံ၊ အမြင့် တိုင်းရသည်။ ကြိုးတစ်ချောင်းဖြင့် လုံးပတ်ကိုပါ တစ်လက်စတည်း တိုင်းရသည်။ ရေခဲသေတ္တာက မကြီးတော့ ဆံ့ရုံသာရှိမည်။ သည်အတိုင်း ထည့်လိုက်လျှင် ကိတ်မုန့်ကြီး ပွန်းမှာ ပုံမှာစိုးသဖြင့် ရေခဲသေတ္တာတံခါးမှာ တပ်ထားသည့် ရေဘူးထည့်သည့် အကန့်တွေကို ဖြုတ်ရသည်။ သို့သော် ကိတ်မုန့်ကြီးကို ဘူးလိုက်မ,ကာ အထဲကို ထည့်ဖို့ကတော့ ကျွန်မတို့ ချက်ချင်းမလုပ်ဝံ့ကြပါ။ တစ်ဖက်စောင်းလိုက်သည်နှင့် မုန့်အထိုင်ပါ ပျက်သွားနိုင်သည်။ အိခနဲ ပုံကျသွားနိုင်သည်။

"ကိတ်မုန့်ကြီး; မ,ခဲ့တော့၊ ထည့်ကြရအောင်"

ခင်ပွန်းသည်က ကိတ်မုန့်ကြီးကို တယုတယ မတိမ်းမစောင်း မွေ့ယူလာခဲ့ပြီး ထည့်ကြည့်၏။ ရေခဲသေတ္တာတံခါးကို အသာဖွဖွ ပိတ်ကြည့်ရ၏။ ခွင်တိကွက်တိ။ သည်လိုနှင့်ပင် ရေခဲသေတ္တာထဲ ကိတ်မုန့်ကြီး ရောက်သွားတော့မှ စိတ်အေးရပါ၏။ ညဆယ့်တစ်နာရီလည်း ထိုးပြီးနေပြီ။ ကျွန်မမှာတော့ ညအိပ်ရာထဲ ရောက်သည့်နောက်တောင် ကိတ်မုန့်ကြီးကို အိပ်မက်, မက်နေသေးတော့၏။

●

(၄)

မနက်စောစောကြီး; ဆွမ်းထချက်ကာ အိမ်နားက ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ရသည်။ အစီအစဉ်က ဘုန်းကြီးကျောင်းကအပြန် ရေမိုးချိုး။ သမီးကို အဝတ်အစား ကောင်းကောင်းလဲ၊ ငှားထားသည့်ကားလာလျှင် သမီးတို့ မူကြိုကို အရင်ဝင်ကြမည်။ ပြီးလျှင် မဟာမုနိဘုရားကြီးကို ဖူးကြမည်။ ပြီးတော့ သမီးအမေကြီး (အဘွား)ကို ဆေးနှင့် ကန်တော့ပစ္စည်း



တွေ ကိုယ်ထိလက်ရောက် ကန်တော့စေမည်။ အပြန်မှာတော့ 78 Shopping Centre ကိုဝင်ကာ သမီးကြိုက်တာ ဝယ်ပေးမည်။

"မေမေရေ... ကားလာပြီ"

ကျွန်မတို့ ငှားထားသော ကားကလေးရောက်လာတော့ သမီးက အော်ဟစ်ခုန်ပေါက်နေပြီ။ ကျွန်မတို့လည်း အဝတ်အစား ကမန်းကတန်းလဲကြရသည်။ သမီးကို သူ့တီတီပေးသော ဂါဝန်လှလှကလေးဝတ်ကာ မိတ်ကပ် နှုတ်ခမ်းနီ စသည်ဖြင့် လှလှပပကလေးဖြစ်အောင် ပြင်ဆင်ပေးရသည်။ အရုပ်ကလေးတွေ ထည့်ထားသည့်ခြင်းကို ကားပေါ်တင်ပြီး သမီးကိုပါ ကားပေါ်တစ်ခါတည်း တင်ထားလိုက်ရသည်။ ရေခဲသေတ္တာထဲမှာ ကိတ်မုန့်ကြီးရှိကြောင်း သိသွားခဲ့ပြီ။ တစ်မနက်စာလုံး ရေခဲသေတ္တာကို ဖွင့်လိုက်၊ ပိတ်လိုက်။ ဖအေကလည်း တစ်ချိန်လုံး ကြည့်နေရတာ မဟုတ်လား။

ပြီးမှ မွေးနေ့ကိတ်ကြီးကို ရေခဲသေတ္တာထဲကထုတ်။ ကားပေါ် ရှရှ ကလေးတင်။ ကားဆရာကိုလည်း ဖြည်းဖြည်းပဲ မောင်းခိုင်းရပါ၏။ သည်လိုနှင့် သမီးတို့ မူကြိုကျောင်းကလေးကို ရောက်လာခဲ့ပြီ။ သမီးတို့ မူကြိုက ရိုမန်ကက်သလစ် သီလရှင်ကျောင်းဆိုတော့ ခရစ်ယာန်သီလရှင်ကလေးများက မွေးနေ့အတွက် ပြင်ဆင်ထားသည်။

"Happy Birthday မွေးမွေး"

ကျောင်းပေါက်ဝ ရောက်သည်နှင့် သီလရှင်များက ဆုတောင်းပေးကြသည်။ ကျွန်မ ခင်ပွန်းနှင့် ကားဆရာက ကိတ်မုန့်ကြီးကိုမွေ့ကာ စာသင်ကျောင်းထဲက စားပွဲပေါ်မှာ သွားတင်ကြချိန်မှာ ကျွန်မက သမီးကို ကားပေါ်က မွေ့ချပြီး မူကြိုကျောင်းထဲ ဝင်ခဲ့ကြသည်။ ကျွန်မ ခင်ပွန်းက မုန့်ဘူးအဖုံးကို ဖွင့်ထားခဲ့တော့ ကလေးပေါင်း သုံးဆယ်လောက်က

ကိတ်မုန့်ကြီးကို ဝိုင်းနေကြသည်။ သီလရှင်တစ်ပါး ကလေးတွေကို တန်းစီခိုင်းသည်။ အရုပ်တွေ ဝေမှာဆိုတော့ ကလေးများ သဘာဝ အော်ကြ ဟစ်ကြ ပျော်ကြရွှင်ကြ။ သမီးက အရုပ်တစ်ရုပ်၊ ချိုချဉ်ချောင်းတစ်ချောင်းစီ ဝေပေးသည်။

"မွေးမွေးက အရုပ်ပေးတဲ့အခါ သားတို့ သမီးတို့က ဟက်ပီးဘာ့သ်ဒေး မွေးမွေး သိုင်းခရူးလို့ ပြောရမယ်နော်၊ ကဲ... ဟက်ပီးဘာ့သ်ဒေးလို့ ပြောကြည့်ကြစမ်း"

"ဟက်ပီးဘာ့သ်ဒေး မွေးမွေး"

မွေးနေ့ကိတ်မုန့်ကြီးပေါ် သီလရှင်တစ်ပါးက ဖယောင်းတိုင်ကလေး တွေစိုက်သည်။ မီးထွန်းပေးသည်။ ရောမ မွေးနေ့ကိတ်ကြီးပေါ်မှာ ဖယောင်းမီးတိုင်ကလေးတွေ တလှုပ်လှုပ် ထွန်းလင်းကြလို့။ သမီးကို မှုတ်ခိုင်းတော့ ကလေးတွေက လက်ခုပ်လက်ဝါး တီးကြသည်။ သီလရှင် တွေက Happy Birthday to you လုပ်ကြလေ၏။ ပြီးပြန်တော့ သီလရှင်ကြီးက မွေးနေ့ကိတ်ကို ခွဲသည်။ သမီးကို ခွံ့သည်။ မွေးနေ့ကိတ် ကို အစိတ်စိတ်လှီးကာ ကလေးတွေကို ကျွေးသည်။ ကျွန်မတို့ ပြန်လာ တော့ ကျောင်းကလေးထဲမှာ ပွက်ပွက်ညံ ကျန်ခဲ့လေသည်။ သမီးကလည်း ပျော်လို့။ ကျွန်မတို့ကလည်း အရုပ်ကလေးတွေ ကိုယ်စီကိုင်ကာ ပျော်နေ ကြသော ကလေးတွေကို မြင်ယောင်ရင်း ဝမ်းသာနေမိခဲ့ကြပါ၏။

ကားပေါ်ရောက်ခါမှ သမီးကလေးကို ဖျတ်ခနဲ ကြည့်လိုက်တော့ မျက်နှာကလေးအိုလို့။ ငိုတော့မည့်ပုံ။

"ဟဲ့ သမီး၊ ဘာဖြစ်လို့လဲ၊ ဘုရားကြီးသွားမယ်၊ အမေကြီးတို့အိမ် သွားမယ်၊ ဆမ်ဗတီးအိတ် သွားမယ်၊ မွေးနေ့ရှင်ဆိုတာ ပျော်ပျော်နေရ တယ်လေ"



သမီး မျက်နှာကလေးမှာ မျက်ရည်တွေ ဝေ့လာရာက မျက်ရည်တွေ သွန်ကျလာသည်။ အလို... သမီး ဘာဖြစ်လို့ပါလိမ့်။ ချော့မော့မေးတော့ မှ မျက်ရည်ကြားက ရှိုက်ကြီးတငင် ဖြေပါ၏။

"သမီး ကိတ်မုန့်ကြီးက သမီး နည်းနည်းပဲ စားရတယ်၊ ကျန်ခဲ့တာ အကြီးကြီးပဲ၊ ပြန်ယူပေး"

ကျွန်မမှာ စိတ်လည်းမကောင်း ရယ်လည်း ရယ်ချင်။ သမီးအဖေ ကတော့ ကားခေါင်းထဲမှာ ထိုင်တာဆိုတော့ နောက်ကပြဿနာကို သိမည် မဟုတ်။ သိလျှင်လည်း 'အဲဒါ မင်းတို့ဘက်က လာတာ'လို့များ ပြောနေ လေမလား။ ကျွန်မက သမီးကလေးကို နမ်းလိုက်တော့ မျက်ရည်တွေ ကျွန်မ ပါးပြင်ကို ကူးလာခဲ့သည်။

"သမီးရယ်... သမီး ဟက်ပီးဘာ့သ်ဒေးက မေမေလည်း မဝဘူး၊ ဘုရားကြီးရောက်မှ မုန့်တီသုပ် ခေါက်ဆွဲသုပ် တစ်ပွဲစီနဲ့ ဟက်ပီးဘာ့သ်ဒေး လုပ်ကြရအောင်၊ သမီး ကြိုက်သလောက် စားစမ်း"


ဒီလိုဆိုတော့ သမီးက ပြုံးသည်။ ဘုရားကြီးရောက်တော့ သားအဖေ တစ်တွေ ဆာဆာနှင့် တွယ်လိုက်ကြပုံများ။


Happy Birtaday ပါသမီးရယ်...။

**Beauty မဂ္ဂဇင်း။**

**(၂၀၀၉) ခုနှစ်၊ ဖေဖော်ဝါရီလ**

• • •





# ခွေးတို့အမေ

## (၁)

ကျွန်မတို့အိမ်မှာ အိမ်မွေးတိရစ္ဆာန်ရယ်လို့ သီးသီးသန့်သန့် မရှိပါ။ ဘာသာဘာဝအလျောက် ရောက်လာတတ်ကြသော ငှက်များ၊ ရှဉ့်များနှင့် သူတစ်ပါး အိမ်ဆီက ကူးလာတတ်သော ကြောင်ကလေးများတော့ မြင်ရတတ်ပါ၏။ ကျွန်မတို့နေရာက သစ်ပင်ကြီးတွေ ပေါသဖြင့် လာရောက်နားခိုတတ်ကြသော ငှက်တွေကလည်း အမျိုးစုံလှပါသည်။ စာကလေး၊ ချိုးငှက်၊ ဆက်ရက် စသည်ဖြင့်။ ချိုးငှက်ဆိုလျှင် ချိုးဖို ချိုးမ မောင်နှံနှစ်စုံပင် ပါလိုက်သေးသည်။ ချိုးလည်ပြောက်ကလေးတွေ။ မနက်မိုးလင်းသည်နှင့် ကျွန်မတို့ ခြံဝိုင်းထဲမှာ ငှက်မျိုးစုံတို့ ညီလာခံကြပြီ။ ကျွန်မတို့က ပိတောက်ပင်အောက်က မြေပြောင်ပြောင်မှာ ဆန်စေ့ကလေးတွေ မွေးခနဲ ကြဲပက်လိုက်လျှင် ငှက်ကလေးတွေ တဖျောက်ဖျောက်နှင့် ရောက်လာကြကာ အစာကောက်ကြတာကို ကြည့်ရင်း ကြည်နူးရပါ၏။

ရှဉ့်ကလေးတွေကတော့ သစ်ပင်တစ်ကိုင်းက တစ်ကိုင်း ဘားကျွမ်းလွှဲသလို တလွှားလွှား ခုန်ကူးနေတတ်သည်။ ရှဉ့်ကလေးတွေကို ကျွန်မတို့ ချစ်ပါ၏။ သို့သော်လည်း ခြံထဲမှာ သီးသမျှ အသီးမခံနိုင်။ အုန်းသီး၊ မာလကာသီး၊ သရက်သီးကလေးတွေ အလုံးမပီလိုက်ရ။ တဖြုတ်ဖြုတ်



ကိုက်ချနေတော့သည်။ ရှဉ့်ကလေးတွေ ဆိုးသော်လည်း ချစ်စရာတော့ကောင်းသည်။

ကျွန်မ ကိုယ်တိုင်က သစ်ပင်ပန်းပင် စိုက်ပျိုးခြင်းကို နှစ်နှစ်ခြိုက်ခြိုက်ကြီး ဝါသနာထုံလှသော်လည်း အိမ်မွေးတိရစ္ဆာန်ကလေးတွေက ယုယုယယမွေးမြူဖို့အတွက်တော့ ဝါသနာ မပါလှပါ။ ခွေးကလေး၊ ကြောင်ကလေးတွေကို တမွေ့မွေ့ တပိုက်ပိုက် လုပ်ရမည့်အရွယ်လည်း မဟုတ်သလိုသူတို့ ဆိုးမျိုးတွေကို ကျွန်မ မခံနိုင်တာလည်း ပါပါလိမ့်မည်။ စာအုပ်တွေများသော ကျွန်မတို့အိမ်မှာ ကြွက်တွေ သောင်းကျန်းလွန်းလှသဖြင့်တစ်ခါတော့ ကြောင်ကလေးတစ်ကောင်လောက်မွေးရင် ကောင်းလေမလားစိတ်ကူးကြည့်မိပါ၏။ သို့သော် ကြောင်တစ်ကောင်၏ ဗာဟီရအလုပ်ကိုကျွန်မ မလုပ်ချင်။ ကြောင်ကို အစာကျွေးရတာလောက်က အကြောင်းမဟုတ်သော်လည်း အိမ်ကလေး ပုတ်လောက် ကျီလောက် သေးသေးထဲကြောင်တစ်ကောင်နှင့် အတူနေရမှာကို ကျွန်မ မနှစ်သက်ပါ။ ကြောင်ကကြွက်ခုတ်သည်ပဲထားဦး။ တစ်စစီ ပြန့်ကြဲနေမည့် သွေးတရဲရဲ ကြွက်သေကို ကျွန်မ ဘယ်လိုလုပ်ရမှန်းမသိ။ သည်တော့ ကြွက်တွေလည်း အိမ်မှာပြေးလိုက်လွှားလိုက်နှင့် ပွားချင်တိုင်း ပွားနေသည့်တိုင် ရှိကြပါစေတော့၊ နေကြပါစေတော့လို့သာ သဘောထားလိုက်ရတော့သည်။ ကြောင်ဒုက္ခမခံနိုင်တော့လည်း ကြွက်ဒုက္ခ ခံရုံပေါ့။

အိမ်ကလေး ခြံကလေးနှင့် ဖြစ်လာတော့ အိမ်ခြံဝိုင်း လုံခြုံဖို့အတွက်ခွေးကလေး တစ်ကောင်လောက်တော့ ကျွန်မ မွေးချင်နေပါ၏။ ကျွန်မတို့နေကြသော လမ်းတိုကလေးထဲမှာ မည်သည့်အိမ်မှ ခွေးမရှိပါ။ ကျွန်မတို့ပြောင်းလာခါစကတော့ လမ်းထဲမှာ ခွေးတွေ တစ်အုပ်တစ်မကြီး မြင်ခဲ့ဖူးသည်။ ဘယ်အိမ် ဘယ်သူကမှ တကန်တက မွေးထားတာမဟုတ်ဘဲ

ပိုင်ရှင်မဲ့ ခွေးများအဖြစ် ရှိနေကြခြင်းမျိုးဖြစ်သည်။ ကျွန်မတို့ အိမ်နီးနားချင်းအိမ်က ခြံစည်းရိုး လုံလုံခြုံခြုံ မရှိသည့်အတွက် အရပ်တကာ ခွေးတွေ တိုးလျှိုပေါက် ဝင်နိုင် ထွက်နိုင်သည်မှစ,ကာ များလာခြင်းဖြစ်သည်။ လူသူ အမောင်းအမဲ ကင်းကြသဖြင့် ခွေးတွေကလည်း နေသာကြပုံရပါ၏။ ထိုအခါ ခွေးတစ်အုပ်သည် လမ်းခွေးများအဖြစ် အမြဲရှိနေတော့သည်။ တစ်နှစ် တစ်နှစ် ခွေးသားအုပ်မ သုံး,လေးအုပ်က ပေါက်သော ခွေးကလေးတွေက တရုန်းရုန်း။ အချိန်တန်တော့ ခွေးကလေးတွေ မရှိကြပြန်တော့။ ခွေးကြီးတွေသာ ကျန်ခဲ့ကြမြဲ ဖြစ်၏။ ထိုအိမ်နီးနားချင်း ပြောင်းသွားသည့်အခါမှာတော့ ခွေးတွေခမျာ ခိုကိုးရာမဲ့ကြရာက ဘယ်ဆီရောက်ကုန်ကြသည် မသိ။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်လေတော့သည်။ ထိုအခါမှစ၍ ခွေးတစီစီ လမ်းကလေးသည် ခွေးမဲ့သောလမ်းအဖြစ် ရောက်သွားရပြန်ပါ၏။

ညတိုင်လျှင် ခါတိုင်းကြားနေကျ ခွေးဟောင်သံသော်မှ မကြားရသည်မှစကာ ခွေးတစ်ကောင် မွေးချင်စိတ်ကလေး ဝင်လာရခြင်းဖြစ်ပါသည်။ ခွေးကတော့ ကြောင်လိုမဟုတ်။ အိမ်ထဲသွင်းထားစရာမလိုပဲ ခြံထဲမှာပဲထားလို့ရသည်။ အစာရေစာ ကျွေးတော့လည်း စဉ့်အင်တုံကလေးတစ်လုံးနှင့် သပ်သပ်ခပ်ခပ်ထားလို့ ရနိုင်မည်ထင်၏။ ကျွန်မ အိမ်သားနှင့်တိုင်ပင်တော့ 'မင်းသဘော'ဟု ဆိုသည်။ ကျွန်မမှာ ခွေးမွေးခွင့် ပါမစ်ရပြီး ဖြစ်သော်လည်း တော်တော်နှင့် မမွေးဖြစ်ခဲ့ပါ။ ဂေါဝိန်မှာနေသည့် ကျွန်မမောင် အငယ်ဆုံးက သူ့အိမ်မှာ မွေးထားသည့် မွေးစုတ်ဖွား ခွေးကလေးတွေထဲက တစ်ကောင် ယူပါလားလို့ ပေးသော်လည်း အဲသလို ခွေးမျိုးတော့ ကျွန်မ မလိုချင်ပြန်။ အယ်လ်ဇေးရှင်းလို၊ တယ်ရီယာလို နိုင်ငံခြားခွေးများ၏ ဆိုးမျိုးကို မခံနိုင်။ ခွေးတစ်ကိစ္စ မပိုချင်သလို ခွေး



ဆေးခန်းသွားရတာတွေ ဘာတွေကလည်း ကရိကထများသား မဟုတ်လား။ ရိုးရိုးလမ်းခွေး ကောင်းကောင်း တစ်ကောင်လောက်ပဲ လိုချင်သည်။ ဟောင်ဖော်ရလျှင်ပင် ကျေနပ်ပြီ။ ညရေးညတာ ခွေးသံကြားရလျှင် တော်ပြီ။

သို့သော် ကိုယ့်အလုပ်နှင့်ကိုယ်ဆိုတော့ ခွေးစီမံကိန်းသည်လည်း ခေါင်းထဲက ပျောက်သွားရပြန်ပါ၏။ ဒီလိုနှင့် အိမ်ငှားတွေများသော ကျွန်မတို့ လမ်းတိုကလေးထဲမှာ ဘယ်အိမ်ငှားကမှ ခွေးမမွေးကြသကဲ့သို့ ဘာသာဘာဝအလျောက် ရောက်လာသည့် ခွေးရယ်လို့လည်း မရှိခဲ့တာကြာပြီ။

●

(၂)

တစ်မနက်...။

ကျွန်မ ခြံတံခါးကို ဖွင့်လိုက်စဉ်မှာ ခွေးတစ်အုပ်တစ်မြုံကြီး အိမ်ရှေ့ရောက်နေတာ တွေ့လိုက်ရပါ၏။ အိမ်ရှေ့က အလှစိုက် ညောင်ဝါပင်အခြေက ကျင်းချိုင့်ထဲမှာ ကျကျနနကြီး နေရာယူထားကြပြီ။ ခွေးညိုညိုကလေးတွေကို နို့တိုက်နေသော မိခင်ခွေးဖြူမက ကျွန်မ တခါးရှက်အဖွင့်မှာ ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။ ရန်များမူနေမှာလား၊ စာနာဖေးမမည့်သူလား ဝေခွဲနေသည့် အကြည့်မှန်း ကျွန်မ သိလိုက်ပါ၏။ ခွေးလက်စ ဆုံးနေခဲ့သော ကျွန်မတို့ လမ်းတိုကလေးထဲကို ခွေးသားအမိတစ်တွေ ရောက်လာကြပြီကော။ မျက်စိလည် လမ်းမှားပြီး ရောက်လာကြတာကိုပဲ အံ့သြနေမိပါသည်။ ဝမ်းလည်း သာမိသည်။ လမ်းထဲမြဲအောင် အစာရေစာ ကျွေးရမည်။

"ခွေးကလေးတွေတော် ချစ်စရာကလေးတွေ"

မနီးမဝေးမှာထိုင်ရင်း ကျွန်မ ရေကြည့်လိုက်တော့ ခွေးကလေးတွေ ခုနစ်ကောင်တောင်မှ။ အသွေးအရောင်ကလည်း တစ်ဆင်တည်း။ အညို များများ အဖြူကျားကလေးတွေချည်း။ ခွေးကလေးတွေက မျက်စိပွင့်ခါစ နို့စို့အရွယ် ခွေးပေါက်ကလေးတွေ။ ထမင်းတောင် နှုတ်သီးထိုး စားတတ် ကြသေးပုံမပေါ်။ သမီးက ဘီစကစ်တွေ ချကျွေးတော့လည်း စားရကောင်း မှန်းမသိ။ နမ်းကြည့်ရှုကြည့်၍ မစားကြ။ ခွေးမကြီးခမျာတော့ ပိန်လွန်းလှ သည့်အထဲ သားသမီး ခုနစ်ကောင်ကို နို့တိုက်ရရှာလို့ အရိုးပေါ်အရေတင် လျက်ရှိ၏။

"ခွေးမကြီးနှယ်ဟယ်... ပိန်လိုက်တာ"

သားသမီးခုနစ်ကောင် မွေးဖွားထားရရှာသော ခွေးမကြီးခမျာ အား အင်လည်း ချိနဲ့နေပုံ ရပါ၏။ ခွေးကလေးတွေကတော့ တစ်ကောင့် တစ်ကောင် တိုးကာဝှေ့ကာ မိခင်နို့ပိန်ကို လုကာယက်ကာ စို့နေကြသည်။ မြင်ကွင်းကိုကြည့်ရင်း ကျွန်မ ရင်ထဲ မကောင်းလှပါ။ နို့မှထွက်ရဲ့လား။ ဝကော ဝလင်ကြရဲ့လား။ ခွေးမကြီးခမျာကော အစာရေစာ အဆင်ပြေရဲ့ လား။

ကျွန်မက အိမ်ထဲပြန်ဝင်ပြီး ထမင်းနှင့် ဟင်းကိုနယ်ကာ လူးကာ ခွေးမကြီးကို ချကျွေးတော့ ခွေးကလေးတွေကို နို့လွှတ်ပြီး ထ,စားလိုက်တာ။ ထိုနေ့ကစပြီး ခွေးသားအုပ်မ တစ်ပြုံကြီးက ကျွန်မတို့အိမ်ရှေ့မှာ စတည်းချကြလေပြီ။ ကျွန်မကလည်း မနက်တစ်ခါ၊ ညတစ်ခါဆိုသလို ထမင်းကျန် ဟင်းကျန်တွေစုပြီး ကျွေးရပါ၏။ တစ်ခါတစ်ရံ ခွေးမကြီး မရှိတတ်သော်လည်း ခွေးကလေးတွေကတော့ အိမ်ရှေ့မှာ တရှုရှု ရှိနေ တတ်ကြသည်။ ခွေးကလေးတွေ အစာစားတတ်လာတော့ ဈေးကိုပြေးပြီး



စဉ့်အင်တုံကလေးသုံးလုံး ဝယ်ရပြန်ပါသည်။ အင်တုံသုံးလုံးမှာ ထမင်းတွေ ခွဲဝေကျွေးရသည်။ အချင်းချင်း လုကြ၊ ကိုက်ကြ၊ မာန်ဖီကြတာကိုကြည့် ရင်း ကျွန်မမှာ သင်ရ ဖျင်ရတာတွေ လုပ်ရပါ၏။ ခွေးညိုကလေးတစ် ကောင်ဆိုလျှင် စဉ့်အင်တုံ သုံးလုံးစလုံး မလွှတ်အောင်ကူးကာ ရန်လုပ် နေတတ်ပါသည်။ မှုန်ကုတ်ကုတ် ခွေးကလေးတစ်ကောင်ကတော့ အမြဲ တမ်း နောက်ဆုတ်ပေးနေရသည် ခပ်အူအူ အကောင်ကလည်း ဟိုပြေး လိုက်၊ ဒီပြေးလိုက်နှင့် ဗျာများနေသော်လည်း ဘာတစ်ခုမှ စားပိုးစားနင့် စားလိုက်ရသည် မရှိ။

"ဟဲ့... ခွေးညို လာလေ ဒီဘက်ကို၊ ကြည့်စမ်း ဒီကောင်က ဗိုလ် ကျလိုက်တာတော်၊ တကတည်း မောင်နှမချင်းဟာကို... ဟိတ် ငါ့မတိုးနဲ့"

ခွေးကလေးတွေကို အစာကျွေးတိုင်း ကျွန်မ အော်ဟစ်နေတာကို ခင်ပွန်းသည်ကတော့ ခပ်ဝေးဝေးက ပြုံးလေသည်။ ခွေးကလေးတွေက တစ်ဆင်တည်း တစ်သွေးတည်းဆိုတော့ အညိုကဲသည့် ခွေးသုံးကောင်က ခွေးညို ဖြစ်ရကာ အဖြူကျားသည့် ခွေးကလေးတွေကိုတော့ ဖြူကျား လို့ပဲ လွယ်လွယ်ခေါ်လိုက်ပါ၏။ ခွေးကလေးတွေအတွက် ထန်းလျက် တစ်ပိဿာ ဈေးကို လူကြုံမှာပြီး စိတ်ရတိုင်း ကျွေးသည်။ ထန်းလျက်က ခွေးဆေးလို့ ဆိုကြတာ မဟုတ်လား။ ထမင်းကို ဆန်တစ်ဘူး ပိုချက်ပြီး မနက်ပြန် ညပြန် ကျွေးသည်။ နှစ်ပတ်လောက်ရှိလာတော့ ခွေးကလေး တွေ ဝဖီးလာလိုက်ကြတာ လုံးလို့။

"မင်း ခွေးတွေကို ထမင်းချည်းကျွေးလို့ ဘယ်ရပါ့မလဲ၊ ဆန်ကို သားရိုးငါးရိုးနဲ့ ရောကျိုပြီး ကျွေးပါလား၊ ပေါပေါသီသီ စားရတာပေါ့"

ခင်ပွန်းသည်က အကြံပေးတော့ ကျွန်မမှာ ဈေးက ငါးရိုးတွေ၊ ဆိတ်ရိုးတွေဝယ်ကာ ဆန်တစ်ဘူးနှင့် ကျိုကျွေးကြည့်သည်။ သို့သော်

ဒီကောင်တွေက ထမင်းစားရတာလောက် ခံတွင်းတွေ့ကြပုံမပေါ်။ မစားချင်သလိုလို စားချင်သလိုလို။

"အံမယ်... ထမင်းကျိုကျွေးတော့ မစားချင်ကြဘူး ဟုတ်လား၊ ထမင်းနဲ့ ဟင်းကျတော့ အလုအယက်... အတော်လည်တဲ့ အကောင်တွေ"

ခွေးကလေးတွေ ထမင်းကျွေးဖို့ ကျွန်မ ထွက်လာပြီဆိုသည်နှင့် တအီအီ အော်ကြတာ ပွက်လို့။ ကျွန်မမှာ အော်ရဟာစ်ရတာလည်း အမော။ နေ့လယ်နေ့ခင်း အဝတ်ကလေး ထွက်လှမ်းတာကအစ ကျွန်မ အသံကြားလျှင်ပင် ခြံတံခါးအပြင်က တအီအီနှင့် အော်ကြကာ အစာတောင်းကြလေတော့သည်။ ခြံတံခါးကို မဖွင့်လိုက်နှင့်။ ဖွင့်လိုက်မိလို့ကတော့ ကျွန်မ ခြေထောက်နှစ်ဖက်ကြား တိုးကြ ဝှေ့ကြ တွယ်တက်ကြတာများ အူယားစရာ ကောင်းလှသည်။ ခြေလှမ်းပင် လှမ်းလို့မရအောင် ဘက်ပေါင်းစုံက တွယ်တက်ကြသည်။ အသံမျိုးစုံအောင် အော်ကြသည်။

"ဟဲ့ ဖယ်ကြစမ်း၊ ဩော်... တက်နင်းမိတော့မှာလဲ၊ ဟာ... လမ်းတောင်သွားလို့မဖြစ်တော့ဘူး၊ ဟဲ့... ဖယ်ကြစမ်း၊ ဟဲ့... ဟဲ့"

●

(၃)

ခွေးတစ်မြုံကြီး ကျွန်မတို့အိမ်ရှေ့ ရောက်လာစကတော့ ဘယ်က ဘယ်လို ရောက်လာမှန်း မသိခဲ့သော်လည်း နောက်ပိုင်းမှာတော့ သတင်းအစအန ရလာခဲ့ပါ၏။ ကျွန်မတို့အိမ်မှာ မနက်ပိုင်း လာကူတတ်သော မဖြူက သတင်းသယ်လာခြင်းဖြစ်သည်။

"ဟိုဘက်(ဆ)ရပ်ကွက်က လာပစ်သွားတာလေ၊ ဟိုဘက်လမ်းထဲမှာ ခွေးမနှစ်မက ပေါက်တာ ဆရာမ၊ ပေါက်တာမှ ခုနစ်ကောင်စီ၊ ကျွေးရတာ



မနိုင်တော့ ခွဲကြတာပေါ့၊ တစ်မက ဒီဘက် လာပစ်သွားတာ၊ တစ်မြုံက ဈေးထိပ်မှာ ပစ်ထားခဲ့ကြသတဲ့"

"ဩော်... ဒါကြောင့်ကိုး"

ခွေးကလေး ခုနစ်ကောင် ကျွန်မတို့အိမ်ရှေ့ ရောက်လာစက မအေ ခွေးဖြူမကြီး တစ်ကောင်တည်းဖြစ်၏။ သို့သော် ခွေးဖြူမကြီး မရှိသည့်အခါ ခွေးညိုမတစ်ကောင် ရောက်လာပြီး နို့တိုက်နေတတ်သည်။ ခွေးကလေးတွေကလည်း စို့ကြသည်။ တစ်ခါတစ်ရံ ပေါ်လာတတ်သော ခွေးညိုမကလည်း မိခင်နှင့်မခြား နို့စို့ခံရှာသည်။ ငြိမ်ပြီးရပ်ပေးနေရှာသည်။ ခွေးကလေးတွေကို လျှာဖြင့် လျက်ပေးနေတတ်သည်။ ခွေးညိုမနှင့် ခွေးဖြူမ ဘယ်အကောင်က မိခင်အရင်းလည်း ကျွန်မ မဝေခွဲတတ်တော့ပါ။ နှစ်ယောက်စလုံးက မိခင်ရင်းလို နို့စို့ခံနေကြတာထား။ ခွေးကလေးတွေကလည်း အနားရောက်လာသည့် ခွေးမကို မအေတွယ် တွယ်ကြမြဲ။ ဒီတော့ မဖြူကိုပဲ မေးရပါ၏။ မဖြူပြောမှ ရှင်းတော့သည်။

"ခွေးမကြီးနှစ်ကောင်က တစ်မအေတည်းမွေးတဲ့ ညီအစ်မ ဆရာမရဲ့၊ အစ်မ သားသမီးတွေ အဒေါ်က နို့လာကူတိုက်တာ၊ ခွေးကလေးတွေကတော့ မအေရယ် အဒေါ်ရယ် မသိကြဘူးလေး ရှိတဲ့နို့ တွယ်ကြတာ"

တစ်ကောင်က ခွေးညိုမ၊ တစ်ကောင်က ခွေးဖြူမ။ ခွေးတွေမှာတောင် ညီအစ်မ သံယောဇဉ်၊ တူသားနှောင်မယ် သံယောဇဉ်တွေ ရှိကြပါလားလို့သာ အောက်မေ့ရပါသည်။ ကျွန်မတို့အိမ်ရှေ့ ရောက်လာသော ခွေးဖြူမကလည်း တစ်ခါတစ်ခါ ပျောက်ပျောက်သွားတာ သူ့ညီမ ခွေးညိုမဆီ သွားတာနေမှာပေါ့။ ခွေးညိုမရဲ့ သားသမီးခုနစ်ကောင်ကို အပြန်အလှန် နို့ပြေးတိုက်တာ နေမှာပေါ့။ ကျွန်မသိရသလောက် ပြောပြတော့ ခင်ပွန်းသည်ကလည်း စိတ်ဝင်စားပုံရပါသည်။

"ထူးတော့ ထူးဆန်းသားပဲ၊ ဇီဇအရ ရှိနေတဲ့ သံယောဇဉ်ပေါ့လေ"

ကျွန်မ တစ်ခု သတိထားမိသည်မှာ အဝေးတစ်နေရာက ခွေးညိုမ ရောက်လာလျှင် ခွေးဖြူက ခပ်ဝေးဝေးကို ထွက်သွားတတ်သည်။ နှစ်ကောင် အတူ နို့မှုတ်ိုက်တာမျိုးတော့ မရှိခြင်းပင်။ ခွေးကလေးတွေကလည်း ကြုံ သလို စို့ကြရှာပါ၏။ ကျွန်မကတော့ ဘယ်ခွေးရယ်မဟုတ်ဘဲ စဥ့်အင်တုံ သုံးလုံးထဲကို နေ့စဉ် ခွေးစာကျွေးညဉ့်မြဲ။ ထမင်းကြမ်း ကျန်တော့လည်း ထမင်းနှင့်ဟင်း နယ်ဖတ်ကျွေးမြဲ။ ခွေးဖြူမရော ခွေးညိုမပါ ထမင်းကို လုမစားရှာကြပါ။ ခွေးကလေးတွေစားလို့ ပိုမှ စားကြသည်။ ခွေးကလေး ခုနစ်ကောင်ကိုတော့ ကျွန်မ ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်မိပါ၏။

တိရစ္ဆာန်ဆိုပေသိ ခွေးကလေးတွေကလည်း ထမင်းရှင်ရယ်လို့ သိ တတ်ကြပါသည်။ မနက်မှ မလင်းသေး၊ အိမ်ရှေ့ခြံတံခါးကို ကုတ်ကာ ခြစ်ကာ အသံစာစာပေးကာဖြင့် ကျွန်မတို့ကို တအီအီ နှိုးနေကျ။ သူတို့ ဗိုက်ဆာကြပြီ။ ကျွေးပါတော့ပေါ့။ မိုးလင်းပြီ ထကြပါတော့ပေါ့။

"အပြင်က မင်းဘော်ဒါတွေ အော်ကုန်ကြပြီ၊ ထတော့ဟေ့"

ပုံမှန်အားဖြင့် စာရေးညဉ့်နက်သော ကျွန်မအဖို့ မနက်လင်း အိပ်ရာထ နောက်ကျတတ်ပါ၏။ အိပ်ရေးမဝဘဲ အိပ်ရာက မထချင်။ တစ်ရေးသန့်သန့် ဝဝကြီး အိပ်လိုက်ရမှ တစ်နေ့လုံး လန်းဆန်းတတ်သော ကျွန်မမှာ အိမ်ရှေ့က ခွေးအီသံကလေးများကြောင့် အိပ်ရာထဲနေလို့ မရနိုင်တော့။ မျက်နှာ ထသစ်ရတော့သည်။ မျက်နှာသစ်ပြီး အိမ်တံခါးနှစ်ချပ် ဖွင့်လိုက်လို့ ကျွန်မကို ဖျတ်ခနဲ မြင်လိုက်ကြပြီဆိုသည်နှင့် အော်သံတွေ အသံမြှင့်ကြကာ ဆီးကြိုနေကြလေပြီ။

"ဟေ့ကောင်တွေ၊ လူတောင် ကော်ဖီတစ်ခွက် မသောက်ရသေး ဘူး၊ မင်းတို့က ဆာနေကြပြီပေါ့လေ၊ ဘာလဲ မင်းတို့..."



ကျွန်မက အသံပေးလိုက်လျှင် တံခါးကြီးကိုပဲ ကျော်တက်ကြတော့ မလိုလို၊ တံခါးအောက်က လျှိုဝင်ကြတော့မလိုလို။ ပိုပြီးလူပ်ရှုကုန်ကြ တော့သည်။ ကျွန်မမှာ မျက်နှာပင် မသုတ်အားသေးဘဲ ထမင်းကြမ်းခဲကို ညက ဟင်းကျန်ဖြင့်လူးကာ ခြံတံခါးသော့ကိုဖွင့်ပြီး စဥ့်အင်တုံကလေး တွေထဲ ထမင်းထည့်ကျွေးရတော့သည်။

"ဟဲ့... ဖယ်ကြဦး၊ အို ကြည့်စမ်း၊ ဗွက်တိုးဝင်တာ တံခါးကြား ညပ်နေပြီ၊ ဆရာနေရေ လာဦးဗျို့၊ ခွေးကလေး တံခါးကြား ညပ်နေလို့"

"ကွိန်... ကွိန်... ကွိန်... ကွိန်"

ကျွန်မက တံခါးအဖွင့် ခွေးတွေက တံခါးအောက်က နှုတ်သီးလျှို အတိုး၊ ခွေးကလေး၏ခေါင်းက မြေကြီးနှင့် သစ်သားဘောင်တန်းကြား ညပ်ကာ တကွိန်ကွိန် အော်ခြင်းဖြစ်၏။ အိပ်ရာထဲမှာ နပ်ရင်း ရေဒီယို တစ်လုံးဖြင့် ဇိမ်ခံနေသော ခင်ပွန်းသည်လည်း မနေရ။ အိပ်ရာထ,ကာ ကျွန်မနှင့် ခွေးကလေးတွေဆီ ပြေးလာရတော့သည်။ တစ်ယောက်က တံခါးကြီးကိုမ တစ်ယောက်က ခွေးကလေးတွေကို အသာအသာဆွဲထုတ်။ မသေကောင်း မပျောက်ကောင်း။ အော်လိုက်တာများ ငယ်သံပါလို့။ ကျွန်မမှာ ရယ်လည်း ရယ်ရ၊ သနားလည်း သနားရ။

"ဒေါ်ထူးထူး ခွေးတွေက လူတောင် ကောင်းကောင်းမနေရတော့ ပါလား"

"ကျုပ်လည်း အိပ်ရေးဝဝ မအိပ်ရပေါင်တော်၊ မထမချင်း အော် နေကြတာ မကြားဘူးလား"

ဒီလိုကိစ္စကလည်း တစ်နေ့အမှုမဟုတ်။ ခွေးကလေးတွေ အော်တိုင်း ထွက်ကြည့်ရတာမျိုး၊ ထမင်းဆာလို့ ခြံတံခါးဝ လာကုတ်တိုင်း ထွက်ကျွေး ရတာမျိုး၊ ညတိုင်လျှင် ခွေးကလေးတွေ အေးမှာစိုးသဖြင့် သစ်ပင်အောက်

အဝတ်ထုထု သွားခင်းပေးရတာမျိုး၊ မနက်တိုင်လျှင် အိပ်ရေးမဝတဝ ထမင်းထကျွေးရတာမျိုး စသည်ဖြင့် ကရိကထများသော်လည်း ခွေးကလေးတွေကို ကျွန်မ သံယောဇဉ်တွယ်နေမိခဲ့ပြီ။

ခွေးကလေးတွေဘက်ကလည်း ရက်သားရလာတာနှင့်အမျှ ကျွန်မတို့ မိသားစုကို ပိုပြီးခင်တွယ်လာပုံရပါ၏။ သမီးကလေးသည်ပင် ပျင်းလျှင် ခွေးကလေးတွေကို သွားစ,တတ်သည်။ အထူးသဖြင့် သူတို့ကို အစာကျွေးသော ကျွန်မကိုတော့ ပိုပြီးခင်တွယ်ကြရှာသည်။ အိမ်ထဲဆီက ကျွန်မအသံကြားလျှင်ပင် ခြံတံခါးဆီ ပြေးကပ်လာကြပြီး တအိအိနှင့် အော်နေတတ်ကြသည်။ ကျွန်မကများ လှမ်းအသံပြုလိုက်လျှင် တံခါးအောက် အတင်းခေါင်းထိုးသွင်းကြတော့သည်။ ဒီတော့လည်း ထန်းလျက်ခဲ တစ်ဆုပ်ယူကာ ခြံတံခါးကို ဖွင့်ရမြဲပါ။ ယူနိုင်သည့် ကုသိုလ်ကလေး ယူရခြင်းပင်။

●

## (၄)

"မေမေ... ဖုန်းလာနေတယ်"

အိမ်နောက်ဖေးမှာ ချက်ပြုတ်နေသော ကျွန်မကို သမီးက လှမ်းခေါ်ခြင်းဖြစ်ပါ၏။ သူ့အဖေ မြို့ထဲသွားသဖြင့် ကျွန်မပဲ ဖုန်းကိုင်ရမှာဆိုတော့ ဟင်းအိုးကို မီးဖိုပေါ်မှချကာ ပြေးကိုင်ရသည်။ တစ်ခုရှိသည်မှာ ကျွန်မတို့အိမ်ထဲက ဖုန်းပြောလို့ သိပ်မကောင်းပါ။ ဒီတော့ ဖုန်းလာလျှင် ခြံထဲသွားပြောရသည်။

"ဟုတ်ကဲ့ပါရှင်"

"မထူးလား ဦးဇင်းပါ"



စလင်းမြို့မှ ကျွန်မတို့ လေးစားကြည်ညိုရသော ဆရာတော် ဦးစန္ဒိမ။ ဦးဇင်းက ကိုလမင်း (စလင်း)၊ တင့်လွင်ကျော်ဖြိုးစသည့် လလောင်များဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ အက်ဆေးများရေးနေသော စာရေးဆရာ ဦးပဥ္ဇင်းလည်း ဖြစ်ပါသည်။ ကျွန်မတို့ ဇနီးမောင်နှံထံ မကြာခဏ ဖုန်းဆက်ပြီး စာအကြောင်း ပေအကြောင်း မိန့်လေ့ရှိသူလည်း ဖြစ်ပါ၏။

"ဦးဇင်း သိပ်မကြားရဘူး မထူး"

ဦးဇင်းက စလင်းမြို့မှ ဖုန်းဆက်တော်မူခြင်းဖြစ်သည်။ နေရာရွှေ့ရွှေ့ ပြောလာလိုက်တာ ခြံဝတံခါးနားရောက်မှ အသံကောင်းကောင်းကြားရတော့သည်။ ကျွန်မလည်း ခြံဝရောက်ရော ခွေးကလေး ခုနစ်ကောင်က ပြေးလာကာ တစ်ခဲနက်အော်ရင်း ဝိုင်းကြလေ၏။

"ဦးဇင်း ဒီလ မအိမ်ကံ ဖတ်ပြီးပြီ။ အဲဒီထဲက မုန့်လေပွေ ဆင်နင်းသလိုဆိုတဲ့စကား သဘောကျလို့ မထူးရဲ့၊ ဦးဇင်းတို့ငယ်ငယ်က အမေတို့ပုံနိုင်းတာ ကြားဖူးပေမယ့် ဒီစကားက ပျောက်နေတာလေ"

"တင်ပါ့ဘုရား"

"မထူး အနားမှာ ခွေးတွေရှိလို့လား၊ ခွေးအော်သံတွေ ကြားနေရပါရော"

ဦးဇင်းမိန့်တော့ ကျွန်မမှာ ရယ်လည်းရယ်ချင်၊ နေရာကလည်း ရွှေ့မဖြစ်တော့ ဒီအတိုင်းသာ ဆက်ပြောနေရသည်။ ဒါကလည်း ကျွန်မ ဖုန်းပြောတိုင်း၊ ကျွန်မအသံ ကြားလေတိုင်း ခွေးမောင်နှမ ခုနစ်ကောင်တို့၏ နှုတ်ဆက်သံတွေ ဖြစ်ပါသည်။ ဦးဇင်းနှင့် ဖုန်းပြောပြီးတော့ ထွက်ငေါက်ရပါ၏။

"လာခဲ့ကြစမ်း၊ ဖုန်းကောင်းကောင်း မပြောရဘူး၊ တကတဲတော်"

နောက်တော့ ကျွန်မထံ ဖုန်းလာတိုင်း နောက်ဖေးတံခါးကိုဖွင့်ကာ ခြံစည်းရိုးနား ကပ်ပြောရတော့သည်။ ညနေတိုင်း အိမ်ရှေ့မှာ နာရီဝက်လောက် ကျွန်မ လမ်းလျှောက်နေကျလည်း ဘယ်လိုမှကို လျှောက်မဖြစ်တော့။ ခြံထောက်ကြားထဲ တိုးဝင်ကြကာ ခြေလှမ်းများပင် လှမ်းမဖြစ်။ ကျွန်မ ခင်ပွန်းကပင် ကျွန်မကို 'ခွေးတို့အမေ'ဟု စ,တတ်ပါ၏။

ကျွန်မမှာ အိမ်မှုကိစ္စ ဗာဟီရနှင့် သမီး ကျောင်းပို့ ကျောင်းကြို မအားလပ်သည့်ကြားက ခွေးကလေး ခုနစ်ကောင်ကို ကျွေးမွေးစောင့်ရှောက်ရသည့် တာဝန် ပိုလာခဲ့သော်လည်း မညည်းညူမိပါ။ ကျွန်မ၏ မီးဖိုချောင်ကိစ္စထဲမှာ ခွေးစာတစ်အိုးကျိုရသည့် အလုပ်တစ်လုပ် ပိုလာတာကိုပင် စိတ်လိုလက်ရ ရှိနေခဲ့ပါပြီ။

## (၅)

ခွေးကလေးတွေ နည်းနည်း လ,သားရလာတော့ မိခင်ခွေးဖြူမကြီးက အိမ်ရှေ့မှာ သိပ်မနေတော့ပါ။ တစ်ခါတစ်ရံ နေကုန်ပျောက်နေတတ်သလို ညဘက်တွင်လည်း ပြန်လာချင်မှလာသည်။ ခွေးကလေးတွေခမျာ မအေနို့ မစို့ရမှန်း သိပြန်တော့ ကျွန်မမှာ ထန်းလျက်ကလေး ကျွေးလိုက်၊ ထမင်းကလေး လူးကာကျဲကာ ကျွေးလိုက်နှင့် ရှိရပါ၏။ တစ်ခါတစ်ရံ မိခင်ခွေးဖြူမကြီး ရောက်လာသည့်အခါ ခွေးကလေးတွေက မိခင်နို့လုစို့ကြသော်လည်း ခွေးမကြီးက တိုက်ချင်ပုံမရ။ နို့မတိုက်သည့်အပြင် သားရင်း သမီးရင်း ခွေးကလေးတွေကိုပင် ရန်မူစိတ် ဝင်လာချင်ချင်။ တစ်ခါများ ခပ်ကဲကဲ ခွေးညိုကလေးကို ခွစီးပြီး ကုပ်ကိုခဲကာ ရက်ရက်



စက်စက် ယမ်းခါနေသဖြင့် ခွေးညိုကလေးခမျာ မျော့လို့။ အော်လိုက်တာလည်း ရင်ကွဲလုမတတ်ပင်။ ကျွန်မလည်း ပြေးထွက်ရတော့သည်။

"ဟဲ့ခွေး… ဟဲ့ခွေး… ခြော် ဘယ့်နှယ် ကိုယ့်ကလေးတွေကိုယ် ပြန်ကိုက်နေရတယ်လို့"

ကျွန်မက ဝါးခြမ်းပြားနှင့် လိုက်တော့မှ ခွေးကလေးကုပ်ကို လွှတ်ချကာ ပြေးလေ၏။

"ခွေးမကြီးက နို့တွယ်မခံချင်တော့လို့ နေမှာကွ"

ကျွန်မလည်း ဒီလိုပဲ တွေးလိုက်မိပါ၏။ နောက်တော့ ကျွန်မတို့ထင်သလို မဟုတ်ပါ။ ခွေးဖြူမက အလစ်ရောက်ရောက်လာကာ ခွေးကလေးတွေကို တစ်ကောင်ချင်း လိုက်ကိုက်သည်။ ဆွဲ,ဆွဲခါသည်။ ထိပ်ပေါက်သွေးစို့ ဖြစ်လာရသည်အထိ ရန်မူလာခဲ့သည်။ ခွေးကလေးတွေခမျာ မိခင် ခွေးမကြီး ရောက်လာမှာကိုပင် ကြောက်လွန်းသဖြင့် ကျွန်မတို့ခြံထဲ ဇွတ်တိုးဝင်ကြ၊ လွတ်ရာလွတ်ကြောင်း ပုန်းကြ ရှောင်ကြသည်အထိ ဖြစ်လာတော့ ကျွန်မမှာ သံသယစိတ်ကလေး ဝင်လာမိခဲ့သည်။ ဘာများဖြစ်လို့ပါလိမ့်။ ရူးသွားတာများလား။

"ခွေးမကြီးက ရိုးရိုးမှ ဟုတ်ရဲ့လား မသိဘူးနော်၊ ရူးများနေသလားတော်"

တစ်ရက် ကျွန်မ အိမ်ထဲ အလုပ်များနေခိုက် ခွေးကလေး အော်သံကြားသဖြင့် ထွက်ကြည့်တော့ ခွေးမကြီးက လှမ့်ကိုက်သဖြင့် ခွေးကလေးတစ်ကောင် အိမ်ရှေ့ရေမြောင်းထဲကျနေတာ တွေ့ရပါသည်။ မြောင်းထဲကျနေသော ခွေးကလေးကို ခွေးမကြီးက အပေါ်စီးက လှမ်းကိုက်နေတာ တွေ့ရတော့ ကျွန်မ စိတ်မထိန်းနိုင်တော့။ အနီးမှာရှိသည့် အုတ်ခဲကျိုးဖြင့်

ထိမိထိရာ လှမ်းထုလိုက်သည်။ ခွေးဖြူမကြီးက ကျွန်မကိုပင် မာန်ဖီနေလေပြီ။

ခွေးကလေးတွေ အော်သံကြားလို့ ထွက်ကြည့်တိုင်း မိခင်ခွေးမကြီးက အလစ်မှာ လာလာကိုက်နေသည်ချည်း။ ကျွန်မလည်း အသံကြားတိုင်း မနေရ။ အသံကြားရာ အိမ်နီးနားချင်းတွေလည်း မနေရ။ ကြာတော့ ကျွန်မမှာ နေ့ရောညပါ ခွေးစောင့်ရတာနှင့် အလုပ်ဖြောင့်ဖြောင့် မလုပ်နိုင်။ စာဖြောင့်ဖြောင့် မရေးနိုင်။ ထမင်းဖြောင့်ဖြောင့် မစားနိုင်။

"မင်းကို မပြောရက်လို့၊ ခွေးကလေးတွေကို ဒီအတိုင်း ပစ်ထားရင် ဒုက္ခရောက်နိုင်တယ်ကွ၊ တို့ကလည်း အပြင်ထွက်တာတွေ ဘာတွေရှိမှာလေ၊ ခွေးမကြီးက ရူးနေတာဆိုရင် လမ်းထဲက လူတွေအတွက်လည်း အန္တရာယ်ရှိတယ်၊ မင်း မွေးချင်ရင် ခွေးပေါက်ကလေး တစ်ကောင်လောက် ယူထားလိုက်၊ ကျန်တာ ဘုန်းကြီးကျောင်း သွားပို့လိုက်ချင်တယ်"

ခင်ပွန်းသည်ကပြောတော့ ကျွန်မ စဉ်းစားရပါပြီ။ တကယ်တမ်း ခွေးကလေးတွေကို ကျွန်မ ရေရှည်မထိန်းသိမ်းနိုင်တာ မှန်ပါသည်။ ကျွေးရမွေးရတာ အကြောင်းမဟုတ်သော်လည်း သူတို့ကလေးတွေကို ထာဝ- အန္တရာယ် မကျရောက်အောင်တော့ ကျွန်မ မစော-င့်ရှောက်နိုင်။ မိခင်ရင်း ခွေးဖြူမကပင် နေ့ညမရွေး လာလာကိုက်နေတော့ ကျွန်မတို့လည်း ကောင်းကောင်းမနေရ။ နောက်ဆုံးတော့ ခွေးကလေးတွေကို ခပ်ဆေးဆေးက ဘုန်းကြီးကျောင်းသွားပို့ဖို့ ကျွန်မကိုယ်တိုင်က သဘောတူလိုက်ရပါသည်။ ထိုဘုန်းကြီးကျောင်းမှာ ကျောင်းကို လာပို့သမျှ ခွေးတွေကို လက်ခံပြီး ဆွမ်းကြွင်း ဆွမ်းကျန်များ စွန့်ကြဲကျွေးမွေး စောင့်ရှောက်တော်မူနေသောကျောင်း ဖြစ်ပါ၏။



ခွေးကလေး ခုနစ်ကောင်ကို သွားမပို့ခင် ကျွန်မကိုယ်တိုင် ထမင်းတွေ ဝလင်အောင် ကျွေးသည်။ ထန်းလျက်ခဲတွေ ကျွေးသည်။ ရေတိုက်သည်။ ကျွန်မ မှာထားသဖြင့် ခွေးလာယူသည့် အမှိုက်တွန်းလှည်း ရောက်လာသည်။ ကျွန်မ ခင်ပွန်းကတော့ ကျွန်မ၏ ခံစားမှုကို သိပုံရသဖြင့် ပြောပါသေးသည်။

"မင်း တစ်ကောင် ယူထားလိုက်လေ"

ကျွန်မ ခေါင်းကိုသာ ယမ်းမိတော့သည်။ ခေါင်းယမ်းခြင်းသည် ငြင်းပယ်ခြင်းဆိုလျှင် သည်ခေါင်းယမ်းမှုကတော့ ငြင်းပယ်ခြင်း မဟုတ်ရပါ။ လက်ခံချင်လှစွာ ခေါင်းယမ်းမိခြင်းသာ ဖြစ်ပါသည်။ ခွေးကလေးတစ်ကောင်တည်းကို ယူထားလိုက်သည်ဆိုပါစို့။ ကျန်သော ခွေးကလေး ခြောက်ကောင်အပေါ် မေတ္တာမဲ့ရာကျရော့မည်။

ကျွန်မက ခွေးပစ်ခ ကျပ်နှစ်ထောင်ပေးထားသဖြင့် အမှိုက်တွန်းလှည်းဆရာက ခွေးကလေးတွေကို ဘုန်းကြီးကျောင်းရောက်အောင် ပို့ပေးမှာဖြစ်ကြောင်း၊ သူ့မှာ ခုတစ်လော ခွေးကလေးတွေ ဘုန်းကြီးကျောင်းချည်း ပို့ပေးနေရကြောင်း၊ ဘုန်းကြီးကလည်း ပို့သမျှ လက်ခံကာ ကျွေးမွေးတော်မူကြောင်း၊ မနေ့တစ်နေ့ကပင် ခွေးကလေး ခုနစ်ကောင်ကို ပို့ပေးခဲ့ရကြောင်းတွေ ပြောပြနေပါသည်။ ကျွန်မကတော့ သူ့လှည်းအိမ်ထဲကို ခွေးကလေးတစ်ကောင် ကောက်ထည့်လိုက်တိုင်း မျက်ရည်တွေ ကျနေရပါ၏။ လှည်းသံဆန်ခါကြားက တအီအီ အော်ကြရင်း ကျွန်မကို နှုတ်ဆက်နေကြတာလား၊ အသနားခံနေကြတာလား မသိရသော အသံတစ်မျိုးကို ပြုနေကြရှာသည်။ သံဆန်ခါကို တိုးနေကြသည်။

"ဘုန်းကြီးကျောင်းမှာ အေးချမ်းပါတယ်ကွယ်၊ ဆေးလည်း ကင်းပါတယ်။ မင်းတို့ ကြီးလို့ လမ်းမှတ်မိတော့လည်း လာကြပေါ့၊ သွားကြတော့နော်"

ကျွန်မ စိတ်ထဲက ပြောနေခြင်း ဖြစ်ပါသည်။ တွန်းလှည်းဆရာက တွန်းသွားပြီး လမ်းကွေ့ကို ချိုးလိုက်သော်လည်း သူတို့ အသံကလေးတွေ တအိုင်အိုင် ကြားနေရဆဲ။ ကျွန်မမှာတော့ တောင့်တောင့်ကြီး ရပ်နေမိပါ၏။ ရပ်ရင်းက တစ်စုံတစ်ရာကို ကျွန်မ စိတ်ရောက်သွားခဲ့သည်။ မနေ့ကပဲ ခွေးကလေးခုနစ်ကောင် ပို့လိုက်ရသည်ဆိုသော တွန်းလှည်းဆရာ၏ စကားကိုဖြစ်သည်။ ဈေးထောင့်မှာ ပစ်ထားခဲ့သော ခွေးညိုမ၏ သားသမီး ခုနစ်ကောင်များပေလား။ ဒါဆိုလျှင်တော့ မအေညီအစ်မမွေး ညီအစ်ကို မောင်နှမတစ်တွေ ဘေးကင်းရာမှာ ဆုံကြကောင်းပါရဲ့။

ထိုညက ခွေးကလေးတွေရဲ့အသံ မကြားရတော့ပါ။ တိတ်ဆိတ်လျက်။

**ချယ်ရီမဂ္ဂဇင်း၊**
**(၂၀၀၉) ခုနှစ်၊ ဖေဖော်ဝါရီလ**

● ● ●



# မြောက်ကျွန်းသူ

## (၁)

မြောက်အရပ်မှ တောင်အရပ် ပင်လယ်ဆီသို့ စီးဆင်းလာသော မြစ်မကြီး တစ်နေရာတွင် မြစ်လယ်ကျွန်းသုံးကျွန်း အစဉ်လိုက်တန်းနေသော ရေလယ်ကျွန်း ဆက်တန်းတစ်တန်းရှိသည်။ ကျွန်းဆက်တန်း ဆိုသော်လည်း တစ်ကျွန်းနှင့် တစ်ကျွန်း နီးနီးကလေးလားဆိုတော့ မနီးပါဟုသာ ဖြေရပါမည်။ မနီးဘူးလားဆိုတော့လည်း နီးသည်သာ။ ကျွန်းသုံးကျွန်းကြားမှာ အခြားကျွန်း မရှိ။ တစ်နည်းအားဖြင့် အခြားကျွန်းရွာတစ်ရွာတလေ ဝင်ခုနေတာမျိုး မရှိ။ မြစ်မသည် မြောက်ဘက်မှ စီးလာကတည်းက မြောက်ဘက်စွန်း ရေလယ်ကျွန်းမကို ခေါင်းခွေ့သည်။ ကျွန်းမကို ရေဦးထိုးရာက ရေနှစ်မြွာကွဲကာ ကျွန်းမကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက်မှ ရေကြောင်းနှစ်ကြောင်း ပေါ်သည်။ ရေကြောင်းနှစ်ကြောင်းစလုံး လှေသဘော်သွားလို့ ရအောင်ပင် ကျယ်လှ နက်လှပါ၏။ ထိုရေကြောင်းနှစ်ကြောင်းက အောက်ဘက် အလယ်ကျွန်းကိုရော၊ တောင်ဘက်အစွန်းက တောင်ကျွန်းကိုပါ ခွ၍ စီးဆင်းနေပေရာ ထိုနေရာတွင် ကျွန်းဆက်သုံးကျွန်းသည် ရေလယ်ကျွန်းများအဖြစ် သဘာဝတရားကပင် နေရာချထားသကဲ့သို့ ရှိပါ၏။



ကျွန်းသုံးကျွန်းသည် ရွာသုံးရွာ ဖြစ်သည့်အလျောက် ကျွန်းသုံးကျွန်း ရေလယ်မှာ ထွန်းကတည်းက မြောက်ကျွန်း၊ အလယ်ကျွန်း၊ တောင်ကျွန်း လို့သာ အလွယ်ခေါ်ခဲ့ကြသည်မှစကာ သည်အမည်များ တွင်ခဲ့လေတော့သည်။ ကျွန်းရွာတွေဆိုတော့ ရွာချင်းကူးရ်ာတော့လည်း လှေနှင့်တက်နှင့် ကူးကြရသည်။ ကျွန်းတစ်ကျွန်းစီ၏ တစ်ဖက်တစ်ချက်တွင် ကူးတို့လှေတွေ ရှိကြသဖြင့် ဖြတ်ကူးတို့၊ လျားကူးလို့ သွားချင်သလို သွားလို့ရကြသည်။

ကျွန်းမကြီး သုံးကျွန်းမှာ အရွယ်အစားချင်းကလည်း မကွာ၊ ကျွန်းထွန်းခဲ့သည့် နှစ်တွေကလည်း မကွာ၊ လူနေအိမ်ခြေတွေကလည်း မတိမ်းမယိမ်းဆိုတော့ ဘယ်ရွာက ဘယ်နေရာမှာ ဘယ်လိုသာသည်ရယ်လို့ မရှိ။ စီးပွားရေး၊ ကြီးပွားရေးတွေမှာလည်း မကွာပါ။ လူ့ရေးတန်းရေးမှာလည်း တန်းတူပင်။ စေတီပုထိုး ကျောင်းကန်တန်ဆောင်းတွေကလည်း ရေလယ်ကျွန်းရွာတွေ ဆိုပေသိ ပွင့်ပွင့်လန်းလန်း ရှိကြပါသည်။ သို့သော် တစ်ကျွန်းတစ်ရွာ နေထိုင်ကြရသူတွေပီပီ ကိုယ့်ရွာ ကိုယ့်အစွဲ အပြိုင်စိတ်ကလေးတွေကတော့ ရှိကြသည်။

"တောင်ကျွန်းက ကိုမှတ်ကြီး မရွှေးတို့အလှူ မနှစ်က တီးသွားတဲ့ ဆိုင်း၊ ဘယ်သူတဲ့၊ စိန်ကျော်လှဆိုလား၊ ကောင်းလွန်း ကောင်းလွန်းနဲ့၊ ဒီနှစ် တို့ရွာ အလှူတီးသွားတဲ့ စိန်မြညိုဆိုင်း မမီပေါင်ကွာ၊ တီးချက်တော့ပေ့ ပတ်လုံးတွေများ ကွဲထွက်ရောမှတ်သာ"

ကိုယ့်ရွာတီးတဲ့ ဆိုင်းကမှ ကောင်းကြောင်း အလယ်ကျွန်းသားက မှတ်ချက်ပြုသလို မြောက်ကျွန်းသားကလည်း စိန်မြညိုဆိုင်းကို မကြိုက်ဟု ပြောတတ်သည်။

"အလယ်ကျွန်းသားများ အလယ်ကလူ စကားဝဲ၊ ငှက်ပျောသီးအချို လုပ်ရသာနဲ့ ပြီးရသာပါကွာ၊ သူတို့ရွာတီးတဲ့ စိန်မြညိုဆိုင်းကောင်းလှ

ပြောနေတော့ မခက်ပါလား။ ပုံပတ်စာ ကပ်တီးရင် အရှုးတီးသာတောင် မြည်တဲ့ဟာ၊ ဆိုင်းက တော်တော် မယ်တော်က ကဲနေကြတာ။ ဆိုင်း တကယ်ကောင်းတာက တို့ရွာ ဆွမ်းကြီးခံပွဲ လာတီးတဲ့ စိန်ဘကျော်မှ ဆိုင်းကောင်းခေါ်တာဟ"

ဒီစကားတွေက တောင်ကျွန်းရွာနား ပေါက်ပြန်တော့ တောင်ကျွန်း ရွာသားတွေက မခံနိုင်ကြ။ သူတို့ရွာ တီးသွားမှတ်သွားသည့် စိန်ကျော်လှ ဆိုင်းမှ မကောင်းရင် တာဝတိံသာက ဗေလုဝနတ်သားခေါ်ပြီး ဆောင်းတီး နိုင်းဖို့ပဲ ရှိတော့မှာပေါ့လို့ ခနဲ့ကြသည်။ ဒါမျိုးက မကြာခဏ ဖြစ်တတ် ပါ၏။ ဇာတ်ငှားကြတော့လည်း ကိုယ့်ရွာလာက,သည့် ဇာတ်ကမှ ဇာတ် အသားပါသတဲ့၊ သူတို့မင်းသားကမှ ရုပ်ချောအသံကောင်းတဲ့။ အုပ်စုံ ကောင်းဆိုရလောက်အောင် အော်ပရာ၊ ပြဇာတ်၊ နောက်ပိုင်း ပြောစရာ မရှိအောင် ကောင်းသတဲ့။ အလှူ လှူကြတော့ကော။ တစ်ရွာက ဘယ်သူ ဘယ်ရွာကမှ လိုက်မမီအောင် ကြီးကြီးကျယ်ကျယ် လှူလိုက်သည်ဆိုပါစို့။ မမီမှန်း သိသော်လည်း အောက်ကျမခံ။

"ဘုန်းကြီး တစ်မတ် ဖျော ငါးကျပ်၊ ပကာသနများမှတော့ ကုသိုလ် တစ်ပဲ ငရဲ တစ်ပိဿာပေါ့လကွာ၊ ဒါမျိုး အားမကျကြနဲ့။ တို့ရွာက မိတင်အေးတို့ လှူသာကြိုက်သယ်။ လှူဖွယ်ပရိက္ခရာ အသားပေးသာ၊ ရောက်ကရောပေါ့ကွ နိဗ္ဗာန်၊ ဓာတ်လှေကားနဲ့ တက်တာကမှ ကြာဦးမယ်"

ဒီနှစ် မူလတန်းကျောင်းသား အောင်ချက်ချင်း ပြိုင်ကြသည်။ တကယ်တော့ မူလတန်းကျောင်းကတော့ ဘယ်ရွာမှာမှ မရှိကြပါ။ အနောက်ဘက် မြစ်မကမ်းဘက်ကို လေနှင့်ကူးကာ ကျောင်းတက်ကြရ တာချင်း အတူတူဆိုတော့ ကျောင်းချင်း မပြိုင်သာ။ သည်တော့ ကျောင်း သားအောင်ချက် ပြိုင်ကြသည်။ မြေနုကျွန်းတွေမှာ စိုက်ကြသည့် မြေပဲတောင့်



ချင်း ပြိုင်ကြသည်။ နွားချောတာချင်း ပြိုင်ကြသည်။ ရွာလက်သမားချင်း ပြိုင်ကြသည်။ ရွာဝမ်းဆွဲချင်း ပြိုင်ကြသည်။ တံငါသည် ငါးရတာချင်း ပြိုင်ကြသည်။

"အလယ်ကျွန်းက အောင်ဖေ အနောက်မြစ်မထဲ ကွန်ပစ်သာ မြစ် ငါးကြင်းကြီး ရှစ်ပိဿာစီ ရသွားသတဲ့၊ ဟန်ကျချက်တော့"

"ငါ မြင်ပါ့ကွာ၊ သုံးပိဿာ လျော့လျော့ပါ၊ အလယ်ကျွန်းသားများ မောင်းကွဲက ဒူဟူဟူ မြည်ချင်ကြသေးတာ၊ ခက်ပါ့ကွာ၊ တို့ရွာက ငမောင် ရလိုက်တဲ့ ငါးချောင်း တွေ့စေချင်တယ်"

"မြောက်ကျွန်းသားတွေကလည်း တက်တက်စင်လွဲတာတောင် အောင်လံထူ စစ်သူကြီးပွဲ လုပ်ချင်တုန်း၊ ငမောင် ရသဲ့ငါးက ငါးခုံမ သာသာပါကွာ"

ရွာသုံးရွာက အဲသလိုရွာများပင်။ ရန်ပွဲရယ် တုတ်ပွဲ ဓားပွဲရယ်လို့ တော့ မရှိကြ။ စကားအရာမှာ မခံနိုင်အောင် ပြောကြတာတော့ ရှိကြပါ ၏။ တစ်ရွာတစ်ရွာ ထမ်းပိုးအတင်မခံ။ ကိုယ့်ရွာကကိစ္စသာ အကောင်းစား လုပ်ချင်တာကလွဲလို့ သုံးကျွန်းသုံးရွာစလုံး သဘောမနောကောင်းကြသည်။ ဝါးတစ်ရုံလုံး ဘုန်းကြီးတောင်ဇရေး၊ ပေတစ်ပင်လုံး ဘုန်းကြီးယပ်တောင် ဖြစ်ကြရုံကလွဲလို့ အခြားအကုသိုလ် မရှိ။ သို့သော် ကိုယ့်ရွာက သာ, လိုက်ရမှဆိုသည့် စိတ်တွေကတော့ မဖျောက်နိုင်။

"ရွာအပျိုချင်းပဲ ယှဉ်လေကွာ၊ တောင်ကျွန်းသူများ အကျည်းတန် ချက်တော့ ပိန်ရတဲ့အထဲ နှာတာရှည်စွဲသလိုဟာတွေ"

"မြောက်ကျွန်းက အပျိုတွေ အလှူလှည့်ကြသာ တစ်ရက်လှေနဲ့ ကူးပြီး ကြည့်မိပါတယ် ပုန်းမကြည်အိုး မုန့်နှစ်တို့ထားသလိုကွာ၊ မြန်မြန် ပြန်လှော်ခဲ့ရတယ်"

"အလယ်ကျွန်းသူတွေ လှသယ် လှသယ်နဲ့ ရွာခရိုးစပ် ပစ်ထားတဲ့ ခေါပတောင်းကမှ လှသေး"

ပြိုင်စရာမရှိတော့လည်း အပျိုချင်း ပြိုင်ကြ။ တစ်ရွာတစ်ရွာ မှိုချိုး မျှစ်ချိုး ပုတ်ခတ်ကြ။ တကယ်တော့ ကျွန်းသူတွေအားလုံး သူ့အဆင်းနှင့် သူ့အချင်း လှကြသည်သာ။ ဘဝက် အကျိုးပေးကောင်းသူတွေ ရှိကြသလို အကျိုးပေး မကောင်းလို့ အလှရည် လျော့ကြတာလည်း လူ့သဘာဝ ရှိကြပေမပေါ့။ သို့သော် ကိုယ့်ရွာသူမှ ချောသည်လို့ ထင်ကြသူတွေ ဖြစ်ပါ၏။ ရွာမိန်းမပျိုတွေခမျာ ချောကြသည်ဖြစ်စေ၊ မချောကြသည် ဖြစ်စေ ဘယ့်နှယ်မှ မနေခဲ့ကြပေမယ့် ရွာက ပြိုင်ကြတော့ သူတို့လည်း ကြာတော့ 'နဲ့' ကြရသည်သာ။

●

(၂)

တကယ်တမ်း ပြောကြကြေး၊ ဝန်ခံကြကြေးဆိုလျှင် မြောက်ကျွန်းသူကလေးတွေက အလှပိုကြပါသည်။ သည်ရေ သည်မြေ သည်လေ လက်တစ်ကမ်းက ကျွန်းရွာချင်း တူပါလျက် မြောက်ကျွန်းသူကလေးတွေက လှရိုးအမှန်ပင်။ မြောက်ကျွန်းက ဘူးရွက်၊ ဘူးညွန့်၊ ဘူးသီးက ပိုချိုသည်။ မြောက်ကျွန်းက မြေပဲက အအုကောင်း အဆံကောင်း ဆီထွက်သန်သည်။ မြစ်မ ရေသောက် ကြသည့် ရွာချင်းအတူတူ မြောက်ကျွန်းသူကလေးတွေက အသားအရေ ပိုလှကြသည်။ ဆယ်ကျော်စွန်းစ အပျိုနုနုကလေးတွေ လှကြသလို နှစ် ဆယ်ကျော် သုံးဆယ်တွင်း အပျိုအရွယ်လည်တွေကလည်း လှကြသည်။ အပျိုအရွယ်လည်တွေ လှကြသလို လေးဆယ်ကျော် အပျိုထော်ထော်တွေက ကော။ လှကြပါ၏။ ဘယ်လိုပင် မခံချင်အောင်



ပြောကြပြောကြ။ ကိုယ့် ရွာကိုယ် ဘယ်လိုပဲ အမွှမ်းတင်တင်၊ မြောက်ကျွန်းသူတွေ အလှုလှည့် ကြပြီဆိုလျှင် မြောက်ကျွန်းရွာ ကျွန်းပတ်လည် လှေတွေ ကြက်တောင် စိုက်ကြတာ မည်းမည်းတုတ်လို့။ မြောက်ကျွန်းရွာ ကာလသားတွေက မစည်ကြရဘဲ အလယ်ကျွန်းနှင့် တောင်ကျွန်းကာလသားတွေ တိုးမပေါက် နိုင်တာကလည်း မြောက်ကျွန်းရွာသူတွေ လှကြတာကို ဝန်ခံခြင်းတစ်မျိုး မဟုတ်လား။ ကာလသားချင်း တစ်ရွာတစ်ရွာ ခင်ကြသူတွေဆိုတော့ ဧည့်ရွာသားတွေကို ရွာခံကာလသားတွေက ခနဲ့ကြသည်။

"မင်းတို့ပြောတော့လည်း တို့မြောက်ကျွန်းသူတွေက နဘဲတုံး မိုးကြိုး ပစ်ထားသလိုဟာတွေဆိုကွ၊ အခုတော့လည်း မင်းတို့ရွာလှေတွေ တို့ရွာ ကြက်တောင်လာစိုက်ကြတာများ လှေစည်းရိုး ခတ်ထားတာကျလို့"

ဟုတ်ကလည်း ဟုတ်နေတော့ တောင်ကျွန်းသား၊ အလယ်ကျွန်းသားတွေ မလှုပ်သာပါ။ သို့သော် အားကျမခံတော့ ပြန်တွယ်ကြပါ၏။

"မြောက်ကျွန်းသူတွေ လှလွန်းလို့ ဟုတ်ရပေါင်ကွာ၊ ဘဲဥတစ်လုံး သုံးရွာဝေ၊ မင်းတို့ရွာအလှူ စည်အောင်လာကြတာပါ"

မြောက်ကျွန်းသူတွေ မနက်ခင်းနေရောင်ထဲ အလှူလှည့်တန်းစီကြပြီဆိုလျှင် တဖိတ်ဖိတ် တောက်နေတော့သည်။ ရွာအပျိုခေါင်း မအုန်းရီက ပဝါစုံချ၊ နဖူးပြောင်ပြောင် ဆံမြိတ်ကျနှင့် အပျိုတန်းကို လိုက်ကြည့်ရတာ အမော။ တစ်လှူတစ်ရောင် ဝတ်နိုင်အောင် စီစဉ်ထားကြသူတွေဆိုတော့ လှချင်တိုင်း လှကြပါ၏။ ဘယ်သူဘယ်ဝါက ပိုလှလို့ ဘယ်သူဘယ်ဝါက ကသိုလ်နည်းသည်လို့ပင် မပြောသာ။ ရှေးက ရာဇဝင်နိပါတ်တော်တွေ ထဲမှာပါသည့် မြောက်ကျွန်းသူတွေလို အလှနှင့် အယဉ်၊ အသွင်နှင့် အဆင်း ဘက်ချင်းညီကြသူတွေချည်းပင်။ ဒီလို ညီအောင်လှအောင်

ရွာအိမ်ကြီးတစ်အိမ်မှာ အပျိုတွေစုကာ ဖြီးကြ လိမ်းကြ ဝတ်ကြ စားကြ ခြယ်ကြသလို ပန်ကြကုံးကြ ပြင်ကြညိုကြတာဆိုတော့ တစ်ယောက်တစ်လေက် မရှိ။

မိဘတွေကလည်း ကျွန်းသုံးရွာပြိုင်ပွဲစိတ်ကလေး ရှိကြသူတွေချည်း ဆိုတော့ အများက ဒါဆိုလျှင် ကိုယ့်သားသမီးခါးပေါ် ရောက်အောင်ဆင်ကြသည်။ မရှိသူတွေကလည်း သမီးပျိုတွေ မျက်နှာအညှိုးမခံ။ မရှိတာ ရှိတာထား။ ဈေးစပါးအဖျင်းများသည် အပြောမခံချင်။ သူတကာ သားသမီး ဝတ်နိုင်မှတော့ ငါတို့သားသမီးလည်း ဝတ်နိုင်ရမှာပေါ့ဆိုသည့် စိတ်သာ ရှိကြပါ၏။ သည်စိတ်ကိုပင် ရွာစိတ်လို့ သဘောထားကြသည်။ သည်ဂုဏ်ကိုပင် ရွာဂုဏ်လို့ မှတ်ယူကြသည်။ သည်တော့လည်း မြောက်ကျွန်းသူတွေ ရိပ်ရိပ်ပြေးနေကြတာ မဆန်းပါ။ ရွာအပျိုတွေက ရွာရေးရပ်ရေး ရှိလာလျှင် ငါးရံ့ရတော့ စပ်တူ ငါးခူရတော့ ခွဲခြမ်း ခွဲခြမ်းမရှိကြ။ အလွန်ညီကြပါသည်။ မရှိသူကလေးတွေကို ဝေကြ မျှကြရာက ပြည့်ရတာလည်း ရှိကြပါ၏။ အပျိုခေါင်း မအုန်းရီက ပါဝါရှိသည်။ မအုန်းရီ၏ စကားတစ်ခွန်းက တာသွားသည်။

“ဒီမယ် ငါပြောမယ်၊ တို့ရွာက အလှူပြီးတာနဲ့ တောင်ကျွန်းက အလှူဆက်ဝင်မှာ၊ ကိုယ်က ဦးအောင် အဝတ်အစားနဲ့ ဖိထားမှ မလှန်နိုင်မှာ၊ အဖိုးတစ်တန်တော့လည်း မဟုတ်ဘူးပေါ့အေ၊ အဖိုးနည်း အိုးကွဲကျတော့လည်း သူတကာ အထင်သျှော့မခံနိုင်ဘူး၊ ငါ မြို့က အဆင်ကလေး သဘောကျထားတာရှိတယ်၊ ညည်းတို့လည်း ကြည့်ကြဦးပေါ့”

ဒီစကားက အတည်ဖြစ်ရတော့သည်။ မြောက်ကျွန်းသူတွေ လှကြတယ်ဆိုရာမှာ အဝတ်အစား ဝတ်တတ်စားတတ်ကြတာလည်း ပါသလို တူညီကြတာလည်း ပါသည်။ သူ့ရုပ်ရည် ကိုယ့်ရုပ်ရည် မတူနိုင်ကြပေမယ့်



စိတ်ထားညီတော့ လှကြတာလည်း ပါပါလိမ့်မည်။ တကယ့်ကို စက်စက်ယိုလှသူက နှစ်ယောက် သုံးယောက်သာ ရှိပါ၏။ ထွေးပိုနှင့် အေးညို။ သည်နှစ်ယောက်ကတော့ တကယ်လှကြသူကလေးတွေ။ ကျွန်းသုံးရွာက ကာလသားတွေက မျက်စိကျကြတာလည်း မပြောနှင့်။ မြင်းတစ်ပြေး ကြည့်ကြည့်၊ ကွမ်းတစ်ပေးကြည့်ကြည့် လှကြသူတွေ မဟုတ်လား။ အလှူမကျွှာပ် ဝင်ကြပြီဆိုသည်နှင့် ရွာလုံးကျွတ်အောင် ကြည့်ကြ ငေးကြရသူကလေးတွေ။ သည်နှစ်ယောက်နှင့်ပင် မြောက်ကျွန်းသူတွေ နိုင်လှပေါ့။

●

## (၃)

နို့ဖြင့် မြောက်ကျွန်းမှာ မလှသူရယ်လို့ မရှိဘူးပေါ့။ အဲသလို မေးလျှင်တော့ အကျည်းတန်သူလည်း ရှိသပေါ့လို့သာ ဖြေရမည်။ တစ်ခါတလေ မိဖုရား ကင်းကိုက်မိသလို ဘေးကလူတွေ နေမထိ ထိုင်မသာ ဖြစ်ရတာများလည်း ရှိပါ၏။ အထူးသဖြင့် ‘မချုံတင်’ ကြောင့်ပင်။ ချုံတင်ကလည်း မြောက်ကျွန်းသူ ဓမ္မစစ်။ ပြီးတော့ အပျို။ အပျိုမှ အသက် နှစ်ဆယ်ကျော် မန္တမရေ အပျိုထဲကဖြစ်သည်။ ဘဝက ကံမပါတော့ ရုပ်ကလည်း ဆိုးလွန်းလှပါ၏။ ဒီကြားထဲ လူကောင်ကလည်း ကြမ်းလိုက်သမှ တော်ရုံ မြေတစ်ကျင်းစာလောက်တော့ ချုံတင် တစ်ယောက်တည်း မွှန်းမတိမ်းခင် တူးနိုင်သည် ဆိုတာမျိုး။ ခမျာ သောင်သာတာ မဟုတ်တော့ နေပူစပ်ခါး ပြိပြိစင် လုပ်စားရတာကလည်း နဂိုအသားအရေကို လှော်ထားသလို ရှိရသည်။ အဆိုးဆုံးကတော့ သွားများပင်။ ကွမ်းညှပ်ကောင်းကောင်းဖြင့် ညှပ်ထားသော ကွမ်းသီးပြားကြီးတွေ ထောင်လိုက် ကပ်ထားသလို ရှိနေကြသော သွားတွေက ကြီးရုံမက ရှေ့ကို

ခေါ်ထွက်နေကြ၏။ မျက်စိက မှေးမှေး၊ နှာရင်းက ကားကား၊ မျက်နှာက ဆယ်ပြားစေ့ကြီးနှင့်ဆိုတော့ အမှတ်တမဲ့ဆိုလျှင် ယောကျ်ားသား သန်သန်ကြီးနှင့်ပင် တူနေတတ်ပါ၏။

"ချုံတင်က ငယ်ငယ်က အလွန်ချူချာသကိုး၊ အခုမှ ဆင်ပေါက်ကျားပေါက်ကြီး ဖြစ်လာတာ၊ မွေးတုန်းကလည်း ချုံတင့်ရှေ့က ကလေးတွေ အဖတ်မတင်ကြလေတော့ ချုံတင်လည်း မွေးရော ဆန်ကောထဲထည့်ပြီး ချုံပေါ်တင်ထားရမယ်လို့ ဗေဒင်က ဟောသယ်၊ ပြောတဲ့အတိုင်း တင်လိုက်တာ အဖတ်လည်း တင်ရှာပါရဲ့။ ကျန်းလည်း ကျန်းမာပါရဲ့၊ သို့သော်ပေသိ ခမျာ ရုပ်မပါရှာပါဘူးအေ၊ ညည်းတို့လက် ငါ့သမီးကလေး အပ်ပါသယ်"

အပျိုခေါင်း မအုန်းရီကို မချုံတင် အမေ အရီးကောက်က အပျိုစာရင်းပေါက်သည့်နေ့က ပြောခဲ့ဖူးသော စကားဖြစ်သည်။ ရွာရေးရပ်ရေးရှိရင့် အပျိုဖိတ် အဖိတ်ခံရခြင်းသည် အပျိုစာရင်းပေါက်ခြင်း မဟုတ်လား။ ရုပ်မလှတော့ကော ရွာရေးရပ်ရေး မပါလို့ ဖြစ်ကရောလား။ မဖြစ်ပါ။ ချုံတင်က သူတကာ မလုပ်ချင်သည့် အလုပ်တွေမှာ အားကိုးရသည်။ ပေကျံကျံ အလုပ်တွေမှာ ချုံတင် မရှိလို့ မရ။ ချုံတင်က ပုဆိန်တစ်လက်နှင့် ထင်းခြမ်းခွဲနိုင်သည်။ ယောကျ်ား ရေထမ်းပုံးလောက်တော့ ပါသည်မထင်။ ခြေကားကြီးတွေက အက်ကွဲနေကြတာလည်း မပြောနှင့်။ ရှားနက်ဆူး၊ ဆီးနက်ဆူး ခံရတာတွေကလည်း မနည်းလှပြီ။

အိမ်မှာ ချုံတင် ရှိတော့ လူပိုငှားစရာ မလိုသကဲ့သို့ ရပ်ရေးရွာရေးမှာလည်း တော်ရုံအပျိုလေးယောက်စာလောက် အားကိုးရတာလည်း အမှန်ပင်။ သို့သော် လှုပြမလှတာကိုတော့ မအုန်းရီ စိတ်ညစ်ရပါ၏။ ချုံတင်က အပျိုစာရင်းဝင်ဆိုတော့ အပျိုကိစ္စတွေမှာ ရုပ်မလှလို ကားခဲ့ရသည် မဖြစ်စကောင်း။ ချုံ့တင့်မှာလည်း အပျိုတစ်ယောက်၏ အခွင့်



အရေးတွေ ရှိရမှာပဲမဟုတ်လား။ အပျိုတကာ အလှူလှည့်တော့ မဖိတ်မဖြစ် ဖိတ်ရသည်။ အပျိုတကာ ရပ်ရေးရွာရေးဆိုတော့ ပါရသည်။ တစ်ချို့ ရွာထဲက စိတ်ရင်းညံ့ကြသူများဆိုလျှင် ချုံတင်ကို မဖိတ်ပါနဲ့၊ လူရှေ့ မရပ်ပါစေနဲ့ဆိုတာမျိုးအထိ ပြောတတ်ကြသည်။ ဒါမျိုးတော့ မအုန်းရီက လက်မခံဘဲ ချုံတင်ဘက်က ခုခံသည်။

"ဟဲ့... ဘယ့်နှယ်ပြောလိုက်သာတုန်း၊ ချုံတင်လည်း အပျိုပဲ၊ မြောက်ကျွန်းသူပဲဟာ၊ ရုပ်ရည်က ဂုဏ်မဟုတ်ပါဘူးအေ၊ အပျိုဆိုတာသာ ဂုဏ်ပါ၊ သူလည်း ပျိုရတုန်း အပျိုကိစ္စ ပါရသာပါ၊ လင်ရတော့လည်း ညည်းတို့က ပါပါဆိုတောင် မပါပါဘူး။ အရုပ်ဆိုးဆိုး ကျိုးကျိုးကန်းကန်း အပျိုဆိုရင် အပျိုစာရင်း မဖျက်နိုင်ပေါင်အေ"

မအုန်းရီကို ကြောက်တော့လည်း ဒီစကား ဒီမှာတင် ပြီးရပါ၏။ မအုန်းရီ ကိုယ်တိုင်က စိတ်ညစ်သည်မှန်သော်လည်း အပျိုခေါင်းဆိုတော့ မျှမျှတတ ပြောရသည်။ မျှမျှတတ စဉ်းစားရသည်။ မျှမျှတတ နေရာပေးရသည်ပင်။ မြောက်ကျွန်းရွာက ချုံတင်တစ်ယောက်နဲ့တင် တို့ရွာတွေက ရှုံးပါသကွာလို့ တောင်ကျွန်းနဲ့ အလယ်ကျွန်းရွာတွေက ခနဲ့တာများလည်း သိပါ၏။ သို့သော် ရုပ်ဆိုးသကောရယ်လို့ ရွာက နှင်ထုတ်လို့မဖြစ်ပါ။ စာရင်းက ပယ်လို့မရပါ။ တော်ရာ သင့်ရာ ချောင်မှာ ခိုနေပါအေလို့ မပြောသာ။ ရွာချင်း ခါးစောင်းအတင်မခံကြသူတွေဆိုတော့ ဒီကိစ္စက ခုစရာ ဖြစ်နေရပါ၏။ ဟသ်ာတွေထဲက ဒင်ကျီးတစ်ကောင် ဆိုသော်လည်း ချုံတင်ကို အကြောင်းကြောင်းကြောင့် မပစ်ပယ်သာခဲ့။

ချုံတင်ကလည်း ချုံတင်ပင်။ အလှူရှိလို့၊ ဆွမ်းကြီးလောင်းလှည့်လို့၊ ဆွမ်းသိမ်းလှည့်လို့ ပွဲမရှိလိုက်နှင့်။ ရှိတာနှင့် ထိပ်ဆုံးက ရောက်လာပြီ။ ရွာအပျိုတွေ အလုပြင်ကြသည့် အိမ်ကြီးဆီ ပထမဆုံး ရောက်လာသူက

ချုတင်။ ဒီတော့ သူများအပျိုတွေ မပြင်ရခင်က ချုတင်ကို ပြင်နှင့်ကြရသည်။ ချုတင် အရောင်ထွက်လျှင် တိုင်ပေါ် အလံစိုက်နိုင်ပြီ မဟုတ်လား။ ချုတင်ကို မအုန်းရီနှင့်အတူ အပျိုကြီးလေးယောက်လောက်က ပြင်ကြရပါ၏။

"ချုတင့်အသားက မည်းလှသအေး၊ မိတ်ကပ်မလူးနဲ့၊ မျက်နှာချေ ရေနဲ့ဖျော်စမ်း၊ အခံလိမ်းရအောင်၊ ပြီးရင် သနပ်ခါးမှုန့်ထူထူပုတ်၊ သနပ်ခါးအဝါမှုန့် ပုတ်နော်၊ နားရွက်တွေပါ နာနာလိမ်း၊ ကုပ်တွေ လည်ပင်းတွေ ဟဲ့… များများဖျော်ပါဟဲ့၊ ကတည်း…"

ချုတင်ကတော့ ပြုံပြုံကြီးထိုင်ကာ မျက်နှာလေးထောင့်ကြီးကို မော့ထားလိုက်တာ ကြိုက်သလို လုပ်ကြစမ်းဆိုသည့်ပုံ။ မျက်နှာပြီးတော့ ဆံထုံးဘက် လုကြရသည်။ ဆံထုံး ထုံးပြီးတော့မှ အဝတ်အစား ဝတ်ခိုင်းရပါ၏။ အားလုံး ပြီးပြီဆိုတော့ အချောကိုင်ရပြန်သည်။ ဆံထုံးဘေးကနေ ပန်းတစ်ခွေ ကပ်ပန်ပေးကြရ၏။

"ချုတင်က မျက်ခုံးတုတ်တော့ စင်ရော်တောင်ကလေးလောက် ပါးပါးလေး မေးဆွဲစမ်း၊ နှုတ်ခမ်းနီ အညိုရောင် ဘယ်သူ့ရှိသလဲဟေ့၊ တစ်ဆိုးစာလောက် ပေးကြစမ်းအေ၊ အဲ… ဟုတ်ပြီ၊ တစ်ယောက် ဆိုးပေးစမ်းဟေ့၊ နှုတ်ခမ်းရစ်အထိ မဆိုးနဲ့၊ ချန်ဆိုးစမ်း၊ လှချက်တော့အေ၊ ပပဝတီက မမ ခေါ်ရပြီပေါ့"

မအုန်းရီက ချုတင် ရှေ့တည့်တည့်ကနေ တင်ပျဉ်ခွေထိုင်ပြီး စီစဉ်ညွှန်ကြားသမျှ ကျန်အပျိုကြီးတွေက တစ်သဝေမတိမ်း လိုက်လုပ်ပေးရသည်။ ချုတင်က မအုန်းရီ စကားကို တကယ်ထင်ရှာပါ၏။ ချုတင်ကိုစွ ပြီးပြီဆိုတော့မှ ဖြီးလိမ်းပြင်ဆင်ပေးရသူတွေ တစ်လှည့် ပြင်ရပါသည်။ ချုတင်ကို ငြိမ်ငြိမ်ကလေး ထိုင်ခိုင်းထားရသည်။ ချုတင်ကလည်း

BURMESE CLASSIC .com



တောင့်တောင့်ကြီး ထိုင်နေတာပါပဲ။ ချုတင်က လေးထောင့်ပြားပြားကြီး ဆိုတော့ ထိုင်နေတာကိုက မအောင်ဖြူ ဖျာလိပ်နတ်နှင့်ပင် တူတော့သည်။ ချုတင်ကို ညွှန်ကြားချက်တွေလည်း ထုတ်ရသည်။

"ချုတင် လူထူရင် မရယ်နဲ့၊ ပါးစပ်ကလေးစေ့ပြီးပြုံး ကြားလား၊ လျှောက်ရင်လည်း ဒေါင်းတီမောင်းတီ မလျှောက်နဲ့ ဖွဲ့ဖွဲ့ကလေးလျှောက်၊ ဘေးဘီကို မကြည့်နဲ့ ငုံ့လျှောက်၊ မောင်းထောင်ချိုင့်ထဲ ရွှေပန်းခက် မတ်မတ်ထည့်ပြီး မျက်နှာကလေး ကာရုံပွေ့"

တစ်ဖက်သား နှိမ်ရာကျမှာစိုးတော့ လှသည်ထက်လှအောင် ပြောရတာမျိုး သုံးနှုန်းရသည်။ ချုတင်ကလည်း သူတကာ အပျိုလို လှည့်ခွင့်ရလျှင် ကျေနပ်ပြီ။ ဘယ်သူ ဘာပြောပြော ခွန်းတုံ့ပြန်တာမျိုးမရှိ။ သွားကလေးစေ့ကာ ပြုံး၍ပင် ပြလေ၏။ ချုတင့် ကွယ်ရာမှာတော့ နေရာပြသနာ ရှင်းကြရသည်။

"ချုတင့်ကို နောက်ဆုံးက ထားလိုက်အေ၊ ပြီးတာပဲ"

"မလုပ်ပါနဲ့ မမအုန်းရီရယ်၊ နောက်ဆုံးပိတ် အိတ်နဲ့လွယ် ကြည့်ကြသူတွေက ချုတင်ကြီး စွဲကျန်နေကြပါ့မယ်"

"ဒါဆို ရှေ့ဆုံးကထား"

"ငွေဆော်ဦးဘူးနဲ့လွယ်၊ စစချင်း ချုတင်နဲ့ ထိပ်တိုက်တွေ့တော့ လန့်ကြကရောပေါ့"

"ဒါဆို အလယ်ထား"

"အလယ်က အသား မမအုန်းရီရဲ့၊ အလယ်ရောက်လေ လှလေ ဖြစ်ရမှာလေ"

"နို့… ချုတင် ထားဖို့ ခက်[illegible]ရောပေါ့"

"ကျုပ်တော့ ချုတင်ကို ဒိုးပတ်ဝိုင်းထဲသာ ထည့်လိုက်ချင်တော့သယ်"

တကယ်တမ်း နေရာချတော့လည်း နေရာက မကျချင်။ ဟိုရွှေ့ကြည့် ဒီရွှေ့ကြည့်။ ဟိုနောက်ထား၊ ဒီနောက်ထား။ မဟုတ်ရပြန်။ တစ်ခါ ရွှေ့လိုက်ကြ၊ ပြန်ခေါ်လိုက်ကြ။ ကြာတော့ ချုံတင် ရိပ်မိရာက စိတ်တွေဆိုးတော့သည်။ ဒီတော့လည်း အပျိုခေါင်း မအုန်းရီမှာ စကားလှအောင် ချော့ရသည်။

"ဟဲ့… ချုံတင်ရဲ့၊ ညည်းကို အသားလုပ်ရတာ၊ ညည်းက မိန်းမခန့်ဆိုတော့ ထားတတ်မှ လှမှာပေါ့။ တခြားရွာတွေက လာကြည့်ကြမှာအေ့၊ ညည်းနဲ့ လှန့်ရမှာ"

ဒီလိုဆိုတော့လည်း ချုံတင် ကျေနပ်ရှာသည်။ တကယ်ပြောနေကြတာလို့ထင်သည်။ သည်လိုနှင့် တစ်ပွဲပြီးရပြန်ပါ၏။ ရွာကလည်း ချုံတင့်ကြောင့် အတန်းပျက်ရမှန်း သိကြပါ၏။ သို့သော် ပွင့်ပွင့်လင်းလင်း မပြောရက်ကြတော့ ကွယ်ရာမှာ ပြောကြသည်။ ကာလသားတွေကပါ ချုံတင်ကြောင့် ခက်ပါရဲ့ ဖြစ်ကြရပြီ။ ဒီစကားတွေကြားတော့ ချုံတင့် အမေ အရီးကောက်က ထဘီစွန်တောင် ခါးတက်ချိတ်တင်း အော်လေသည်။

"ဘယ်ကောင်မတွေကများ ဖုတ်သွင်းရထား ဆိုက်ကြလို့တုန်းဟေ့၊ ငါ့သမီးများ မခြောက်ရပါဘဲနဲ့ သရဲအထင်ခံရလို့အေ၊ ချုံတင့်ကို အပျိုစာရင်း နုတ်ချင်တဲ့ကောင်မတွေ ထွက်ခဲ့ကြစမ်း၊ ထဘီကလနားချင်းချည်ဆွဲပစ်လိုက်စမ်းမယ်"

မြောက်ကျွန်းသူတွေ လှသည်ဆိုပေမယ့် ချုံတင်က ကြားခုနေလေတော့ အလယ်ကျွန်း၊ တောင်ကျွန်းရွာတွေက ဒါကို လက်ညှိုးထိုးလာကြသည်။ နဂိုကမှ ကိုယ့်ရွာကိုယ် အမွှမ်းတင်ချင်ကြသည့် ရွာတွေဆိုတော့ ဆွမ်းဆန်ထဲ ကြွက်ချေးပါသလို ပြောစရာ လုပ်လာကြသည်။ ဟုတ်ကလည်း ဟုတ်နေတော့ မြောက်ကျွန်းရွာသူတွေ အခံရခက်လှပါ၏။ ချုံတင်ကလည်း

BURMESE CLASSIC .com



ဖျောက်ထားလို့မရတော့ လူလုံးပြရ။ လူလုံးပြရပြန်တော့ ပြောစရာဖြစ်ရ၊ အပျိုတွေ အိမ်ထောင်ရက်သား ကျကုန်လို့ နောက်ပေါက်ကလေးတွေ အပျိုစားဝင်ကြပြန်သည့်တိုင် ချုံတင်က အပျိုစာရင်းပေါက်ရတုန်းဆိုတော့ ပြဿနာက တစ်သီကြီး ပါနေရသည်။

"ပြဿနာက ချုံတင် လင်ရမှ ပြီးမှာအေ့၊ ချုံတင်မှ မဟုတ်ပါဘူးအေ၊ ငါပါ လင်ရမှ ပြီးမှာပါ"

တစ်ရက်တော့ မအုန်းရီက ညည်းသည်။

"လင်ရ ရအောင်ကလည်း ကိုယ့်ရွာသားကလည်း မကြိုက်၊ တစ်ရွာ သားကဆို ဝေးရောဆိုတော့ မခက်ဘူးလား၊ အခုဟာက ချုံတင်ကြောင့် ရွာက ပြတ်ပြတ်သားသား မနိုင်ရတာကို အခံရခက်တာ"

တစ်ယောက်ကလည်း ထောက်ခံသည်။ မအုန်းရီက မျက်စိကလေးမှေးရင်း စဉ်းစားသည်။ ဘယ်လိုများလုပ်ရင် ကောင်းမှာပါလိမ့်။ စဉ်းစားတာက အခုမှ စဉ်းစားတာတော့ မဟုတ်ပါ။ တစ်လျှောက်လုံး စဉ်းစားလာခဲ့ရခြင်းဖြစ်၏။ သို့သော် အဖြေမတွေ့ခဲ့။ ချုံတင် အပျိုစာရင်းက ပျောက်ဖို့ လင်ရမှဖြစ်မည်။

"ဒီလိုဆိုရင်ကောအေ…"

မအုန်းရီက စကားစ,လိုက်တော့ အားလုံးက မအုန်းရီဘက် လှည့်ကြည့်ကြလေသည်။

●

## (၄)

"ချုံတင်ရယ်… ညည်း အလှူလှည့်တဲ့ရက်က တို့ရွာက ကိုအေးမောင်ကြီးက ညည်းကို လှလွန်းလို့တဲ့၊ ပေါ်လိုက်သဲ့ရုပ်နှယ်ဗျာ၊ မိန်းမသား

ဆိုသာ ဒါမျိုးခေါ်သာ၊ အလုပ်များတော့လည်း ဖျန်းဖျန်းကွဲ၊ ချျတင် ရတဲ့လူတော့ ကံကောင်းပေါ့ဗျာတဲ့၊ ငါကတောင် ပြောခဲ့သေးသာ၊ ချျတင် ကြားရင် စိတ်ဆိုးလိမ့်မနော်၊ တောစကား တောပျောက်ပစေလို့”

အပျိုခေါင်း မအုန်းရီ အပါအဝင် ရွာမိန်းကလေးတွေက ဒီစကားမျိုး ချျတင်ကို အကြောင်းဆိုက်တိုင်း ပြောကြသည်။ ပထမတော့ ချျတင်က မျက်နှာကြီးနီကာ ‘သေချင်းဆိုးက လူ ဘာမှတ်လို့တုန်း’ လုပ်ပါသေးသည်။ ကြားရဖန်များတော့ ‘ဂကယ်လားအေ’ ဖြစ်လာခဲ့သည်။ ရွာကာလသား တွေကလည်း ကိုအေးမောင်ကို အရက်ဝိုင်း ခေါ်တာတွေ များပြီ။

“ကိုအေးမောင်တို့များ စွံချက်တော့ဗျာ၊ မိန်းကလေးက စ,ရတာမျိုး ပါလား့ဗျာ။ ချျတင်က ကိုအေးမောင်ကြီး ရိုးတယ် အေးတယ်နဲ့ ယောကျ်ား ဆိုတာ အဲသလို ကျားစီး ဖားစီးရှိမှ စီးပွားဖြစ်တာတဲ့ဗျာ၊ မဟုတ်မှလွဲရော”

ကိုအေးမောင်ကြီးကလည်း ချျတင်ဆိုတော့ စိတ်မပါ။ သို့ပေသိ လူကလည်း ခပ်ရှူးရှူးဆိုတော့ ကြားရဖန်များရာက ‘မင်းတို့ဟာက ဟုတ်ရဲ့လားကွာ’ ဖြစ်လာတော့သည်။ ယာထဲ အခင်းထဲ ကိုအေးမောင်နှင့် ချျတင် မတွေ့မရှိ တွေ့ကြရတာဆိုတော့ တစ်ယောက်တစ်ယောက် ခိုး ကြည့်ကြရာက ရင်ခွေးရတာတွေ ဖြစ်လာပါ၏။ ရွာကာလသား ကာလ သမီးတွေ လှော်ဖန်များတော့လည်း ‘ပေမကုန်ဘဲ တာကျ’ ကြလေသည်။

ကိုအေးမောင်နှင့် ချျတင်တို့ မင်္ဂလာဆောင်တော့ ရွာကာလသား ကာလသမီးတွေက မြေတစ်ကွက် စုဝယ်ကာ လက်ဖွဲ့ကြသည်။ မင်္ဂလာ ဆောင်ကလည်း စည်လိုက်သည့်ဖြစ်ချင်း။ ရွာကလည်း ဒီအခါမှ ‘ဟင်း’ ချကြရသလို မင်္ဂလာဆောင်ကို ဝိုင်းလိုက်ကြတာ လက်ဖွဲ့တွေများ သိမ်းရှုပ် မနိုင်။ သတို့သမီး ချျတင်ကို တစ်ရွာလုံးက အပျိုတွေ ဝိုင်း

BURMESE CLASSIC .com



ပြင်ပေးလိုက်ကြတာ မကန်းလှေကားကြီး ထုံးသုတ်ထားတာနှင့်ပင် တူ၏။ အပျိုခေါင်း မအုန်းရီက မင်သေသေ မျက်နှာဖြင့် နမြောဟန်ပြသည်။

“ချျတင်ရယ်... ညည်းနှယ် နမြောချက်တော့အေ၊ လင်ရမှများ ပိုလှလာသလား အောက်မေ့မိတယ်၊ ကိုအေးမောင်နဲ့တောင် မတန်ပေါင် အေ၊ နေပါဦး ညည်းတို့ ဘယ်သူကများ အောင်သွယ်တာပါလိမ့်”

“ဖူးစာပါတော့လည်း မရှောင်သာဘူးပေါ့ မမအုန်းရီရယ်၊ စဉ့်အိုး ထဲ ဝင်ပုန်းတောင် လွတ်မထင်ပါဘူး၊ ဘဝက အကြောင်းပါတာကိုး မမရဲ့”

ချျတင်က ဒီလိုပြောလေ ကာလသား ကာလသမီးတွေက ကွယ်ရာမှာ ရယ်ကြလေ။ မင်္ဂလာဆောင်ပြီး နောက်ရက်မှာပဲ ချျတင် အပျိုစာရင်းက အဖျက်ခံရလေပြီ။ ချျတင်က သွားခေါ်တော့ ရွာက အေးမောင်တို့များ ကံကောင်းပုံများ အိမ်ထောင်တစ်သက် အုန်းခြစ် ဝယ်စရာမလိုဘူးတဲ့။

●

## (၅)

ကိုအေးမောင်နှင့် ချျတင် ညားကြရာက သမီးနှစ်ယောက် ရတော့မှ အဖြစ်မှန်ကို သိကြသည်။ စိတ်လည်း မဆိုးသာတော့ ‘သေနာမတွေ’ ဆိုတာလောက်နှင့် ပြီးခဲ့ရသည်။ အပျိုခေါင်း မအုန်းရီကပဲ ဖွင့်ချခြင်း ဖြစ်ပါ၏။

“ညည်းသာ လင်ရအောင် လှော်ရသာပါအေ၊ ငါဖြင့် ခုထိ လင်မရ နိုင်သေးဘူး”

“အပျိုခေါင်းဇာတာ မကုန်သေးလို့ပေါ့ မမအုန်းရီရယ်”

အခုတော့လည်း ရွာပြိုင် ရပ်ပြိုင်ရယ်လို့ သိပ်မရှိကြတော့။ ကျွန်းသုံးရွာစလုံး တစ်ရွာတစ်ရွာ စကားနာထိုးတာတွေ မရှိကြတော့။ အလှူပွဲလှည့်ရယ်လို့၊ ဆွမ်းကြီးပွဲလှည့်ရယ်လို့လည်း စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် မရှိတော့တာလည်း ပါပါလိမ့်မည်။ မြစ်မကြီးကလည်း မြောက်အရပ်မှ တောင်အရပ် ပင်လယ်ဆီ စီးဆင်းမြဲ စီးဆင်းလျက်ရှိပါ၏။ ကျွန်းသုံးရွာစလုံးကို မြစ်ရေက ခေါင်းခွေ့မြဲ ခွေ့ဆဲပင်။ မြေပဲ၊ ဘူး၊ ဖရုံ၊ သခွားတွေလည်း ဥမြဲ ဥလို့ သီးမြဲ သီးလျက်ရှိပါ၏။ သို့သော် ကျွန်းရွာအချင်းချင်း ရွာပြိုင် ရပ်ပြိုင်စိတ်တွေ ခန်းခြောက်ကုန်ကြတာကတော့ ဘယ်လိုပြောရမည်မသိ။

အရပ်ဆိုးလှသူ မချုတင်နှင့် အကျည်းတန်လှသူ ကိုအေးမောင်တို့ မွေးသည့် သမီးနှစ်ယောက်စလုံး စက်စက်ယိုအောင် လှနေခြင်းကတော့ ထူးဆန်းလှပါ၏။ ကျွန်းသုံးရွာမှာ အပျိုတွေ များလှသော်လည်း မချုတင့် သမီး မိချာရစ်နှင့် မိသေးတာတို့ကို မီသူမရှိ။ မချုတင်တို့ လက်ထက်ကတည်းက မြောက်ကျွန်းသူတွေ အချောအလှမှာ နိုင်စားကြရသလို မိချာရစ်တို့ မိသေးတာတို့ လက်ထက်မှာလည်း နာမည်ကောင်း ရဆဲပင်။ မြောက်ကျွန်းက မိန်းမချော ထွက်မှာပေါ့၊ မြောက်ကျွန်းမကြီးက မြစ်ရေအောက်က သိုက်နန်းပေါ်ကျနေတာကိုးလို့ပင် ပြောကြရသည်အထိ မိန်းမချော မျိုးမပြတ်တာကို ဝန်ခံကြရပြီ။ အရင်တစ်ခေတ် တစ်ခါကလို ရပ်ပြိုင်ရွာပြိုင်စိတ်တွေ မရှိကြတော့ အပျိုလှတာ ရွာအတွက် မဟုတ်တော့ဘဲ ကာလသားတွေကိစ္စလောက်သာ သဘောထားကြပါ၏။ ဒါကို မချုတင်က မခံချင်

"ငါ့သမီးများ ခေတ်ကျမှပါအေ၊ အမေတို့ခေတ်တွေတုန်းက တစ်ရွာတစ်ရွာ သူသာ ကိုယ်သာ ကြည့်နေကြသာ၊ မြောက်ကျွန်းသူတွေ လှလွန်း

BURMESE CLASSIC .com



လို့ လာပိုးကြသာများ လှေကြက်တောင်စိုက်၊ ညည်းတို့အဖေဆိုရင် အမေအလှူလှည့်ထွက်ရင် ကြည့်ရသာ အမော၊ အမေ့ကို ပိုးတာပဲ သုံးနှစ်ကြာသယ်"

တစ်ခါက ကွမ်းသီးပြားကြီးတွေလို ခေါထွက်နေတဲ့ သွားကြီးတွေ မရှိတော့ပေမယ့် မချုတင်က တစ်ချီတစ်မောင်း ဂိုက်ထုတ်လိုက်ချင်သေးဆိုသည့်ပုံ။ သမီးတွေကတော့ မအေ့မျက်နှာကို ကြည့်နေကြရုံသာ။ နွားစားကျင်းမှာ နွားစာကျွေးနေသည့် ကိုအေးမောင်က 'ပုန်းမကြည်မရှုးတာကောင်းမှတ်လို့'တဲ့။

ပေဖူးလွှာမဂ္ဂဇင်း
(၂၀၀၉) ခုနှစ်။

• • •